www.burmeseclassic.com

# ရှင်မိုး

(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

## ကြယ်ကြွေညရဲ့ ဂီတ



(ဒုတိယအကြိမ်)

Design L လင်း

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

# ကြယ်ကြွေညရဲ့ဂီတ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၁၀၆ ၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၁၁၀ ၀၂၁၁

၂၀၁၁ ခုနှစ်၊ ဧပြီ

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရှင်မိုး

ကြယ်ကြွေညရဲ့ဂီတ/ရှင်မိုး (ဆေးတက္ကသိုလ်)၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁။

၂၈၈-စာ၊ ၁၂ x ၁၈ စင်တီ။

ကြယ်ကြွေညရဲ့ဂီတ


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com







(က)

သူမဟာ သူ့နှလုံးသားထဲသို့ မြန်မြန်ဆန်ဆန်ပင် ထိုးဖောက်ဝင်ရောက်နိုင်သော အစွမ်းအစရှိသူ။

သူမဟာ သူ့ရဲ့အိပ်မက်များကို ဖန်ဆင်းပေးနိုင်သူ။ သူက သူ့အနာဂတ်များကို သူမထံတွင် မြှုပ်နှံ၍ သူအမြဲစိတ်ကူးယဉ်ထားခဲ့သော ဘဝတစ်ခုကို ဖန်တီးချင်ခဲ့သည်။

သူမဟာ သူ့ထံမှ ပထမဦးဆုံးသော "အချစ်"၊ မြတ်နိုးမှုအတိပါဝင်သော "အချစ်"၊ အနှိုင်းအဆမဲ့သော "အချစ်"၊ သူမတစ်ဦးတည်းထံ၌ ထာဝရပေးအပ်တော့မည့် "အချစ်"ကို ခံစားခွင့် ရခဲ့သူလည်း ဖြစ်ခဲ့သေးသည်။

သို့သော် ...

သူမထံမှ စကားတစ်ခွန်းကို ကြားခွင့်ရလိုက်သည့်နေ့တွင် သူ တုန်လှုပ်ချောက်ချားစွာတွေးမိသည်မှာ သူမသည် သူ မျှော်လင့်တန်ဖိုးထားသည့် "အချစ်"ကို ဟားတိုက်ရယ်တော့မည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမျိုးဖြစ်သည့်အပြင် သူ့ရဲ့ယုံကြည်မှုတစ်ရပ်ဖြစ်သော “ဂီတ” ကိုပါ အထင်သေးရှုတ်ချမည့် မိန်းမမျိုးလည်း ဖြစ်သေးသည်။

သို့သော်လည်း သူသည် မိုက်မဲစွာပင် သူ့အချစ်အား ထိုမိန်းမအား ဖွင့်ဟကြေညာခဲ့သူ ဖြစ်သည်။

**ဟန်းစံ**





(ခ)

လောကမှာ ကိုယ့်ထက် ပညာအဆင့်အတန်းနိမ့်တဲ့ ယောကျ်ား၊ ကိုယ့်ထက်အသက်ငယ်တဲ့ယောကျ်ား၊ ကိုယ့်ထက် အတွေးအခေါ်နိမ့်တဲ့ယောကျ်ားဆိုရင် တစ်စက်ကလေးမှ လှည့်မကြည့်၊ မစဉ်းစား၊ ထည့်မတွက်တဲ့ သူမ၏ခံယူချက်ကိုပြောင်းလဲသွားတော့မတတ် ဖြစ်စေခဲ့သူမှာ ရဲရဲဝံ့ဝံ့ဝန်ခံရလျှင် သူ တစ်ယောက်သာ ရှိခဲ့ပါသည်။

ဒါဟာ ဘယ်အချိန်က စခဲ့သလဲ ရေရေရာရာ မသိသော သူမအတွက်တော့ ခုခံကာကွယ်မှုတစ်ရပ်အနေနှင့် ကြိုတင်ပြင်ဆင်ရမှာက သူ့ကို နည်းနည်းလေးမှ မျက်နှာသာမပေးဖို့ပဲ ဖြစ်လေသည်။

သူမအား ပြင်းပြင်းထန်ထန် နာကျင်ထိခိုက်စေသည့်နေ့ကတော့ သူမသည် ခံယူချက်ကို တမင်ပင် သူ သိသွားအောင် ကြေညာလိုက်သည့်နေ့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲသွားသည့် မျက်ဝန်းကလေးမှာ မျက်ရည်စတို့ ခပ်စိုစိုရှိမည်ဟု သူမ ထင်မိ၏။ သူ့နှုတ်ခမ်းကလေးနှစ်ဖက်က ခပ်မဲ့မဲ့ရှိနေတာတော့ သေချာသည်။ သူ့လက်ချောင်းကလေးတွေ တဆတ်ဆတ် တုန်ယင်နေခြင်းကို သူက သူမ မမြင်အောင် အလျင်အမြန် ဖုံးကွယ်သော်လည်း မြင်ဖြစ်အောင် မြင်လိုက်သေး။

သို့သော် မထင်မှတ်စွာပင် သူသည် အရှုံးကိုသိရက်နှင့် သူ့အချစ်ကိုဖွင့်ဟ၍ အရှုံးကို ကျေကျေနပ်နပ်ပင် ခံယူခဲ့သူပင် ဖြစ်ပြန်သည်။

ပဒုမ္မာကြာ

◆ ◆ ◆





# အပိုင်း(၁)

## (၁၉၉၁)ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



# ၁

ပြိုင်ဘီးကလေးနှစ်စီးက သူ့နံဘေးမှ ဖြတ်တက်သွားသောအခါ လမ်းမကျယ်ကြီးတွင် သူတစ်ယောက်တည်းသာ။ ဝန်ခံရရင် ဘယ်သူကရော၊ လမ်းလျှောက်ရတဲ့ဘဝမျိုးကို ခုံမင်ချင်ပါ့မလဲ။ သူနဲ့ရွယ်တူကောင်လေးတွေလို ပြိုင်ဘီးကလေးကိုယ်စီနှင့် လျှောက်သွားခွင့်ရတဲ့ ဘဝမျိုးကို လိုချင်ခဲ့တာပေါ့။ ဒါပေမဲ့ လူတစ်ယောက်နဲ့တစ်ယောက်ဟာ ဘဝပေးခြင်း အကျိုးပေးခြင်း ကုသိုလ်ခံခြင်းမှ မတူညီခဲ့မှတော့ ...။

အားကိုးစရာဆိုလို့ သူ့မှာ ဖေဖေနဲ့မေမေပဲ ရှိပါသည်။ သို့သော် ထိုမေမေမှာ အရက်၏ကျေးကျွန်တစ်ယောက် ဖြစ်နေခဲ့သည်။ အဲဒီအတွက် သူက ဖေဖေ့ကို တစ်ခါမှ အပြစ်မတင်။ မငြူစူဘူးခဲ့ချေ။ ဖေဖေက အရက်သာသောက်တယ် အင်မတန်မှ တာဝန်ကျေသော ဖခင်တစ်ယောက် ဖြစ်လေသည်။ သူ့အတိုင်းအတာနဲ့သူတော့ ရှာနိုင်ဖွေနိုင်သော ဖခင်တစ်ယောက်။ မေမေ





က ရိုးသားအေးဆေးသော မိခင်တစ်ယောက်ဖြစ်ပြီး ဖေဖေ့ဩဇာကို အလွန်နာခံသူ ဖြစ်လေသည်။

မေမေ့ဘဝမှာ ဖေဖေကလွဲရင် ဘာမှမရှိ၊ မသိ။ ဖေဖေရှာဖွေသည့် ငွေကြေးကို တိုင်းတာသုံးစွဲတတ်ဖို့သာ မေမေ သိလေသည်။ မေမေ့အတွက် ဖေဖေသည် အားကိုးထိုက်သော ခင်ပွန်းတစ်ယောက် ဖြစ်ခဲ့သော်လည်း သူကတော့ အားမကိုးထိုက်သည့် သားတစ်ယောက် ဖြစ်နေခဲ့တာတော့ ဝန်ခံချင်သားပင်။

"ဆယ်တန်းကိုတော့ အောင်အောင်ဖြေပါ သားရယ်"

ဟု မေမေက ချော့မော့လျှင် သူ ခေါင်းညိတ်သည်။ ဒါပေမဲ့ သူက ကိုးတန်းတောင် မနည်းအောင်ဖို့ ကြိုးစားခဲ့ရသည်။ သူ့ကိုယ်သူ အသိဆုံးမို့ မနှစ်က ကျခဲ့ပြီးသည့် ဆယ်တန်းကို အောင်သွားလိမ့်မည်ဟု နည်းနည်းမှပင် မထင်ခဲ့ချေ။

ညဥ့်နက်သန်းခေါင်မှ ပြန်လာတတ်သော၊ စာကျက်ချင်ဟန်ဆောင်၍ ဗလာစာအုပ်တွေထဲမှာ သီချင်းတွေ ရေးတတ်သော၊ ဂစ်တာတစ်လုံး မရမက ပူဆာကာ သူ့ကိုယ်ပိုင်သီချင်းများအတွက် သံစဉ်ရှာတတ်သော တရုတ်ပြည်ဖြစ် ကက်ဆက်ခပ်စုတ်စုတ်ကလေးကို အားကိုး၍ မုန့်ဖိုးတွေစုကာ နိုင်ငံတကာ တေးဂီတနဲ့ သီချင်းများကို ခုံခုံမင်မင် နားထောင်သော၊ အသက်ဆယ့်ရှစ်နှစ်အရွယ် ကောင်ကလေးတစ်ယောက်။

ပြီးတော့ စီးကရက်ကြိုက်တတ်သော ကောင်ကလေးတစ်ယောက်။ အနုပညာကြောင့် အထူးသဖြင့် သူ ယုံကြည်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ရသော ဂီတကြောင့် အောင်မြင်ချင်သည့် ကောင်ကလေးတစ်ယောက်ဟာ ကျောင်းစာထက် သီချင်းတွေရေးရတာ၊ ဆိုရတာ၊ နားထောင်ရတာ၊ ပိုပြီးခုံမင်နေမှတော့ မေမေ ဖြစ်စေချင်သည့် ဆယ်တန်းအောင်သော၊ ကျောင်းသားလေးတစ်ယောက်တော့ ဖြစ်မလာဖို့က ရာနှုန်းပြည့်။

သူ လျှောက်နေရာလမ်းမကျယ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် လမ်းခွဲကလေးများ ရှိနေခဲ့ပြီး၊ သူက ထိုလမ်းခွဲကလေးတွေကို ဝါသနာအရ ရေတွက်ရင်း သီချင်းတစ်ပုဒ်အား ခပ်တိုးတိုး ညည်းနေခဲ့သေးသည်။ ထိုအချိန်တုန်းကတော့ သူ့ရဲ့ ညချမ်းအိမ်ပြန်ခရီးက လုပချော့မွေ့လို့။ လူသူကင်းမဲ့တဲ့ ညချမ်းအချိန်တွေမှ ကတ္တရာလမ်းကျယ်ကြီးပေါ်တွင် တစ်ယောက်တည်း သီချင်းညည်း၍ အိမ်ပြန်ရခြင်းကို သူ နှစ်သက်သည်။

သို့သော် သူ၏ သာယာတိတ်ဆိတ်သည့် ညချမ်းကို အဖျက်ဆီးခံရဖို့က ယနေ့မှာ ဖန်လာတော့၏။ အဲဒါကတော့ သူ့ရှေ့ခပ်လှမ်းလှမ်းတွင် ပြိုင်ဘီးကလေးနှစ်စီး လဲပြို၍၊ ပြီးတော့ လူသုံးယောက်က လူနှစ်ယောက်ကို ဝိုင်းထိုးနေသော မြင်ကွင်းတစ်ခုကြောင့်ပင်။ သူ ချက်ချင်း မှတ်မိလိုက်တာက ခုနက သူ့ကို ကျော်ဖြတ်သွားသည့် ပြိုင်ဘီးကလေးနှစ်စီး။

ကြည့်ရတာ ထိုပြိုင်ဘီးပိုင်ရှင်လေးတွေ နိုင်မည့်ပုံမရ။ မတရားတာမြင်လျှင် ကြည့်မနေနိုင်သော သူသည် ဗီဇအရ ချက်ချင်းပြေးသွားကာ ...





"ဟော့ကောင်တွေ"

တစ်ယောက်ကချုပ်ကာ ကျန်တစ်ယောက်က ဖိထိုးရန် ပြင်ဆင်နေသည့် လူနှစ်ယောက်သည် သူ့အသံကြောင့် လှည့်ကြည့်၏။ သူတို့ချုပ်ထားသည့် ကောင်ကလေးက သူ့ကို အားကိုးတကြီး ကြည့်သည်။

"ကိုယ့်လမ်း ကိုယ်သွားရင်ကောင်းမယ် ချာတိတ်"

"မသွားတော့ ဘာလုပ်ချင်သလဲ"

သူက အတွေ့အကြုံရှိစွာ ထိုစကားဖြင့် ရန်စအပြီးတွင် လက်သီးတွေ တရစပ်ပစ်သွင်းလိုက်လေသည်။ တကယ့်တကယ်တော့ ထိုငနဲသားများသည် ဆေးသမားများဖြစ်ကြောင်း၊ သူ့လက်သီးသုံးချက်မျှ အထိုးခံရပြီး မှောက်သွားစဉ်မှာ သူကောင်းကောင်းသိလိုက်၏။

သူ့အတွက်က လူသုံးယောက်၊ အထူးသဖြင့် ဆေးစွဲနေတဲ့ ခပ်ချိချိ လူသုံးယောက်ကို အလွယ်ကလေး မှောက်သိပ်နိုင်ခဲ့ဖို့ မခဲယဉ်းချေ။ အင်း ... ဟိုပုဂ္ဂိုလ်လေးနှစ်ယောက်က ဘာလို့များ ပျော့တီးပျော့ဖတ် နိုင်ရသလဲ။

"ကျေးဇူးပဲကွာ၊ မင်းသာ ရောက်မလာရင် ငါတို့နှစ်ကောင်တော့ တစ်ညလုံး လမ်းဘေးမှာမှောက်၊ စက်ဘီးရောကိုယ်ပေါ်ကရှိသမျှ ပစ္စည်းတွေရော ပြောင်မှာပဲ"

သူက ပုဂ္ဂိုလ်လေးတစ်ယောက်၏ စကားကို တုံ့ပြန်ဖို့ထက် သူ့ဂစ်တာကလေး တစ်စချင်း ကျိုးပဲ့သွားမှုကို စိတ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ခိုက်စွာ အကြွင်းအကျန်များကို ကောက်ကိုင်မိသည်။ နေပါဦး ... ငါက ဂစ်တာကို ဘေးချပြီး ဟိုကောင်တွေကို ဝင်ထိုးတာပါ။ ဘယ်နှယ် ကျိုးသွားရသလဲ။

"ငါ့ဂစ်တာ ကျိုးသွားပြီကွ"

သူက ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

"အေး ... အဲဒါ ငါလုပ်လိုက်တာ၊ ဟိုတစ်ကောင်က မင်းခေါင်းကို အုတ်ခဲနဲ့ ဝင်ထုမလို့ နောက်က ဝင်တော့ ငါလည်း တွေ့တဲ့ပစ္စည်းနဲ့ ကောက်ကိုင်ပြီး ရိုက်ထည့်လိုက်တာ"

တော်တော်ကို တိုက်ရည်ခိုက်ရည် ပြည့်ဝတဲ့ကောင်တွေပဲ။ သူက ဒီတော့မှ သူ့ရဲ့ညချမ်းဗီလင်ကို ဖျက်ဆီးပစ်စေခဲ့သော ဒုက္ခလူသားလေးနှစ်ယောက်ကို သေသေချာချာ ကြည့်မိ၏။ ဘုရားရေ ...။ ဒီကောင်တွေဟာ ...။

"ဟ ... မင်းတို့နှစ်ယောက်က အတူတူပါလား"

မျက်နှာကလေးများ ဖူးယောင်လျက် ပုဂ္ဂိုလ်လေးနှစ်ယောက် ရယ်ကျဲကျဲ လုပ်ကြသည်။ အကျီအဝတ်အစားမတူတာကလွဲလျှင် အင်မတန်ကို ဆင်တူသော ညီအစ်ကို။ အင်း ... ခန့်မှန်းရရင်တော့ အမြွှာညီအစ်ကိုလေးတွေပဲ။

"ဒီကောင်က အကြီးလို့ သတ်မှတ်ရအောင် သူကငါ့ထက် တစ်မိနစ် စောမွေးတယ်လေ။ သူက အောင်နေကြာ၊ ငါက အောင်စကြာ"





"မင်းတို့နာမည်ကလည်း နေကြာစေ့လှော်ထုပ် နာမည်တွေအတိုင်းပါလား၊ အဲဒါအရေးမကြီးဘူး၊ မင်းတို့ဒုက္ခပေးလို့ ငါ့ဂစ်တာကျိုးတာ ထားပါတော့။ မင်းတို့မှာ ဒီလိုပိုက်ဆံလုတာ၊ ပစ္စည်းလုတာကို ခုခံကာကွယ်နိုင်တဲ့ အစွမ်းအစလည်း မရှိဘဲနဲ့ ညကြီးသန်းခေါင် စက်ဘီးလျှောက်စီးဖို့ မကောင်းဘူး မြန်မြန်ပြန်"

"မင်းကရော"

"ဟ ... ငါက သွားနေကြ။ ဒီလိုရန်ဖြစ်နေကြ။ ဘာမှမဆန်းဘူးကွ၊ မင်းတို့ပုံစံကသာ ကြည့်လိုက်ရင် သူဌေးသားပုံစံ။ ဘာမှမသိတဲ့ပုံစံနဲ့ သွားတော့ကွာ၊ ငါ့ဂစ်တာကို အကောင်းအတိုင်း မမြင်ရတော့တဲ့ အတူတူ အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် လုပ်လိုက်ဦးမယ်"

"ဟာ ... ဟော့ကောင်"

အမြွှာညီအစ်ကိုက ဂစ်တာအကျိုးကို ကတ္တရာလမ်းမှာ တဂွမ်းဂွမ်းရိုက်၍ ဖျက်ဆီးနေသည့် သူ့ကို ငေးကြည့်ကြလေသည်။ ကြည့်စမ်း ...။ ဒီကောင်တွေဟာ အင်မတန်စပ်စုတဲ့ကောင်တွေ။ သွားပါဆိုလည်း မသွားဘူး။ ပုံစံကလေးတွေက လူရည်သန့်မှန်း သိသာလွန်း၏။ ထူးခြားတာက သူတို့ထံမှာ လူရည်သန့်၊ လူကုံထံများတွင် တွေ့ရလေ့ရှိသည့် မာနရိပ်ပါသော မျက်နှာပြင်မျိုး ရှိမနေချေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည်ကို ငါတို့ကို ဘာလို့မပြောတာလဲ"

"မင်းက အောင်နေကြာလား"

ထိုတစ်ယောက်ကို သူက မေးခွန်းပြန်ထုတ်သောကြောင့် အေး ... ဟုတ်တယ်ဟု ခေါင်းညိတ်သည်။ မလွယ်ပါလား။ ကူလည်းကူညီရသေး။ ဂစ်တာလည်း ကျိုးသေး။ စပ်စုတာလည်း ခံရသေး။ နောက်ပြီး သူတို့နှစ်ယောက်မှာ ဘယ်ဘက်က အောင်နေကြာ၊ ညာဘက်က အောင်စကြာဟုသာ ခွဲခြားရတယ်။ နေရာလဲလိုက်ရင် သူ ချက်ချင်းခွဲမရဖြစ်ပြီး ဦးနှောက်ခြောက်ရသေး။

"ငါ့နာမည် ဘာလုပ်မလို့လဲ အောင်နေကြာ၊ မင်းတို့သိလည်း နောက်နှစ်ရက်လောက်ကြာရင် ငါ့ကို မေ့သွားမှာများ အပိုတွေလုပ်ပြီး မေးမနေပါနဲ့ကွာ"

"ဟာ ... ဒီလို ဘယ်ဟုတ်မလဲကွ၊ ငါတို့ကို ကူညီခဲ့တဲ့မင်းကို နာမည်သိရုံတင်မကဘူး။ အပေါင်းအသင်းအဖြစ်ပါ လက်တွဲချင်တာ။ ဟော့ကောင် ပြောကွာ၊ မင်းကလည်း ဈေးကိုင်နေရပြန်ပြီ။ ဘာလဲ ... မင်းနာမည်ကြီးက ရယ်စရာ ကောင်းနေလို့လား၊ စိတ်ချပါ။ ငါတို့ မရယ်ပါဘူး၊ ကိုယ့်သူငယ်ချင်းနာမည် ဘယ်သူက ရယ်ပါ့မလဲ"

အံ့သြစရာကောင်းသည်မှာ အမြွှာညီအစ်ကိုတို့သည် သူ့လို ဂျစ်ပစီပုံစံ လူမိုက်ကလေးတစ်ယောက်အား ခင်မင်ချင်ဟန်တွေ အထင်းသားနှင့် သူ့နားက တစ်စက်မှ မခွာတာပဲဖြစ်သည်။ ပြီးတော့ တစ်ယောက်က သူ့ပခုံးကို လာသိုင်းဖက်လိုက်





သေး၏။ နေဦး ... ဒီကောင့်နာမည်က အောင်စကြာဖြစ်မယ်။ အမေးအမြန်းထူတဲ့ကောင်က အောင်နေကြာပဲဟု သူက မှတ်မိသည်။

"မင်းတို့က ငါ့ကို ဘာဖြစ်လို့ ခင်ချင်ရသလဲ။ ငါနဲ့မင်းတို့နဲ့က အဆင့်အတန်း မတူပါဘူး"

"အဆင့်အတန်း ... ဘာလဲ အဲဒီအဆင့်အတန်းဆိုတာ ဘာနဲ့တိုင်းထွာသလဲ။ မင်းလည်း ကြာကြာလေးအတိုင်းပဲ အဆင့်အတန်းဆိုတဲ့ စကားသုံးတတ်သားပဲ"

သူ့အတွက် နာမည်သစ်တစ်ခု ထပ်မံရင်းနှီးစေပြန်သည်။ "ကြာကြာလေး"တဲ့လေ။ ဘယ်လိုနာမည်တွေနဲ့များ ကြုံနေရတာပါလိမ့်။

"ကဲ ... ကဲ ... ဒီလောက်သိချင်ရင်လည်း ပြောပါ့မယ်။ ငါ့နာမည် ဟန်းစံတဲ့ကွ"

"မင်းက ဂျပန်လူမျိုးလား"

"ဘာဖြစ်လို့ မေးတာလဲကွ"

"'စံ'ဆိုတာ ဂျပန်လူမျိုးတွေ ထည့်သုံးလေ့ရှိတယ်။ မင်းနာမည်ကလည်း ဂျပန်နာမည်ဆန်ဆန်မို့ မေးတာ"

"ဖေဖေကပြောတော့ အင်္ဂလိပ်စကားလုံး ဟန်းဆန်း (Hand Some)ကနေ ပြောင်းသုံးတာဆိုပဲ။ ချစ်စနိုးခေါ်ရင်း ခေါ်ရင်းကနေ ဟန်းစံ ဖြစ်လာတာ။ ကျောင်းနာမည်လည်း အဲဒီအတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ လိုက်ပါတယ်၊ မင်းက Tall and Handsome ဖြစ်တယ်၊ ဟော့ကောင် ... ငါတို့ကို မင်းရဲ့အပေါင်းအသင်းတွေအဖြစ် အသိအမှတ်ပြုကွာ၊ ငါတို့ မင်းကို မြင်မြင်ချင်း ခင်သွားပြီ"

"အေးလေ ... ပြီးတာပဲ"

"မင်း ဘယ်ပြန်မလို့လဲ၊ လာလေ ငါတို့စက်ဘီးနဲ့ မင်းကို လိုက်ပို့ပေးမယ်"

"နေပါစေ အောင်စကြာ"

"မဟုတ်ဘူး၊ ငါက အောင်နေကြာ၊ ကဲပါ ... အဲဒါထားပါတော့၊ မင်းကို ငါတို့လိုက်ပို့ပါရစေကွာ၊ မင်းက ရေလည်ချေးကိုင်တဲ့ကောင်ပဲ ဟန်းစံ"

ဟန်းစံသည် သူ့ကို အလိုလိုနေရင်း ခင်ချင်နေသည့် ထိုညီအစ်ကို၏ စိတ်အားထက်သန်မှုကို တော်တော်ပင် အံ့သြရသည်။ သူ့သက်တမ်းတွင် သူ့ကိုခင်ချင်၍ ဒီလို ခယယတောင်းပန်တာမျိုး တစ်ခါမှ မကြုံဘူးခဲ့ချေ။ သူ့ကို ခင်ရလို့ကော သူတို့မှာ ဘာများအကျိုးရှိသွားနိုင်တာမှတ်လို့။ သို့သော် ထိုညီအစ်ကိုက သူ ထွေးသလို ထွေးမိပုံမရ။

ငြင်း၍မရသော ထိုညီအစ်ကိုတို့ကြောင့်ပင် ဟန်းစံသည် သူ့အိမ်အပြန်ခရီးအား အောင်နေကြာ၏စက်ဘီးဘားတန်းပေါ်တွင်ထိုင်ပြီး ခရီးကြို လိုက်ရလေသည်။ ဟန်းစံ၏ဘဝတွင် အခင်ဆုံးသူငယ်ချင်း ရှိစေဖို့၊ နောက်ပြီး တစ်ခါမှ စိတ်ကူးမယဉ်





ခဲ့ဖူးသော ချစ်သူတစ်ယောက် ရရှိစေခဲ့ဖို့ ဖန်ဆင်းခဲ့ခြင်း၏အစလည်းဖြစ်ကြောင်း နောက်များမှ သိခွင့်ရခဲ့လေသည်။

နောက်တစ်နေ့၏ နံနက်ခင်းတွင် သူ မျက်နှာသစ်၊ ရေချိုးနေစဉ်မှာ မထင်မှတ်ထားသည့် သူ့ရဲ့ဧည့်သည်နှစ်ယောက် ရောက်လာတော့၏။ အမြွှာညီနောင်သည် သူ့အိမ်ရှေ့မရောက်ခင် လေးကတည်းက သူ့နာမည်ကို တကြော်ကြော်ခေါ်လျက်။

"သားရေ ... မင်းသူငယ်ချင်းတဲ့။ အမြွှာညီအစ်ကိုလေး[illegible] ယောက် ရောက်နေတယ်"

မေမေ တအံ့တသြ သတင်းပေးလေသည်။ ကျွတ် ... ငါ့နယ် ဘယ်လိုက်ဇာတာပါလိမ့်။ ကိုယ့်ကို ချက်ချင်းကြီး အသေအလဲ ခင်ချင်သည့် သူငယ်ချင်းနှစ်ယောက်ကို တစ်ပြိုင်တည်းတွေ့ရသတဲ့။

လည်ပင်းမှာ မျက်နှာသုတ်ပဝါပတ်ပြီး အိမ်ရှေ့ထွက်လာသည့် သူ့ကို ရယ်ကျဲကျဲမျက်နှာဆင်တူ နှစ်ခုက နှုတ်ဆက်ကြ၏။

"မင်းအတွက် ဂစ်တာလာပေးတာ"

"အဲဒါ ဘာလုပ်ရမှာလဲ အောင်နေကြာ"

"ငါက အောင်စကြာပါကွ။ ဒီမှာ ဒီနေ့အတွက် မင်းမှတ်ထားရမှာက ငါက တီရှပ်အဖြူ၊ အောင်နေကြာက တီရှပ်အနက် ဝတ်ထားတာကို မှတ်ထားလိုက်ရင် မင်း နာမည်မှားစရာ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ … မိကျောင်းသားရယ်၊ ဒီကောင်က ဂစ်တာကို ဘာလုပ်ရမလဲ မေးနေတယ်။ မင်းကိုမေးတာ မင်းဖြေလိုက်"

အောင်နေကြာ တစ်ယောက်တော့ အောင်စကြာက သိပ်ကျေနပ်ဟန် မတူ။ ပကာသနကင်းမဲ့သော ဤညီအစ်ကို၏ ခင်မင်မှုကပဲ စစ်မှန်နေ၍လား မသိ။ သူ့လို ခပ်တည်တည်၊ သံယောဇဉ် ခပ်ပြတ်ပြတ်ရှိသူ တစ်ယောက်ကတောင် ထိုညီအစ်ကိုအား အလိုလို ခင်မင်မိလာတော့၏။

အို … ဘာပဲဖြစ်ဖြစ်၊ တစ်ယောက်တည်း နေရတာထက်စာရင် သူငယ်ချင်း အပေါင်းအသင်းထားရတဲ့ဘဝက ပိုပြီးအဓိပ္ပာယ်ရှိမည် ထင်ပါရဲ့။ သူ့ရဲ့ခံစားချက်နဲ့ အတွေးအခေါ်ခပ်ကြောင်ကြောင်များ၊ ဂီတအပေါ် ယုံကြည်သက်ဝင်မှုများနှင့် သူ့ရဲ့မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေကို သူတစ်ယောက်တည်း စိတ်ကူးယဉ်ရတာထက်စာရင်၊ သူ့ကို နားလည်နိုင်မယ့် သူငယ်ချင်းမိတ်ဆွေတွေကို ပြောပြပြီး စိတ်ကူးယဉ်ရရင် ဘယ်လိုများနေမှာပါလိမ့်။

အောင်နေကြာနှင့် အောင်စကြာဟူသော ညီအစ်ကိုနှစ်ယောက်သည် သူ့ဘဝထဲသို့ ဝင်ရောက်လာရုံမက သူ့နှလုံးသားထဲကိုပါ ချဉ်းနင်းဝင်ရောက်လာမည့် တစ်စုံတစ်ယောက်ကိုပါ ခေါ်လာခဲ့လိမ့်မည်ဟု အဲဒီတုန်းက လုံးဝမသိခဲ့တာပဲ။





(တကယ်တော့ ကိုယ်ဟာ မင်းနဲ့တွေ့မှ အချစ်ဆိုတာကို သိခဲ့သလို အရှုံးဆိုတာကိုလည်း ကျေကျေနပ်နပ်လက်ခံယူချင်တဲ့သူပါ ကြာကြာလေး။)

အဲဒီအချိန်တုန်းကတော့ သူ့ရဲ့ဂစ်တာကို ရိုက်ချိုးမိ၍ အလျော်ပေးလိုသော ညီအစ်ကိုအား သူ့မာနအရ နည်းနည်းစိတ်ဆိုးချင်ခဲ့သေး။

"ဘာလဲ … မင်းတို့က ငါ့အတွက် ဂစ်တာနောက်တစ်လုံး ပြန်မဝယ်နိုင်ဘူးထင်လို့ အလျော်ပေးတာလား"

ဟု ဘုတောပစ်လိုက်သေးသည်။ အမှန်တော့ ဖေဖေနဲ့ မေမေကို မရမက ပူကျပြီး ခြစ်ကုတ်စု၍ ဝယ်ထားရသော သူ့ဂစ်တာကလေးအကြောင်း သူပဲသိပါသည်။

နောက်တစ်လက် ဝယ်ဖို့ဆိုတာ တော်တော့်ကိုကြာလိမ့်ဦးမည်။

ပြီးတော့ ထိုညီအစ်ကိုလက်ထဲက ဂစ်တာအသစ်စက်စက်ကြီးသည် သူ့ရဲ့ပျက်စီးသွားသော ဂစ်တာကလေးထက် ပိုပြီး အဆများစွာ တန်ဖိုးကြီးမားမှန်းလည်း သူ သိပါသည်။

"မဟုတ်ပါဘူးကွာ။ မင်းဂစ်တာကို ငါက ချိုးပစ်လိုက်သလို ဖြစ်သွားလို့ တစ်ညလုံး စိတ်မကောင်း ဖြစ်ကြတယ်၊ မင်းက ဂစ်တာကို တော်တော်မြတ်နိုးမှန်း၊ ငါတို့ရိပ်မိလိုက်ကတည်းက စိတ်မကောင်းဖြစ်ကြတာ။ ညက အိမ်ပြန်လာပြီး တစ်ညလုံး မအိပ်ဘဲ တိုင်ပင်ဖြစ်တယ်။ မနက်ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ အစောကြီး အပြင်ထွက်ပြီး ငါတို့ရဲ့အစ်ကိုဝမ်းကွဲဆီက သွားဆွဲလာတာ။ သူက ဒီပစ္စည်းတွေရောင်းတဲ့ဆိုင်ဖွင့်ထားတာကွ။ ဟော့ကောင် ... စကြာ၊ မင်းလည်း ဝင်ပြောလေကွာ"

"ဟုတ်ပါတယ်ကွာ၊ ငါတို့ကိုယ်တိုင်လည်း ဂစ်တာကိုရူးကြတဲ့သူတွေဆိုတော့ မင်းကို ကိုယ်ချင်းစာလို့ပါ။ နောက်ပြီး မင်းပြောတော့ မင်းက သီချင်းတွေ ကိုယ်တိုင်ရေး၊ ကိုယ်ကိုင်သံစဥ်ရှာတာဆို။ ဒီဂစ်တာမရှိရင် မင်း ဘယ်လိုလုပ် သံစဥ်ရှာမလဲ။ ဒီမှာ ဟန်းစံ ... မင်း ထင်တာကငါတို့မှာ ငွေသိပ်ပေါ်နေလို့ ဝယ်ပေးတယ် ထင်နေသလား။ လုံးဝပဲ ဒါ ငါတို့ အစ်ကိုဝမ်းကွဲဆီက အကြွေးယူလာတာ၊ ဖြည်းဖြည်းချင်းခွဲပြီး ပေးရမှာ"

သေတော့မှာပဲ။ ဒီကောင်တွေကလည်း သူတို့ရဲ့ဂုဏ်ပုဒ်ကို ဖော်နေပြန်သေးရဲ့။ ဘာဖြစ်လို့ ဂစ်တာတစ်လုံး ဝယ်နိုင်လောက်အောင် ဒီကောင်တွေရဲ့လက်ထဲမှာ ငွေရှိမနေသလဲ။ အင်မတန်မှ ထူးဆန်းလှသည်။ သူ ကြားဖူးတာက လူချမ်းသာ သားသမီးတွေဟာ မုန့်ဖိုးကို လက်ထဲမှာ သောင်းနဲ့ချီပြီး ရှိတယ်ဆိုလား။

"မင်းတို့မှာ မပြေလည်ဘဲနဲ့ ဘာလို့အကြွေးတင်ခံပြီး ဝယ်ပေးရသလဲကွာ။ နောက်ပြီး မင်းအစ်ကိုကလည်း ကိုယ့်ညီအစ်ကိုတွေကို အလကားပေးမယ် မစဥ်းစားဘူး"





သူ့ဆီက ခပ်ပြည်ပြည် လေသံကြောင့် အမြွှာညီအစ်ကိုက အားတက်သွားပုံရ၏။ အင်း ... တော်တော်ရယ်ရတဲ့ကောင်တွေပဲ။

"ဟ ... ပေးမလားကွ။ ငါတို့မှာရှိတဲ့ နှစ်လက်ကို သူ့ဆိုင်ဖွင့်ဖွင့်ချင်း အတင်းသွားဆွဲချလာလို့ အလကားပေးပြီးပြီ။ ဒီတစ်ခါတော့ ဈေးရင်းအတိုင်း ရောင်းတော့တာပေါ့။ ကြာကြာလေး မသိအောင်လည်း ပါးစပ်ပိတ်ထားခဲ့ရသေးတယ်။ ကြာကြာလေး သိရင် ထိပ်ခေါက်ခံရ၊ အဆူခံရ။ စစ်မေးခံရနဲ့ မလွယ်ဘူး ဟန်းစံ"

လာပြန်ပြီ။ ကြာကြာလေးဆိုတဲ့ နာမည်။ သူက နဖူးကြောတွေရှုံ့၍ စူးစမ်းဟန်ပြတော့ ...

"ကြာကြာလေး ဆိုတာ ငါတို့နှစ်ယောက်ရဲ့ တစ်ဦးတည်းသော မမပေါ့။ နှစ်နှစ်ပဲ အသက်ကြီးတာကို အခွင့်ကောင်းယူပြီး သိပ်ဩဇာပေးတာ။ နောက် မင်းတွေ့ပါလိမ့်မယ်"

အောင်နေကြာက ရှင်းပြ၏။

"နာမည်က ဘယ်လို"

သူ့ထံမှ တအံ့တသြအမေးကို အောင်စကြာက ဟက်ဟက်ပက်ပက်ရယ်လျက် ရှင်းပြပါသည်။

"နာမည်အရင်းက ပဒုမ္မာကြာတဲ့၊ အိမ်မှာတော့ ချစ်စနိုးနဲ့ ကြာကြာလေးလို့ ခေါ်ကြတယ်။ ငါတို့ကလည်း အစ်မပေမယ့် ကြာကြာလေးလို့ လူကြီးတွေ ခေါ်သလို လိုက်ခေါ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အကျင့်ပါသွားတာလေ။ သူ့ကြောင့်ပေါ့ ... ငါတို့မှာ မုန့်ဖိုးကို အတိုင်းအတာနဲ့သုံးနေရတော့ မင်းအတွက် ဂစ်တာဝယ်တော့ ပိုက်ဆံအလုံအလောက် ရှိမနေတော့ဘူး။ သူက ရေလည်နေစပ်သေချာတိကျကြီးလေ၊ အဖေတို့ အမေတို့က အိမ်မှာ သူ့ကိုမီးခံသေတ္တာသော့ ပေးကိုင်ထားတော့ ငါတို့ကို ပုံစံနဲ့ မုန့်ဖိုးပေးတာကွ။ သူ့ရဲ့အကြောင်းပြချက်က လက်ထဲမှာ မုန့်ဖိုးများများရှိရင် ဘိန်းဖြူတို့ ကိုကင်းတို့ သုံးမိမှာစိုးလို့တဲ့ကွာ"

ကြာကြာလေး ဆိုသည့် မိန်းမ၏ အသွင်သဏ္ဍာန်ကို မျက်ဝန်းထဲမှာ ပုံဖော်ကြည့်တော့ မျက်နှာမာမာထန်ထန်နှင့် လက်ညှိုးတညွှန်ညွှန်နှင့် ပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောတတ်မည့်ပုံစံမျိုးပင် ဖြစ်လိမ့်မည်။ မနေ့က ဟိုညီနောင်ရဲ့ အသက်ကို မေးကြည့်တော့ သူ့ထက် တစ်နှစ်ငယ်သူတွေ ဖြစ်နေခဲ့မှန်း သိပြီးပြီမို့ ထိုညီနောင်တို့၏ အစ်မကြာကြာလေးသည် သူ့ထက် အသက်တစ်နှစ်ကြီးမှာပဲဖြစ်သည်။ သေချာတာကတော့ အဲဒီ ကြာကြာလေးသည် ဒီညီနောင်နဲ့ ကွဲပြားစွာ အဆင့်အတန်းခွဲခြားပြီး ငွေကြေးမနေဂုဏ် မောက်မာတတ်မည့် မိန်းမမျိုး ဖြစ်ဖို့က ရာနှုန်းပြည့်ပဲ။ ဒါဆို မဆုံဖြစ်အောင် ဝေးဝေးရှောင်မှ။

"မင်းတို့ချည်းပဲခွဲပြီး ငွေချေမနေပါနဲ့ကွာ၊ ငါလည်း မင်းတို့နဲ့ တတ်နိုင်သလောက် ငွေချေပါရစေ"

"မင်းကလည်း တယ်ချေးကိုင်တာပဲ"



"မဟုတ်ဘူး နေကြာ၊ မင်းတို့နဲ့ ငါ့ရဲ့ ခင်မင်မှုအထိမ်းအမှတ်အဖြစ် ဒီဂစ်တာလေးကို ငါတို့သုံးယောက်ပေါင်းငွေနဲ့ဝယ်တဲ့ အမှတ်တရပေါ့ကွာ၊ ငါ့အတွက်လည်း အမှတ်တရ သုံးဖြစ်သလို မင်းတို့အတွက်လည်း ငါ့ကိုလျှော်ကြေးပေးရာလည်းရောက်၊ လက်ဆောင်ပေးရာလည်း ရောက်တာပေါ့"

"ပြီးရောကွာ၊ မင်းလည်း ကြာကြာလေးလိုပဲ ဖြစ်ချင်တာကိုး၊ မရမက သွယ်ဝိုက်ပြောတတ်တဲ့ စကားပရိယာယ်တွေ အင်မတန် တတ်တယ်။ ဟောကောင် ဟန်းစံ၊ လာကွာ၊ ငါတို့နဲ့ လက်ဖက်ရည်လိုက်သောက်၊ ငါတို့မနက်တည်းက ကြာကြာလေးမသိခင် လစ်လာရလို့ ဘာမှမစားရသေးဘူး"

မေမေ့ကို သွားပြောပြီးနောက် သုံးယောက်သားမနီးမဝေးဆီမှ လက်ဖက်ရည်ဆိုင်ဆီ ဦးတည်ကြလေသည်။ ဒီတစ်ခါတော့ အောင်စကြာ၏ဘေးတန်းမှာ ထိုင်လိုက်ရပြီး စက်ဘီးဟန်ဒယ်လ်ကို သူကကိုင်။ အောင်စကြာက ခပ်ကုန်းကုန်းလုပ်ထားရသည့် သူ့ကျောပြင်ပေါ် လက်တွေတင်လျက် စက်ဘီးကို နင်းရ၏။

မေမေက သူ့အပေါင်းအသင်း အသစ်ကလေးနှစ်ယောက်၏ အခြေအနေကို အကဲခတ်မိပြီး အံ့သြစွာ ငေးကြည့်ကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်ကျောင်းမှာနေလဲ ဟန်းစံ"

"ကျောင်းတက်ရတာပျင်းလို့ မနှစ်က တစ်နှစ်ကျပြီးတည်းက ဆယ်တန်းကို အပြင်ကပဲဖြေမလို့ ဆုံးဖြတ်ပြီး ကျောင်းထွက်လိုက်ပြီ။ မင်းတို့ကရော ..."

"ငါတို့က လသာ(၁)မှာ၊ ဒါပေမဲ့ ကျောင်းလည်းမှန်မှန်မတက်ဖြစ်ပါဘူးကွာ၊ ကျူရှင်နဲ့တင်ပြီးနေတာ။ အခုဆို စာမေးပွဲနီးနေလို့ ကျောင်းတောင် သိပ်မသွားဖြစ်တော့ဘူး၊ ကြာကြာလေးက အိမ်မှာစာကျက်တဲ့၊ ဟဲ ဟဲ ... ငါတို့ကတော့ လေလို့ကောင်းတုန်း"

"အခုမှ နိဝင်ဘာပဲ ရှိသေးတာ အဝေးကြီး"

"ကြာကြာလေး အနေနဲ့တွက်ရင် ဖင်တုန်အောင် ကြောက်ရလောက်အောင် သိပ်နီးနေပြီကွ။ သူ့တုန်းကဆို တစ်နှစ်လုံး ရေလည်အသေကြိုးစားတာ"

ဒီကောင်တွေဟာ သူတို့ရဲ့တစ်ဦးတည်းသော အစ်မပေါက်စနကို အင်မတန် ချစ်ပုံရသည်။ မကြာခဏ ကြားရသော ကြာကြာလေး ဟူသည့် နာမည်က သူ့နားထဲတွင် ယဉ်ပါးစပြုလာပြီ၊ နားဝင်ချိုစ ပြုလာပြီ။ ညီအစ်ကိုမောင်နှမ မရှိသော သူ့အတွက်၊ ထိုညီနောင်၏ အစ်မဖြစ်သူမှ ချုပ်ချယ်လွှမ်းမိုး သြဇာပေးမှုမျိုးကို အားကျချင်စ ပြုလာရပြီ။ (ဒါဟာ ... ကိုယ့်ရဲ့ မင်းအပေါ် စတင်နှောင်တွယ်မိစေခြင်းရဲ့ အစလည်းဖြစ်နိုင်ပါတယ် ကြာကြာလေး။)





"ကြာကြာလေးက ဆယ်တန်းအောင်ပြီးပြီပေါ့နော်"

သူ့နှုတ်ဖျားမှ ပထမဆုံး မေးမိသည့်အတွက် သူ့ကိုယ်သူ ဝေဖန်၍လည်းမရခဲ့။

"ဆေးကျောင်းရဲ့ပထမနှစ်ကျောင်းသူဘဝကို သုံးလလောက်ခံယူပြီး ကျောင်းတွေတစ်ခါ ပြန်ပိတ်ထားလို့ ယောင်ချာချာ ဖြစ်နေလေရဲ့၊ သူတို့ကျောင်းတွေက နောက်နှစ်ဩဂုတ်မှ ဖွင့်မယ်ဆိုလား ပြောသံကြားတာပဲ၊ အဲဒါအရေးမကြီးဘူး၊ သူကလည်း ကျောင်းလည်းမတက်ရ၊ စာလည်းမကျက်ရတော့ ငါတို့ကို ရေလည်ကျပ်လို့ ကောင်းတော့တာပေါ့"

ဩော် ... ဒါကြောင့်လည်း သူမဟာ မာနတွေခေါင်ခိုက်နေတာဖြစ်မည်။ အများက အားကျရတဲ့ ဆေးကျောင်းသူဘဝ၊ ချမ်းသာကြွယ်ဝတဲ့ဘဝမှာ လူဖြစ်ခွင့်ရတဲ့ သူမမှာ မာနတွေနည်းနည်းနောနောကိုမဟုတ် ခေါင်ခိုက်နေတော့မှာ။ ကြည့်စမ်း။ ဘယ်လောက် ထူးဆန်းလိုက်သလဲ၊ သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် မိန်းမတစ်ယောက်အကြောင်းကို စဉ်းစားတွေးတောမိခြင်း ဖြစ်နေခဲ့လေသည်။

❖ ❣ ❖

www.burmeseclassic.com



"ဟာ ... ဟိုမှာ ကြာကြာကလေးကား"

အောင်နေကြာက အလန့်တကြား ထရပ်သည်။ စားပွဲပေါ်မှ ရေနွေးခွက်တောင် မှောက်သွားစေလောက်အောင် ထရပ်လိုက်ခြင်းဖြစ်သည်။ အောင်စကြာက အေးအေးဆေးဆေးပင်။

"ထွက်ပြေးဖို့ ကြိုးစားမနေနဲ့ နေကြာ၊ တွေ့သွားပြီး ဒီတော့ အေးအေးဆေးဆေး သူခေါင်းခေါက်တာ၊ ဆူတာ ခံလိုက်ရုံပဲ၊ မင်း ပြန်ထိုင်။ ကားက ဒီဘက်ဦးတည်လာ နေတာ ဘယ်လိုမှ ထပြေးလို့ မရတော့ဘူး"

ဘာကားအမျိုးအစားရယ်လို့ သူ ခွဲခြား၍မသိပေမယ့် ဝန်ခံရမှာကတော့ သူမ၏ကားသည် ခံ့ညားထည်ဝါလွန်းနေခဲ့၏။ ဖြူလွှင်တောက်ပခြင်းက ခံ့ထည်မှုကို ဖြည့်ဆည်းပေးသည်။

လမ်းဘေးလက်ဖက်ရည်ဆိုင် ခုံပုကလေးများတွင် ထိုင်နေခဲ့သော ထိုကားပိုင်ရှင်၏မောင်တော် အမြွှာနှစ်ယောက်ကတော့ သူတို့လက်ထဲက စီးကရက်ကို ဖိနပ်အောက်တွင်နင်းခြေ ကာ ဖျောက်ဖျက်ရင်း သူ့ကိုလည်း မျက်စိမှိတ်၍ ခေါင်းခါပြ





တာ နှုတ်ပိတ်ရင်း။ စက်သံမျှတောင် မကြားရသည့် ကားကြီးက သူတို့ထိုင်နေရာ ခုံဝိုင်းနားတွင် ရပ်တန့်သည်။ ကားမှန်နက်တို့ ဆယ်ဖြည်းဖြည်း လျှောကျလာတော့ သူနဲ့ တစ်ညနှင့်တစ်မနက်မျှ ကြာခဏ ရင်းနှီးခဲ့ရသော အမည်ပိုင်ရှင်ကို တွေ့ရလေသည်။

ကားတံခါးကိုဖွင့်ပြီး အဆင်း၌ သူမ၏ခြေကျင်း ဝတ်နှစ်ဖက်စလုံးတွင် ဇ.ဒ်ဖက်ပုံစံတစ်မျိုးစီ ဝတ်ဆင်ထားသည့် ခြ(ထ်)ချိန်း (Foot Chain)ကလေးများကို တွေ့ရသည်။ သူမသည် ကြိုးသိုင်းဒေါက်မြင့်ကို လှပစွာ ဝတ်ဆင်ထားသည်။ သူမတွင် လက်ဆယ်ချောင်းအပြည့် ဝတ်ဆင်သည့် ရွှေလက်စွပ်ပုံစံမျိုးစုံနှင့် ရွှေရောင်နားကွင်း အကြီးကြီးကလည်း ထင်ထင်ရှားရှား။ သူမ၏ ဆံနွယ်ခွေခွေကောက်ကောက်ကလေးများက ဝခုံးကျော်ရုံလှပစွာ ရှိနေပြီး ရှေ့ဘက်တွင် ကကြီးပုံစံ ဆံခွေကလေးကလည်း သူမ၏ မျက်နှာကျနှင့် လိုက်ဖက်ပါသည်။

မနိမ့်မမြင့်အရပ်၊ ဖြူဖြူစင်စင်အသားအရေတို့နှင့် ဧဒုမ္မာကြာ ဟူသည့် အမျိုးသမီးသည် မှန်တာဝန်ခံရရင် သူမထက် ပိုလှသည့်မိန်းမတွေ ရှိနိုင်တာမှမနည်း။ သို့သော် သူ့မျက်စိထဲ တွင်တော့ မာနရိပ်ခက်ထန်သည့် မျက်နှာကိုက စွဲမက်ချင်စရာ ကောင်းနေတော့တာပဲ။ သူမ၏ မျက်ဝန်းတွေက သိပ်အရောင် တောက်တာပဲ။

ဒေါက်မြင့်ဖိနပ်သံ တဒေါက်ဒေါက် နီးလာပြီး သူတို့ စားပွဲရှေ့တွင် ရပ်တန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဘာလုပ်နေကြတာလဲ နေနေနဲ့ စကြာ"

"လက်ဖက်ရည်ဆိုင် ထိုင်တာလေ"

"အဲဒါ ငါသိနေတယ် နေနေ၊ လက်ဖက်ရည်ဆိုင်ကို အစောကြီးထပြီး ထိုင်ရမယ်လို့ ဘယ်သူမှာထားလို့လဲ။ ညကလည်း တစ်ညလုံး မအိပ်တာ ငါသိတယ်၊ မနက်မိုးလင်းလို့ လာလည်းကြည့်ရော နှစ်ယောက်သား ပျောက်သွားလိုက်တာ၊ လာကြ ... ဒီနေ့ ကျောင်းတက်ဖို့စိတ်ကူးရောရှိရဲ့လား၊ မရှိလည်း အိမ်ပြန်စာကျက်ကြစမ်း။ ဘယ့်နှယ် အစ်မက တစ်မြို့လုံး ပတ်ရှာနေရတာ တော်တော်သဘောကျတယ် ထင်ပါရဲ့"

သူမက သူ့ကို တစ်ဝက်မှတောင်မကြည့်။ ပါးစပ်က တရစပ်ပြောဆို ဆူပူခြင်းအား နှစ်ယောက်သား သူ့ဆီလှမ်းကြည့်၍ တွေ့ပြီမဟုတ်လားဟု အဓိပ္ပာယ်ဖော်၍ရမည့် အကြည့်တွေနဲ့မို့ အင်း ... ဒီနှစ်ကောင်အတွက်တော့ ဒါဟာ မိုင်နာ(Minor)ပဲ ထင်ပါရဲ့ဟူ၍ တွေးမိပါသည်။

"ဆယ်နာရီတောင်ရှိပြီ၊ ကျောင်းမှ မမီတော့တာ၊ ကြာကြာလေးရဲ့၊ ကျောင်းမသွားတော့ဘူး"

"ဒါဖြင့်လည်း အိမ်ပြန်ပေါ့ဟဲ့၊ နင်တို့မှာ အိမ်မရှိ ရာမရှိမို့ လက်ဖက်ရည်ဆိုင် တစ်နေကုန် ထိုင်နေရတာလား။ ကဲ ... ကဲ ... ကြာတယ် မြန်မြန်ထစမ်း။ ငါ စိတ်မရှည်တော့ရင် လူရှေ့သူရှေ့လည်း ခေါင်းခေါက်ပစ်တတ်တယ်





ဆိုတာ နင်တို့သိရဲ့သားနဲ့၊ ငါ့စိတ်ကို မဆွနဲ့။ ဒီမှာ နင်တို့ကို လိုက်ရှာနေရလို့ စိတ်တိုနေရတဲ့အထဲ"

သူက အလိုက်မသိစွာ စီးကရက်မီးခိုးငွေ့တွေ မှုတ်ထုတ်မိတော့ သူမက သူ့ကို မျက်မှောင်ကုတ်၍ လှေလာတော့သည်။ သေချာတာက သူမသည် သူ့အသွင်အပြင်အား တစ်ချက်လှေလာရုံဖြင့် အထင်သေးသည့် အရိပ်အငွေ့တွေ မျက်နှာပြင်တွင် အထင်းသား ပေါ်လာတော့တာပဲ။

ပထမဆုံးအကြိမ်အဖြစ် ဤကဲ့သို့ သူမထံမှ ရရှိသည့် အထင်သေးသော အကြည့်အပေါ် ရင်မဆိုင်ချင်ခဲ့ချေ။ အရင်က ဘယ်သူတွေ ဘယ်လောက်အထင်သေးပါစေ။ နည်းနည်းကလေးမှ သောက်ဂရုမစိုက်သည့် ဟန်းစံသည် သူမ၏အကြည့်တစ်ချက်ကိုသော်မျှ ခံနိုင်ရည်မရှိခဲ့ချေ။

"ကြာကြာလေး ... ဒါ ငါတို့သူငယ်ချင်း အသစ်လေ။ သူလည်း ဆယ်တန်းပဲ၊ ဟန်းစံလို့ခေါ်တယ်"

"ကဲ ... စကြာ၊ ဒီထက် တစ်စက္ကန့်ပိုကြာရင် ငါခေါင်းခေါက်မိတော့မယ်လို့ ဝမ်နင်(Warning)ပေးတယ်နော်။ ငါ့ကားနောက်က နင်တို့ပြိုင်ဘီးတွေ မပါလာလို့ကတော့ တစ်ပတ်တိတိ အပြင်ထွက်ခွင့်ပိတ်မယ်။ နောက်ပြီး အပေါင်းအသင်း တော်တော်ရှားသလား စကြာ၊ အဲဒီစကားပဲ ငါပြောချင်တယ်"

"ဟာ ... ကြာကြာလေး"



www.burmeseclassic.com

www.burmeseclassic.com



အောင်နေကြာနှင့် အောင်စကြာက သူ့ကို အားနာစွာကြည့်ကြသည်။ သူမကတော့ ဆတ်ခနဲ လှည့်ထွက်သွားသည်မှာ လက်ဖက်ရည်ဆိုင်ထဲရှိ လူတော်တော်များများက သူမအား အကဲခတ် လေ့လာနေခြင်းကို နည်းနည်းလေးမှ ဂရုစိုက်သည့်ဟန်ပင် မရှိချေ။ ဒါကြောင့် ဒီနှစ်ကောင် ပြောတော့အပြောသား။ သူမဟာ အဆင့်အတန်း သိပ်ခွဲခြားတယ်ဆိုပဲ။

"စိတ်မဆိုးနဲ့ကွာ၊ ကြာကြာလေးက ဒီလိုပဲ စိတ်ထဲပါလို့ ပြောတာ မဟုတ်ဘူး"

"ကိစ္စမရှိပါဘူး နေရာ၊ ကဲ ... သွားတော့လေ"

"မင်းကို အိမ်ပြန်ပို့ပေးမယ် ဟန်းစံ၊ ဒါတော့ မငြင်းနဲ့၊ မင်း ငြင်းမယ်ဆိုတာ ကြိုသိလို့ ပြောတာ။ ကြာကြာလေးရဲ့စကားကိုနာပြီး မင်း ငြင်းရင် ငါတို့ လုံးဝဒီနေ့အိမ်မပြန်ဘူး။ မင်းနဲ့တစ်နေ့လုံး လျှောက်လိမ့်မယ်"

ကားဟွန်းသံ ကျယ်ကျယ်က ဆူညံလာသည်။ အောင်နေကြာနှင့် အောင်စကြာက ထိုကားဟွန်းသံကို တစ်စက်ကလေးမှ ဂရုစိုက်ကြချေ။ ခက်တော့တာပဲ။ ဒီကောင်တွေဟာ မဆီမဆိုင် ငါ့ကြောင့် အစ်မနဲ့ပြဿနာ အတက်ခံချင်နေပြီ။

"မနာပါဘူးကွာ၊ မင်းတို့ရဲ့ကြာကြာလေးက အမှန်ကို ပြောတာပဲ။ ဒါပေမဲ့ ငါ တစ်ခုတော့ စကားလက်ဆောင်ပါးလိုက်မယ် စကြာ၊ မင်းတို့အစ်မကို ဆက်ဆက်ပြောလိုက်။ လူတစ်ယောက်ရဲ့ ဝတ်ပုံစားပုံကိုကြည့်ပြီး စိတ်နေ





သဘောထားကို ခန့်မှန်းလို့ရသလား ဆိုတာပဲ၊ ကဲ ... မင်းတို့ သွားတော့ကွာ၊ ငါနဲ့ရှေ့ဆက်ပြီး ခင်ချင်သေးတယ်ဆိုရင် ဒီနေ့တော့ ငါ့စကားနားထောင်"

"ငါတို့ လုံးဝစိတ်မကောင်းဘူး ဟန်းစံ"

သူက လက်ကာပြလိုက်သည်။ အမြွှာညီနောင်တို့သည် ဖြိုင်ဘီးကလေးတွေ ကိုယ်စီနင်း၍ သူ့ကိုထားသွားသည်အထိ လက်တပြပြ၊ လှည့်တကြည့်ကြည့်နှင့်။

နောက်ထပ် စီးကရက်တစ်လိပ်ကုန်အောင် သောက်ပြီးသည်အထိ လက်ဖက်ရည်ဆိုင်၏ သီချင်းများ၌ နစ်မြုပ်စံစားပြီးသောအခါ အိမ်အပြန်လမ်းမှာ သူတစ်ယောက်တည်း။ လမ်းဘစ်လျှောက်ရှိ တွေ့သမျှခဲလုံးကလေးများအား မကျေမနပ်ကန်ကျောက် ဆဲဆိုမိတာ ဘာကြောင့်ပါလိမ့်။ စူးရှထက်မြက်သောမျက်ဝန်းတစ်စုံ။ မာနရိပ်ထင်သည့် နှုတ်ခမ်းနှင့် ကကြီးပုံ ဆံနွယ်ခွေကလေးရှိသည့် မဟာနဖူးပိုင်ရှင်ကလေး တစ်ယောက်ကိုတော့ မကြာခဏ မြင်ယောင်နေမိတာ အမှန်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၂

ကြာကြာလေးသည် ကားစက်ကိုရပ်ပြီးသောအ
နောက်က ပါလာသော မောင်နှစ်ယောက်အား စစ်ဆေးမေးမြန်း
စရာ စကားလုံးတွေ အစီအရီနှင့် အဆင်သင့်ဖြစ်နေခဲ့ပြီ။ ဟင်း
မောင်ကလေးနှစ်ယောက် ရှိပါရဲ့ ဘယ်လိုဟာလေးတွေမှန်းလ
မသိ။ ထိန်းရလည်းခက်၊ ပြောရဆိုရတာ အာပေါက်ရုံပဲရှိတယ်
အင်မတန် အပြောရကျပ်တဲ့ ကောင်ကလေးတွေပဲကွယ်။

သူတို့ကို ပူပင်ရတာ တော်တော်စိတ်ပျက်တယ် —
အဟုတ်။

အခုလည်း ကြည့်ပါဦး။ ဘယ့်နှယ်ပုံစံနဲ့ လူတစ်
ယောက်ကို ရှာရှာဖွေဖွေ ပေါင်းနေကြသလဲမသိ။ စိတ်ညစ်ဖို့ပင်
ကောင်းသေးတော့သည်။ ဒီလောက် ထိန်းနေတဲ့ကြားက ဘယ်
တုန်းကများ ပေါင်းဖြစ်သွားကြပါလိမ့်။





"ဟဲ့ ... နှစ်ကောင်၊ အိပ်ခန်းထဲပြေးဝင်ပြီး အထဲကနေ
တံခါးပိတ်ထားဖို့ မကြံနဲ့။ ငါ နောက်ကပါလာတယ်။
နင်တို့ကို မေးစရာရှိသေးတယ်"

ကြည့်စမ်းပါဦး။ ဘယ်လောက် ဖြူစင်ရိုးသားတဲ့
ရဲ့မောင်ကလေးတွေလဲ။ ဟိုအကောင်စုတ်နဲ့များ တခြားစီ။
သကား ငါ့မောင်လေးတွေကို ဖျက်ဆီးချင်လို့ တမင်ကပ်ပေါင်း
တာပဲဖြစ်မယ်။

"ပြောပါဦး ... ခုနတွေ့ခဲ့တဲ့ကောင်က ဘယ်ကလဲ။ ဘယ်
တုန်းက သိနေကြတာလဲ။ ဘယ်နခါလောက် အဲဒီကောင်
ခေါ်တဲ့ နေရာတွေ နင်တို့လိုက်ဖူးပြီးပြီလဲ"

"ကြာကြာလေးရာ ... နင် ငါတို့ထက် အရပ်နိမ့်ပေလို့ပဲ။
အရပ်သာ ဒီထက်မြင့်ရင် စကားကြောပါ ရှည်မလား မသိ
ဘူး"

"စကြာ ... အစ်မကို ဒီလိုခံပြောရမယ်လို့ နင့်ကို ဘယ်သူ
သင်ထားသလဲ။ ကြည့်စမ်း ... ဓာတိက ပြလာပြီ၊ အဲဒါ
နင်တို့ စရိုက်ညံ့တဲ့ကောင်နဲ့ ပေါင်းမိလို့ စကားပြောရိုင်း
စိုင်းလာတာ"

"ဟန်းစံကို ဒီလိုမပြောပါနဲ့။ စရိုက်ညံ့တယ် မညံ့ဘူးဆို
တာ သူ့ရဲ့ဝတ်စားပုံကိုကြည့်ပြီး ခန့်မှန်းတာလား ကြာ
ကြာလေးရဲ့။ ဟန်းစံက အဲဒီလိုမေးခိုင်းသလို ငါတို့က
လည်း မေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံတဲ့ ... ဘယ်လိုနာမည်ကြီးပါလိမ့်။ ကဲ ... အဲဒါထားတော့။ သူကများ ငါ့ကိုစကားလုံးတွေနဲ့ နှိပ်ကွပ်လိုက် သေးတယ်ဆိုပဲ။ တော်တော်လာတဲ့ ငနဲပဲ။ လူက ဘာအဆင့် မရှိတယ်။ ဟင်း ... ခံပြင်းလေစွ။

"ပုံစံကိုက ဂျစ်ပစီပုံစံ၊ စီးကရက်ကလည်း အနိုးထွက်အောင် သောက်သေးတယ်။ ဂျင်းပင်န်ကလည်း ခပ်စုတ်စုတ် ရှပ်အင်္ကျီကလည်း ရင်ဘတ်ဖွင့်ထားတာများ သူ့ကိုယ်သူ အမေရိကန်ဇာတ်လိုက်ဟန်နဲ့။ သိပ်သရုပ်ပျက်တာပဲ၊ ဆေး ချာတယ်။ သူ့လက်ဖျံမှာ အပ်ရာဖြစ်ဖြစ်ရှိရင် ရှိမယ်။ နားထင်မှာ ပလာစတာကပ်ထားတာဖြစ်ဖြစ် ရှိချင်ရှိမယ်။ သူသောက်တဲ့ စီးကရက်ထဲမှာ ဘိန်းဖြူတွေ ပါချင်ပါမယ်။ နင်တို့ကို ပေးတိုက်သေးလား။ နင်တို့နားက စီးကရက်နံ့ ရသလိုပဲ"

မောင်ကလေးနှစ်ယောက်ထံမှ တစ်ချက် တစ်ချက် ရသည့် ကိုယ်နံ့ကလေးမှာ စီးကရက်နံ့ကလေး ရောယှက်နေ၍ ကြာကြာလေးမှာ ဘုရားတနေရသည်။ ဟိုဂျစ်ပစီများ သူ့ရဲ့ဘိန်းဖြူ စီးကရက်တွေ တိုက်လွှတ်လိုက်သလားဟု၍ ပူပူပင်ပင်။

"ဟန်းစံက ဘိန်းဖြူသမား မဟုတ်ပါဘူး။ ညတုန်းက ငါ တို့ပြန်လာတော့ ဆေးသမားတွေ ရိုက်ပြီးလုတာ ငါတို့နှစ် ယောက် ခံနေရတုန်း ဟန်းစံ ဝင်ကူညီလို့ပေါ့။ နို့မို့ ဒီနေ့ မနက် နင်တော့ ငါတို့ကို ဆေးရုံမှာ လာတွေ့ရပြီထင်တယ်။





နင် ဟန်းစံကို သေသေချာချာ လေ့လာကြည့်ပါ။ သူ့ပုံက ဆေးငြိနေတဲ့ပုံစံ မပေါက်ပါဘူး။ သန်သန်မာမာနဲ့ သူ့ မျက်လုံးတွေက ရီဝေမနေဘူး။ မျက်ခွံတွေစင်းမနေပါဘူး။ သူက သီချင်းရူး ရူးနေရရင် ကျေနပ်တဲ့ကောင်ပါ"

"ကြည့်စမ်း ... နင်တို့ ညက ရိုက်လုခံရတယ် ဟုတ်လား။ ဟင် ... ခွေးနှစ်ကောင် ငါ့ကို ဒီကိစ္စ ဘာလို့မပြောလဲ။ အင်မတန် အဖုံးအဖိ တော်ကြပါပေရဲ့"

ကြာကြာလေးသည် သူမ၏စိုးရိမ်စိတ်က ငယ်ထိပ် ဆီ ပြေးတက်ဆောင့်၏။ မျက်နှာကလေးတွေ အနည်းငယ်ဆီ ရောင်နေသည့် မောင်ကလေးတွေကို ယခုမှ သတိထားမိသည့် ထိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်။

"အိမ်ကို စောစောစီးစီးမှ မပြန်တာ။ တော်ပြီ တော်ပြီ နောက်ဆိုရင် ညနေခြောက်နာရီထိုးတာနဲ့ အပြင်မထွက်ရ တော့ဘူး၊ အကယ်၍ နင်တို့ထွက်ရင် ငါပါလိုက်မယ်၊ ငါ့ ကားနဲ့ သွားချင်နေတဲ့နေရာ လိုက်ပို့ပေးမယ်"

အသက်ကလေးတွေက ဆယ့်ခုနစ်နှစ်သာ ရှိသေး ၍ ကားလိုင်စင်လည်း မရှိသေး။ ဒါကြောင့် သူတို့ သိပ်ပူဆာ နေသည့် ပြိုင်စက်ဘီးလေးတွေကို ကြာကြာလေးပဲ ဖေဖေနဲ့မေမေ တို့ ဝိုင်းပြောပြီး ဝယ်ပေးမိတာပဲ မှားသွားပြီလားကွယ်။ အခုတော့ စီးစရာဘီးကလေးတွေ ရှိနေတော့ လိုရာလျှောက်သွားတော့တာ ပေါ့။

www.burmeseclassic.com



အောင်နေကြာနှင့် အောင်စကြာတို့သည် သူတို့အခန်းရှေ့ ကောက်ကို စိတ်ညစ်ညစ်ဖြင့် အကြံအိုက်နေဟန်တွေ အထင်သားနှင့်ကာ စာဒကတက်ဖို့ ပြင်ဆင်ကြသည်။

"ငါတို့ကို ကူညီလိုက်ရလို့ ဟန်းစံရဲ့ဂစ်တာကလေးတောင် ကျိုးသွားတယ်၊ အဲဒါက နေကြာ လုပ်လိုက်လို့ ကျိုးသွားတာဟ။ သူ့ကို တစ်ကောင်က နောက်ကနေ ခေါင်းကို ထုမလို့ လုပ်တာမြင်တော့ နေကြာက ချထားတဲ့ သူ့ဂစ်တာကို ကောက်ကိုင်ပြီး ဝင်ရိုက်ပေးတာ"

"ဘုရားရေ ... နင်တို့ လမ်းမပေါ်မှာ ရန်ဖြစ်တတ်နေပြီ"

ကြာကြာလေးက ရင်ဘတ်ဖိလျက် ဘုရားတ,မိ၏။ အို ... ဂါ့မောင်လေးတွေဟာ လူလိမ္မာကလေးတွေပါ ဟုလည်း ငြင်းဆန်ချင်သားပင်။

"ဒီတစ်ခါတည်းပါ၊ နောက်ဆို ရန်ဖြစ်စရာ မလိုတော့ဘူး ဟန်းစံက ငါတို့ကို အမြဲကူညီမှာ သိလား။ ကြာကြာလေးရာ ဟန်းစံ ဂစ်တာကျိုးသွားတာ သနားပါတယ်။ ဒီကောင်က ပိုက်ဆံမချမ်းသာတော့ နောက်တစ်ခု ထပ်မဝယ်နိုင်ဘူး။ ဒီကောင်က ဂစ်တာကို တော်တော်ချစ်တာ။ အဲဒီညကဆို တဖွဖွနဲ့ သူ့ဂစ်တာကျိုးသွားတဲ့အကြောင်း ပြောနေတော့တာပဲ"

အောင်နေကြာက အကြံအစည်ဖြင့် ကြာကြာလေးအား တမင်စကားခေါ်ပါသည်။ သို့သော် ...





"ရှုပ်ရှုပ်ယှက်ယှက် ငါမကြိုက်ဘူး။ အဲဒီကောင်နဲ့ပေါင်းဖို့ မစဉ်းစားနဲ့။ ကိုယ်နဲ့ အဆင့်အတန်းမှ မတူတာ။ ဆယ်တန်းကျောင်းသားရုပ် မပေါက်ဘူး။ နေပါဦး ... သူက ဆယ်တန်းဆို ဘယ်ကျောင်းကလဲ"

အောင်စကြာက မျက်ခုံးလေးတစ်ချက် ကုတ်ကာ ခပ်တိုးတိုးဖြင့် ဖြေသည်။

"သူက တစ်နှစ်ကျပြီး အပြင်ကဖြေမလို့ ကျောင်းထွက်လိုက်ပြီ၊ ငါတို့ထက် တစ်နှစ်လောက်ကြီးတယ်၊ ဒါပေမဲ့ ဒီကောင်က အရည်အချင်းရှိတဲ့ လူတစ်ယောက်ပါ"

"တစ်ညနဲ့ တစ်မနက်ပဲ ခင်ရသေးလို့နော်။ ရှေ့နေခ ဘယ်လောက်များရလို့ နင်က ရှေ့နေလိုက်ရသလဲ။ စကြာ ရှင်းစမ်းပါဦး၊ နင်ပြောတဲ့ သူ့ရဲ့အရည်အချင်းက ဘာလဲ။ ဆေးသမားတွေကို အလဲထိုးနိုင်တဲ့ အရည်အချင်းလား၊ ဂစ်တာတီးတတ်တဲ့ အရည်အချင်းလား"

မျက်ဝန်းထဲတွင် ခုနက မြင်ခဲ့ရသော ဟန်းစံ၏ အသွင်သဏ္ဌာန်ကို ပြန်လည်မြင်ယောင်လာမိတော့သည်။ မောင်ကလေးတွေနဲ့ လက်ဖက်ရည်ဆိုင် ခုံပုကလေးမှာ ခါးကိုင်းကိုင်း လုပ်ပြီး ထိုင်နေသော်လည်း သူ့အရပ်က တော်တော်မြင့်မားလိမ့်မည်ဖြစ်ကြောင်း သိသာလွန်းပါသည်။ ပခုံးခပ်ကျယ်ကျယ်များကို ပိုင်ဆိုင်သော်လည်း သူ့ကိုယ်နေဟန်က ကြည့်ကောင်းလိမ့်မည်ပုံ ကြာကြာလေးက ခန့်မှန်းကြည့်မိသတဲ့။ ဆံပင်တို့ကို အလယ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားသေမယ့် ထိုဆံပင်လေးများက ခပ်ပျော့ပျော့စင်းစင်း (မိန်းမဆန်ဆန် ဆံပင်သားမျိုးဖြစ်သည်) ဖြစ်ကာ မျက်နှာပေါ် ခေါင်းငုံ့ တိုင်းဖုံးအုပ်စေပြီး ရှေ့နောက်တစ်ညီတည်း။ ပခုံးအထိမှာ ခပ်ဝဲဝဲ။ လမ်းသရဲဆန်လှသည်။

စီးကရက်ငွေ့တွေကို မှုတ်ထုတ်လိုက်၍ သူ့ကိုမျက်မှောင်ကုတ် ကြည့်မိစဉ်မှာ သတိထားမိတာက သူ့လက်ချောင်းတွေ သိပ်လှလွန်းတာပဲ။ ကြာကြာလေးတောင် လက်တွေ သူ့လောက်မလှ။ နေကြာနဲ့ စကြာပြောသလို ဂစ်တာရှူး,ရှူးနေတဲ့ အနုပညာသမားဆိုလျှင် ဒီလက်ချောင်းတွေနဲ့တင် ယုံချင်စရာကောင်းနေပြန်သည်။

သူ့မျက်နှာပြင်တွင် ကြာကြာလေး ကြည့်မရဆုံးကတော့ မထိတရိ ပြုံးတတ်သည့် နှုတ်ခမ်းထူထူများပင်။ အို ... ဘာပဲဖြစ်ဖြစ် ငါ့မောင်ကလေးတွေနဲ့ သူဟာ ဘယ်လိုမှ သူငယ်ချင်း မဖြစ်သင့်ဘူး။ ဒီကောင်ဟာ တစ်နေ့နေ့မှာ ဆေးမစွဲသွားနိုင်ဘူးလို့ အာမခံမလား။ သူ့ကြောင့် ငါ့မောင်ကလေးတွေ ဆေးငြိမသွားဘူးလို့ ပြောနိုင်မလား။

လမ်းပေါ်လျှောက်နေတဲ့ လူတစ်ယောက်နဲ့ပေါင်းလို့ ဘာများ ကိုယ့်အတွက် ရှိနိုင်တာမှတ်လို့ဆိုတာကို မောင်ကလေးတွေ သိအောင် နားချရမည်။ သူနဲ့ပေါင်းလို့ကတော့ မောင်ကလေးတွေ တစ်နေ့နေ့မှာ ပျက်စီးသွားရဖို့က သေချာသည်ကို ကြာကြာလေး ယုံကြည်နေခဲ့သည်။





"အဲဒါကြောင့် ဟန်းစံက တားတော့ တားသား၊ သူနဲ့မပေါင်းနဲ့တဲ့။ ငါတို့က အတင်းလိုက်ပေါင်းလို့သာ ဒီကောင်က ပေါင်းတာ။ ငါတို့မပေါင်းလည်း လိုက်ရောမဲ့ကောင်မဟုတ်ဘူး။ သူကလည်း အဆင့်အတန်းခွဲခြားပြီး ဆက်ဆံရမှာကို တော်တော်မုန်းပုံရတယ်။ ကြာကြာလေး နင့်ကို ငါတို့ တစ်ခုပြောပြမယ်။ နင် ဘယ်လောက်တားတား ငါတို့ကတော့ ဟန်းစံကို ပေါင်းမှာပဲ။ သူက မိကောင်းဖခင်သားသမီးပါ။ သူ့မှာ ငွေမရှိတာ၊ ပညာမပြည့်စုံသေးတာကလွဲရင် ဘာမှအပြစ်ပြောစရာမတွေ့ဘူး။ လူလူချင်း ခွဲခြားမနေပါနဲ့ ကြာကြာလေးရာ။ ငါတို့ကတော့ နင့်လို ဒေါ်ဘဝင်ကြီးအဖြစ် မနေနိုင်တော့ ခင်ချင်တဲ့လူ ခင်မှာပဲ။ ပေါင်းချင်တဲ့လူ ပေါင်းမှာပဲ"

ဟင်း ... ခွေးကောင်ကလေးတွေ၊ ဟာစ်သက်လုံးလည်း အစ်မစကားကို အမြဲကလန်ကဆန် လုပ်ခဲ့သူများပီပီ ဒီတစ်ခါလည်း ကလန်ကဆန် လုပ်ပြန်ပြီ။ ပြောမရရင် မေမေနဲ့ တိုင်မယ်ဟု တေးမှတ်လျက် စိတ်ဆိုးမာန်ဆိုး ခြေဆောင့်၍လှည့်ထွက်ရင်း ...

"ပေါင်းဟေ့ ... ပေါင်းကြ။ နင်တို့ယောက်ဖ နင်တို့ပဲ ပေါင်းကြ"

ဟု သတိလက်လွတ် အော်မိပါသည်။ နေကြာနှင့် စကြာတို့ တဟားဟား ဝိုင်းရယ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကြာကြာလေးနော် ... အဲဒီစကား ကြည့်ပြော။ ဟန်းစံမှာ အစ်မတွေ ညီမတွေ လုံးဝမရှိဘူး။ ငါတို့မှာသာ ကြာကြာလေးဆိုတဲ့ အစ်မတစ်ယောက်ပဲရှိတာ။ နင်ပြောတဲ့ယောက်ဖဆိုတဲ့ ဝေါဟာရမှာ ဘယ်သူအခါကပါဝင်မလဲ သေသေချာချာ စဉ်းစားလိုက်ဦး"

ကိုယ့်အစ်မကိုယ် နာရမှန်းမသိ နောက်ပြောင်ကြလေသည်။

ကြာကြာလေးသည် သူတို့နှစ်ယောက်၏ အနေးတံခါးကို တမင်ဆောင့်ပိတ်ပစ်ခဲ့သည်။ အစ်မပီပီ ဩဇာညောင်းတယ်သာ နာမည်ရှိတယ် တကယ့် တကယ်တော့ ကြာကြာလေးဟာ မောင်တွေကို အမြဲပင် ချစ်စိတ်ဖြင့် အရှုံးပေးရသူ ဖြစ်ပါသည်။ အခုလည်းကြည့် ကြာကြာလေးပဲ သူတို့ကိုရှုံးရပြန်ပြီ။ ဒီဟာကလေးတွေဟာ အစ်မကို မချစ်တာလည်းမဟုတ်။ တမင်ဆိုးနေတာ။

"စောစောစီးစီး ဖေဖေ့သားသမီးတွေ ဆူဆူညံညံပါလားဟေ့။ ငါ့သမီးကြီးကို ဟိုနှစ်ယောက် ဘာတွေဒုက္ခပေးလိုက်ပြန်ပြီလဲ"

ကြာကြာကလေးက ဖေဖေနဲ့မေမေ၏ ကော်ဖီဝိုင်းဆီ ဆောင့်ဆောင့်အောင့်အောင့် ဝင်ထိုင်တော့ ဖေဖေက ထုံးစံကို သိသူပမာ မေးမြန်းလေသည်။





"တွေ့ကရာလူနဲ့ ပေါင်းလာပြီး ကြာကြာလေးကို လိုက်ပေးစား,တယ် ဖေဖေ။ ဖေဖေ့သားတွေ ကြည့်ပြောဦး။ ကိုယ်နဲ့ အဆင့်အတန်းမတူတဲ့ ဟာတွေနဲ့ လျှောက်ပေါင်းနေတာကို ကြာကြာလေးက ဆူတာ၊ အဲဒီလိုပြောပြီး စ,လိုက်တယ်"

"ဟုတ်လား ... မေမေ ဆူပါဦးမယ်။ ကိုယ့်အစ်မကို သူတို့ထက် နှစ်နှစ်တောင်ကြီးတာ မရိုမသေနဲ့"

မေမေတစ်ယောက်သာ ကြာကြာလေးနှင့် စိတ်ဓာတ်ချင်း တူညီသူဖြစ်သည်။ ငယ်ငယ်တည်းက မေမေ့စကားတွေအစဉ်အမြဲ နားထောင်လာတတ်သူပီပီ အထူးကုဆရာဝန်ကြီးဖြစ်သော မိဘနှစ်ပါး၏ဂုဏ်ကိုလည်း ဝင့်ကြွားတတ်၊ မျိုးရိုးစဉ်ဆက်ချမ်းသာလာသူများအဖြစ်လည်း မျိုးရိုးဂုဏ်က ခပ်မောက်မောက်။ ကိုယ်ဟိုင်ကလည်း ဆေးကျောင်းသူ ဖြစ်ခွင့်ရ၍ မာနကလည်းခပ်ကြီးကြီး။ ကိုယ်နဲ့အဆင့်အတန်း မတူလျှင် ပြတ်ပြတ်သားသားကို ဆက်ဆံတတ်ခဲ့တာ။

ဖေဖေက ထိုသို့မဟုတ်။ ဘယ်သူ့မဆို ဖော်ဖော်ရွေရွေ ပေါင်းတတ်။ အဆင့်အတန်းတွေ ဂုဏ်တွေလည်း သိပ်မကြည့်။ ဟိုအမြွှာနှစ်ကောင်က ဖေဖေ့စိတ်မျိုး အပြည့်နှင့်တည်း။

"ဖေဖေကလည်း ပြောလေ၊ ဖေဖေ့သားတွေ မဆူတော့ဘူးလား၊ အခု ဘယ်က ဂျစ်ပစီတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်လာသလဲ မသိဘူး။ ကြာကြာလေးက မပေါင်းနဲ့ပြောတာမရဘူး။ အဲဒီကောင်က ဆယ်တန်းလည်း ကျထားသေး"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်တိုင်ကတော့ ဆယ်တန်းလည်း နှစ်ချင်းပေါက်အောင်။ ဂုဏ်ထူးတွေလည်း တစ်သီကြီး။ အမှတ်တွေတစ်ပုံကြီးနဲ့ ဆေးကျောင်းရောက်ရတာမို့ ဖြစ်မည်။ ဆယ်တန်းတောင် အောင်အောင်မဖြေနိုင်တဲ့လူဆိုရင် တယ်အထင်သေးချင်တာပဲ။ နည်းနည်းမှကို အထင်ကြီးလို့ မရတာကိုက ကြာကြာလေးရဲ့စိတ်ဓာတ်ပင်။

အင်း ... ဘယ်သူမှမသိအောင် ပြောရဦးမယ်။ ကိုယ့်လို ဆေးကျောင်းတက်ခွင့် အမှတ်ကို မမီတဲ့ တခြားမေဂျာလောက်ကိုတောင် အထင်သေးတတ်သေးရဲ့။ သူ့ဘာသာ ဘယ်လောက် ဂုဏ်ထူးတန်း တက်ရ ရက်ရ။ တယ်အထင်မကြီးပေါင်။

ကြာကြာလေးက အဲဒီလောက်ထိ မာနခေါင်ခိုက်ပြီး အရာရာကို အဆင့်အတန်း ခွဲခြားတတ်သူတည်း။ အတ္တစိတ်လည်း ကြီးတတ်သူတည်း။

"သူတို့ကဖြင့် အခုမှ ဆယ်တန်းတက်တယ်။ ဆယ်တန်းအောင်ပြီးသားလူကို အားကျပြီးပေါင်းမယ် မစဉ်းစားဘူး။ ဆယ်တန်းကျတဲ့လူကိုမှ ရွေးပေါင်းတယ်။ အောင်ထားတဲ့လူနဲ့ ကျထားတဲ့လူ ဘယ်လိုလုပ် အတွေးအခေါ်ချင်းတူပါမလဲ။ ကျတဲ့လူက သူ့အတွက် အတွေးအခေါ်တွေဟာ နဂ္ဂတစ်ဖ်သင့်ကင်း(Nehative thinking)တွေပဲ ဖြစ်မှာ။ အရှုံးတွေပဲ တွေးမှာ။ သူလိုပဲ တခြားလူလည်း အဲဒီလို တွေးအောင် ဆွဲယူမှာပဲ"





"ဒီလိုမပြောနဲ့ ကြာကြာလေး။ လူတစ်ယောက်ရဲ့အရည်အချင်းကို ဆယ်တန်းအောင်တာ၊ မအောင်တာနဲ့ မခန့်မှန်းနိုင်ဘူး။ ပညာတတ်တာ မတတ်တာနဲ့လည်း မတိုင်းထွာနိုင်ပါဘူးကွယ်။ သမီးကြာကြာလေး အယူအဆတွေ သိပ်အတ္တဆန်ပြီး တစ်ဖက်စွန်းရောက်နေပြီ။ လူဆိုတာ အလွှာစုံပေါင်းကြည့်ရတယ်။ ဒါမှ လောကရဲ့အကြောင်း၊ လူတွေရဲ့စိတ်ဓာတ် ဘဝပေါင်းများစွာရဲ့ ဖြစ်စဉ်တွေကို သိမှာပေါ့။ ကြာကြာလေးဟာ အများအားကိုးရတဲ့ ideal Woman တစ်ယောက်ဖြစ်ချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် စံပြဖြစ်အောင် Ideal ဖြစ်အောင် လောကအကြောင်း တော်တော်များများ သိထားမှဖြစ်မယ် သမီး။ သမီးဟာ သမီးရဲ့မေမေစကားတွေ နားထောင်ပြီး သမီးရဲ့ပတ်ဝန်းကျင်ကိုပဲ မိတ်ဆွေဖွဲ့မယ်ဆိုရင် သမီးဖြစ်ချင်တဲ့ စံပြလူသားတစ်ယောက် ဖြစ်လာမယ် မထင်ဘူး ကြာကြာလေး"

"ကြည့်စမ်း ... ရှင် ကျွန်မကိုပါ တိုက်ခိုက်တယ်"

"ဟေး ... ဖေဖေကွ။ ကြာကြာလေးတော့ တစ်ချက်တည်း ငိုင်ဆင်းသွားတာပဲ"

အမြွာညီအစ်ကိုက ခုံတွေတဝုန်းဝုန်း ဆွဲထုတ်လိုက်ထိုင်ကာ ရောက်လာကြရင်း ကြာကြာလေးကိုလည်း ရန်စရင်း မေမေက ဖေဖေ့ကို မျက်စောင်းထိုးလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ရော့ _ ရှင့်ဆေါင်မုန့်မီးကင် ရှင်ပဲထောပတ်သုတ်။ ကျွန်မ သမီးက သူ့ဘာသာ စိတ်ဓာ(တ်)မြင့်မြင့်မားမားထားတာကို လည်း အကောင်းမပြော။ ကျွန်မကိုလည်း ထိခိုက်နဲ့။ တော်ပြီ ရှင်နဲ့ သုံးရက်တိတိ စကားမပြောဘူး။ ကျွန်မကို လည်း စကားလာပြောဖို့ မကြိုးစားနဲ့"

ဗျစ်တောက် ဗျစ်တောက် ပြော၍မဆုံးတော့။

ဟုတ်ပါရဲ့။ ဖေဖေ့ကိုက ကြာကြာလေးနဲ့ မမမေဆို ဘယ်တော့မှ အကောင်းမပြောချင်၊ ဖေဖေ့ကို တယ်မကြည်ချင် တော့ဘူး။

ကြာကြာလေးသည် ဖေဖေ ဘယ်လောက်ပဲထောက် ပြ၊ ထောက်ပြ မွေးရာပါ မာနကတော့ တစ်စက်မှ လျော့မသွားခဲ့ ချေ။ ကိုယ့်ဘာသာ ဒီအဆင့်အတန်းနဲ့ နေနိုင်လို့ ဒီဘဝမှာ လူ ဖြစ်ရလို့ ဘဝင်မြင့်တာပဲ ဘာဖြစ်သလဲ။ ဘယ်သူ့ဂရုစိုက်စရာ မှတ်လို့နော်။ ကြာကြာလေးကတော့ ဘယ်တော့မှ ကိုယ့်အယူအဆ မပြောင်းလဲနိုင်ပါကွယ်။

ကြာကြာလေးသည် ကိုယ့်လောက်မှ မချမ်းသာသူ၊ ပညာအဆင့်အတန်း မမြင့်မားသူဆိုလျှင် ဘယ်တော့မှ အိမ်ထောင် ဖက်အဖြစ် လက်တွဲဖို့လည်း မစဉ်းစား။ ငါ့ကိုဆေးကျောင်းသို့ ဆရာဝန်လောင်း ဘွဲ့ဗွေးသမီးမို့ သိ(က)ဘူးချင်တာပဲဟု ထင်ကိုထင် ပစ်လိုက်မှာပဲ။ ထိုသူတွေထဲမှာ ကြွေးကြော်မည့်"အချစ်"ဆိုတာ ကြီးကို ဟားတိုက်ရယ်မောပစ်လိုက်မှာပဲ။





"အချစ်"

အဲဒါ ဘာလုပ်လို့ရသလဲ။ ဘာတွေတန်ဖိုးရှိသလဲ။ ကြာကြာလေး မသိချင်ပေ။ ကြာကြာလေး သိသည်က အချစ်ဆို တာဟာ စိတ်ကူးယဉ်ဝတ္ထုတွေထဲမှာ ဖတ်လို့ကောင်းအောင် ရေး ထားသည့် အရာတစ်ခုအဖြစ်ပင်။

အသက်ဆယ့်ကိုးနှစ်တိတိ ရှိပြီဖြစ်သည့် ပဒုမ္မာကြာ ဟူသည့် မိန်းမတစ်ယောက်သည် အချစ်ဆိုတာဟာ ရုပ်ရှင်တွေထဲ၊ ဝတ္ထုတွေထဲ၊ ဒဏ္ဍာရီတွေထဲမှာသာ တကယ်ရှိဖူးသည့်အရာဖြစ်ပြီး သူမနှင့် လားလားမျှမဆိုင်သည့်အရာ ဟုသာ တွေးနေဆဲဖြစ်ပါ သည်။ သူမဟာ ဘယ်တော့မှစိတ်ကူးယဉ်လို့ကောင်းသည့် အချစ် ကို တွေ့ရလိမ့်မည်မဟုတ် ဟူ၍လည်း ကြုံးဝါးလိုက်သေး။

အချစ်ဆိုတာကို အယုံအကြည်မရှိဟူ၍လည်း ရှုတ်ချ လိုက်သေး။

(သို့သော် ဒါတွေ မှားယွင်းခဲ့ကြောင်း နောက်များမှ သိခွင့်ရခဲ့တော့တယ် ဟန်းစံ။)

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၃

ဟန်းစံနှင့် ကြာကြာလေးတို့ ထပ်မံတွေ့ဆုံကြဖို့ ဖန်တီးလာရခြင်းမှာ အောင်စကြာကြောင့်ပင် ဖြစ်လေသည်။ ပထမတစ်ကြိမ် တွေ့ဖြစ်ကြပြီး ရက်သတ္တ တစ်ပတ်လောက် ထပ်မံမဆုံဖြစ်ပေမယ့် အောင်နေကြာနှင့် အောင်စကြာတို့ကတော့ ဟန်းစံဆီလာမြဲ။ လက်ဖက်ရည်ဆိုင် အတူတူထိုင်မြဲ။ ဟန်းစံရေးသော သီချင်းများကို ပါဝင်ခံစားကြမြဲ။

အမြွှာညီနောင်တို့ အတွက် တစ်ပတ်အတွင်းမှာ ဟန်းစံ၏အိမ်သည် စားအိမ်သောက်အိမ်အဖြစ်တောင် ရင်းနှီးသွားကြတာသာကြည့်။ တစ်သက်လုံး အပေါင်းအသင်းရယ်လို့ သတ်သတ်မှတ်မှတ် မထားခဲ့ဖူးသော ဟန်းစံတောင် ဒီအမြွှာတို့ကြောင့်ပဲ အပေါင်းအသင်း သံယောဇဉ်ဆိုတာကို ခံစားတတ်လာသည် အထိပင်။





မနက်တိုင်းမှာ ကျောင်းမသွားဖြစ်သည့် နေ့တွေဆို အမြွှာညီနောင်တို့က လက်ဖက်ရည်ဆိုင် အတူတူထိုင်ဖို့ လာခေါ်တတ်ကြသည်။ သူတို့ ကျူရှင်ချိန်တွေနီးမှ ဟန်းစံနှင့် လမ်းခွဲတတ်ကြတာလည်း ထုံးစံ။

ညနေခင်းတွေမှာတော့ သူတို့အစ်မ ကြာကြာလေး လစ်တာနဲ့ ပြိုင်ဘီးကလေးကိုယ်စီနဲ့ ခိုးထွက်ပြီး ဟန်းစံနဲ့ ဂစ်တာဝိုင်းကလေး ကျင်းပတတ်လာပြီ။ ကြာကြာလေး၏ အချိန်ဇယားနှင့် စာကျက်ချိန်တွေကို ချိုးဖောက်တတ်လာပြီ။

"အဲ့ဒါ ကလေကချေနဲ့ပေါင်းလို့ ပျက်စီးခြင်း အစပဲ"

ဟု ကြာကြာလေး ဆူပူသော်လည်း သူတို့ဂရုမစိုက်။ သားသမီးတွေနဲ့ နေရချိန် နည်းပါးလှသော အထူးကုဆရာဝန်ကြီး ဖေဖေနဲ့ မေမေကို တိုင်လည်းခဏပါပဲ။ နောက်တစ်နေ့မှာ ထုံးစံအတိုင်း ဟန်းစံဆီ ရောက်လာတတ်ကြသည့် ညီအစ်ကိုပင်တည့်။

ထိုနေ့ကတော့ ဟန်းစံသည် စိတ်ကူးရ၍ သီချင်းတစ်ပုဒ်ကို အိမ်မှာ အေးအေးဆေးဆေး ရေးမလို့ ကြံစည်နေခဲ့သေးသည်။ သူထင်တာက ဒီနေ့တော့ အမြွှာညီအစ်ကိုတို့ကျောင်းသွားကြလို့ သူ့ဆီ မနက်တည်းက ရောက်မလာကြဘူးလို့ ထင်ခဲ့တာ။ သို့သော် ထိုညီအစ်ကိုတို့က သူ့ဆီ ရောက်လာခဲ့သည်။ ဒါပေမဲ့ ပြဿနာတချို့ ပါလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ကြီးကြီးမားမားတော့ မဟုတ်ချေ။ သူတို့ညီအစ်ကိုနှစ်ယောက် ပြိုင်စက်ဘီးကိုယ်စီဖြင့် ဟန်းစံဆီလာခိုက်မှာ လမ်းကွေ့ကထွက်လာသည့် ကားတစ်စီးကြောင့် အောင်ကြောက စက်ဘီးကို လမ်းဘေးကွေ့ချလိုက်ရင်း မတော်တဆခြေဆစ်လွဲသွားရသည့် ပြဿနာ။

"မင်းအိမ်နားနီးတာနဲ့ ငါက မင်းကိုလာခေါ်တာ။ ကြောစက်ဘီးမနင်းနိုင်တော့ဘူး။ လမ်းလျှောက်လို့လည်း မရအောင် ခြေထောက်ကရောင်ပြီး နာလည်းနာတယ်တဲ့။ ဒါကြောင့် သူနဲ့ သူ့စက်ဘီးကို လမ်းဘေးမှာ စောင့်ထားခဲ့ပြီး မင်းကို လာခေါ်တာ"

အောင်နေကြောက မျက်နှာငယ်လေးနှင့် သူ့ကို အကူအညီတောင်းတော့တာပဲ။

"ဆေးခန်းလိုက်ပို့ပေးရမှာလား"

"တခြားဆေးခန်း သွားစရာ မလိုပါဘူး။ ဖေဖေ့ဆေးခန်းသွားလိုက်ရင် ရပါတယ်။ မင်းက ဒီတစ်ခါတော့ ကြောကို ဘားတန်းမှာ ထိုင်ခိုင်းပြီး နင်းရမယ့်အလှည့်ပဲ"

"မင်းအဖေက ဆရာဝန်လား"

"အေးလေ ... မင်း မသိဘူးလား။ ဖေဖေရော မေမေရော အထူးကုဆရာဝန်တွေလေ။ မေမေ့ဆီတော့ သွားလို့မဖြစ်ဘူး။ အကောခံရမှာ သေချာတယ်။ ဒါကြောင့် ဖေဖေ့ဆီပဲ သွားပြမှ"



သူ့ရဲ့သီချင်းဖိုလင်ကလေး ပျက်သွားရခြင်းအတွက် စိတ်မပျက်မိချေ။ လမ်းဘေးအုတ်ခုံကလေးမှာ ရှုံ့ရှုံ့မဲ့မဲ့ မျက်နှာဖြင့် ထိုင်စောင့်နေရသော ကြောကိုလည်း စက်ဘီးကို ဂရုတစိုက်စီးရကောင်းလားဟုလည်း အပြစ်မတင်မိချေ။

ဟန်းစံသည် လူပုံကသာ ကြွပ်ဆတ်ဆတ်ပုံစံ ဖြစ်သော်လည်း တခြားလူတွေအပေါ်မှာသာ စိတ်မရှည်တတ်သော်လည်း ဒီအမြွှာညီအစ်ကို့ကိုတော့ အင်မတန်မှပင် စိတ်ရှည်တတ်နေပြန်သည်။

"ဖြစ်ရလေ။ ငါသားငယ်က အရာနဲ့အကြောင်းကြောင်းပဲ၊ မင်းမေမေနဲ့ ကြာကြာလေး မသိအောင် အခန်းအောင်းနေတော့ သားရေ။ မင်း ခြေဆစ်လွဲတာ ရေချိုးခန်းထဲ ချော်လဲလို့ဆိုတဲ့ Reason ပေးရချေတော့။ နောက်မို့ မင်းမေမေနဲ့ ကြာကြာလေး ဗျစ်တောက် ဗျစ်တောက်လုပ်လို့ ဆုံးတော့မယ် မထင်ဘူး"

အရိုးအထူးကုဆရာဝန်ကြီးဖြစ်သော အမြွှာတို့၏အဖေက သူ့အပေါ်မှာ သူ့သားတွေနဲ့ တစ်ပြေးညီ ဆက်ဆံလေသည်။ ဒါဆိုရင် ကြာကြာလေး ဆိုတဲ့ မိန်းမဟာ ဘယ်သူ့စိတ်ဓာတ်တွေ စိမ့်ဝင်နေလို့ မာနတွေ ခေါင်ခိုက်နေသလဲဟု ဖျတ်ခနဲ သတိရမိသွားခိုက်မှာ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ချင်ပေ။ ဘာဖြစ်လို့များလဲဟုလည်း မဆန်းစစ်ခဲ့ချေ။

www.burmeseclassic.com



အမှန်က ဒုတိယအကြိမ်မြောက်သာ ထပ်မံရင်ဆိုင်
မတွေ့ဖြစ်ခဲ့လျှင် သူဟာ ဒီလို ဖျတ်ခနဲ သတိရတတ်နေခြင်း
အဖြစ်ကို အဖြေရှာလို့ မရသေးမှာ သေချာသည်။ ဒါပေမဲ့ သူ
အတွက် အဖြေက ချက်ချင်းရှာဖွေ တွေ့ရှိခဲ့ပါသည်။

အဲဒါကတော့ စကြာကို ဘားတန်းမှာတင်နင်းပြီး
အောင်နေကြာနဲ့အတူ သူ တစ်ခါမှ မရောက်ဖူးသော သူတို့ည
အစ်ကို၏အိမ်ကို လိုက်ပို့ပေးမိခြင်းကြောင့် အမြွှာညီနောင် ထင်
ထားသလို ကြာကြာလေး ဒီနေ့ ဒီအချိန်မှာ အင်္ဂလိပ်စကားပြော
သင်တန်း သွားတက်လေ့ရှိသည်ဟု အာမခံ၍ သူ့ကို အထင်သေး
သော ကြာကြာလေးနှင့် တွေ့ရမည် မထင်မိ၍ လိုက်ပို့ပေးမိခြင်း
ကြောင့် သူမနဲ့ ဒုတိယအကြိမ် သေသေချာချာ ဆုံလိုက်ရ၍တည်း

"ကြည့်စမ်း ... ကြည့်စမ်း၊ ဒါက ဘာဖြစ်လာကြတာလဲ
ဟင်"

ခြံဝင်းထဲ ကွေ့ဝင်စဉ်မှာပင် သစ်ခွပန်းရုံတွေကြား
မှ အသံတစ်သံက ဆီးကြို၏။

"သွားပြီ၊ ကြာကြာလေးနဲ့မှ တည့်တည့်တိုးရတယ်လို့"

စကြာက ခပ်တိုးတိုး ရေရွတ်သည်။ သူကစက်ဘီး
ကို အိမ်ရှေ့ဆင်ဝင်ထိ နင်းသွားလိုက်သည်။ စကြာကိုတွဲ၍ ဘား
တန်းပေါ်မှ ဆင်းခိုင်းစဉ်၊ အရိပ်တစ်ခုက လှစ်ခနဲ သူတို့နား
ရောက်လာတော့သည်။ သေချာပါတယ်။ ဒါဟာ ကြာကြာလေး
ဆိုတဲ့ မာနခဲကလွဲလို့ ဘယ်သူများ ဖြစ်နိုင်မှာမို့လဲ။ သူမအား





ဆိုင်ကြည့်နိုင်ရန် တော်တော်ကြိုးစားရဦးမည်ဖြစ်ကြောင်း ဟန်းစံ
ချက်ချင်း ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်၏။

"စကြာ ... ဒါက ဘယ်လိုဖြစ်တာလဲ"

"ခြေဆစ်လွဲသွားတာ၊ ဘာမှမဖြစ်ဘူး။ ဖေဖေ့ဆီတောင်
ဝင်ပြပြီးပြီ"

"ဘာဖြစ်လို့ ခြေဆစ်လွဲရသလဲ"

စကြာက သူ့လည်ပင်းကို အတင်းတွဲထား၍ စကြာ
အားတွဲကာ အိမ်ထဲသို့ လိုက်ပို့ပေးသည်အထိ သူမက သူတို့
နောက်ကလူရော၊ အသံပါ ပါလာခဲ့သည်။ ဆိုဖာတစ်ခုမှာ စကြာ
ကို တွဲထိုင်စေလျှင် ...

"မင်းလည်း ထိုင်ဦးလေကွာ၊ ငါတို့ကို လိုက်ကူညီပြီး
ချက်ချင်းပြန်မလို့လား။ မရဘူး ဟော့ကောင်၊ ထမင်းစားပြီး
မှ ပြန်ရမယ်"

ဟု အောင်နေကြာက သူ့ကို အတင်းဆွဲထိုင်ခိုင်း
တော့သည်။ ခက်တော့တာပဲ။ ဒီကောင်တွေဟာ သူတို့ရဲ့ ကြာကြာ
လေး ကြည်မှန်း မကြည်မှန်းလည်း နားမလည်။

"ဟဲ့ ... ပြောကြလေ၊ ဘာလို့ ပါးစပ်တွေ ပိတ်နေကြတာ
လဲ၊ စကြာ ခြေဆစ်လွဲတာ ဘာဖြစ်လို့ ခြေဆစ်လွဲရတယ်
လို့ ငါမေးနေတယ်"

တော်တော့်ကို ဒေါသဖြစ်လာဟန် အသံအနေအထား
ကို သတိပြုမိတော့ အောင်နေကြာကပင် ...



www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးလဲသွားလို့ပါ ကြာကြာလေးရာ၊ ဘာမှ ရေးကြီးခွင့်ကျယ်လည်း မရှိဘဲနဲ့၊ ဒီမှာ ညွှေ့သည်ပါလာတာလည်း သတိထားပါဦး၊ ငှက်ဆိုးထိုးသလိုအသံနဲ့ နှိပ်စက်မနေစမ်းပါနဲ့ဟာ၊ ဒီမှာ စကြာ့က ခြေဆစ်က တော်တော်နာလာတာ"

"နေကြာနော် ... နင် သိပ်မိုက်ရိုင်းနေတယ်၊ နင်တို့ အခုတလောမှ အချိုးတွေပြောင်းနေတာ ဘယ်သူ့ကြောင့်ဖြစ်မယ်ဆိုတာ ငါ မသိဘူးများ ထင်နေသလား။ ငါ့ကိုလာ မဖြီးနဲ့၊ ဒါ မတော်တဆ ခြေဆစ်လွဲတာလား။ ရန်ဖြစ်လို့ ခြေဆစ်လွဲတာလား မှန်မှန်ဖြေစမ်း"

အောင်စကြာ့က စိတ်ညစ်သည့် လေသံဖြင့် ဝင်ပြော၏။

"မှန်မှန်ဖြေနေတာပဲ။ ကြာကြာလေးရာ မယုံလည်း မတတ်နိုင်ဘူး"

ခေါင်းငုံ့၍ ဒူးနှစ်ဖက်ပေါ် လက်တံတောင်တွေ ထောက်ကာ ကြမ်းခင်းကော်ဇောတွေဆီ မျက်ဝန်းများကို ပို့ထားမိသော်လည်း သူမ၏အသံကို ကြားနေရခြင်းအား သူ ဘာဖြစ်လို့များ ကျေနပ်နေချင်သလဲ။ မာနခဲပ်ကြီးကြီး နှုတ်ခမ်းကလေးများမှ စကားသံသည် သူ့ကို စောင်းမြောင်းထေ့ငေါ့မှုတွေ ပါဝင်နေခဲ့ပေမယ့် ခါတိုင်းနဲ့မတူစွာ သူ့စိတ်တွေ နူးညံ့နေသတဲ့။

"နင်တို့ပုံစံတွေကရော ယုံချင်စရာ ကောင်းလို့လား"





"ကြာကြာလေး ... နင် ဘာဖြစ်လို့ ဒီနေ့ Spraking သွားမတက်တာလဲ။ နင်သာ သွားတက်နေလို့ကတော့ ငါတို့ အပီအပြင် ညာပြီးပြီ။ ရေချိုးခန်းထဲ ချော်လဲကယ်လို့ ညာရင်လည်း ရတာပဲ။ နေကြာနဲ့တင်းနစ်ရိုက်ရင်း လဲတာလို့ ညာလည်း ရတာပဲ။ အခုတော့ နင်နဲ့တန်းတိုးလို့ မှန်မှန်ပြောတော့လည်း မယုံ။ ဒါဆို နင် ထင်သလို ရန်ဖြစ်ရင်း ဒီဒဏ်ရာ ရတယ်ဆိုပါတော့။ ငါတစ်ယောက်တည်း ဒဏ်ရာရှိမလား။ ဟန်းစံရော နေကြာပါ မျက်နှာမှာအညိုအမည်းတော့ နည်းနည်းရှိမှာပေါ့ဟ။ စွတ်ပြီးအပြစ်ကင်ချင်တာကအရင်"

"ဒါနဲ့ နေစမ်းပါဦး၊ ဟန်းစံ ... ရှင်က ဘာလို့ စကြာ့ ခြေဆစ်လွဲတဲ့ကိစ္စမှာ မဆီမဆိုင် ဝင်ပါရတာလဲ"

သူ့ကို တိုက်ရိုက်မေးချလိုက်သော သူမကြောင့် သူရော အမြွာညီအစ်ကိုတို့ပါ အံ့သြသွားကြသည်။

မင်း သိပ်တတ်နိုင်တဲ့ မိန်းမပဲ ကြာကြာလေးရယ်။ မင်းကို ရင်ဆိုင်ကြည့်ရမှာ ဝန်လေးနေတဲ့ ငါ့ကို မင်းအနိုင်ယူခဲ့ပြန်ပြီ။ ပထမဆုံးအကြိမ် တွေ့ပြီးကတည်းက ကိုယ်ရင်မဆိုင်ချင်တဲ့ မင်းရဲ့မျက်လုံးတွေကို ကိုယ်ရင်ဆိုင်ပါ့မယ် ကြာကြာလေး။

"ကြာကြာလေး ... နင် ဘယ်လိုဖြစ်နေတာလဲ၊ ငါတို့က ဟန်းစံကို သွားအကူအညီတောင်းလို့ ပါလာရတာပါ။ နင်စဉ်းစားကြည့်။ စကြာ စက်ဘီးမှ မနင်းနိုင်တာ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘီးကိုနင်းဖို့ ဟန်းစံကို သွားခေါ်ရတာပေါ့၊ ငါက စကြာကိုလည်းတင်နင်း၊ ပြိုင်ဘီးအလွတ်ကိုလည်း တစ်ဖက်ကထိန်းဖို့ ဘယ်လိုလုပ် တတ်နိုင်မလဲ”

အောင်နေကြာက သူ့ကိုအားနာစွာကြည့် သူ့အစားဝင်ဖြေပေးလည်း မရ။

“နင်ကိုမေးတာ မဟုတ်ဘူး နေကြာ။ ငါမေးတာ ဟန်းစံကို မေးတာ”

ဟု သူ့မျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့်ရင်း တစ်လုံးချင်း ရေရွတ်သည့် သူမ၏သတ္တိအား သူ လန့်သွားသည်။ သူစိမ်းယောကျ်ားတစ်ယောက်အား မျက်လုံးချင်းတည့်တည့်စိုက်ကြည့်ရဲသည့် သူမရဲ့မာနတွေကို သူပဲ အရှုံးပေး မျက်လွှာချ၊ သက်ပြင်းရှိုက်။ (ကိုယ်က မင်းကို ဘယ်တော့မှ အနိုင်မယူချင်ခဲ့ပါဘူး ကြာကြာလေးရယ်။)

“နေကြာပြောတာ အမှန်ပါ။ ကျွန်တော့်ကို သူလာခေါ်တာပါ။ စကြာ ခြေဆစ်လွဲတဲ့ နေရာက ကျွန်တော့်လမ်းထိပ်လောက်မှာပါ ကြာကြာလေး”

သူ့ပါးစပ်မှ ကြာကြာလေးဟူသော အခေါ်အဝေါ်ကို သူမ ဂရုမစိုက်ချေ။ သူမ၏ပတ်ဝန်းကျင်မှာ သူမအားခေါ်တွင်နေကျ နာမည်တစ်ခုမို့ မထူးဆန်းတာဖြစ်မည်။ တကယ်ဆို သူ့လို အသက်ချင်းမတိမ်းမယိမ်းရှိသူ တစ်ယောက်ကို ခေါ်တာကို သူမ ဒေါသဖြစ်သင့်သည်ဟု ဟန်းစံက ယူဆနေပြန်သတဲ့။ သေ





သွားတာ တစ်ခုကတော့ သူမဆီမှ အသိအမှတ်ပြုသောစကားတစ်ခွန်းကို ကြားလိုက်ရရုံနဲ့တင် သူ့ဘဝတစ်ခုလုံး ပြည့်စုံသွားသည့် ခံစားချက် အသစ်တစ်ခုကို သူ ရရှိလိုက်တော့တာပဲ။

သိပ်သေချာသွားပါပြီ ကြာကြာလေး။ ကိုယ် မင်းကိုချစ်သွားခဲ့ပြီ။ သိပ်ကို မြန်မြန်ဆန်ဆန် ဖြစ်ပျက်သွားတဲ့ ကိုယ့်ရဲ့ပြောင်းလဲမှုတစ်ခုပါပဲ ကြာကြာလေး။ မင်းက ကိုယ့်ရဲ့နှလုံးသားထဲကို မြန်မြန်ဆန်ဆန်ကြီးကို ထိုးဖောက်ဝင်ရောက်ခဲ့တော့တာ။

“ရှင်လည်း ဒီနှစ် ဆယ်တန်းထပ်ဖြေမလို့ မဟုတ်လား။ ဘာဖြစ်လို့ စာကျက်ဖို့ မစဉ်းစားသေးတာလဲ။ ရှင့်ကြောင့်ကျွန်မမောင်လေးတွေက ရှင့်ကိုအတုယူပြီး သူတို့ကိုဆွဲပေးထားတဲ့ အချိန်ဇယားအတိုင်းတောင် စာကျက်ဖို့ ပျက်ကွက်ကုန်ကြပြီ။ တကယ်ဆို ရှင်က အကြီးပဲ။ စာကျက်ကြဖို့တိုက်တွန်းသင့်တယ်။ အပေါင်းအသင်းကောင်းဆိုတာ ကိုယ့်မိတ်ဆွေရဲ့ပျက်စီးရာ ပျက်စီးကြောင်းကို အဖော်မညှိတတ်ဘူးလို့ ကျွန်မ ကြားဖူးထားတာတော့ ရှိပါရဲ့”

“ကျွန်တော်က နေကြာနဲ့ စကြာကို ဖျက်ဆီးနေတယ်လို့တိုက်ရိုက် စွပ်စွဲလိုက်ပါလား ကြာကြာလေး၊ အဲဒါဆို ကြာကြာလေးအတွက် လေကုန်သက်တာပေါ့”

“ကျွန်မ မစွပ်စွဲရဲဘူးလို့ ရှင် ထင်နေသလား”

“ဟာ ... ကြာကြာလေး တော်ပါတော့ဟာ။ ငါတောင်းပန်ပါတယ်။ ငါတို့ ဧည့်သည်ကို နင်ဝင်ပြီး မစော်ကားပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်ကိုလာတဲ့ ဧည့်သည်ကို စော်ကားတာလောက် အောက်တန်းကျတာ မရှိဘူးဆိုတာ နင်သိရဲ့လား။ သိရဲ့လား ကြာကြာလေး၊ နင့်ကို ဖေဖေနဲ့ တိုင်ပြောမယ်"

အောင်နေကြာက သူ့ကို အသားလွတ်ဝင်ချဲနေသည့် ကြာကြာလေးအား သူ့ဘက်မှနာကာ ဝင်အော်တော့၏။ မဖြစ်သေးပါဘူး။ ငါ့ကြောင့် မောင်နှမတစ်တွေ ရန်ထဖြစ်ကုန်ပြီ။

"တော်ကြပါတော့ကွာ၊ ငါ့ကြောင့် မင်းတို့မောင်နှမတွေ စကားများရရင် မကောင်းပါဘူး၊ စကြာကိုလည်း ငါအိမ်အထိ လိုက်ပို့ပြီးပြီပဲ၊ ငါ ပြန်တော့မယ်ကွာ"

ဟူ၍ သူက ထရပ်တော့ အောင်နေကြာက သူ့ရှေ့ကနေ ကာဆီး ကာဆီး။ သူ ခိုးကြည်တော့ ကြာကြာလေး မျက်နှာမှာ အနိုင်ရသူရဲ့အပြုံးတွေ ဝေလို့ပင်။ ကိုယ့်ကို ဘာလို့ ဒီလောက်တောင် မုန်းနေရသလဲ။ အထင်သေးနေရသလဲ ကြာကြာလေးရယ်။ ကိုယ့်တစ်သက်မှာ မိန်းမတစ်ယောက်ဆီက စော်ကားတဲ့စကားကို ဒီလောက်ထိ သည်းခံခဲ့တာ ပထမဆုံးအကြိမ်ပဲ။

"စိတ်မဆိုးပါနဲ့ကွာ၊ ငါတို့ တောင်းပန်ပါတယ်"

"စိတ်မဆိုးပါဘူး နေကြာ၊ ငါ အိမ်မှာသီချင်းရေးလက်စကြီး ထားခဲ့ပြီး မင်းတို့နောက် လိုက်လာရတော့ အိမ်မှာကျန်ခဲ့တဲ့ သီချင်းသံယောဇဉ်ကို မဖြတ်နိုင်သေးဘူး။ ဒါကြောင့် မင်းတို့ကို ကူညီပြီးရင် မြန်မြန်ပြန်မလို့ အစတည်းက





ရည်ရွယ်ပြီးသားပါ။ မင်းတို့ကခေါ်လို့ အားနာပြီး ဝင်ထိုင်နေရတာ"

"မဟုတ်ဘူး ဟန်းစံရာ။ လုံးဝ ငါစိတ်မကောင်းဘူး။ ကြာကြာလေးက အရင်က အဲဒီလောက် စကားပြောမရိုင်းပါဘူး၊ မင်းကိုကျမှ ဘာဖြစ်လို့ မချေမင် ဆက်ဆံနေသလဲ မသိဘူး"

"ရပါတယ်၊ ငါက အငြိုးအတေး မထားတတ်ပါဘူး"

အောင်နေကြာက သူ့ကို ခြံဝအထိ လမ်းလျှောက်လိုက်လာရင်း ပြိုင်ဘီးကိုပါ တွန်းယူလာသည်။ သူ ဘယ်လောက်ငြင်းငြင်း အတင်းပင် အိမ်အရောက် လိုက်ပို့ပေးရင်း သူတို့ရဲ့အစ်မအတင်းကို အုပ်ရင်း။ ရယ်စရာကောင်းတာက တို့အစ်မကလေးရဲ့မောင်တွေက သူ့ဘက်က နာကြသလောက် သူ့ရင်ထဲမှာ သူမ၏စကားများအတွက် မနာကျင်မိတာတော့ အမှန်ပဲဖြစ်လေသည်။

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်းရက်များတွင် စကြာတစ်ယောက် ခြေဆစ်လွဲနေ၍ အပြင်ထွက်မလည်နိုင်တာမို့ အောင်နေကြာပဲ သူ့ဆီ တစ်ပတ်တစ်ခါ နှစ်ခါလောက်သာ လာလည်တတ်သည်။

"ငါတို့ညီအစ်ကိုက အမြွှာမို့ ထင်တယ်။ တစ်ယောက်မပါရင် နောက်တစ်ယောက်က ဘယ်မှသိပ်ပြီး ဖြစ်ဖြစ်မြောက်မြောက် မသွားချင်ဘူး။ ဘက်ပဲ့နေသလိုပဲ။ မင်းဆီတောင် ခင်လွန်းလွန်းလို့ တမင်လာနေတာ၊ နောက်မို့အရင်ကဆို ငါတို့ထဲက တစ်ယောက်ယောက် နေမကောင်းလို့ အပြင်မထွက်ဖြစ်ရင် ကျန်တဲ့ကောင်ကပါ လိုက်ပေါင်နေရော"

ဟူ၍ သူ့ကို အောင်နေကြာက သူတစ်ယောက်တည်းသိပ်မလာဖြစ်ရခြင်း အကြောင်းကို ပြောပြသေးရဲ့။ ရယ်တော့ရယ်ရသား။ သူ့လိုကောင်တစ်ယောက်က စိတ်ဆိုးစိတ်ခုပြီး သူတို့ကို အထင်လွဲမှာကို အသေအလဲ စိုးရိမ်ကြသူမှာ အောင်နေကြာနှင့် အောင်စကြာဟူသော ညီအစ်ကိုပင် ဖြစ်နေတော့သည်။ ထိုညီအစ်ကိုမသိသေးတာက သူသည် သူတို့ညီအစ်ကိုတင်မက သူတို့ညီအစ်ကို၏အစ်မကလေးထံမှ နာကျင်စရာ စကားတွေကြားရခဲ့တာတောင် ထိုအစ်မကလေးကို နင့်နင့်နဲနဲ ချစ်နေတယ် ဆိုတာပဲ။



အင်း ... အဲဒါ ၊ ...င် ဒီညီအစ်ကို သူ့ကို ဘယ်လိုများ တုံ့ပြန်မှာပါလိမ့်။ အခုလို ဆက်ပြီးခင်နိုင်ပါတော့မလားသိတော့ သီချင်းသားပင်။

မမျှော်လင့်ထားသော တစ်နေ့တွင် သူနဲ့ကြာကြာလေးတို့ ထပ်မံဆုံစည်းရပြန်သည်။ အဲဒီနေ့ကတော့ သူ့အသံတေးသံသွင်းဆိုင်ရှင်တစ်ယောက်ဆီ ဝင်လည်ရင်း သူရေးထားသည့် သီချင်းတွေကိုလည်း စပ်ရင်း၊ တေးသံသွင်းဆိုင်ရဲ့ ကောင်တာမှာ အပျင်းပြေထိုင်ကာ သူ့ရဲ့တရုတ်ပြည်ဖြစ် ကက်ဆက်ထဲကထွက်သည့်အသံနှင့် လားလားမျှ နှိုင်းဆ၍မရသော ပိုင်အိုးနီးယားကက်ဆက်ကြီးရဲ့ ဆောင်းဘောက်စ်မှတစ်ဆင့် ကြားရသော သီချင်းသံကို မက်မက်မောမော နားထောင်ရင်း။ ဆိုင်ကလည်း လူရှင်းနေချိန်။ ကောင်တာမှာလည်း သူတစ်ယောက်တည်း ဖြစ်နေချိန်။

စိတ်ကူးယဉ်ဖို့ မျက်စိတွေမှိတ်ပြီး ကုလားထိုင်နောက်မှီမှာ ခေါင်းလှန်၍။ အင်း ... ငါ့သီချင်းတွေသာ အကြိုက်တွေ့ရင် အဆိုတော်တစ်ယောက်ယောက်ဆိုဖို့ ဆိုင်ရှင်ကစပ်ပေးမှာပဲ။ တစ်ပုဒ်ကို ဘယ်လောက်ပဲပေးပေးပေါ့။ သီချင်းရေးဆရာဖြစ်သွားရင် ပြီးတာပဲ။ အဆိုတော်က ယူဆိုလို့ အောင်မြင်သွားရင် ပြီးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



နေဦး ... အဲဒီကျမှ ပိုင်အိုးနီးယားလို ကက်ဆက်မျိုး ဝယ်ပြီးနားထောင်ပစ်လိုက်ဦးမည်။ တီဗီတွေ၊ ဒက်ခ်တွေမရှိရင် နေပါစေ။ ကက်ဆက်ကောင်းကောင်းတစ်လုံးရှိလို့ကတော့ ဒီမိပဲ။ ဗိုပြီးတော့ သီချင်းရေးရတာ ဗီလင်ဝင်လာမယ်ထင်တယ် ဟု၍ စိတ်ကူးယဉ် ဖဲရိုက်လို့။

"ဒီမှာရှင့် ... အခွေဝယ်ချင်လို့ ခေါ်နေတာ နှစ်ခါရှိပြီ။ ဘယ်လိုလူလဲ"

ဘုရားရေ ... ဒီအသံ။ ဖျတ်ခနဲ သူ့မျက်လုံးတွေ ဖွင့်မိတော့သည်။ အို ... ကိုယ့်ရဲ့အိပ်မက်ကလေးကို ဖန်ဆင်းပေးနေတဲ့ မင်းဆိုတာ အသေအချာပါပဲလား ကြာကြာလေး။

"ကြာကြာလေးပါလား"

ဟန်းစံသည် ကယောင်ကတမ်း ရေရွတ်ရင်း ထရပ်လိုက်၏။ သူမက သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ထင့်။ အံ့သြနေဟန်တွေ အထင်းသား ပေါ်လွင်နေ၏။ အခွေကောင်တာကလေးတစ်ဖက်ခြားမှာ သူမကို ဒီတစ်ခါမှသာ နီးနီးကပ်ကပ် မြင်ခွင့်ရတော့သည်။ ရင်ခုန်လေစွ။

"ရှင်က ဒီမှာ အလုပ်လုပ်သလား"

"ဟုတ်တယ်"

သူက ဘာရယ်မဟုတ် အလွယ်တကူ ဖြေလိုက်မိလေသည်။





"တစ်ခါမှလည်း မတွေ့ပါလား။ ကျွန်မ ဒီဆိုင်မှာ အခွေကို ထွက်သမျှ အမြဲလာဝယ်နေကျပဲ"

"ကျွန်တော် ဒီနေ့မှ အလုပ်ဝင်တာ"

ဒီလိုကျတော့လည်း သူမက စပ်စုချင်သားဟု တွေးမိပြန်သည်။ အလွယ်တကူ ဖြေပြီးမှ ရှည်ရှည်ဝေးဝေး ရှင်းနေရမှာစိုး၍ သူက ဆက်လိမ့်ဖို့ ပြင်ဆင်ရတော့သည်။ ခွင့်လွှတ်ပါ ကြာကြာလေး။ ကိုယ် မင်းနဲ့ စကားပြောခွင့် ရချင်လို့ပါ။ မင်းကို အကြာကြီး ကြည့်ခွင့်ရချင်လို့ပါလို့တော့ ဝန်ခံချင်သားပင်။

"ကြာကြာလေး ဘာခွေယူမှာလဲ၊ ကျွန်တော် ရှာပေးမယ်"

"ဒီဆိုင်က ထွက်နေကျ Love Songs တွေထဲက အခု နောက်ဆုံး ထွက်ထားတဲ့အခွေ ပေးပါ။ ပြီးတော့ ထူးအိမ်သင် အသစ်ထွက်တဲ့အခွေ၊ ဟိုနှစ်ကောင် မှာထားတဲ့ Bon Jovi ရဲ့အခွေတဲ့။ ရှင်သိရင် ရှာပေးပါ။ ကျွန်မက သူတို့နားထောင်တဲ့ Bon Jovi ကို သိပ်ဆူညံလို့ နားထောင်လေ့မရှိဘူး၊ ခံစားလို့လည်း မရဘူး။ ဪ ... နောက်ပြီး Country Songs ထဲက Don willioms ခွေ လိုချင်တယ်"

ကဲ ... ဘယ်လောက် အံ့သြစရာ ကောင်းသလဲ။ အခုကျတော့ အရင့်အရင်တစ်နေ့က သူမရဲ့စော်ကားမော်ကား ပြောဖူးတဲ့ စကားတွေကို သူမနဲ့ မဆိုင်တော့တဲ့ အတိုင်းပဲ။ သူမ လိုချင်တာတွေ တောက်လျှောက်ပြောချနေတော့တာ။

"ဟန်းစံ ... အဆင်ပြေလား၊ ကိုယ်လာရှာပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ဟောကောင်၊ မင်း ထမင်းစားနေတာ ဆက်စားပါ။ ငါ ရှာပေးလိုက်ပါ့မယ်"

အရောင်းကောင်တာ ထိုင်နေကျကောင်က ပြန်လှည့် ပြီး ထမင်းစားနေတော့သည်။ ခါတိုင်းလည်း သူက ကြွရင်ဝင် ရောင်းပေးနေကျမို့သာ သူလိမ်ထားနိုင်တာဖြစ်သည်။ နောက်မို့ ကြာကြာလေး သိရင် ဒုက္ခ။ စိတ်များပြန်ဆိုးသွားမလား။ နည်း နည်းကလေး အဆင်ပြေပြေ စကားပြောခွင့်ရတာကိုပဲ ကျေနပ်လှ ပါပြီဟု ဟန်းစံက ရူးသွပ်နေပြန်သည်။

"ကြာကြာလေး တစ်ယောက်တည်းလား"

"နေကြာနဲ့ စကြာကို စာကျက်ခိုင်းထားခဲ့တယ်။ ဒါကြောင့် တစ်ယောက်တည်းလာတာ။ နောက်မို့ ဒီအခွေဆိုင်ကိုလာ ရင် သူတို့ ပါနေကျ၊ ရှင်ရော အခုဆို ဒီဇင်ဘာပဲရောက် နေပြီ။ စာမကျက်သေးဘူးလား"

"မကျက်သေးဘူး၊ နီးမှပဲ ..."

"ဟယ် ... ဒါလောက်မှ မနီးသေးရင် ဘယ်အချိန်မှ နီးမှာ လဲ ဟန်းစံ"

"စာမေးပွဲဖြေခါနီး တစ်ပတ်လိုမှ ကျွန်တော့်အတွက် စာမေး ပွဲ တကယ်နီးတာ။ အင်း ... ကျွန်တော် အောင်လိမ့်မယ် လို့လည်း မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တစ်နှစ်လုံး စာကို တစ်ခါမှ ဖတ်မှမဖတ်ဖြစ်တာ"

"ဘာလုပ်နေရလို့လဲ"





"သီချင်းရေးနေလို့"

"စာမေးပွဲအောင်ပြီးမှ ရေးရင် ဘာဖြစ်သွားမှာမို့လဲ။ ရှင် သီချင်းရေးတာက ရှင့်ဘဝကို အာမခံချက် ပေးနိုင်တယ်လို့ ယူဆနေတယ် ထင်ပါရဲ့"

သူက သူမ၏အမေးလိုလို ပြောနေသော စကားများ ကို ဆက်ဖြေဖို့ မစဉ်းစားတော့ချေ။ အယူအဆမတူသော သူနဲ့ သူမကြားမှာ စကားကို ထိန်းထိန်းသိမ်းသိမ်းပြောတာ အကောင်း ဆုံးဖြစ်လိမ့်မည်ဟု ဆုံးဖြတ်မိ၍ပင်။

တစ်ခုတော့ မေးချင်တယ်။ မင်း အမြင်မကြည်တဲ့ အဆင့်အတန်း မတူဘူးလို့ သတ်မှတ်ထားတဲ့ ကိုယ့်ရဲ့ဘဝဟာ မင်းနဲ့ ဘာဆိုင်သလဲ။ မင်း ဘာဖြစ်လို့ ကိုယ့်ဘဝကို တွေးပေးနေ ရသလဲ ဆိုတာပဲ ကြာကြာလေး။ မေးချင်လွန်းလို့ မနည်းပါးစပ် ကို ပိတ်ထားနေရတယ်။

"စကြာခြေထောက် ကောင်းသွားပြီလား"

"တော်တော် ကောင်းနေပြီ၊ လျှောက်လည်မှာစိုးလို့ ဖေဖေ က မကောင်းသေးဘူး ကောင်းကာစမှာ အပြင်းအထန်ထပ် ပြီး ထိခိုက်သွားရင် တစ်သက်လုံး ထော့ကျိုးဖြစ်သွားမယ် ဆိုပြီး ချောက်ထားတာနဲ့ အပြင်သိပ်မထွက်ရဲဘူး။ ရှင့်ဆီ နေကြာလာရင် အဲဒါ သွားမပြောနဲ့ဦး။ အကယ်၍ နေကြာ သာ စကြာကို တစ်ဆင့်ပြန်ပြောလို့ သူတို့အပြင်ထွက်လို့ ရမှန်းသိသွားရင် ရှင့်အပြစ်ပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေးတစ်ချောင်းဖြင့် ညွှန်ပြပေးသော သူမ အား တိတ်တခိုး ချစ်ခွင့်ရသည့် ဘဝလောက် ပျော်နေတာမရှိ။ သူမရဲ့ အရင်ကနဲ့မတူဘဲ ဖော်ဖော်ရွေရွေ စကားပြောတာကို နားထောင်ခွင့်ရတာလောက် ပီတိဖြစ်ချင်စရာမရှိ။

"Bon Jovi ခွေက ကုန်နေသလား မသိဘူး။ ရှာမတွေ့တာ လား"

"ဟုတ်တယ်ဟေ့ ကုန်နေတယ်၊ မနက်ဖြန်မှ ရမယ်တဲ့၊ မင်း လျှောက်ရှာနေတယ် ဟုတ်လား၊ ကိုယ့်ကို စောစောက ပြောရောပေါ့၊ အခုတော့ မင်း ချွေးပြန်သွားရပြီ"

ထမင်းစားပြီး၍ သူ့နားလာရပ်သော သူငယ်ချင်းက သူနဲ့ခပ်ကြာကြာရပ်ပြီး စကားပြောနေသည့် သူမအား အကဲခတ် သည်။

"ဒါဆိုလည်း မနက်ဖြန်ကျမှ ကျွန်မ လာယူမယ်လေ"

ဟိုက် ... သေတော့မှာပဲ။ ဒီမှာ အလုပ်မလုပ်မှန်း ကြာကြာလေး သိသွားတော့မှာပဲ။ သူငယ်ချင်းကိုတော့ ဒီကိစ္စ ဝိတ်ထားမှပါ။ မထင်မှတ်ဘဲ ပါးစပ်က လွယ်လွယ်ကူကူပြောမိ ပြီးမှ ပြန်ပြင်ပြောရင် ကြာကြာလေးများ စိတ်ဆိုးနေမလားဟု ဟန်းစံက တွေးပူသတဲ့။

"ကျွန်မ မလာဖြစ်ရင်လည်း ကိစ္စမရှိပါဘူး၊ ဟန်းစံပဲယူ လာပေးလိုက်မလား၊ နေကြာက ရှင့်ဆီတော့ လာဦးမှာပဲ။ အဲဒီကျမှ ပေးလိုက်တော့နော်၊ ကျွန်မ မနက်ဖြန်မအားဘူး ဆိုတာ ခုမှသတိရလို့"





"ရပါတယ်၊ နောက်ဆိုရင် ကြာကြာလေး လိုချင်တဲ့ခွေရှိ ရင် ကျွန်တော့်ကိုပဲ မှာလိုက်ပါလား၊ ကျွန်တော် ဝယ်လာ ပေးလို့ ရတယ်"

"အင်းလေ ... အဆင်ပြေသလိုပဲပေါ့"

သူမက စကားကို တိခနဲဖြတ်ကာ သူ့ကိုလည်း မနှုတ်ဆက်ဘဲ လှည့်ထွက်သွားခဲ့သည်။ ကြာကြာလေးဟာ တော် တော့်ကို ခန့်မှန်းရခက်တဲ့မိန်းမဟု ယူဆချင်သားပင်။

ဟိုးတစ်လောကတော့ တစ်မျိုး။ အခုကျပြန်တော့ တစ်မျိုး။ စကားပြောနေရင်း နောက်တစ်မျိုး ပြောင်းလဲသွားပြီး သူ့ကို သူမနဲ့ မတူမတန်သလို နှုတ်တောင်မဆက်ဘဲ လှည့်ထွက် သွားတာသာကြည့်။

"ဘယ်သူလဲ ဟန်းစံ၊ တစ်မျိုးပါလား၊ ကိုယ်က မင်းတို့ ချင်း အသိတွေလို့ထင်ပြီး အကဲခတ်နေတာ"

"သူငယ်ချင်းရဲ့ အစ်မပါ"

"ကောင်မလေးရဲ့မျက်နှာက တော်တော့်ကို မာနကြီးမယ့် ပုံစံမျိုးပဲ"

ကဲလေ ... ဘာမှမသိသေးတဲ့ လူတစ်ယောက်က တောင် ချက်ချင်း မှတ်ချက်ချသတဲ့။ ကြာကြာလေးဟာ အဲဒီ လောက်ထိပဲ သူနဲ့စကားပြောတာတောင် မာနရိပ်တွေ တစ်လှေ ကြီးနဲ့ ဆရာလုပ်တာ။ သူ့ရဲ့သီချင်းရေးတဲ့အလုပ်ကို ကဲ့ရဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ မှာထားမယ်ဗျာ၊ နောက်တစ်ခါတွေမှာ သူ ခွေလာဝယ်လို့ ကျွန်တော်မရှိတဲ့အခါမျိုးမှာ သူ မေးရင် ခင်ဗျား ကြည့်လိမ့်ထားလိုက်။ ကျွန်တော်က ဒီမှာအလုပ် လုပ်တယ်လို့ လိမ့်လိုက်မိပြီ"

"ဘာဖြစ်လို့ လိမ့်လိုက်ရသလဲ"

"ကျွန်တော့်သီချင်းတွေ ရောင်းဖို့လာစပ်တာဆိုရင် ရှည်ရှည် ဝေးဝေး ရှင်းပြနေရမှာစိုးလို့ လွယ်သလို ပြောလိုက်ရင်း မထူးတော့ပါဘူးဆိုပြီး ဆက်လိမ့်နေတာ"

"မင်းလိမ့်မှန်း သိသွားတော့ ဘာဖြစ်မှာမို့လဲကွာ"

"ခင်ဗျား မသိဘူးဗျာ၊ ကျွန်တော့်ကို သာမန်အသေးအဖွဲ့ ကအစ လိမ်တတ် ညာတတ်တယ်ဆိုပြီး အထင်သေးမှာ သေချာတယ်၊ အစတည်းကမှ အထင်မကြီးရတဲ့အထဲ"

"ဪ ... ဪ ... သိပြီ ... သိပြီ"

ထိုသူငယ်ချင်းက သူ့ကို သဘောပေါက်စွာ ခေါင်း တညိတ်ညိတ်ဖြင့် ပြုံးလေသည်။ ဘယ်ကလဲ။ ဘယ်သူလဲတွေ ထပ်ပြီး စပ်စုပေမယ့် သူက မသိဘူးဟုပဲ ငြင်းပစ်လိုက်ခြင်းမှာ သူ့ရဲ့အတ္တပင်ဖြစ်မှန်း သူ သိသည်။

ကြာကြာလေးရဲ့ အကြောင်းကို ဘယ်သူစိမ်း ယောက်ျားကိုမှ မပြောပြချင်ဘူး။ ကြာကြာလေးကို ဘယ်သူကမှ စိတ်မဝင်စားစေချင်ဘူး။ ရှင်းရှင်းပြောရရင် ကြာကြာလေးကို ကိုယ်တစ်ယောက်ပဲ ပထမဆုံး ချစ်ခွင့်ရတဲ့သူ ဖြစ်ချင်ရဲ့။ ကိုယ် သိပ်အတ္တဆန်တတ်နေပြီ။





ထိုနေ့က တိုးတက်ပြောင်းလဲလာသည့် အခြေအနေ သေး တစ်ရပ်ကြောင့် သူ့မှာ နောက်ထပ်နေ့ရက်များကို စိတ်ကူး ဖြင့် ရှုးသွပ်စွာ ဖြတ်သန်းရလေသည်။ ရေးသမျှသီချင်းတွေတိုင်း ဟာ ကြာကြာလေးအတွက်။ ဂစ်တာတီးရင်း သီချင်းဆိုတိုင်းဟာ ကြာကြာလေးအတွက်ချည်း ဖြစ်နေတော့တဲ့အထိ ချစ်ခဲ့မိသူဖြစ် လေသည်။

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



ပဒုမ္မာကြာသည် ခုနကအဖြစ်အပျက်များကို ပြန်တွေး မိလျှင် သူမကိုယ်သူမ ဘာတွေလုပ်ခဲ့မိလို့ လုပ်ခဲ့မိမှန်း မဝေဖန် ■ာတ်တော့ချေ။

သူမ၏ဘဝတွင် ကိုယ်နှင့်ဘာမှ မသက်ဆိုင်သည့် သူစိမ်းယောက်ျားလေး တစ်ယောက်အပေါ် ပထမဆုံးအကြိမ်အဖြစ် ဩစာပေးမိသည့်အဖြစ်။ အမှန်တကယ် စေတနာအပြည့်နှင့် ဝေ ဖန်အကြံပေးမိသည့်အဖြစ်။ ပြီးတော့ ကိုယ်နဲ့အဆင့်အတန်းမတူ တဲ့ ကောင်လေးတစ်ယောက်ပါလားဟု မေ့လျော့လျက် ဖော်ဖော် ရွေရွေ စကားပြောမိသည့်အဖြစ်။ ကြည့်စမ်း ... ဘယ်လောက် အံ့ဩစရာကောင်းလိုက်သလဲ။ အဲဒီအချိန်တုန်းက ပတ်ဝန်းကျင် ကိုတောင် မေ့သွားခဲ့မိတော့တာ။

ရှက်စရာကောင်းလိုက်တာ။ ဟိုတစ်လောလေးကမှ သူ့ကို မချေမငံ ဆက်ဆံခဲ့တဲ့ သူမဟာ အခုတစ်ခါကျတော့ အချိုးပြောင်းပြီး စကားလေးအရောတဝင်ပြောမိတာကို သူ ဘယ်လို





နား ထင်မှာပါလိမ့်။ ပြီးတော့ လေ့လာစူးစမ်းဟန် မျက်နှာပေးနဲ့ ဘခြားလူတစ်ယောက်ကို သူဟာ ဘာတွေများချဲ့ကားပြီး သူမနဲ့ ပတ်သက်လို့ ကြွားဝါမိမှာပါလိမ့်။

ပြောနိုင်တာမှတ်လို့။ သူလိုလူတစ်ယောက်အတွက် ပဒုမ္မာကြာဟာ စိတ်ကူးယဉ်ချင်စရာ၊ ချစ်သူအဖြစ် မှန်းချင်စရာ၊ အချင်းချင်းကြားမှာ “ငါ့ချစ်သူ”လို့ ဝင့်ကြွားချင်စရာ ဖြစ်လောက် တဲ့ အနေအထားနဲ့မိန်းမ ဖြစ်နေလိမ့်မည်။

အထူးကုဆရာဝန်ကြီး မိဘနှစ်ပါးရဲ့ တစ်ဦးတည်း သောသမီး “ဆေးကျောင်းသူ”ဆိုတဲ့ ဂုဏ်က သူ့လို သာမန်လူ တစ်ယောက်အတွက် ဘယ်လောက် စိတ်ကူးချင်စရာ ကောင်းနေတဲ့ မိန်းမ ဖြစ်နေမလဲ။ အို ... အရောတဝင်နေမိခဲ့တဲ့ သူမကိုကစပြီး မှားယွင်းခဲ့တာ၊ သူမကိုက မိုက်မဲမိခဲ့တာ။

ဘာကြောင့်များပါလိမ့် စဉ်းစားရခက်လေစွကွယ်။ သေချာတာတစ်ခုတော့ ရှိလေသည်။ အဲဒါကတော့ သူ့ရဲ့အညို ရောင်မျက်ဆံကလေးရှိသည့် မျက်ဝန်းများကို သဘောတကျဖြစ် ရုံတင်မက ခပ်ထူထူ ပြူးတက်သော နှုတ်ခမ်းများကိုပါ သူမ သဘောကျတတ်လာခြင်းပင်။ ပြီးတော့ ... သူမအား တစ်ကိုယ်လုံး လွှမ်းခြုံ သေးကွေးသွားမတတ်မျှ မြင့်မားလှသည့် သူ့ထံမှ မြင့် မားလှသည့် အရပ်အမောင်းကြီးကတော့ သူမ သဘောအကျဆုံး ဖြစ်နေတာတော့ အသေအချာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ... မဖြစ်ဘူး။ သူ့ကို နောက်ထပ် မျက်နှာချင်းမဆိုင်မိအောင် ရှောင်မှပါပဲ။ ဒီနေ့လို သူ့ကိုရုတ်တရက်တွေ့လိုက်ရသလိုမျိုး အရာရာကို အမေ့မေ့ အလျှော့လျှော့ မဆက်ဆံမိစေရ။ သူ့ကို နောက်တစ်ခါတွေ့ရင် မျက်နှာကို အစွမ်းကုန်တင်းထားရမည်။ ပဒုမ္မာကြာ၏ ရာဇဝင်ကို ဘယ်တော့မှ ဘယ်သူ့ကြောင့်မှ မပြောင်းမိစေရ။

သို့သော် သူမအကြံအစည်များ အရာမထင်ခဲ့ကြောင်းကို ရက်များမကြာမီ ထပ်မံတွေ့ဆုံရသည့်အခါတွင် သိခဲ့ရလေသည်။

ထိုနေ့က ခရစ္စမတ်မရောက်ခင် တစ်ရက်အလို ညချမ်း(သို့မဟုတ်)ခရစ္စမတ်၏ အကြိုညချမ်းပင်ဖြစ်သည်။ အခင်ဆုံး သူငယ်ချင်း၏ နေအိမ်ခြံဝန်းထဲမှ ခါတိုင်းနှစ်တွေလိုပဲ ဝိုင်းဖွဲ့စကားပြော၊ သီချင်းလာဆိုတဲ့ အဖွဲ့တွေကို ဧည့်ခံကျွေးမွေးနှင့်ရှိနေခဲ့ချိန်။

ညဥ့်တော်တော်လေးနက်မှ ဆူဆူညံညံဖြင့် ရောက်လာခဲ့တဲ့ အဖွဲ့ထဲမှာ ဟန်းစံ ပါလာခဲ့လိမ့်မည်ဟု ပဒုမ္မာကြာ ထင်မထားခဲ့ချေ။ သူငယ်ချင်း ရိုဇာ(Rosa)တို့ မိသားစုနဲ့အတူ ဧည့်ခံကျွေးမွေးဖို့ ကော်ဖီဝင်ဖျော်၊ ကိတ်မုန့်ဝင်လှီးဖြင့် အိပ်ချင်၍ အနည်းငယ်တောင် သမ်းလိုက်သေး။

ပြီးတော့ ...





"အင်း ... ဒီတစ်ဖွဲ့ပြီးရင် ငါတော့ တောင့်မခံနိုင်တော့ဘူး ထင်တယ်။ ရိုဇာနဲ့ သက်မာ ... နင်တို့မအိပ်ချင်သေးရင် နေကြဦး။ ငါတော့ ရိုဇာ့အခန်းထဲ ဝင်နှပ်တော့မယ်"

ဟုလည်း ရိုဇာနဲ့သက်မာတို့ကိုတောင် မှာလိုက်သေး။

တကယ်တော့ ငိုက်စင်းနေသည့် သူမ၏ မျက်ခွံတွေ လုံးဝအိပ်လို့မပျော်တော့အောင် ဟန်းစံက ပြုစားခဲ့လိမ့်မည်မှန်း ဒုမ္မာကြာ မသိခဲ့သေး၍တည်း။

အဲဒီလို ပြောနေချိန်မှာ အပြင်ဘက်ကအဖွဲ့တွေ တောင်သီဆိုနေကြပြီ။ သူမက ...

"ဘယ်နှယောက်လဲ ရိုဇာ"

ဆိုတော့ ...

"ဆယ်ယောက်တိတိ၊ အဲဒီထဲမှာ သိပ်မိုက်တဲ့ပုဂ္ဂိုလ်လေး တစ်ယောက် ပါလေရဲ့။ ကားပေါ်က ခုန်ဆင်းလာတာကိုက အရမ်းမိတာ။ ငါတော့ ကြောင်ပြီးတောင် ငေးနေမိတယ်။ မာမီက ကော်ဖီတွေ ကြာကြာလေး တစ်ယောက်တည်း ဖျော်နေရတယ် သွားကူလိုက်ဦးဆိုလို့ ပုဂ္ဂိုလ်လေးကို သေသေချာချာတောင် မငေးရသေးဘူး။ မြန်မြန်ဖျော်ဟာ၊ မြန်မြန်ထည့်၊ နောက်ပြီး အဲဒီပုဂ္ဂိုလ်လေးကို ငါ ကော်ဖီ ခွက်ပေးမယ်နော်။ အားလုံး လက်ရှောင်ထား။ ငါ့ရဲ့ဒီနှစ် ခရစ္စမတ်လေး အပျံစားဖြစ်သွားပြီဟော့။ သိပ်လှတဲ့ ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်ရဲ့ သီချင်းဆိုသံကို နားထောင်နေတော့
မှာမို့လေ"

ဟူ၍ ရီဇာ၏ သည်းသည်းလှုပ်ဖြစ်မှုကိုတောင်
"အမျိုးသမီးကလေး။ ကိုယ့်ကိုယ်ကိုယ် ဆေးကျောင်းသူ
ဆိုတာလည်း သတိထားဦးနော်၊ ဟိုက ဘယ်လိုအဆင့်
အတန်းမှန်းမှ မသိတာ"

တဲ့ ... ပဒုမ္မာကြာ ဆရာဝင်လုပ်လိုက်သေး။
"ကြာကြာလေး ... နင်ဟာလေ အဲဒီစကား ကြပ်ကြပ်ပြော
တစ်နေ့ ဝင့်လည်ဦးမှာ မြင်ယောင်ပါရဲ့ကွယ်။ အပြော
ကြီးရဘူး။ အမျိုးသမီးကလေးရေ အစားကို အကုန်စား
အပြောကို အကုန်မပြောနဲ့ဆိုတာ ကြားဖူးတယ် မဟုတ်
လား"

သက်မာ၏ သတိပေးစကားကို စိတ်တိုမိတာ သူ
၏အမှားပင်။ အမှန်တော့ သက်မာ ပြောတာ သိပ်မှန်ခဲ့ကြောင်း
ကော်ဖီခွက်တွေ ထည့်လာသည့် စတီးလင်ပန်းကလေးကိုကိုင်၍
အိမ်ရှေ့ခြံဝင်းဆီ အထွက်တွင် အထင်ရှားဆုံးသော လူတစ်ယောက်
အား မြင်လိုက်စဉ်မှာပဲ လက်ခံချင်သွားသည်။

"ဟဲ့ ... လာလေ၊ ဘာကြောင့်ပြီး ရပ်နေတာလဲ"

ဟူ၍ သက်မာက ပြောယူရသည်အထိပါပဲ။ သူမ
အဲဒီလောက်အထိ သတိမေ့လျော့ ရပ်ငေးမိခဲ့တာ။





မီးရောင့်စုံအောက်မှာ သူ့အရုပ်ဟာ အားလုံးထဲမှာ အမြင့်မားဆုံး ဖြစ်နေ၍လား။ သူ့ကိုပဲ သူမက ထူးထူးခြားခြား ချက်ချင်းမြင်ရုံနဲ့ မှတ်မိနေ၍လား။ ဟင့်အင်း ... ကြာကြာလေး တကယ်မသိသေးချေ။ ယခု သူမ သိတာက ဟန်းစံ ဒီအဖွဲ့နဲ့ လိုက်လာခဲ့ပါလားဆိုသည့် အသိနှင့် သူ့ကို မလွှတ်တမ်း ငေးစိုက်ကြည့်နေမိသည့် သူမ၏ပြောင်းလဲမှုတစ်ခုသာ။

"ကျွန်တော်တို့အဖွဲ့ရဲ့ ထပ်မံဖျော်ဖြေမှုအနေနဲ့ နောက်တစ်ဖန် နားဆင်ရမှာကတော့ ဟန်းစံရဲ့ဂစ်တာနဲ့ တွဲဖက်သီဆိုမှုပါပဲ"

အို ... ဟန်းစံ။ သူ သီချင်းဆိုမှာပါလား။ ရီဇာ သွားပေးထားတဲ့ ကော်ဖီကို ဘာလို့မသောက်သေးသလဲ။ သိပ်အေးတဲ့ ဒီဇင်ဘာညချမ်းမှာ ကော်ဖီပူပူကလေးဖြစ်ဖြစ် သောက်သင့်တယ်။ သူ့ရှေ့က စားပွဲပေါ်မှာ တင်ထားတဲ့ ကော်ဖီတွေ အေးကုန်တော့မှာပဲနော်။

"Music you're making me blue ... got alone without you ... filled my heart, filled my soul with tenderness ... Music filled my loneliness"

ဟန်းစံသည် ခေါင်းငုံ့၍ ဂစ်တာတီးကာ F.R DAVID ရဲ့ MUSIC ဆိုသည့် သီချင်းကို စတင်သီဆိုလေသည်။ ဒီသီချင်းဟာ သူမရဲ့အကြိုက်ဆုံးသီချင်းတွေထဲက တစ်ပုဒ်။ ပြီးတော့ ဟန်းစံ သီဆိုဟန်က တကယ့်ပညာရှင်တစ်ယောက်လို ကျွမ်းကျင်နိုင်နင်းနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်နေ့ကတည်းက သီချင်းတွေ လိုက်ဆိုနေသလဲ။ စာမေးပွဲဖြေရမယ့်ကိစ္စဟာ သူနဲ့မဆိုင်သလိုပဲ။ ဘာဖြစ်လို့များ ဆယ်တန်းကို အောင်ချင်စိတ် မရှိရသလဲ ဟန်းစံရယ်။

"ဟယ် ... အရမ်းတော်တာပဲ။ ငါ ထင်တော့ ထင်သား။ သူ့ပုံစံက သီချင်းဆို အရမ်းတော်မယ့် ပုံစံမျိုးဆိုတာ။ သူ့ကို ငါ ကော်ဖီခွက် သွားပေးတော့ ဘာပြောသလဲ သိလား။ ကျေးဇူးပါပဲခင်ဗျာတဲ့၊ ဆိုတော့ အင်္ဂလိပ်သီချင်းဆိုပြီး ပြောတာကျတော့ သိပ်ဗမာဆန်တာပဲ သိလား"

ရိဇာက သည်းသည်းလှုပ်ပြတော့ သူမ မကျေမနပ်ဖြစ်ချင်ပြန်သတဲ့။ ဟင် ... ဘာဖြစ်သလဲ။ ကိုယ်နဲ့အဆင့်အတန်းမတူတဲ့လူကို ဘာဂရုစိုက်စရာလိုသလဲ။ ရိဇာဘာသာ သဘောကျကျမကျကျ ငါနဲ့ဘာဆိုင်သလဲဟု သူမ ငြင်းကြည့်သော်လည်း မရ။

သိပ်ခင်တယ်ဆိုတဲ့ ရိဇာ့ကိုတောင် မုန်းမိချင်သတဲ့။ ဒါဟာ ပဒုမ္မာကြာရဲ့ ရာဇဝင်ပြောင်းလဲမှု အစတဲ့လေ။

**"When spring is near the ends and every leat of summer Autumn bring withered mother rain then it's crazy shade of winter"**

ဂစ်တာကို လက်စွမ်းပြတီးရင်း ဟန်းစံသည် သူ့မျက်နှာရှေ့ ငိုက်ကျနေသော ဆံပင်တွေအား ဆတ်ခနဲ ခါတင်လိုက်၏။ မီးရောင်လက်လက်အောက်မှာ မီးပွင့်တို့နဲ့အပြိုင်လက်သွားတာက ဟန်းစံရဲ့မျက်ဆံညိုညိုတွေ။





အို ... သေတော့မှာပဲ။ ဟန်းစံ ငါ့ကိုမြင်သွားခဲ့ပြီ။ ...သော် အံ့ဩစရာကောင်းတာက ဟန်းစံသည် သူမကိုမြင်လိုက်...၍ အံ့ဩဟန်မပြ။ ကျေကျေနပ်နပ် ပြုံးပြနေခဲ့သည်။ ဒါပေမဲ့...း စရာကောင်းတာက ထိုအပြုံး ...ည် မထီတရီအပြုံး။ ခပ်ထေ့ထေ့အပြုံး၏အရိပ်တွေ ပျောက်မနေခဲ့တာပဲ။

"ဟယ် ... ပြုံးပြတယ်။ ငါတို့သုံးယောက်ထဲက ဘယ်သူ့ကိုယ်လဲ မသိဘူး"

သက်မာက တအံ့တဩ ဖြစ်နေလေသည်။ အင်း ... ...ာကတော့ သူ့ကိုများ ပြုံးပြသလားဆိုပြီး ရင်တွေခုန်နေတော့...ယ် ထင်ပါရဲ့။ ဒီနေရာမှာ မိန်းမပီပီ ဝင့်ကြွားချင်စိတ်က ဘွားခနဲ ဖြစ်ပေါ်လာတော့သည်။

ဘာဖြစ်သလဲကွယ်။ ကိုယ်နဲ့ ခင်လို့မင်လို့ စကားပြောတာများ ဘာဖြစ်သွားတာမှတ်လို့။ ဟန်းစံဘက်က ရိုးရိုးသားသား ရယ်ပြတယ်ဆိုရင်၊ ဒါမှမဟုတ် ငါ့ကို ရိုးရိုးသားသားခင်...င်တယ်ဆိုရင် နေကြာနဲ့ စကြာတို့ရဲ့ အစ်မအဖြစ် ခင်ချင်တယ်ဆိုရင်လည်း ဘာဖြစ်တာမှတ်လို့ကွယ်။ အလိုက်သင့် စကားပြန်...ရုံပဲပေါ့။ ပဒုမ္မာကြာသည် ဟန်းစံကြောင့်ပင် သူမ၏ရာဇဝင်...ှ ဆက်တိုက်ပြောင်းလဲပစ်မိပြီ။

ဟန်းစံ၏သီချင်းအဆုံးတွင် လက်ခုပ်တီး၍ ဩဘာ...းကြသူများထဲတွင် ရိဇာ့လက်ခုပ်သံ အကျယ်ဆုံးဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ သူမ၏မာနအတိုင်း လက်ခုပ်ကလေးကိုသော်
မတီးဖြစ်ချေ။ ဟန်းစံ၏လှုပ်ရှားမှုတွေကို မျက်တောင်မခတ်စတ
လိုက်ကြည့်နေမိတာတော့ အမှန်ပဲ။

"ဟယ် ... ငါတို့ဆီ ပြုံးပြီးထလာပြီ။ ဘယ်သူ့ကို
ချင်သလဲကွယ့်၊ ဘယ်သူ မဲပေါက်တော့မလဲ မသိ
ဟော့"

ရီဇာကစိတ်လှုပ်ရှားသည့် အသံဖြင့်ပြောသည်။ သူ
ကတော့ ဟန်းစံ သူမဆီလာတာပဲဟု အတပ်သိ၍ လုံးဝမတုန်လှု
မိချေ။

ဟန်းစံသည် လမ်းလျှောက်ဟန်ကလေးလည်း
သည်။ မဖြူမညို အသားအရေကြောင့်လား။ မြင့်မားသောအရ
ကြောင့်လား၊ ဝတ်ပုံစားပုံ ခပ်ဟော့ဟော့ကလေးကြောင့်လာ
ဆံပင်ပျော့ပျော့စင်းစင်း ရှည်ရှည်များကြောင့်လားမသိ။ ဟန်းစံဟ
သိပ်ကြည့်ကောင်းပြီး ကောင်မလေးတွေ သဘောကျချင်စရာ
တစ်ယောက်လို့ သတ်မှတ်ရမှာပင်။

"ကြာကြာလေး ကျွန်တော့်ကို မှတ်မိလား၊ ဟန်းစံ လေ

သူမသည် ဟန်းစံ အနားရောက်၍ သူမထိုင်နေသော
ကြိမ်ခုံအဝိုင်းကြီးရှေ့မှာရပ်တာတောင် ခပ်ကြောင်ကြောင်ေးကြည့်
နေ၍ ဟန်းစံသည် သူ့ကိုယ်သူပင် စတင်မိတ်ဆက်တော့၏
ရီဇာက "ကြာကြာလေး"ဟူသည့် ရင်းနှီးသူများသာ ခေါ်ခွင့်





သာ နာမည်ကို ဟန်းစံ ခေါ်ခွင့်ရနေ၍ အံ့သြပြန်သည်။ အေး
သေ ဟုတ်ပါရဲ့။ ငါကလည်း ဟန်းစံက နေကြာနဲ့ စကြာတို့ခေါ်
သလို လိုက်ခေါ်တာကို အစတော ်က ဘာလို့မတားမြစ်ခဲ့မိပါလိမ့်။
ဒါ မှားယွင်းမှုပဲ။

သက်မာကတော့ "ကဲ ... ဘယ့်နှယ့်ရှိစ"ဟူသော
မျက်နှာပေးဖြင့် မျက်စပစ်လေသည်။ အို ... ရိုးရိုးသားသားခေါ်
ပြော နှုတ်ဆက်တာ ကာဖြစ်သလဲကွယ့်။

"မှတ်မိပါတယ်၊ နေပါဦး ရှင်က ခရစ်ယာန်မို့ ဒီသီချင်း
ဆိုတဲ့အထဲမှာ ပါနေတာလား"

"ကြာကြာလေးကရော ခရစ်ယာန်မို့ ခရစ္စမတ်အကြိုညကို
ဆင်နွှဲနေတာလား"

ကြည့်စမ်း။ သူ ဒီနေ့ ငါ့ကို မရိုမသေ ဆက်ဆံ
ာယ်။ ဟိုအရင်တစ်ခါကဆို အမြွှာတို့ရဲ့အစ်မဆိုတဲ့ပုံစံနဲ့။ ကဲ ...
အခုကျပြန်တော့ သူ့ပုံစံက တစ်စက်ကလေးမှ အကြောက်အရွံ့
လည်းမရှိတော့ချေ။ စတွေ့ခါစက ပုံစံအတိုင်း လွတ်လပ်ပေါ့ပါး
လို့။ ပြီးတော့ သူ့မျက်လုံးတွေဟာ တယ်မရိုးချင်ဘူး။

"ကြာကြာလေး ဒီခြံမှာရှိတယ်ဆိုတာ သိလို့ တမင်သူငယ်
ချင်းကို ပြောပြီးလိုက်ဆိုတာပါ။ ကျွန်တော် ခရစ်ယာန်တော့
မဟုတ်ဘူး။ ဒါပေမဲ့ ခရစ္စမတ်ပွဲကိုတော့ အမြဲဆင်နွှဲလေ့
ရှိတယ်။ အဟဲ ... ကြာကြာလေးလိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဒီခြံမှာရှိတာ ရှင် ဘယ်လိုလုပ်သိလဲ"

ဟန်းစံက ရယ်ကျဲကျဲဖြင့် "ဒီလိုပေါ့"ဟု ခပ်တိုးတိုး ပြောသည်။ သေချာပါတယ်။ ဟိုအမြွာနှစ်ကောင် အာချောင်လိုက် တာပဲဖြစ်မယ်။

နေစမ်းပါဦး။ ငါ ဒီမှာရှိတာနဲ့ သူက ဘာလို့တမင် လိုက်လာရသလဲ။ ကြည့်စမ်း။ ဒါဟာ ငါ့ကို လူရှေ့သူရှေ့မှာ အရှက်ခွဲချင်တာ။ သူငယ်ချင်းတွေရှေ့မှာ အသားယူတာ။ မှားပြီ ငါ သိပ်မှားသွားပြီ။ ဟိုတစ်ပတ်နှစ်ပတ်က သူ့ကို ခပ်ရောရော စကားဖော်ဖော်ရွေရွေ ပြောမိတာ သိပ်မှားသွားပြီ။ သူဟာ ငါထင် တဲ့အတိုင်းပါပဲ။ ငါ့လို သူဌေးသမီး ဆေးကျောင်းသူတစ်ယောက် ကို လိုက်ကြည့်မယ်။ ရရင် နည်းလားဆိုတဲ့ အစားထဲကလူမျိုးပဲ

ပဒုမ္မာကြာသည် လက်ဖဝါးတွေအထိ အေးစက်ကာ ဒေါသတွေ ရင်ခေါင်းအထိ ဆို့ကျပ်လာသလိုပင်။ ရီဇာနဲ့သက်မာ ၏ မျက်နှာကိုတောင် မကြည့်ရဲသည်အထိ ရှက်လိုက်သည့်ဖြစ် ခြင်း။ ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ လူတစ်ယောက်ရဲ့ရိသဲ့သဲ့ စကားကို နားထောင်ရတာလောက် ခံပြင်းတာမရှိဘူး အဟုတ်

ပြောပစ်လိုက်စမ်း။ သူ နောင်တရသွားအောင် ပြော ပစ်လိုက်စမ်းဟု ကိုယ့်ကိုယ်ကိုယ် တိုက်တွန်းနေခဲ့သော်လည်း အရာမထင်ခဲ့။ စကားလုံးတို့က လည်ချောင်းဝမှာ တစ်ဆို့ကာ ပဒုမ္မာကြာရဲ့ ကျဆုံးခြင်းတွေပဲပေါ့။ ဟန်းစံ ... မင်းကို အလိုလို နေရင်း ညှာတာစိတ်နဲ့ တွေးနေမိတတ်တာကိုက ငါ့ရဲ့အမှားပဲ





"ကြာကြာလေး ... ကျွန်တော်ဆိုတာ ကောင်းရဲ့လား"

"ဘယ်သိမလဲ၊ ကျွန်မမှ နားထောင်မနေတာ၊ ကျွန်မက သီချင်းကို အဆိုတော်တစ်ယောက် ဆိုပြတာကလွဲရင် ဘယ်သူဆိုတာကိုမှ ဂရုတစိုက် နားမထောင်တတ်ဘူး၊ ကြိုက်လည်း မကြိုက်ဘူး"

"အဆိုတော်တွေ အားလုံးလည်း ဒီလိုမထင်မရှားလိုက်ဆို ရတဲ့ ဝါသနာရှင်ဘဝကနေ တစ်ဆင့်တက်လာတဲ့သူတွေ ချည်းပါပဲ"

"ကျွန်မကို ဆရာမလုပ်နဲ့၊ ရှင်က ကျွန်မကို ဆရာလုပ်သင့် သလား၊ မလုပ်သင့်ဘူးလား ကိုယ့်ဘာသာပဲ စဉ်းစားကြည့်။ ရှင့်လို ဆယ်တန်းမအောင်တဲ့ လူတစ်ယောက်က ကျွန်မလို ဆေးကျောင်းသူတစ်ယောက်ကို ဆရာလုပ်ရအောင် ရှင့်မှာ ကျွန်မထက်သာတဲ့ အရည်အချင်း ဘယ်လောက်များရှိနေ လို့ပါလိမ့်၊ တော်တော်ရယ်ရတဲ့ ဟာသတစ်ခုပဲနော်"

ဟန်းစံ၏မျက်နှာသည် လက်ပြန်ရိုက်ချခြင်း ခံလိုက် ရသူပမာ လည်ဆင်းသွားတော့သည်။ ကြေကွဲသွားသည့် မျက်ဝန်း ကလေးမှာ မျက်ရည်စတို့ ခပ်ဝေ့ဝေ့ရှိမည်ဟု သူမ ထင်မိ၏။ သူ့နှုတ်ခမ်းက ခပ်မဲ့မဲ့ရှိနေတာတော့ သေချာသည်။ သူ့လက် ချောင်းကလေးတွေ တဆတ်ဆတ် တုန်ယင်နေခြင်းကို သူက သူမ မမြင်အောင် အလျင်အမြန် ဖုံးကွယ်သော်လည်း မြင်ဖြစ်အောင် မြင်လိုက်သေး။ ကောင်းတယ်။ သူတော့ ဒီတစ်ခါမှတ်သွားပြီဟု



www.burmeseclassic.com

www.burmeseclassic.com



ပီတိဖြစ်ရမည့်အစား ရှိဇာနှင့် သက်မာရှေ့တွင် အနိမ့်ခံလိုက်ရ နာကျင်ရှက်ရွံ့သွားသည့် ဟန်းစံကို သတိလက်လွတ် ကြည့်မိ သူမှာ ကြာကြာလေးပင်တည်း။

"ကြာကြာလေးက ပညာအဆင့်အတန်းကို ရှုံးသွပ်ခုံမင် သလို ကျွန်တော်ကလည်း သီချင်းတွေကို ရူးသွပ်ခုံမင်နေ တာမို့ ကျွန်တော့်ဘဝမှာ ဘာမှမလိုဘူး။ သီချင်းတွေပဲ လိုတယ်။ သီချင်းရေးခွင့်ရရင် သီချင်းဆိုခွင့်ရရင် ကျေနပ် တယ်။ ဒါကြောင့် ကျွန်တော့်ဘဝမှာ ဆယ်တန်းအောင်ဖို့ အရေးမကြီးပါဘူး။ အဲဒီအတွက် ကျွန်တော် ဝမ်းမနည်းဘူး ဘယ်တော့မှ ဝမ်းမနည်းဘူး ကြာကြာလေး"

ရှိဇာက သူမနဲ့ဟန်းစံတို့၏ ပဋိပက္ခကို ကြားဝင် ဖျန်ဖြေသည့်အနေနှင့် ထရပ်ကာ ...

"ဟန်းစံ ... တဲ့။ ခေါ်နေတယ်ထင်တယ် သွားလိုက်ပါဦး"

ဟု ဝင်ပြောပေးသည်။

ဟန်းစံသည် သူ့အုပ်စုရှိရာဘက်ဆီ တစ်ချက်လှည့် ကြည့်လိုက်၏။ ထို့နောက် သူမဘက် ပြန်လှည့်၍ ...

"သွားမယ် ကြာကြာလေး၊ ဒီညကိုတော့ ကျွန်တော် ဘယ် တော့မှ မေ့တော့မှာ မဟုတ်ဘူး၊ အဖြူရောင်ကလေးနဲ့ သိပ်လှနေတဲ့ မိန်းမတစ်ယောက်ဆီက နိမ့်ချတဲ့စကားတစ် ခွန်းကို ကြားလိုက်တာရယ်၊ ကျွန်တော်မြတ်နိုးတဲ့ အဖြူ ရောင်ကို ကြာကြာလေး ဝတ်ထားတာရယ်၊ ကြာကြာလေး



က ကျွန်တော့်ရဲ့ဂီတကို အထင်သေးလိုက်တာရယ်ကြောင့် ပဲ"

စကားအဆုံးမှာ ချာခနဲ လှည့်ထွက်သွားတော့သည်။

ကြည့်စမ်း ... ငါ့ကို စကားနဲ့ အနိုင်ပိုင်းသွားခဲ့ တယ်။ မင်း သိပ်လူလည်ကျတယ် ဟန်းစံ။

"ကဲ ... ဘယ်လိုလဲ ကြာကြာလေး"

ထင်ထားသည့်အတိုင်း သက်မာက ဟန်းစံတို့ကား သည်း ပျောက်သွားရော စတင်မေးမြန်းခြင်းအမှုကို ပြုလုပ်တော့၏။

"ဘာမှ ဘယ်လိုမလဲဘူး၊ အဲဒါ နေကြာတို့နဲ့ ပတ်သက်တာ"

"သူ့ပုံစံကတော့ နေကြာတို့နဲ့ထက် နင်နဲ့ပိုပြီး ပတ်သက် ချင်နေမှန်း သိသာနေတာတော့ အမှန်ပဲ အမျိုးသမီး"

"ငါက ဒီလိုလူမျိုးကို တစ်သက် မစဉ်းစား ..."

"ပြောပြန်ပြီ အမှတ်ကို မရှိဘူး၊ အခုတောင် ဝင့်လည်ခြင်း အစကို မျက်မြင်ကြုံနေရတာလည်းမမှတ်၊ နင်တော့ ဒုက္ခ ရောက်မှာ မြင်ယောင်တယ် ကြာကြာလေးရေ"

"ဘာမှ ဒုက္ခရောက်စရာ မရှိဘူး၊ သူ့ဘာသာ ဘာသဘောနဲ့ ဆက်ဆံချင်ပါစေ။ ငါက လုံးဝမစဉ်းစားဘူးဆိုတာ မြဲမြဲ မှတ်ထားလိုက်၊ မစဉ်းစားလို့လည်း ငါ သူ့အကြောင်းကို နင်တို့ကို တစ်ခွန်းမှ မဟခဲ့ဘူးတဲ့ နင်တို့လည်းအသိပဲ။ အေး ... ငါ ဒီမှာရှိမှန်း သူ့ဘာသာစုံစမ်းပြီး သီချင်းလိုက် ဆိုတာတော့ ငါနဲ့မဆိုင်တဲ့အပိုင်းပေါ့ သက်မာ၊ ငါဟာ

www.burmeseclassic.com

www.burmeseclassic.com



ငါကိုယ်တိုင် ကြွေးကြော်ထားခဲ့ဖူးတဲ့ ငါ့ထက်ပညာအဆင့် အတန်းနိမ့်တဲ့လူကို စဉ်းစားမှာ မဟုတ်ဘူးဆိုတဲ့ စကားကို ဘယ်တော့မှ မပြောင်းလဲနိုင်ဘူး"

ရီစာသည် ကြိမ်ခုံဝိုင်းလေး၏ လက်တန်းပေါ် လက်တံတောင်ထောက်၍ လက်ဖဝါးထဲ မေးစေ့တင်ရင်း ...

"ဟန်းစံဟာ စိတ်ဝင်စားစရာ၊ စိတ်ကူးယဉ်ချင်စရာ ကောင်းရုံကလွဲရင် ငါတို့လို မိန်းမတစ်ယောက် အတွက်တော့ လက်တွဲဖို့မသင့်တဲ့ လူတစ်ယောက်ဆိုတာ ငါလက်ခံတယ် သူ့မှာ ပညာအရည်အချင်းက ခပ်တုံးတုံး၊ အတွေးအခေါ် အယူအဆများတွေနဲ့ ကိုယ်ထင်ရာ ကိုယ်လုပ်၊ နောက်ပြီး မိဘကလည်း ဘယ်လောက်မှ မချမ်းသာတာကို အသလွတ် အခြောက်တိုက် သူ့ကိုယ်သူ ဘဝင်မြင့်သေးရဲ့။ ရုပ်ရည် ကလေး ဗန်းပြပြီး မိန်းမတစ်ယောက်ကို ချူစားမယ့်လူမျိုး လို့ အာမ,မခံနိုင်တာ အမှန်ပဲ၊ ငါလည်း ပါးစပ်,စပ်သော့ ပြီး ပြောရုံပြောတာ၊ ခုတွေ့ ခုမေ့ စကားပဲ။ လုံးဝ အဲဒီလို လူမျိုး မစဉ်းစားနိုင်ဘူး"

သူမအား ထောက်ခံခြင်းတစ်ဝက် ပါဝင်သည့် စကားတို့ကို ခပ်ဖြည်းဖြည်း ပြောလေသည်။ သူမတို့သုံးယောက် သည် အမှန်တကယ် ဝန်ခံရရင်တော့ ကိုယ့်ကိုယ်ကိုယ် အထင် ကြီးခြင်းတစ်ဝက်၊ မိဘဂုဏ်ရှိန်ကြောင့် မောက်မာခြင်းတစ်ဝက် နှင့် လူတိုင်းကို နှိမ့်ချတတ်သူများလည်း ဖြစ်ပေသည်။



အဲဒါ ဘာဆန်းသလဲနော်။ လူဆိုတာ မာနထားနိုင် တယ်။ မောက်မာနိုင်တယ်။ သူများကို အထင်သေးနိုင်တယ် ဆို တာဟာ ကိုယ့်ဘက်က သူတကာထက် အစစအရာရာ သာနေမှ သာ လက်မထောင်နိုင်ကြတာပဲ။

"ဟန်းစံကို ဘယ်လိုလူမျိုးလဲဆိုတာ နင် လေ့လာပြီးပြီ လား"

"ဘယ်လိုလုပ် လေ့လာနိုင်မလဲ၊ ဟန်းစံနဲ့ ငါတွေ့ဖူးတာ ဖြင့် လေးကြိမ်ပဲရှိသေးတယ်။ အဲဒီ လေးကြိမ်ဟာ ဒီတစ်ခါ နဲ့ပေါင်းမှ လေးကြိမ်နော်။ အရင့်အရင်တွေကဆို သုံးကြိမ် လောက်ပဲ တွေ့ဖူးပြီး နှစ်ခါပဲ စကားပြောဖူးတာ"

"ဒါနဲ့တောင် နင့်ကို ကြာကြာလေးလို့ ခေါ်ရဲတယ်"

ဘုရားရေ ... ပဒုမ္မာကြာရဲ့ညှို့ဖျင်းသော ဟာကွက် တစ်ခုကို ရီစာနဲ့ သက်မာ တွေ့မြင်သွားခဲ့ပြီ။ တကယ်ဆို အခုမှ တွေ့ဖူးသည့် လူစိမ်းတစ်ယောက်ကို ဒီလို ရင်းရင်းနှီးနှီး အခေါ် အဝေါ်မျိုး ခေါ်ခွင့်မပေးသင့်တာ အမှန်ပင်။ သူ စပြီးခေါ်ကတည်း က ပြင်းပြင်းထန်ထန် တားခဲ့မိဖို့တော့ ကောင်းသား။

"အေးလေ ... ငါလည်း သတိမထားလိုက်မိဘူး၊ သူ စပြီး ခေါ်တဲ့နေ့က စကြာ ခြေဆစ်လွဲလို့ အိမ်လိုက်ပို့တဲ့နေ့ပဲ၊ စကြာကိစ္စ ဒေါသဖြစ်နေရတာနဲ့ သူ အဲဒီလိုစခေါ်လိုက် တာကို ငါရန်တွေ့ပစ်လိုက်ဖို့ထက် သူ့ကြောင့် စကြာ ခြေဆစ်လွဲရတယ်ထင်ပြီး ရန်တွေ့ဖို့ကို အားသန်နေမိခဲ့

www.burmeseclassic.com



တာ၊ ငါ မေ့သွားတယ်၊ တားလိုက်ဖို့ ကောင်းသားနော်။ အခုတော့ ဘယ်လိုလုပ်ပြီး တားရမလဲ”

“အခုမှတော့ မထူးတော့ပါဘူးဟယ်၊ ဒီအကြောင်းကို စကားအစဖော်ပြီး နင် သွားပြောရင် သူ့ကို နင်ကငြိုငြင် နေလို့ဆိုပြီး ပီတိဖြစ်ချင် ဖြစ်နေမှာ”

သက်မာက စေတနာအပြည့်ဖြင့် သတိပေးလေသည်။ အင်း … ဟုတ်သားနော်။ သူ တစ်ချက်ကလေး ခြေလှမ်းလှမ်းလိုက်ရုံနဲ့တင် ပဒုမ္မာကြာက ခြေလှမ်းပေါင်းများစွာ သူ့နောက်က ပါသွားတာမျိုးတော့ အဖြစ်မခံနိုင်။

“မသိချင်ယောင်သာ ဆောင်နေလိုက်ပေတော့၊ အရေးကြီးတာက သူဟာ နင့်ကို ဘာရည်ရွယ်ချက်နဲ့ ချဉ်းကပ်သလဲ ဆိုတာ နင် သတိထားမိဖို့ပဲ၊ ဒီနေ့လို အခြေအနေမျိုး ဒီနေ့လို စကားအသွားအလာမျိုးကို ကြားလိုက်ရရုံနဲ့တင် သူဟာ နင့်ကို စိတ်ဝင်စားနေပြီဆိုတာ ငါတို့ရိပ်မိတယ်၊ နင်လည်း ရိပ်မိမှာပါ၊ အေး … ဟန်းစံ ကိုယ်တိုင်ကလည်း တမင်ရိပ်မိစေချင်လို့ စကားလုံးတွေ ပစ်သွင်းသွားတာဆိုလည်း မမှားဘူး”

“အို … စိတ်ချ၊ ငါက သူ့ရဲ့ဆက်လာမယ့် ခြေလှမ်းတွေကို ရိုက်ချိုးပစ်လိုက်မယ်”

“ဟုတ်မှလည်းလုပ်ပါ ကြာကြာလေးရယ်၊ တော်ကြာ နင့်စကားကို နင်ပဲ ပြန်ရုပ်သိမ်းနေရဦးမယ်”





“စောင့်ကြည့်လိုက်စမ်းပါ”

“စောင့်မကြည့်ပါဘူး၊ အေးအေးဆေးဆေးပဲ ကြည့်မှာပါ၊ ငါတို့က နင့်ကို ဟန်းစံကို ပြန်မချစ်ရဘူး ဆိုတာမျိုးလည်း မကန့်ကွက်ဘူး။ ပြန်ချစ်လိုက်ပါလို့လည်း မတိုက်တွန်းဘူး၊ အကယ်၍ နင်ကြွေးကြော်ထားသမျှတွေ အမှန်အတိုင်းဖြစ်ခဲ့ရင်လည်း နင့်ကို မချီးကျူးသလို နင့်ရဲ့ကြွေးကြော်မှုတွေ ပြောင်းလဲသွားလည်း ငါတို့က မကဲ့ရဲ့ပါဘူး၊ လူ့စိတ်ဆိုတာ အစဉ်အမြဲ ပြောင်းလဲနေတာပဲ၊ ငါတို့ နားလည်တတ်ပါတယ်၊ ငါတို့က နင့်ရဲ့သူငယ်ချင်းကောင်းတွေပဲဟာ၊ ကိုယ့်သူငယ်ချင်းကို ကိုယ်ပြန်ပြီး အတင်းအုပ်ရလောက်အောင်တော့ စိတ်ဓာတ်မညံ့ဖျင်းပါဘူး”

“ရီဇာ ပြောတာ မှန်တယ် ကြာကြာလေး၊ ငါတို့က နင် ဘာပဲလုပ်လုပ် နင့်ဘက်က ရှိနေမယ့် သူငယ်ချင်းတွေပါ၊ နင် အမှားတွေ့မှာစိုးလို့ သတိပေးတဲ့အနေနဲ့ ဟန်းစံကိစ္စကို ဆွေးနွေးပေးကြတာပဲ၊ ဘယ်လိုမှ မအောက်မေ့နဲ့”

ပျက်ယွင်းလုလု မျက်နှာပြင်ကို ပိုင်ဆိုင်လာပြီဖြစ်သည့် ပဒုမ္မာကြာ၏ အခြေအနေကြောင့် ရီဇာနဲ့ သက်မာ စကားလမ်းကြောင်းတွေ ပြောင်းပစ်ဖို့ မျက်စပစ်ကြသည်။ ပဒုမ္မာကြာအတွက် စိတ်ပြေရာပြေကြောင်း စကားတွေ ရွေးချယ်ပြောကြသည်။ သို့သော် သူမက ဒီကိစ္စကြီးကို ခေါင်းထဲက လုံးဝထုတ်လို့ မရခဲ့တော့တာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံ ဆိုသည့် လူတစ်ယောက် သူမရဲ့ပတ်ဝန်းကျင်တွင် ပေါ်ပေါက်လာရခြင်းကိုက သူမကို စတင်ပြီး ဇဝေဇဝါ ဖြစ်စေတော့တာ။ နှုတ်ဖျားက ဘာတွေပဲကြွေးကြော် ကြွေးကြော် ရင်ထဲကတော့ နည်းနည်းစိုးရိမ်ချင်သားပင်။ ဟန်းစံကို ချစ်မိသွားမှာ ရွေးချယ်မိသွားမှာ သူမကိုယ်သူမ မယုံမကြည် ဖြစ်ချင်သားပင်။

ထိုနေ့၏ နောက်ပိုင်းရက်များတွင် ပဒုမ္မာကြာသည် ယခင်ဝယ်နေကျ တေးသံသွင်းဆိုင်ဘက်လည်း ခြေဦးမျှမလှည့်မိအောင် ရှောင်ခဲ့သည်။ သီချင်းခွေအသစ် ဝယ်စရာရှိလျှင် တခြားဆိုင်တစ်ဆိုင်သို့ ပြောင်းဝယ်ရပါသည်။ သူမကလည်း ဟန်းစံကြွေးကြော်သည့် သီချင်းရေးခြင်း၊ သီချင်းဆိုခြင်းကို အလုပ်မဟုတ်ဘူးအဖြစ် အထင်သေးချင်သေးမည်။ သီချင်းနားထောင်ရတာကိုတော့ ဝါသနာပါလွန်းတာ အမှန်ပင်။

တစ်ခုတော့ ပြောရဦးမည်။ ဟန်းစံနှင့် ဆုံဖူးသည့် ဟန်းစံ အလုပ်လုပ်သည်ဟု သိထားသော တေးသံသွင်းဆိုင်ရှေ့မှ ကားဖြင့်ဖြတ်သည့် အခါမျိုးတွေမှာ ဟန်းစံကို ခိုးရှာတတ်တာပဲဖြစ်သည်။ ပြီးတော့ နေကြာနဲ့ စကြာတို့ရဲ့စကားတွေကို ခိုးနားထောင်ကာ ဟန်းစံအကြောင်းတွေ နားစွင့်တတ်တာလည်း ရှိသေးသည်။

တစ်နေ့တွန်းကတော့ သူမနဲ့ သူငယ်ချင်း ရိဇာရောသက်မာပါ တက်ကြသည့် ကွန်ပျူတာသင်တန်းပေါ်မှအဆင်း





အစ်ဖက်ကားလမ်းမှ လမ်းကူးလာသည် ဟန်းစံကို ဖျတ်ခနဲမြင်လိုက်ရသည့်အခိုက်အတန့်မှာ ...

"ဟဲ့ ... ဟဲ့ ... ခဏနေကြဦး၊ မဆင်းကြနဲ့ဦး၊ လှေကားပေါ် ပြန်တက်၊ လှေကားပေါ် ပြန်တက်"

ရိဇာနဲ့ သက်မာ အူကြောင်ကြောင်ဖြင့် လှေကားဆုံးလေးထစ်လောက် ပြန်တက်ရင်း "ဘာလဲ ... ဘာလဲ"နှင့် အမြန်းစူးစမ်း။ သူမက လက်အသာကာပြ၍ ဖြေရှင်းရ။

"ဟန်းစံ လာနေတယ်၊ ဟန်းစံ ဒီဘက်ကို လမ်းကူးပြီး လာတာတွေ့တယ်"

"ဟယ် ... အဲဒါ ဘာဖြစ်လဲ၊ သူ့များကြောက်စရာမှတ်လို့ ဘာဖြစ်လဲ ကိုယ့်ဘာသာ ခပ်တည်တည် ဆက်ဆင်းသွားစမ်းပါ"

"တွေ့ရင် ငါ့ကို နှုတ်ဆက်နေမှာစိုးလို့၊ ငါ သူနဲ့ထပ်ပြီး ဆုံရတဲ့အဖြစ်မျိုး၊ စကားပြောရတဲ့ အဖြစ်မျိုး မဖြစ်ချင်ဘူး"

"အဓိပ္ပာယ်မရှိတာ၊ သူ့ဘာသာ နင်နဲ့ဆုံတာ မဆုံတာ၊ စကားပြောဖြစ်တာ မပြောဖြစ်တာ ဘာဖြစ်သလဲဟယ်၊ နင်က သူ့ကို ပြန်ပြီးမစဉ်းစားနိုင်မှပဲ ရှောင်စရာလိုသလား၊ ကိုယ့်ဘက်က ခပ်တင်းတင်း ဆက်ဆံရုံပေါ့၊ အခုတော့ နင့်ဟာက သူ့ကိုပဲ နင်က ကြိုတင်ရှောင်နေတော့ ကိုယ့်စိတ်ကို ကိုယ်မနိုင်လို့ ထိန်းနေရသလို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သက်မာက ဆရာလုပ်သည်။ အဲ … ဟုတ်သားပဲ။ ဟန်းစံနဲ့တွေ့၊ စကားပြော။ ကဲ … ဘာဖြစ်သလဲနော်။ ငါမှ သူ့ကို မစဉ်းစားမယ့်ဟာ။ သူ့ကို ဘာရှောင်စရာလိုသလဲ။ ခပ်တန်းတန်း စကားပြောရုံ ခပ်နှိမ်နှိမ် အရင်ကလို ဆက်ဆံရုံ။ ခပ်စိမ်းစိမ်း နေပြရုံပဲပေါ့။

“ဘာလဲ … အကယ်၍ သူ့မျက်လုံးကလေးနဲ့ တစ်ချက် ထပ်ဆုံမိရင်၊ သူ့စကားသံ နည်းနည်းကလေးကို ကြားလိုက်ရရင်၊ နင့်ကိုယ်နင် အာမ,မခံနိုင်တော့လို့လား၊ ဒါကြောင့် ကြို့ရှောင်နေတာဖြစ်မယ်”

“အေးလေ … ငါလည်းအံ့သြပါရဲ့၊ ကဲ … လာ လာ … ကိုယ်တော်လည်း မရှိတော့ပါဘူး၊ သူ့လမ်းသူသွားပါပြီ၊ ကြည့်ရတာ ကြာကြာလေး ဒီမှာတက်မှန်း သူ သိပုံမရဘူး၊ သိရင်တော့ ပွဲကြီးပွဲကောင်း ကြည့်ရမယ် ထင်ပါရဲ့”

“လုံးဝပဲနော် ရီအာနဲ့ သက်မာ၊ ငါက ဟန်းစံလို အဆင့်မရှိတဲ့ကောင်ကို လုံးဝမစဉ်းစားဘူး၊ ငါ့ရဲ့အချစ်ဆိုတာ ဦးနှောက်ထဲကလာတဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်ပြီးမှ ဖြစ်ပေါ်မယ့် အချစ်မျိုးပဲ ဖြစ်စေရမယ်”

ရီအာနဲ့ သက်မာတို့က ကျိတ်ပြုံးကြလေသည်။ ကိုယ့်ကားနဲ့ကိုယ် အသီးသီး အိမ်ပြန်ကြချိန်မှာ သူမ၏ကား ဦးတည်ရာလမ်းမရဲ့ ပလက်ဖောင်းနံဘေးမှာ လျှောက်သွားသည့် ဟန်းစံ၏ကျောပြင်ကို မြင်ခွင့်ရပါသည်။





ကိုယ်ဟန်ကြွကြွကလေးဖြင့် လမ်းလျှောက်ဟန်။ ဆံပင်ပျော့ပျော့လေးများ လွင့်နေဟန်အပြင် လက်ထဲမှာ ဘာပစ္စည်းမှကိုင်မထားဘဲ ခါးကြားထဲမှာ ပိုက်ဆံအိတ်ထိုးထားသည့် ဟန်းစံအား ကောင်မလေးတွေ စိတ်ဝင်တစား ကြည့်သွားကြလေရဲ့။

ဟန်းစံအား ထားရစ်ကာ ကားကို လီဗာခပ်ပြင်းပြင်း ဖိနင်း၍ မောင်းခဲ့ရသော်လည်း သူမ၏စိတ်တို့မှာ ခုနက ဟန်းစံ ဖြတ်ကူးလာသည့်အသွင်၊ နောက်ကျောက မြင်ခွင့်ရသည့်အသွင် တို့ကို ထပ်ဖန်တလဲလဲ သတိရနေတာတော့ အမှန်ပင်။ အင်း … ဒါကြောင့်လည်း ကိုယ့်စိတ်ကို ကိုယ်မနိုင်သေးလို့ ဟန်းစံကိုမတွေ့မိအောင် ပုန်းခဲ့တာပဲ ဖြစ်လိမ့်မည်။

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၂)

## (၁၉၉၂)ခုနှစ်-(၁၉၉၃)ခုနှစ်



### ၁

ဇန်နဝါရီလ တစ်ရက်နေ့တွင် သူ့စိတ်ကူးထဲက အတိုင်းပင် ကြာကြာလေးအတွက် ပို့စကတ်ကလေးတစ်ခုနှင့်အတူ ဒိုင်ယာရီစာအုပ်ကလေးကို စာတိုက်မှတစ်ဆင့် လက်ဆောင်ပါး လိုက်၏။ ဒီအချိန်လောက်ဆိုရင် ကြာကြာလေးဆီ ရောက်ရောပေါ့။ ကြာကြာလေး ဘယ်လိုများ ဖြစ်နေမှာပါလိမ့်။ ဒေါသတကြီးနဲ့ များ ဆွဲစုတ်မလား။ မီးရှို့ပစ်မလား။ ရာရာစစ သူ့လိုကောင်က များ ငါ့ကိုလက်ဆောင်ပေးရသလားဟု ဆဲဆိုလျက် ဒေါသတွေနှင့် ချစ်စရာကောင်းနေမည့် ကြာကြာလေး၏ မျက်နှာလေးအား မြင် ယောင်လွမ်းဆွတ်မိပြန်သည်။

သူ ရေးပေးလိုက်သည့် စာသားက မြန်မာဆန်ဆန် ရိုးရိုးကလေးပါပဲ။

*"ကြာကြာလေးအတွက်*

*နှစ်သစ်လက်ဆောင်*

*ဟန်းစ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် သာမန်စင်၍မင်၍ပေးသည့် လက်ဆောင်မျိုးပင်။ ကြာကြာလေးကို ကိုယ်တိုင်သွားပေးခွင့် ရချင်ပါရဲ့။

သို့သော် ခရစ္စမတ်အကြိုညက သူ့ရဲ့ကြာကြာလေးသိပ်ချစ်စရာကောင်းနေခဲ့တာကြောင့် ခံစားချက်တချို့ ပေါက်ကွဲလွင့်စင်သွားမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မဆုံး။ တကယ်ဆို ဖြစ်သင့်တာက ကြာကြာလေးနဲ့ အကြာကြီးခင်မင်ခွင့်ရအောင်၊ ရင်းနှီးအောင် လုပ်ရမည်။ ပြီးမှ ကြာကြာလေးကို ဖွင့်ပြောရမည်။

အခုတော့ ကြာကြာလေးရဲ့ ဖြားယောင်းတတ်တဲ့အလှတွေမှာ သူ့ရဲ့ရည်ရွယ်ကြံစည်မှုတွေ ဖရိုဖရဲ လွင့်စဉ်သွားတော့တာပဲ။ ထို့ကြောင့်ပင် ကြာကြာလေးသည် သူ့ကိုရှောင်နေခဲ့ပြီ။ ကြာကြာလေးများ လာမလားလို့ အခွေဆိုင်သွားထိုင်စောင့်ပေမယ့် မာနကြီးသော ကြာကြာလေးက တမင်ပဲ မလာတော့တာလားမသိ။ လုံးဝကို မတွေ့ရတော့။

"အရင်ကတော့ အမြဲလိုလို သီချင်းတွေ လာရွေးကူးနေကြပါပဲ၊ အင်္ဂလိပ်သီချင်း ရွေးကူးရော၊ မြန်မာသီချင်းရွေးကူးရော သိပ်ဝါသနာပါတာ၊ ဒါကြောင့် ဆိုင်နဲ့ဆို တော်တော်မျက်မှန်းတန်းမိနေတယ်၊ ကျွန်တော် သတိထားမိသလောက် တစ်ပတ်မှာ သုံးရက်လောက် သီချင်းရွေးကူးတဲ့အလုပ်လုပ်တယ်ဗျ။ တစ်ခါတလေ ဗိုလ်ကပြားလိုလို ကောင်မလေးတစ်ယောက်ရယ်၊ မြန်မာဆန်ဆန် ယဉ်စစမျက်နှာနဲ့





ကောင်မလေးတစ်ယောက်ရယ် အဖော်ပါတာလည်းရှိတယ်၊ သူတို့က ကျောင်းတွေပိတ်ထားတုန်း အင်္ဂလိပ်စကားပြော၊ ပြင်သစ်စကားပြောတွေတက်၊ ကွန်ပျူတာတွေတက်နဲ့ ပိုက်ဆံဖြုန်းနေကြတဲ့ လူချမ်းသာ သားသမီးတွေပဲ"

ထိုဆိုင်မှ သူငယ်ချင်းတွေက သူ့ရဲ့ရောဂါကို စာနာ၍ သတင်းပေးကြပါသည်။ ကြာကြာလေးအကြောင်း သူသာလျှင် အသိဆုံးမို့ မချိပြုံးနှင့် နေကုန်၍ အိမ်ပြန်ချိန်ရောက်တိုင်း သက်ပြင်းတွေနဲ့ ကြာကြာလေးကို လွမ်းဆွတ်ကာ အိမ်ပြန်ရစမြဲ။

"ကျွန်တော့်ကြောင့် ခင်ဗျားတို့ဖောက်သည် လျော့သွားတာ စိတ်မကောင်းပါဘူး"

ကြာကြာလေး ဒီဆိုင်ကို မလာတော့ပြီမှန်း သေချာနေ၍ ဤသို့စကားဖြင့် သူ၏အရှုံးကို ကြေညာခဲ့လေသည်။ တစ်နေ့တုန်းကတော့ သူ လမ်းဖြတ်ကူးစဉ် ကြာကြာလေးနဲ့ သူမ၏သူငယ်ချင်းနှစ်ယောက်တို့ အပေါ်ထပ်လှေကားတစ်ခုပေါ်က ဆင်းလာတာကို ဖျတ်ခနဲ မြင်လိုက်မိသလိုတော့ရှိသား။ သို့သော် ကြာကြာလေးသည် သူ့မြင်ကွင်းမှ ပျောက်ပစ်လိုက်လေသည်။ သူ့ရှေ့မှ အတင်းလု၍ မောင်းသွားသည့်ကားကိုတောင် ကျိန်ဆဲပစ်လိုက်မိတဲ့အထိ။

သေချာပါတယ်။ ကြာကြာလေးမှ ကြာကြာလေးပါ။ လုံးဝမမှားဘူး။ ဒီလိုမာနခပ်ကြီးကြီးနဲ့ ချစ်စရာကောင်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို စွဲလမ်းနေမိကတည်းက နေ့စဉ်မပြတ် ဒီမျက်နှာက လေးကိုပဲ မြင်ယောင်လွမ်းဆွတ်နေခဲ့တာ။ ဘယ်မှားလိမ့်မလဲ။

ကိုယ့်ကိုရှောင်နေတဲ့ ကြာကြာလေး စိတ်အနှောင့် အယှက် မဖြစ်စေရပါဘူးဟု ကြာကြာလေးအား အရှုံးပေးခဲ့လျက် တမင်ရပ်မစောင့်ဘဲ မသိဟန်ဆောင်ပြီး သူ့လမ်းသူဆက်သွားခဲ့ ပါသည်။ သူ့နံဘေးမှ ဖြတ်တက်သွားသည့် ခပ်မြန်မြန်ကားတစ်စီး ဟာ ကြာကြာလေးရဲ့ကားဖြစ်မှန်း သူ မှတ်မိခဲ့သည်။ နောက်မြီး ကလေးကို လွမ်းဆွတ်စွာငေး၍ ကျန်ခဲ့သူမှာ ဟန်းစံပင်ဖြစ်လေ သည်။

အဲဒီနောက်ပိုင်းတွေမှာ ကြာကြာလေးကို လုံးဝတွေ့ ခွင့်မရတော့ချေ။ မတွေ့ရလေ ပိုတွေ့ချင်လေဖြစ်ကာ နေလို့ ထိုင်လို့ မရအောင် တစ်ယောက်တည်း ကျိတ်လွမ်းရင်း သီချင်း ရေးရင်း ...

"မင်း ခုတလော ငေါင်လှချည်လား၊ ရည်းစားပူမိနေတဲ့ အတိုင်းပါပဲလား ဟန်းစံ၊ ငါတို့ကို ပြောပြကွာ၊ မင်းဘယ် သူ့ကို ကြွေနေသလဲ"

ကဲ ... ဘယ်လောက် ရယ်ရတဲ့အဖြစ်လဲ။ အောင် နေကြာနဲ့ အောင်စကြာတို့က မေးသတဲ့။ အေး ... ငါလွမ်းတာ မင်းတို့အစ်မ၊ ငါချစ်နေတာ မင်းတို့အစ်မဟူ၍များ ဝန်ခံဖွင့်ဟမိ လျှင် သူ့ကို ဒီနေရာမှာတင် ပွဲချင်းပြီးသွားအောင် ဆုံးမလိုက်မည် ထင်ပါရဲ့။ ဒီကောင်တွေက သူတို့အစ်မ ဩဝါဒပေးတာကိုသာ





မကြည့်ရင် မကြည့်မယ်။ သူတို့ကိုယ်တိုင်က အစ်ကို ဘယ်ကောင် က နောက်တာကိုမှ သဘောမကျတာတဲ့။ ဘယ်သူကမှ သူတို့အစ်မ အကြောင်း စကားထဲထည့်ပြောမှာကို မလိုလားတတ်တာ ပေါင်းတာ ကြာလာတာနဲ့အမျှ သူ ရိပ်မိခဲ့ပြီ။

"လျှို့မနေပါနဲ့ကွာ၊ ငါတို့လည်း ဝိုင်းကူညီပေးနိုင်အောင် မင်းက နည်းနည်းတော့ ပြောပြသင့်တယ်။ မင်းက ငါတို့ ကို မခင်တဲ့အတိုင်းပဲ"

မရမက မေးလာတော့ ...

"အထင်တွေနဲ့ စွတ်ပြောမနေနဲ့ ဟောကောင်၊ ငါ့ဘာသာ ငါ့ဒီသီချင်းတွေ မရောက်ရတာကို စိတ်ညစ်နေတာကွ။ ဘယ်သူကမှ ငါ့လိုပါမွှား သီချင်းရေးဆရာရဲ့သီချင်းတွေ ကို ယူမသုံးချင်ကြတဲ့အဖြစ်ကို ရင်နာလွန်းလို့ တွေးမိတိုင်း ငေါင်နေတာ။ ငါ့မှာ ငွေတွေရှိလို့ကတော့ ငါကိုယ်တိုင်ပဲ ငါ့သီချင်းဆိုပြီး စီးရီးထုတ်ပစ်ချင်တာပေါ့။ အခုတော့ ကိုယ့်သီချင်းကလေး လူသိစေချင်လို့ မျက်နှာအောက်ချပြီး လိုက်ပေးနေရတယ်"

အမှန်တကယ် ငေါင်နေရသည့် အဖြစ်မှန်ကို မပြော ဘဲ သူ့ရဲ့တခြားအဆင်မပြေသည့် ကိစ္စတစ်ခုကို လွှဲပြောလိုက် သည်။ တကယ်လည်း သူ့သီချင်းတွေကို ဘယ်အဆိုတော်ကမှ ယူမသုံးကြသည့်အတွက် စိတ်မကောင်းဖြစ်နေခဲ့တာလည်း ရှိပါ ရဲ့။ သို့သော် ထိုသို့စိတ်မကောင်းဖြစ်ရခြင်းထက် ကြာကြာလေး၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရောင်ဖျောက်မှုကို မျက်မြင်ကြုံရသည်ကို ပို၍စိတ်မကောင်းဖြစ်ခဲ့တာတော့ အမှန်။

"ဆယ်တန်းကို ဖြောင့်ဖြောင့် ဖြေပါဦးကွာ။ ငါတို့ရောမင်းပါ ဆယ်တန်းစာမေးပွဲပြီးရင် ဒီကိစ္စကို အပိုင်လုပ်ရှားပေးကြမယ်။ ငါတို့မှာက အသိအကျွမ်း ပိုများတယ်။ အဆက်အသွယ် ပိုများတယ်ကွ။ မင်းကို တစ်ခါပြောဖူးသားပဲ။ ငါတို့အစ်ကိုဝမ်းကွဲက ဂစ်တာတွေရောင်းတဲ့ဆိုင်ဖွင့်ထားတယ်လေ။ သူ့ဆီကဆို အဆက်အသွယ် ပိုရနိုင်တယ်"

အမြွှာညီအစ်ကိုက အားတက်သရောပင် သူ့ကိုကူညီဖို့ ပြင်ဆင်သည်။ လုံးဝမဖြစ်စေရဘူး။ အမြွှာညီအစ်ကိုရဲ့ကူညီမှုကြောင့် သူပဲ့ရဲ့အစ်ကိုဝမ်းကွဲ ကူညီမှုကြောင့် သူဟာ သီချင်းရေးဆရာဘဝကိုရောက်ရပါတယ် ဆိုတာမျိုး လုံးဝမလိုလား။

ကြာကြာလေးသိရင် ...

"ကဲ ... ကျွန်မ် မပြောဘူးလား၊ ရှင်ဟာ နောက်ဆုံးတော့လည်း ကျွန်မတို့ရဲ့အရိပ်ကိုခိုပြီး ရှင်ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ယူရတာပဲ မဟုတ်လား။ ရှင့်မှာ ဘာများအစွမ်းအစ ရှိလို့လဲ။ မိန်းမတစ်ယောက်ရဲ့ အရိပ်အာဝါသကိုမှီခိုပြီးမှ ရှင့်လိုအင်ဆန္ဒ ပြည့်ရတာပဲ မဟုတ်လား"

ဟူ၍ သူ့ကို အလိုလိုနေရင်း အထင်သေးနေတာမို့ ဤသို့ ကဲ့ရဲ့ရှုတ်ချလိုက်မည့်ဖြစ်ခြင်း။





ဒါကြောင့် သူသည် သူ့လမ်းကို သူ့ဘာသာမဲဖောက်ဖို့ ရည်ရွယ်ထားပါသည်။ ကြာကြာလေးနဲ့ ပတ်သက်သမျှ အရိပ်အာဝါသကို မခိုမှီစေရ။ ကြာကြာလေးရဲ့ အထင်သေးမှုကို သူ မလိုလား။

အဲဒီနောက်ပိုင်းမှာ ဇန်နဝါရီလကုန်၍ ဖေဖော်ဝါရီလထဲ ရောက်လာခဲ့၍ အမြွှာညီအစ်ကိုတို့ သူ့ဆီမလာကြတော့ချေ။ သူနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ မစဉ်းစားကြတော့ချေ။ သူ့တို့လည်း ...

"စာမေးပွဲ သိပ်နီးနေပြီ၊ အပျော်အပါးလျှော့မှ ဖြစ်မယ်။ မင်းလည်း စာတွေ စကျက်သင့်ပြီ"

ဟုလည်း သူ့အစ်မနဲ့ အနည်းငယ် စရိုက်တူစွာ ပြောပေးခဲ့သေး။ ဆရာဝန်ကြီးမိဘနှစ်ပါး၏သား၊ ဆေးကျောင်းသူတစ်ယောက်၏ မောင်များပီပီ ဘာဖြစ်ဖြစ် သူတို့အသိုင်းအဝိုင်းရဲ့လမ်းစဉ်တွေကို လိုက်နာကြဖို့က အသင့်ဖြစ်လိမ့်မည်ဟု သူက ယားလည်ပေးခဲ့သည်။

ဟန်းစံသည် ကိုယ်တိုင်ဝါသနာမပါလို့ စာကိုဖြစ်ဖြစ်မြောက်မြောက် မကျက်ချင်ခဲ့သော်လည်း ကိုယ်နဲ့ရွယ်တူတွေ စာကျက်ရင် စာတော်တာမြင်ရရင် ဘယ်တုန်းကမှ ဝေဖန်တာမျိုး မရှိတတ်။ ငါတောင် မလုပ်နိုင်တာ သူတို့လုပ်နိုင်တယ်ဟုလည်း အကျုံးတတ်သည့်လူမျိုး ဖြစ်ပါသည်။

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာလေးအား တစ်လတိတိ လုံးဝထပ်မတွေ့ရ တော့သောအခါ ဟန်းစံသည် မတွေ့ရမနေနိုင် ဖြစ်လာတော့သည်။ ထို့ကြောင့်ပင် တစ်ခါက ဖျတ်ခနဲ တွေ့လိုက်ရသော အပေါ်ထပ် တစ်ခုမှ ဆင်းလာသည်ကို အမှတ်တရ သတိရကာ ထိုအပေါ်ထပ် ရှိအခန်းကို သွားစုံစမ်းမိလေသည်။ အဲဒီအခါမှ ကြာကြာလေးဟာ ဒီမှာ ကွန်ပျူတာသင်တန်း လာတက်တာဟု ရိပ်မိသွားရသတဲ့။

အင်း ... စောစောကတည်းက သတိထားမိဖို့ ကောင်း တယ်။ တကယ်ဆို အဲဒီနေ့ပြီးကတည်းက စိတ်မှန်းနဲ့ လာစောင့် ကြည့်နေဖို့ သင့်တယ်။ ငါဟာ တော်တော်ညံ့သေးတာပဲ။

ကွန်ပျူတာသင်တန်း၏ အချိန်တွေရှိသမျှကို စုံစမ်း ကာ နောက်တစ်နေ့မှာပင် စတင်အကောင်အထည်ဖော်ပါတော့ သည်။ ကြာကြာလေးက ဘယ်အချိန်တက်မည် မသိပေမယ့် အရင်တစ်ခါ ဖျတ်ခနဲ တွေ့လိုက်ရသည့်အချိန်ရဲ့ အနီးအနားတစ် ဝိုက်တွေကိုပဲ မှန်းဆ၍ စောင့်ကြည့်ရပါမည်။





"သံလိုက်စာတ်လိုပဲ ဆွဲငင်အား အကြင်နာပိုင်ရှင်လေးကို မရှန်းတော့ဘူး"

သူ ရွေးချယ်၍ထိုင်သည့် လက်ဖက်ရည်ဆိုင်ကလေး ထဲမှ ဇော်ဝင်းထွဋ်၏ သီချင်းသံက သူ့ရင်ကို လာမှန်သည်။

"မင်းကလေးအား ... ဆွဲအားရှိတယ်။ ဆွဲအားတွေ အချစ် လေး ရှန်းဖို့ မကြိုးစားတော့ဘူး"

ဟူသောအပိုဒ်တွင် သူက ကြာကြာလေး၏ မျက်နှာ အား မြင်ယောင်လျက် ခပ်တိုးတိုး လိုက်ညည်းခဲ့သည်။ ကိုယ် သည်း အဲဒီလို ဖြစ်နေပြီ ကြာကြာလေး။ ရှန်းထွက်ဖို့ကို မစဉ်း စားတော့တာ။

ဖေဖော်ဝါရီလ၏ နေရောင်ခြည်ကျဲကျဲအောက်တွင် အရင်တစ်ခါ တွေ့ခဲ့ရသည့် အပေါ်ထပ်လှေကားကစ်ခုမှ ဆင်းလာ သည့် ကြာကြာလေးအား ဟန်းစံ စောင့်ရကျိုးနပ်စွာ မြင်ခွင့်ရ လိုက်ပါပြီ။

"သိပ်မြတ်နိုးဖို့ကောင်းတဲ့ ကြာကြာလေးပဲ"

စီးကရက်အငွေ့တွေ မှုတ်ထုတ်ရင်း ရေရွတ်မိသည်။ သူ့ရဲ့ကြာကြာလေးသည် ဒီနေ့တော့ မိုးသားပြာပြာနုနု ဝတ်စုံလေး နှင့်ဖြစ်၏။ ပခုံးမှာ ကြိုးသိုင်း၍ လွယ်ရသည့် အိတ်ကြီးကြီးနှင့် ကြာကြာလေးက ခပ်သေးသေးရယ်။ ဗိုလ်ကပြားကောင်မလေးနှင့် မြန်မာစစ်စစ်ပုံစံပေါက်သည့် ကောင်မလေး သူငယ်ချင်းနှစ်ယောက် တို့ ခြံရံကာ ဟက်ဟက်ပက်ပက် ရယ်နေသည်မှာ မာနရိပ်တော



www.burmeseclassic.com

www.burmeseclassic.com



ကင်းစင်နေခဲ့သည်မို့ သူ မြင်ဖူးသမျှထဲမှာ ဒီတစ်ခါ ချစ်စရာ အကောင်းဆုံးပဲ။

ကိုယ့်ချစ်သူမို့ ကိုယ့်ဘက်လိုက်တာ မဟုတ်ဘူး ကြာကြာလေးဟာ သူမထက်လှတဲ့သူတွေ တစ်ပုံကြီးရှိရင်ရှိမယ် သူမလောက် ဘယ်သူကမှ ချစ်စရာကောင်းတာ ရှိမယ်မထင် ဘူး။

ကြာကြာလေးကို ကိုယ် ပိုင်ဆိုင်ချင်တယ်။ ထိုသို့ တွေးမိသောအခါ သူ့နှလုံးသားတွေ တဆတ်ဆတ် ခုန်လာမိတဲ့ အသိ။ သို့သော် ဦးနှောက်ထဲတွင် ကြာကြာလေးက သူလိုလူကို အစွမ်းအစမရှိသူအဖြစ် သတ်မှတ်ထားခြင်းအား သိသိကြီးနှင့်ဖေ ပစ်ချင်သားပင်။

ကြာကြာလေးသည် သူမ၏သူငယ်ချင်းမနှစ်ယောက် နှင့် စကားတွေ ပြောမကုန်ရှိနေသေးတာမို့ သူမ၏ကားနံဘေး မှာ ခပ်ကြာကြာရပ်၍ စကားပြောနေသည်။ အဲဒီအတွက် ကျေးဇူး တင်ပါတယ် ကြာကြာလေး။ ခပ်ဝေးဝေးက မြင်ခွင့်ရတဲ့ မင်းကို ကိုယ် အကြာကြီး ခိုးကြည့်ခွင့်ရလို့ပါ။ အင်း ... ကိုယ့်မှာသာ ကင်မရာတစ်လုံးလောက် ပိုင်မယ်ဆိုရင် ဒီလိုကြိုတောင့်ကြိုခဲ လွတ်လွတ်လပ်လပ် ရယ်မောနေဟန်ကလေးတွေကို ဓာတ်ပုံရိုက် ယူထားမိမယ် ထင်ပါရဲ့။

ကြာကြာလေး၏ ကားကလေး မြင်ကွင်းက ပျောက် မှ ထိုဆိုင်က ထလာခဲ့သည်။ အိမ်ရောက်တော့ မေမေက ...





"တနည်းနည်းကျက်ပါဦး သားရယ်၊ သား စာမေးပွဲနီးလှ ပြီ"

ဟု ဆီး၍ဆူတာ ခံရပါသည်။ ဟုတ်ကဲ့မေမေလို့ နာခံပြီး စာကြည့်စားပွဲထိုင်ကာ ဗလာစာအုပ်တွေထဲ ဘာတချို့ ဆက်တိုက်ရေးချတော့သည်။

ကိုယ့်ရဲ့ခံစားချက်တွေ ဒီနေ့ သိပ်ပြင်းထန်မဲ့တာမို့ ပေါက်ကွဲထွက်လာတဲ့ သီချင်းစာသားတွေဟာ မင်းကို ရည်ရွယ် ပြီး ရေးခဲ့တာတွေပဲ ကြာကြာလေး။

(တကယ်မှန်တာ ဝန်ခံရရင် ကြာကြာလေးနဲ့ပတ် သက်ပြီး ခံစားလို့ရေးခဲ့တဲ့ သီချင်းတိုင်း လူကြိုက်များခဲ့တာချည်း ပဲဆိုတာ နောက်မှ ကိုယ်သိခဲ့ရတယ် ကြာကြာလေး။)

ကိုယ်ဟာ တစ်နေ့တော့ ကြာကြာလေးကို ကိုယ့်ရဲ့ အချစ်တွေ ဖွင့်ဟမိတော့မယ် ထင်ပါယ်။ တစ်နေ့နေ့မှာပေါ့။ အဲဒီတစ်နေ့ဟာ ကြာကြာလေး ကိုယ့်ကို အထင်မသေးတော့မယ့် တစ်နေ့၊ ကိုယ်ယုံကြည်တဲ့ သီချင်းတွေ ဂီတတွေကို ကြာကြာလေး မကဲ့ရဲ့တော့မယ့် တစ်နေ့။ ကြာကြာလေးဟာ ကိုယ့်ရဲ့ဆယ်တန်း မအောင်တဲ့ ပညာအရည်အချင်းကို မနှိမ့်ချတော့မယ့် တစ်နေ့ကျ မှ ကိုယ် ဖွင့်ပြောဖို့ ရည်ရွယ်ထားတယ် ကြာကြာလေး။

နောက်ပိုင်းရက်များတွင် ဟန်းစံ၌ အလုပ်တစ်ခု ရလာခဲ့တော့သည်။ ကြာကြာလေး၏ ကွန်ပျူတာသင်တန်းတက် ချိန်၊ ဆင်းချိန် တက်ရသည့်နေ့တွေကို မှတ်သားကာ ထိုလက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်ကလေးမှာ သွားထိုင်စောင့်၍ ချောင်းကြည့်ငေးပြန်ရသည့် အလုပ်တည်း။

ဆယ်တန်းစာမေးပွဲ ဖြေခါနီးမှာ စာတွေအလွတ် ကျက်မှတ်ရမည့်အစား ကြာကြာလေးရဲ့ အချိန်ဇယားတွေကိုပဲ မှတ်ထားနေတော့သတဲ့။





ဆယ်တန်းစာမေးပွဲအပြီး တစ်ပတ်အကြာမှာ အောင်စကြာနှင့် အောင်နေကြာတို့ သူ့ဆီရောက်လာကြ၏။ နှစ်ယောက်သား အရင်ကထက်ပို၍ ပိန်သွားကြခြင်းကို သူ သတိပြုမိ၍ မေး လိုက်တော့ ...

"စာမေးပွဲလည်းပြီးရော ငါတို့နှစ်ယောက်လုံး ပြိုင်တူဖျား ကြတော့တာပဲ။ ဒါကြောင့် မင်းဆီမလာနိုင်တာပေါ့ တော် ပါသေးရဲ့ကွာ စာမေးပွဲဖြေနေတုန်း မဖျားတာ"

"မင်းတို့က တော်တော်ပျော့တဲ့ ကောင်တွေပဲကွာ"

"ဒါတောင် စာမေးပွဲနီးတော့ ကြာကြာလေး အစီအစဉ်နဲ့ အားရှိအောင် ချက်ပြုတ်ကျွေးသမျှတွေ ကျိတ်မှိတ်မျိုထားပေလို့ ပဲ။ နောက်မို့ ဒီထက်တောင် ပိန်သွားဦးမယ် ထင်တယ်"

ကြာကြာလေးက အချက်အပြုတ် ဝါသနာပါတယ် ပေါ့ဟု ကြည်ကြည်နူးနူး တွေးမိသည်။

"မင်းရော အခြေအနေ ဘယ်လိုလဲ ဟေ့ကောင်"

"လုံးဝကွက်တိပဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်နေကြာက အားတက်သရောဖြင့် ...

"အောင်တော့မှာပေါ့လေ"

ဟု မေးလျှင် သူက ခပ်ပြုံးပြုံး ခေါင်းခါလျက် လက်မကို အောက်စိုက်ပြလိုက်သည်။ ထိုအခါ အမြွာတို့နှစ်ယောက် ဟာခနဲ ညည်းညူရုံအပြင် သူတို့အစ်မ ကြာကြာလေးလိုတော့ အပြစ်တင်စကားတွေ မပြောကြချေ။ သို့သော် ...

"ဟန်းစံကလည်းကွာ၊ ဘယ်လိုတစ်ယူသန်ကြီးမှန်း မသိ ဘူး၊ ဒီနှစ် မင်းအောင်သွားရင် ငါတို့နဲ့အတူတူ တက်ရမှာ ကို"

"နေကြာ ... နေကြာ ... သေချာစဉ်းစားဦး၊ ငါက အောင် လည်း မင်းတို့နဲ့ ကျောင်းအတူတူမှ မတက်ရတာ။ မင်း တို့က ဆေးကျောင်းတက်မယ့်ကောင်တွေ၊ ငါက ရိုးရိုးမေကျ လောက်နဲ့ ကျေနပ်ရမယ့်ကောင်။ နောက်ပြီး အောင်လည် မထူးပါဘူးကွာ၊ ငါလုပ်မယ့် အလုပ်နဲ့ ဆယ်တန်းအောင် တာ မအောင်တာနဲ့ သိပ်မဆိုင်ဘူး"

"ကဲ ... ဟန်းစံ မင်းနဲ့ ဒီကိစ္စဆွေးနွေးနေလို့ကတော့ ဒီနေ့ တစ်နေ့လုံး ကုန်သွားတာတောင် ပြီးမယ်မထင်ဘူ ဒီတော့ ဒီမှာတင်ရပ်မယ်။ ငါတို့ပြောချင်တဲ့ အကြောင် အရာတွေကို တင်ပြရဦးမယ်။ မင်း ဂစ်တာကြီး ခေ ထားဦး"





အောင်နေကြာနှင့် အောင်စကြာက ဂစ်တာကြီးကို ဆွဲလုပြီး ဘေးမှာချထား၏။ ပြီးတော့ ...

"မင်း နောက်တစ်ပတ် တနင်္ဂနွေ ငါတို့အိမ် လာနိုင် မလား"

ဟု အောင်နေကြာက မေးသည်။

နောက်တစ်ပတ် တနင်္ဂနွေတဲ့။ သူ့လိုလူတစ်ယောက် အတွက်တော့ ဘာအလုပ်မှ မရှိတာမို့ မအားစရာ အကြောင်းမရှိ။ နောက်တစ်ဖန် ကြာကြာလေးရှိနေမည့် နေရာတစ်ခုကို ဘယ်သူ က မလာချင်ဘဲနေပါ့မလဲ။ သိပ်လာချင်တာပေါ့။ ကြာကြာလေး ရဲ့ အထင်သေးရှုတ်ချမှုတွေကို ရင်ဆိုင်ရမှာစိုးလို့သာ။ ဒီညီအစ်ကို အိမ်လည်ခေါ်တိုင်း မသွားခဲ့။

ဒီလို စည်းစိမ်မျိုး သိပ်မက်မောတယ် မဟုတ်လား ဟု၍ အဓိပ္ပာယ်ဖော်နိုင်မည့် မျက်ဝန်းများဖြင့် ကြာကြာလေး သူ့ကို ခနဲ့မှာကို သူ လက်မခံချင်။

"ဟော့ကောင် ... ဖြေဦးလေကွာ၊ ငြိမ်သွားလိုက်တာများ"

"မငြိမ်ပါဘူး၊ နားထောင်နေတာပါ၊ နေကြာရော ဆက်ပြော လေ၊ မင်းတို့အိမ်ကိုလာပြီး ငါက ဘာလုပ်ရမလဲ"

"မင်းကို ဖိတ်တာကွ၊ မွေးနေ့ဖိတ်တာ၊ ငါတို့နှစ်ယောက် ရဲ့ ဆယ့်ခြောက်နှစ်ပြည့် မွေးနေ့ကို ဖိတ်တာ။ အိမ်မှာ ဘုန်းကြီးဆွမ်းကပ်မယ်။ ဘယ်သူငယ်ချင်းမှ မဖိတ်ဘူး။ မင်းတစ်ယောက်တည်းကိုပဲ ခင်လို့ဖိတ်တာ။ အင်း ...



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာလေးကတော့ သူ့သူငယ်ချင်းနှစ်ယောက်ကို ဖိတ် မယ်လို့တော့ ပြောတယ်၊ အဲဒါပဲရှိတယ်၊ ငါတို့မိသားစု ရယ် မင်းရယ်ပဲရှိမှာ၊ မင်း လာကို လာရမယ်၊ ဟော့ကောင် ငြင်းဖို့ မစဉ်းစားနဲ့၊ မင်းကို ခင်လွန်းလို့ဖိတ်တာ"

အောင်စကြာက အောင်နေကြာနဲ့မတူ။ သူ့ရဲ့ဆန္ဒ ကို နားမထောင်တော့ဘဲ သူတို့မွေးနေ့ကိုလာဖို့ အတင်းအကြပ်ပင်။ လာချင်တာပေါ့ကွာ။ ဒါပေမဲ့ ကြာကြာလေးကို ရင်မဆိုင်ရဲသေးဘူး။ ခရစ္စမတ် အကြိုညတုန်းက ပြောခဲ့ဖူးသော စကားတချို့ကို ကြာကြာလေး မေ့ဦးမယ် မထင်ဘူး။

"မလာချင်ဘူးကွာ၊ မင်းတို့မိသားစုတွေချည့်ရှိတာ၊ ငါက ကန့်လန့် ကန့်လန့် ပါနေရင် မကောင်းဘူးထင်တယ်။ နောက်ပြီး ငါ ကြာကြာလေးကို ကြောက်တယ်"

အောင်နေကြာနှင့် အောင်စကြာက သူ့နောက်ဆုံး သတ်စကားကို တဟားဟား အော်ရယ်ကြလေသည်။ သူက သူ့ အဓိပ္ပာယ်နှင့်သူ ညည်းညူခြင်းဖြစ်သော်လည်း သူတို့ညီအစ်ကို က အယူအဆတစ်လွဲဖြင့် တွေးမိသွားပုံရသည်။

"ကြာကြာလေး အော်တာများ မင်းမို့ ကြောက်တယ်၊ ဟန်းစံ တကယ်ဆို စဉ်းစားကြည့်၊ မင်းဒေါင်ကြီးက ဟက်နေတာပဲ၊ ဘော်ဒီကလည်း အပျံစား။ ကြာကြာလေး က သေးသေးပိစိကလေးကိုများ ကြောက်သတဲ့။ ဒီလောက် သေးသေးလေးကို ဘာကြောက်စရာရှိသလဲ။ မင်းသာ



တစ်ချက်ပြန်ဟောက်ကြည့်လိုက် ကြာကြာလေးက မင်းဗလ ကိုလန့်ပြီး မင်းကို ဖိန့်ဖိန့်တုန်သွားမှာ"

"မဟုတ်သေးဘူးကွ၊ ကြောက်တာက ကြောက်တာပဲ ဘယ်လိုမှ ဒီစိတ်ကို ဖျောက်မရဘူး"

"နေစမ်းပါကွာ၊ အခုလုပ်တဲ့ မွေးနေ့က ကြာကြာလေး မွေးနေ့မှ မဟုတ်တဲ့ ငါတို့မွေးနေ့ ငါတို့ဖိတ်ချင်တဲ့လူ ဖိတ်မှာပဲ။ သူ့မွေးနေ့မှာ မဟုတ်တာ၊ သူ ဘာမှဝင်ဟောက် လို့ မရပါဘူး။ နောက်ပြီး ဖေဖေကလည်း မင်းကို ဖိတ် စေချင်တယ်။ ဒုက္ခရောက်နေတဲ့အချိန်မှာ ကူညီတာဟာ သူငယ်ချင်းကောင်းတဲ့။ ဒါကြောင့် မင်းဟာ ငါတို့ဒုက္ခ ရောက်တိုင်း ကူညီပေးခဲ့လို့ ငါတို့ရဲ့သူငယ်ချင်းကောင်း လို့ ဖေဖေက သတ်မှတ်ထားတယ်"

နောက်ဆုံးတွင် အောင်နေကြာနှင့် အောင်စကြာတို့ က မရမက ခေါ်လွန်းတာ။

"မင်း မလာရင် အိမ်ကကားကိုလွှတ်ပြီး ခေါ်နိုင်းလိုက် မယ်၊ ဒါမှမဟုတ် ငါတို့နှစ်ယောက်လုံး မင်းကိုလာပင့် မယ်"

ဟူ၍လည်း ခြိမ်းခြောက်တာတွေကြောင့် ဟန်းစံ သည် မိုက်မဲဖွာပင် ကြာကြာလေး၏ အထင်သေးမျက်ဝန်းများ နှင့် ရင်ဆိုင်ရမည့် အခြေအနေတစ်ရပ်ကို လက်ခံလိုက်ရပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာကြာလေး ကိုယ့်ကို စိတ်ကြိုက်အထင်သေးပစ် လိုက်စမ်း။ ကိုယ်က အောင်နေကြာနဲ့ အောင်စကြာတို့ကို ခင်မင်တဲ့စိတ်၊ ကြာကြာလေးကို မြတ်နိုးတဲ့စိတ်တွေနဲ့ ခေါင်းငုံ့ခံဖို့ ဆုံးဖြတ်လိုက်ပြီ။

နောက်တစ်ပတ်၏ တနင်္ဂနွေသည် လျှင်မြန်စွာပင် ဖြတ်သန်းရောက်ရှိလာပါသည်။ သူသည် ခပ်စောစောက အိပ်ရာမှထလျက် ရေချိုးနေ၍မှ မပြီးသေးခင် အောင်နေကြာနှင့် အောင်စကြာတို့သည် ပြိုင်ဘီးကိုယ်စီဖြင့် သူ့အိမ်ခြံဝင်းထဲ ရောက်လာကြလေသည်။

"ဘာလို့ လာခေါ်ရသလဲကွာ၊ ငါ အဲဒီလောက် ပဲမများပါဘူး၊ လာမယ်လို့ ကတိပေးထားရင် လာဖြစ်အောင် လာမှာပေါ့၊ အခုတော့ ငါကို အလကားအလုပ်ပျက်ခံပြီး လာခေါ်ရတယ်လို့ကွာ၊ မင်းတို့တော့ ခက်တော့တာပဲ"

ကြာကြာလေးများ သိသွားရင် ရှင်ကဘာကောင်မို့ ကျွန်မမောင်တွေကို လာခေါ်ခိုင်းရသလဲဟူ၍ အပြစ်တင်မှာလဲ စိုးရိမ်တတ်ခြင်းတည်းဟုလည်း တစ်ဒုက္ခ။

"ဘယ်သူမှ မသိခင် လစ်ထွက်လာတာ၊ မေမေနဲ့ ကြာကြာလေးတို့တစ်သိုက် ချက်ပြုတ်တုန်း။ ဘုန်းကြီးတွေကို နေ့ဆွမ်းကပ်မှာ အေးဆေးပဲ။ ငါတို့က ဘာမှလုပ်ပေးစရာမှ မလိုတာ၊ မင်းကို လာခေါ်လိုက်တာပေါ့၊ ဘာဖြစ်လဲ"

"ကြာကြာလေး သိရင် စိတ်ဆိုးနေဦးမယ်"





"ဟန်းစံ ... ဟန်းစံ ... မင်းဟာ အခုတလောမှ ကြာကြာလေးကို ကြောက်တဲ့အကြောင်း ဆက်မပြောမိတော့ရင် ကောင်းမယ်ထင်ရဲ့၊ အမြွာညီအစ်ကို ရိပ်မိသွားရင် မခက်ပါလား၊ ဟန်းစံဟာ အ...တန်မှ ညံ့ဖျင်းတော့တာပဲ။ ကြာကြာလေးကို ချစ်နေမိသည့်အဖြစ်ကို ဘယ်သူမှ မရိပ်မိစေဖို့ ဖုံးကွယ်ထားပါမယ်ဆိုမှ လူသိကုန်တော့မလို၊ သက်ပြင်းကို ခိုးချမိတော့သတဲ့"

ထို့နောက် သူက အောင်နေကြာကို ဘားတန်းမှာ ထိုင်စေပြီး ပြိုင်ဘီးကို အောင်စကြာနှင့် ယှဉ်နင်းလျက် ကြာကြာ ...းရှိရာ နယ်မြေတစ်ခုဆီ ရင်ခုန်စွာ ရောက်ရှိလာတော့သည်။ ...ရှေ့ညွှေ့ခန်းမှာ လူရှင်းနေလေသည်။

"လာ ... သား၊ ဒီမှာ လာထိုင်"

ဟု အောင်စကြာတို့ ဖေဖေက သူ့ကို လှမ်းခေါ်၍ ...ထိုင်လိုက်သည်။ သူတို့သားတွေနှင့် တစ်ပြေးညီ "သား"ဟု ...တတ်သည့် အောင်စကြာတို့ ဖေဖေသည် ...

"သားမလာမှာ ဟိုကောင်တွေက စိုးရိမ်နေတာ၊ အဲဒါနဲ့ ဒီလောက်ဖြစ်နေလည်း သွားခေါ်လို့ အန်ကယ် အကြံပေးလို့သွားခေါ်တာ၊ သူတို့မေမေနဲ့အစ်မ မသိဘူး။ သိရင် သူတို့ ဆူခံရမှာ"

လို့ ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်လျှင် တော်တော် ...သြရပါသည်။ ကြည့်စမ်း ... သူ့လိုဘာမဟုတ်တဲ့ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အရေးတယူ ရှိနေကြသတဲ့။ သူသည် အမြွာတို့၏အဖေကို အ
တစ်ခါ ဆုံဖူးကတည်းက လေးစားရသည်ထက်ပို၍ လေး
လာသည်။ လူတစ်ယောက်အပေါ် ခွဲခြားတတ်ခြင်း အထင်
ခြင်းကင်းသည့် စိတ်ဓာတ်ပိုင်ရှင်တစ်ယောက်ပင်။ မှန်တာ
ရရင် ကြာကြာလေးနဲ့တော့ စိတ်ဓာတ်ချင်း တခြားစီ ဖြစ်လေသည်

ဘုန်းကြီးသွားပင့်သော ဒရိုင်ဘာ ပြန်ရောက်
လျှင် ကြာကြာလေးနဲ့အတူ သူမရဲ့သူငယ်ချင်းနှစ်ယောက်
သူမရဲ့မေမေပါ အိမ်ရှေ့ခန်းဆီ ထွက်လာကြ၏။ သူ့ကိုမြင်လို
လျှင် မြင်လိုက်ခြင်း ကြာကြာလေးသည် တအံ့တဩ ငေးသွား
အထိ။ အင်း ... သူ လာလိမ့်မယ်လို့ သူမ သိပုံမရချေ။ သူမ
သူငယ်ချင်းနှစ်ယောက်ကလည်း သူ့ကို အကဲခတ်ကြသည်။

ကြာကြာလေး၏မေမေက သူ့ကို တစ်ချက်လှမ်း
ကြည့်ရုံအပြင် ရယ်ပြခြင်း၊ ပြုံးပြခြင်းလည်းမရှိ။

မလွယ်ပါလား၊ အနေခက်လိုက်တာ၊ တော်ပါပြီ
နောက်တစ်ခါဆိုရင်တော့ ဟိုကောင်တွေ စိတ်ဆိုးချင်လည်း စိတ်
ဆိုးပါစေ။ လုံးဝမလာတော့ဘူး။ ဒီအိမ်ကို ခြေဦးတောင်မလှည့်
တော့ဘူး။ ငါကိုက ညံ့လွန်းတာပါ။ ကိုယ့်ကို ဒီလိုဆက်ဆံကြ
မယ့်လူတွေ ရှိမှန်းသိရက် လာမိတာကိုက ငါ့အမှား။ ကြာကြာ
လေးကို မြင်ခွင့်ရချင်စိတ် တစ်ခုတည်းနဲ့ ဆုံးဖြတ်မိတာလည်း
ငါ့အမှားပဲ။ ဘုန်းကြီးတရားဟောနေတာတွေ ဘာမှန်းမသိနိုင်ဘဲ
ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိသည့် သူ့အဖြစ်။



အိမ်ရှေ့မှာ ကားတစ်စီးရပ်တာ တွေ့တော့ အမြွာ
အစ်ကိုတို့ ဝမ်းသာအားရ လှမ်းကြည့်ကြသည်။ ကားထဲက
တစ်ယောက် ဆင်းလာတော့ အောင်စကြာက ထမလိုပြင်၏။

"ဟဲ့ ... ငြိမ်ငြိမ်နေစမ်း၊ ကိုကြီး လာတာပဲ အထူးအဆန်း
မှတ်လို့၊ ဒီမှာ တရားဟောနေတာ ငြိမ်ငြိမ်နေမှပေါ့"

ကြာကြာလေးက အောင်စကြာ၏လက်ကို ဆွဲဆိတ်
၍ ခပ်တိုးတိုး ဟောက်ခြင်းအား နောက်မှာထိုင်နေသည့် သူက
ခြင်ဖြစ်အောင် မြင်လိုက်သေး။ "ကိုကြီး"ဆိုပါလား။ ဘယ်သူ
များပါလိမ့်ဟူသော သိချင်စိတ်ဖြင့် မသိမသာ အကဲခတ်လျှင်
ဆိုက္ကိုလ်သည် ပိုင်စိုးပိုင်နင်းပင် ကြာကြာလေး နံဘေးမှာ ဝင်
ထိုင်လိုက်တာ တွေ့ရသည်။ မောင်နှမတွေလားဟု ထင်မိခြင်းမှာ
များယွင်းခဲ့ကြောင်း သိပ်မကြာခင်မှာ သိခွင့်ရလိုက်သည်။

"ဟန်းစံ ... ဒါက ငါတို့နဲ့အခင်ဆုံးအစ်ကိုကြီး စပ်သူရ
တဲ့။ ငါတို့ ရှမ်းပြည်နယ်မှာ နေတုန်းက ငယ်ငယ်တည်းက
အတူတူ နေလာကြတာ။ ငါတို့ ရန်ကုန်ကို ဖေဖေအလုပ်
ပြောင်းတော့ ပြန်ပြောင်းလာပြီး သိပ်မကြာဘူး၊ ကိုကြီး
လည်း ရန်ကုန်ရောက်လာတာ။ ရွှေတောင်ကြားလမ်းမှာ
နေတယ်။ ကိုကြီး ကျောင်းတက်ဖို့ ဒီမှာ အိမ်ဝယ်ပေးထား
တာ။ ကိုကြီးရဲ့မိဘတွေက ရန်ကုန်နဲ့ တောင်ကြီးကို
သွားလိုက်ပြန်လိုက်ပဲ။ ကိုကြီးက အခုဆေး(၁)မှာ တတိယ
နှစ် ရောက်နေပြီ"

www.burmeseclassic.com

ထိုပုဂ္ဂိုလ်က သူ့ကို လက်ကမ်းပေးသည်။ လက်ချင်း နှုတ်ဆက်စဉ် သူတို့နှစ်ယောက်၏ မျက်လုံးတွေ ဆုံကြသည်။ ကြည့်စမ်း ... ဒီလူဟာ ငါ့ရဲ့ပြိုင်ဘက်တစ်ယောက် ဖြစ်နေပါရော့ လားဟု ဝမ်းနည်းစွာ သိရှိနားလည်လိုက်ရသည့် ထိုသူ့မျက်ဝန်း၏ အကြည့်များက ညပေါင်းများစွာ စိန်ခေါ်သည်။

ရွှေတောင်ကြားလမ်းမှာ ဆေးကျောင်းမှာ ထိုဂုဏ် ပုဒ်များကို ပိုင်ဆိုင်ထားသည့် လူတစ်ယောက်ဟာ ကြာကြာလေး ပြောပြောနေတတ်သည့် အဆင့်အတန်းမြင့်တဲ့ လူတစ်ယောက် ပေါ့။ သူက ပြိုင်ဘက်အဖြစ် သတ်မှတ်သော်လည်း တကယ့် တကယ်တော့ သူ့လိုလူတစ်ယောက်နှင့် အပြိုင်ခံရလျှင် ထိုသူ ဆတ်ဆတ်ခါ နာကျင်မည် ထင်ပါရဲ့။

"ကိုကြီးက ကျွန်တော်တို့ မွေးနေ့ကို မှတ်မိသားပဲ"

"မှတ်မိတာပေါ့၊ လုံးဝမမေ့ဘူး၊ မင်းတို့က ငါ့ကို တမင် မဖိတ်လည်း ငါက လာမှာပဲ၊ ကြာကြာလေးလည်း သတိ ထား။ ငါ့ကို မွေးနေ့မဖိတ်လို့ကတော့ ငါက ကျောင်းပြန် တက်ရင် ညည်းငယ်ငယ်က နာမည်ပြောင်တွေနဲ့ နောက်က လိုက်အော်မှာပဲ"

"ကိုကြီးနော် အကျင့်ပုပ်ကြီး"

"ဟဲ့ ... ကြာကြာလေး၊ ကိုယ့်အစ်ကို့ကို ဒီလိုမပြောရဘူး လေ။ သမီးရယ် ... ညည်းဟာ မောင်သူရဆို ကယ်နိုင် တာပဲ။ မင်းကလည်း ကြပ်ကြပ်အလိုလိုက်တာကိုး"





သူ့ကို အသိအမှတ်မပြုသည့် ကြာကြာလေး၏ အမေသည် စပ်သူရကိုတော့ နေရာပေး ဆက်ဆံလွန်းသည်။ ဟင်းတွေ အပြန်အလှန် ထည့်ပေးရင်း ထမင်းလက်ဆုံစားကာ ရယ်မောနေကြသော စပ်သူရနှင့် ကြာကြာလေးတို့ရဲ့ စားပွဲဝိုင်းဆီ မျက်လုံးရောက်တိုင်း သူ့ရင်ဘတ်တွေ ကြေမွတော့မလို နာကျင်မှု ကို ခံစားရလေသည်။

အောင်နေကြာနှင့် အောင်စကြာတို့က သူ့ကိုအရေး တယူ ထည့်ပေးသည့် ဟင်းတွေတစ်ပုံတစ်ပင်နှင့် သူ့ထမင်းပန်း ကန်က အရာမယွင်းခဲ့ချေ။

"သား အစားနည်းလှချည်လား၊ ဘာဖြစ်လို့လဲ နေမကောင်း ဘူးလား သားရဲ့"

သူတို့နဲ့ တစ်ဝိုင်းဖွဲ့၍ အတူတူလာပြီး ထမင်းစား သည့် အမြွာတို့၏ဖခင်ထံမှ အမေးစကားကို "ရင်ပြည့်နေလို့"ဟူ၍သာ လိမ်လည်ခဲ့ရသည်။

တကယ်တော့ သူ့ရင်တွေ တစ်ခုလုံး ပြည့်ကျပ် နေသည့်အရာမှာ ကြာကြာလေးထံမှ စိမ်းကားခြင်းကို နာကျင်မှု နှင့် သူ့ထက်အဆများစွာ မြင့်မားသည့် စပ်သူရ ဟူသည့် ပြိုင် ဘက်အပေါ် ကြာကြာလေးက အရေးပေးခြင်းအား ကြေကွဲမှုတွေ အဖြစ် နေခဲ့တာ ဘယ်သူမှ မသိချေ။

❖ ❣ ❖

www.burmeseclassic.com



၆

နေကြာနဲ့ စကြာတို့ကို နှုတ်ဆက်ကာ သူမထံတစ်ချက်နိုးကြည့်ပြီး မြေလှမ်းခပ်ကျဲကျဲများဖြင့် ကျောခိုင်းထွက်သွားသူ တစ်ယောက်အား ပဒုမ္မာကြာသည် ဘယ်လောက်ကြာကြာငေးနေမိခဲ့သည်မသိ။ ရီဇာနှင့် သက်မာ လှမ်းခေါ်မှသာ ခပ်ရှက်ရှက်ဖြင့် သူမ၏ မှားယွင်းသွားမှုကို ဖုံးကွယ်ဖို့ ကြိုးစားလိုက်ပါသည်။

"မပြောတော့သာ ငါပြင့် ဒီလိုကောင်မျိုးရဲ့အချစ်ဆိုတာကို တစ်သက်လုံး ယုံမှာမဟုတ်ဘူးလေး ဘာလေးနဲ့ အခုတော့ ဟိုကလည်းပြန်သွားရော မှိုင်သွားလိုက်တာ ဟင်း ... မသိချင်စက်မယ်။ ကိုယ့်ကိုယ်ကိုယ် ညာတယ်ဆိုတာလည်း ပိပိရိရိညာတတ်မှ။ အခုတော့ နင်ဘယ်လောက်ညာညာ လုံးဝညာလို့မရအောင် နင့်အမူအရာတွေက သိသာလွန်းနေပြီ"





"အံမယ် ... အံမယ် ... ပြောစမ်းပါဦး၊ ဘာတွေသိသာနေသလဲ"

"ကိုကြီးစပ်သူရကို လိုအပ်တာထက်ပိုပြီး ဂရုစိုက်ပြနေတယ်။ ပါးစပ်ဖျားက ကိုကြီး ... ကိုကြီးနဲ့ မချိုရအောင်း အသံစာစာလုပ်ပြတယ်၊ ဟိုက ခေါင်းငိုက်ချပြီးလည်း ပြန်သွားရောရှင်လည်းငေးပြီး ဝေါင်တော့တာပဲ မဟုတ်လား၊ ကျုပ်ပြောတာတွေ တစ်ခုမှမမှားဘူးဆိုတာ ရီဇာလည်း သောက်ခံတယ်"

ပဒုမ္မာကြာသည် သူ့ထံမှ ခပ်ညှိုးညှိုး အမူအရာအချို့ကို မြင်ထားရသည်မှာ လတ်တလောကရလေး၊ ပြန်ဖုန်စဲ့ဝုဏ်အည်ချောင်းတွေက ကျပ်ဆို့နေသည်မို့ သက်မာ၏စကားကို ချက်တရက် ပြန်လည်မချေပနိုင်။

တကယ့် တကယ်လည်း မှန်နေခဲ့တာပဲ။ သူမအောက်က ဘာတွေပဲ ကြွေးကြော်မိခဲ့ပါစေ။ ဟန်းစံ ပျူသည့် အမျိုးသားလေးနဲ့ကျတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဓမ္မဝေဒါပြန်ခဲ့ပေါင်းနေပြီ။

ကွန်ပျူတာသင်တန်း နေ့ရက်ကလေး တစ်ခုမှာ ... န်းစံကို မမျှော်လင့်ဘဲ ထိုသင်တန်း၏ မျက်နှာချင်းဆိုင်မှာရှိတဲ့ ...ကော်ဖက်ရည်ဆိုင်ကလေးထဲမှာ ဖျတ်ခနဲ တွေ့လိုက်မှုရကာစပြီး ...ဝဉ် သတိထားကာ မသိမသာ ရှာဖွေလိုက်တိုင်း နီးကြောင်



www.burmeseclassic.com

www.burmeseclassic.com



နိုးဝှက်ချောင်းနေသည့် ဟန်းစံကို အမြဲတွေ့ရစမြဲ။ အဲဒါကို သူ
တစ်ယောက်ကလွဲလျှင် ရှီဇာနှင့် သက်မာကိုတောင် အသိမပေး
တာလည်း သူမ၏ဇဝေဇဝါဖြစ်မှု တစ်ခု။

ပြီးတော့ ဟန်းစံ စောင့်ကြည့်နေမှန်းသိ၍ သင်တန်း
ကဆင်းလျှင် ချက်ချင်းမပြန်ရသေးအောင် ရှီဇာတို့နဲ့စကားရှည်
ပြောပြီး ဟန်းစံရဲ့မြင်ကွင်းထဲမှာ အကြာကြီးရပ်စကားပြောတတ်တာ
လည်း သူမရဲ့ဇဝေဇဝါတစ်ခု။

မိန်းကလေးတိုင်းဟာ ကိုယ့်ကို သဘောကျနေ
တယ်လို့ သိပြီးထားတဲ့ လူတစ်ယောက်ရှေ့မှာ ကိုယ်ဟန်ပြ
တာကတော့ ဘာအဓိပ္ပာယ်မှန်းမသိ။ သို့သော် ပဒုမ္မာကြာကတော့
"မချစ်ပါဘူး"ဟု ကိုယ့်ကိုယ်ကိုယ် ညာထားခဲ့ပြီးမှ ကိုယ့်ကိုယ်
တိုင်လည်း လက်မခံနိုင်သည့် လူတစ်ယောက်၊ အထင်သေးသည့်
လူတစ်ယောက်၊ စိတ်ချမ်းသာစေဖို့ မသိမသာ ဖြည့်ဆည်းပေး
တာကတော့ ဘာကြောင့်မှန်းမသိတာ ခက်ပါရဲ့။

"ဟန်းစံကို ကြည့်ရတာ ခေါင်းမာမယ့်ပုံစံမျိုးပဲ။ သူလုပ်ချင်
တာကို မရမက လုပ်မယ်၊ ဘယ်သူပြောတာကိုမှ နား
ထောင်ဘူးဆိုတဲ့ အမျိုးမျိုးနဲ့၊ ဒါပေမဲ့ သူက ကြာကြာလေး
ကိုတော့ တကယ်ချစ်နေတာလို့ ငါထင်တယ်"

"သက်မာ ... နင်က ဘာကိုလေ့လာပြီး ဒီလိုထင်ရတာ
တုန်း"





"အဲဒါတော့ ငါ မပြောတတ်ဘူး၊ ငါ့စိတ်ထဲမှာ ထင်တာ
ကို တင်ပြတာပါ။ စောင့်ကြည့်ဦးပေါ့ ကြာကြာလေးရယ်၊
အချိန်တွေ ရှိပါသေးတယ်"

"ဘာလို့ စောင့်ကြည့်ရမှာလဲ၊ ငါမှ စိတ်မဝင်စားတာ"

ရှီဇာနှင့် သက်မာက ပြောပြန်ပြီဟူသည့် မျက်နှာ
ထားဖြင့် မျက်စပစ်ကြပြန်သည်။

ကဲ ... ထားပါ။ အကယ်၍ ဟန်းစံဟာ သူမကို
တကယ်ချစ်တယ်ပဲထား၊ သူ့လိုလူတစ်ယောက်ကို ဘယ်လိုနည်း
နဲ့မှ လက်တွဲသင့်တာမှ မဟုတ်တာ။ သူဟာ ကိုယ့်ထက်အစစ
အရာရာ နိမ့်ကျနေတဲ့ လူတစ်ယောက်။

ဆရာဝန်ကြီးသမီး၊ သူမလို ဆေးကျောင်းသူတစ်
ယောက်က ဟန်းစံကို ရွေးချယ်လိုက်ရင် ဘယ်လောက် အံ့သြ
သွားကြလိမ့်မလဲ။ ဘယ်လောက် ဟားတိုက်ရယ်မောကြလိမ့်မလဲ။
သူမနဲ့ပြိုင်ဘက် မိန်းမတွေက ဘယ်လောက် လက်ခုပ်လက်ဝါး
တီးကြလိမ့်မလဲ။

ဒါတွေကိုသိရက်နဲ့ ပဒုမ္မာကြာသည် မိုက်မိုက်မဲမဲပင်
သက်မာ၏ စောင့်ကြည့်ဦးပေါ့ ဆိုတာကြီးကို လက်ခံချင်သေး
သတဲ့။

"ကြာကြာလေး ဘယ်ရောက်သွားလဲ၊ ငါ ပြန်တော့မလို့
လာနှုတ်ဆက်စမ်းပါဦး"



www.burmeseclassic.com

အိမ်နောက်ဖေးဘက်တွင် ရောက်နေသော ကြာကြာလေးအား အိမ်ရှေ့ဘက်မှ ကိုကြီးစပ်သူရက လှမ်းအော်လှမ်းစကားဝိုင်းကို ရပ်နားလိုက်ရတော့သည်။ အမှန်တော့ ဟန်းစံအထင်လွဲသွားသည့် ကိုကြီးဟာ တကယ့်ကို မောင်နှမရင်းချာခင်ကြသူတွေပဲဖြစ်မှန်း ရီဇာရော သက်မာပါ သိကြပါသည်။ ကြာကြာလေးသည် သူမကိုယ်သူမလည်း ဘာဖြစ်လို့ ဟန်းစံရှေ့မှာ သူ အထင်လွဲအောင် ကိုကြီးစပ်သူရအား ပိုပိုသာသာ ဆက်ဆံမိသလဲဆိုတာကို အဖြေမထုတ်ရဲအောင် ဖြစ်နေခဲ့တာ အမှန်ပင်။

ကိုကြီးစပ်သူရနှင့် ရီဇာတို့နှစ်ယောက်စလုံး ပြန်သွားကြချိန်မှာ အမြွှာနှစ်ယောက်တို့ကို မေမေ နည်းနည်းဆူပါသည်။

"ဟိုနှစ်ကောင်နော် ... ဘယ်လိုဟာမျိုးနဲ့ အပြင်မှာ သူငယ်ချင်းလုပ်ချင် လုပ်ပါစေ၊ အိမ်ကို နောက်တစ်ခါ ထပ်ခေါ်ဖို့ မစဉ်းစားနဲ့တော့၊ မေမေ တော်တော်စိတ်ဆိုးတယ် သိလား။ ကိုယ့်မှာလည်း အစ်မရှိတယ်ဆိုတာကို သတိရကြဦး။ အဲဒီကောင်လေးရဲ့ မျက်လုံးတွေ မင်းတို့မမကို ကြည့်တာ မေမေ တယ်မကြိုက်ချင်ဘူးနော်၊ မေမေက မေမေ့သမီးဟာ စပ်သူရလို လူမျိုးကလွဲရင် ဘယ်သူနဲ့မှတူတယ် တန်တယ် ထင်တာမဟုတ်ဘူးဆိုတာ အရင်ကတည်းက ပြောထားခဲ့ပြီးသား၊ နောက်တစ်ခါ အိမ်ကိုဖိတ်တယ်ဆိုတာကို မေမေ လုံးဝလက်မခံဘူး"



"ဟန်းစံက သားတို့ကိုခင်လို့ ရိုးရိုးသားသား လာတာပါ မေမေ"

"လူရိုးဆိုတာ သချိုင်းကုန်းမှာပဲ ရှိတယ်"

"အမယ်လေး ... မေမေ့သမီးကလည်း ဒေါ်ဘဝင်ကြီးပါ၊ စိတ်ပူမနေပါနဲ့ စိတ်သာချနေ၊ ဟန်းစံကလည်း မေမေ့သမီး သူ့ကို သိပ်နှိမ်တာကိုသိလို့ မင်းတို့အစ်မကိုကြောက်တယ်တဲ့၊ သူကလည်း သူ့ကိုနှိမ်တဲ့ ကြာကြာလေးကို စိတ်ဝင်စားမယ် မထင်ပါဘူး"

"တော်စမ်း အမြွှာနှစ်ကောင်၊ ဘာဖြစ်လို့ ဟန်းစံဘက်က ဒီလောက် ရှေ့နေလိုက်နေကြသလဲ မသိဘူး၊ တော်ပြီ နောက်ကို မေမေ့ရှေ့မှာ ဟန်းစံ ဆိုတဲ့နာမည်ကို စကားထဲ ထည့်မပြောကြနဲ့စမ်း၊ မေမေ မကြားချင်ဘူး"

ဖေဖေသည် မေမေနှင့် မောင်ကလေးတွေ၏ ပဋိပက္ခကို ပြုံး၏။

ကြာကြာလေးကတော့ မောင်ကလေးတွေဆီမှ ဟန်းစံက သူမအား ကြောက်တယ်ဟု ဝန်ခံထားခြင်းအပေါ် မကျေမနပ် ဖြစ်ချင်နေသည်။ ဘာကိုကြောက်တာလဲ၊ ဘာဖြစ်လို့ ကြောက်ရတာလဲ ဆိုတာကိုတော့ သိချင်သားပင်။

ထိုနေ့ပြီးသည့် နေ့ရက်များတွင် ပဒုမ္မာကြာ၏ အချိန်များသည ဟန်းစံအကြောင်း တွေးနေတတ်ခြင်းဖြင့်သာ အချိန်ကုန်သွားခဲ့စမြဲတည်း။ အရင်က သူ့အကြောင်းတွေးရဖို့

www.burmeseclassic.com



ခါးခါးသီးသီး ခေါင်းထဲက မောင်းထုတ်ပစ်ချင်သလောက်၊ တော့ လိုလားတောင့်တစွာပင် သူ့အကြောင်းကို တွေးနေချင်ပ လာခဲ့သည်။

(အဲဒါဟာ ကြာကြာရဲ့ ဝန်ခံမှု အစစ်အမှန်ပ ဟန်းစံ။)

❖❦❖





မကြာမီရက်ပိုင်းများ အတွင်း၌ ကြာကြာလေး၏ ပြောင်းလဲခြင်းများ ဆက်တိုက် ဖြစ်ပေါ်လာခဲ့ပါတော့သည်။ ထိုသို့ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းမှာ ဟန်းစံကြောင့်ပင် ဖြစ်ခဲ့လေသည်။

ဟန်းစံသည် အမြွာတို့၏ မွေးနေ့ပြီးကတည်းက သူမ ၏ ကွန်ပျူတာသင်တန်းဆင်းချိန်မှာ သူ ချောင်းကြည့်နေကျနေရာ ဖြစ်သည့် (သူမကလည်း သိနေခဲ့သည့်) လက်ဖက်ရည်ဆိုင်ကလေး ကိုလာဖို့ စတင်ပျက်ကွက်တော့တာပဲဖြစ်သည်။ ပထမတစ်နေ့က ဟန်းစံ ထိုင်နေကျနေရာကို မျက်စိကစားကြည့်တော့ မတွေ့ရလျှင် တခြားတစ်နေရာမှာများ ရှိမလားဟု ဖြေသိမ့်တွေးမိကာ ကယောက် ကယက် အတွေးများဖြင့် အိပ်ရေးပျက်သည့် ညတစ်ညကိုဖြတ် သန်းခဲ့ရခြင်း အစ။

တီယ၊ တတိယ စသည်ဖြင့် နေ့ပေါင်းများစွာကုန် ဆုံးလာသောအခါ ပဒုမ္မာကြာ၏စိတ်ပူခြင်းတွေ အထွတ်အထိပ်သို့ ပင် ရောက်လာခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် အမှားမှားအယွင်းယွင်းနဲ့။ စိတ်တွေ ကိုယ်နဲ့မကပ်ချင်သလိုလို။ "သူ ... ငါ့ကို တကယ်ပဲ ကိုကြီး အထင်လွဲသွားပြီ"ဟု နောင်တတွေရ။ ကိုယ့်ကိုယ်ကိုယ် အလို အပြစ်တွေတင်။ အင်း ... စဉ်းစားကြည့်ရင် ကိုယ်မရွေးချယ်နိုင် ပါဘူးလို့ သတ်မှတ်ထားပြီးတဲ့ လူတစ်ယောက် ကိုယ့်ကို စိတ်ပျက် သွားတာ ကိုယ့်အတွက် တစ်ရန်အေးတာပဲ။ သို့သော် ပဒုမ္မာကြာက တော့ နောင်တများစွာနဲ့တဲ့။

နောက်ဆုံးမှာ သူမ၏မောင်ကလေးများကိုပင် မသိ မသာ အစ်အောက်မေးရပါတော့သည်။ ထိုအခါမှသာ အကြောင်း စုံကို သိခွင့်ရခဲ့ပါသည်။

"ဟန်းစံ ... အဖေက သိပ်အရက်သောက်တာ ကြာကြာ လေးရဲ့၊ အခုတော့ အရက်သမားတို့ ထုံးစံအတိုင်း ဖြစ်နေ ကျရောဂါ ဖြစ်နေပြီလေ။ လေတစ်ခြမ်း ဖြတ်သွားလို့ အိပ်ရာထဲက မထနိုင်တော့ဘူး။ နဂိုကတည်းက ဘာမှမလုပ် တတ် မကိုင်တတ်တဲ့ ဟန်းစံအမေလည်း ဒုက္ခရောက်၊ ဘာအလုပ်မှ မရှိတဲ့ ဟန်းစံလည်း လတ်တလော အလုပ်ရဖို့ အသေအလဲ ရှာနေရတော့တာပေါ့။ သူတို့က အဖေလုပ်စာ တစ်ခုတည်း မှီခိုနေကြတာဆိုတော့ အဖေလည်းရောဂါဖြစ် ရော အိမ်ထောင်တစ်ခုလုံးရဲ့တာဝန်က ဟန်းစံအပေါ်ကျ လာပြီလေ။ ဒါကြောင့် ငါတို့နဲ့တောင် လျှောက်မလေနိုင် တော့ဘူး။ အလုပ်ရှာနေရပြီ"





"ဟင် ... သူက တေးသံသွင်းဆိုင်တစ်ခုမှာ အလုပ်လုပ် တာ မဟုတ်လား၊ အဲဒီအလုပ် ဘယ်ရောက်သွားလဲ"

အမြွှာနှစ်ကောင်က သူ၏စကားကို ဇဝေဇဝါတွေး နေကြသည်။ ကြာကြာလေး ဆင်တာက သူမ၏မောင်တွေဟာ သူငယ်ချင်းကို ပေါင်းတတ်ရုံကလွဲလျှင် သူငယ်ချင်း၏အကြောင်း ဘာမှမသိကြသော ခပ်တုံးတုံးမောင်ကလေးများအဖြစ် ထင်ကာ ဘာမှဆက်မမေးဖို့ ဆုံးဖြတ်လိုက်သည်။ အမှန်က အမြွှာတို့ဟာ ကြာကြာလေးထက်ပင် ဟန်းစံအကြောင်း ပိုသိသူများမို့ သူတို့မသိ သည့်သတင်းအား အံ့ဩမှင်တက်သွားတာပင်။

"ကဲ ... ထားပါတော့၊ အခု သူအလုပ်ရသွားပြီလား၊ အေး ... အလုပ်ရတော့လည်း ဘယ်လောက်များ လခရမယ့်အလုပ် မျိုး ရှာနိုင်မှာမှတ်လို့၊ ပညာလေးကဖြင့် မတောက်တစ်ခေါက် နဲ့ အရင်ထဲက ဆယ်တန်းအောင်ထားရင်လည်းတော်သေး။ ဂီတသမားယောင်ယောင်၊ သီချင်းရေးဆရာယောင်ယောင် နဲ့ ယောင်ခြောက်ဆယ်လုပ်ပြီး အလေလိုက်နေတော့ အခု ဒုက္ခရောက်တာ နည်းတောင်နည်းသေးတယ်"

"ကြာကြာလေးကလည်း ဟန်းစံ ဆိုရင် ပြောပြီ၊ ငါတို့က ဒီကောင့်ကို သနားလို့ ကိုသစ်လွင်ရဲ့ဆိုင်မှာ အရောင်း စာရေးလုပ်ဖို့ ပြောပါသေးတယ်။ ဒီကောင်က ဘာပြောသလဲ သိလား၊ မင်းတို့အရိပ်ကို မခိုချင်ပါဘူးကွာတဲ့။ ငါက မင်းတို့ကိုပေါင်းတာ ဘာမျှော်လင့်ချက်နဲ့မှ ပေါင်းတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ အမြင်ရှင်းစေချင်တယ်တဲ့။ တစ်နေ့ တစ်နေ့ သူအလုပ်သွားရှာတာကို ငါတို့ကထိုင်စောင့်။ သူပြန်လာရင် ခေါင်းငိုက်စိုက်လို့ဆိုတော့ ငါတို့လည်း ဘယ်ကြည့်ရက်မလဲ။ ကြွေးတွေလည်း ဝိုင်းနေပြီဆိုတော့ ဒီကောင် အရူးတလော စိတ်တွေထွေပြီး သီချင်းတောင် မရေးနိုင်တော့ဘူး”

ကိုသစ်လွင် ... ဟုတ်ပါရဲ့။ ပဒုမ္မာကြာသည် သူမ၏အစ်ကိုဝမ်းကွဲ ဖွင့်ထားသည့် ဂီတနှင့်ပတ်သက်သည့် တူရိယာပစ္စည်းအရောင်းဆိုင်ကလေးကို သွားသတိရလိုက်ပါသည်။

တကယ်ဆို ဆယ်တန်းအောင်တဲ့ ယောကျ်ားလေးတွေကိုသာ အရောင်းစာရေးခန့်တာ မှန်ပေမယ့် အမြွာတို့ကထောက်ခံရင် ကိုသစ်လွင်က ဟန်းစံကို အရောင်းစာရေးအလုပ် ခန့်မှာပဲ။ ခမ်းနားကြီးကျယ်သော ဆိုင်ကြီးမှာ လေအေးစက်အပြည့်တပ်ဆင်ထားသော ဆိုင်ကြီးမှာ သားနားမွန်ရည်သည့် ရုပ်ရည်ပိုင်ရှင်ကောင်လေးတွေချည်း ခန့်ထားသည့် တူရိယာပစ္စည်းအရောင်းဆိုင်မှာ ဟန်းစံဟာ ဘာမှပင်ပင်ပန်းပန်း မလုပ်ရဘဲ စိမ်ကျကျကလေးထိုင်ရောင်းရုံ။ လခကလေးထုတ်ရုံ။ ပြီးတော့ ဟန်းစံ ချစ်သောဂီတပစ္စည်းများနှင့်လည်း ထိတွေ့နေခွင့်ရသေး။

ဟန်းစံရယ် ... မင်းကို ပင်ပန်းတဲ့အလုပ်ကို မလုပ်စေချင်ပါဘူး။ ဘာဖြစ်လို့ မာနတွေကြီးပြီး ငြင်းပစ်ရသလဲ။ ကြည့်စမ်း ... ဘယ်လောက် ရင်နာစရာကောင်းသည်လဲကွယ်။





သူမရဲ့နှိမ်ချစကားတိုင်းကို ဟန်းစံက စွဲစွဲနစ်နစ် မှတ်မိလျက်။ သူမ၏အသိုင်းအဝိုင်းအရိပ်မှာ လုပ်ရမည့်အလုပ်မျိုးဟာ ရနိုင်ခဲ့ပန်းသိရက် မလုပ်ဘူးလို့ ငြင်းသတဲ့။ ကိုယ်ဒီလောက်ထိ မရည်ရွယ်ဘဲ မင်းကို ကိုယ့်ရင်ထဲက အချစ်တွေဖုံးကွယ်တဲ့အနေနဲ့ နှိမ်ချခဲ့မိတာဟာ ကိုယ့်ကို အခုတော့ ပြန်ပြီးဒဏ်ခတ်နေပြီကွယ်။

“ဒီကောင်က မာနတော့ တကယ်ထားတာ။ ဟိုတစ်ခါ ငါတို့စစတွေ့ခြင်းတုန်းက ငါလုပ်လိုက်လို့ သူ့ဂစ်တာကျိုးသွားတယ်၊ နင် မှတ်မိလား ကြာကြာလေး”

အောင်နေကြာက သူ့ကို အထင်သေးလိုက်သေးရဲ့။ အို ... မောင်ကလေးတွေ မသိသေးတာကတော့ ကြာကြာလေးဟာ ဟန်းစံနဲ့ပတ်သက်မှုဆိုရင် ကကြိုးကနေ အ,အထိ မမေ့ဘူးဆိုတာပဲ။ သိပ်မှတ်မိတာပေါ့။ ဟန်းစံဂစ်တာဟာ နေကြာကြောင့်ကျိုးသွားရတာ။ ပြန်ဝယ်ဖြစ်သလား မဝယ်ဖြစ်ဘူးလားတော့ သူမ မမေးမိချေ။ နေဦး ... မှတ်မိပြီ။ ခရစ္စမတ်တုန်းကတော့ ဂစ်တာတစ်လက် လွယ်ထားတာပဲ။ ဘယ်သူ့ဂစ်တာ ယူတီးတာလဲ။ ဒါမှမဟုတ် ပြန်ဝယ်ဖို့ဆိုတာကတော့ သိပ်မဖြစ်နိုင်တဲ့ကိစ္စပဲ။ ဆောရီးပဲ ဟန်းစံ၊ မင်းကိုနှိမ်ချစာ မဟုတ်ဘူးနော်ဟု ဒီလိုတွေးလိုက်မိခြင်းအတွက် တိတ်တိတ်လေး တောင်းပန်ရပါသည်။

“အဲဒီတုန်းကလည်း ငါတို့မှာ နင်မသိအောင် ကိုသစ်လွင်ဆီက အကြွေးနဲ့သွားဝယ်ပြီး သူ့ကို အလျော်ပေးတာ စိတ်ဆိုးသေးတယ်။ ငါတို့က နင့်ရဲ့မုန့်ဖိုးစည်းကမ်းချက်

www.burmeseclassic.com



ကြီးကို ရှင်းပြပြီး ငွေကိုအရစ်ကျဆပ်လို့ရအောင် အစ်ကို
ဝမ်းကွဲဆိုင်က သွားယူရတယ်လည်းဆိုရော သူလည်း
အရစ်ကျဆပ်ပါလေရော။ သူ့ဆီမှာ ပိုက်ဆံရှိရင်ရှိသလို
ငါတို့ဆီမှာ လာပေးပြီး ဂစ်တာဖိုးထည့်တဲ့အထိပဲ။ တကယ်
ဆို ငါက အလျှော်ပေးတာကို ပြန်ယူမယ် မစဉ်းစားဘူး။
ဘယ်လိုကောင်မှန်းကို မသိဘူး"

"နင်တို့က မုန့်ဖိုးတွေထဲက သူ့ဂစ်တာဖိုး ကိုသစ်လွင်ကို
ဖုံဆပ်နေကြတယ်ပေါ့ ဟုတ်လား၊ အခုရော ကျေပြီလား"

"ကျေသွားပြီ၊ အစက ငါတို့နှစ်ယောက်တည်း ဆပ်ရမှာ
ပေမယ့် ဟိုကောင်က ဝင်ဝင်ဆပ်တော့ မြန်မြန်ကျေသွား
တာပေါ့"

"ငါ့မောင်လေးတွေ သနားပါတယ်၊ အစက ဘာလို့မပြော
လဲ၊ ငါက အဲဒီလောက်တော့ နားလည်ပါတယ်။ ဂစ်တာ
ဖိုး ငါပဲအကျေဆပ်လိုက်မှာပေါ့။ ကဲ ... ကဲ ... မုန့်ဖိုး
အပြည့်အဝ မသုံးလိုက်ရတဲ့ ကောင်ကလေးတွေအတွက်
ကျုပ်ကပဲ ဒီလ မုန့်ဖိုးကို အများကြီး ပိုပေးပါ့မယ်"

အောင်နေကြာနှင့် အောင်စကြာတို့က ထူးထူးဆန်း
ဆန်း အဆူအငေါက်ကင်းပြီး သဘောတွေ ခွတ်ကောင်းနေသည့်
သူတို့အစ်မကို အံ့သြနေကြမည်မှာ မလွဲ။ နေဦး ... ပြီးမှ ငါဖြစ်
ချင်တာကို ပြောပြရဦးမယ်။ အစ်မကို ချစ်တတ်တာ၊ ကြောက်
တတ်တာကလွဲရင် ဘာမှနားမလည်သေးသည့် ပကတိ ကလေး





လေးတွေလို ဖြစ်နေသော မောင်လေးနှစ်ယောက်ကတော့ သူမ၏
ဟန်းစံအပေါ် ပြောင်းလဲမှုကို သိကြလိမ့်မည်မထင်။

သူတို့ခင်တဲ့ ဟန်းစံ အလုပ်ရသွားလို့ ပိုတောင်
ဝမ်းသာနေကြဦးမယ်။ ဒီထက် ဘာမှပိုပြီး တွေးတတ်ကြမှာတော့
မဟုတ်ချေ။

"နင်တို့ရဲ့ဟန်းစံက သီချင်းဆိုတာရော ဝါသနာပါလား"

"ဟာ ... ပါတာပေါ့၊ သူ့အသံ ဗိုကယ်လ်(Vocal)ကောင်း
တစ်ယောက်လို့ ပြောလို့ရမယ့် အသံမျိုး"

အိုး ... ဟုတ်ပါရဲ့။ တစ်ခုသော ဧရွှမတ်အကြိုည
ကလေးတုန်းက သူ ဆိုမူးသားကွယ်။ ကြည့်စမ်း ... မှတ်ဉာဏ်
တွေက သူနဲ့ပတ်သက်တာမှန်သမျှ မမေ့သင့်ပါဘူးဆိုမှ မေ့ရတယ်
လို့နော်။

တယ်စိတ်တိုချင်တာပဲ။

ဟုတ်တယ်။ သူ့အသံက သိပ်နားထောင်လို့ကောင်း
ပြီး ဆွဲဆောင်မှုရှိတဲ့ အသံမျိုးဖြစ်သည်။ F.R David ရဲ့ Music
ကို ပိုင်ပိုင်နိုင်နိုင်ဆိုတတ်တဲ့ သူ့အတွက် အသင့်တော်ဆုံး။ သူ
လည်း အပျော်မွေ့ဆုံးဖြစ်မယ့် အလုပ်တစ်ခုကို ရှာပေးရတော့
မည်။

"အေး ... ငါ အကြံရပြီ။ သူ့ကို အခုနှစ် အပိုင်းအခြားမှာ
ခေတ်စားလာတဲ့ စားသောက်ဆိုင်အဆိုတော်အလုပ်ကို လုပ်
နိုင်းရင် ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဟုတ်တယ် ကြာကြာလေး၊ အဲဒီအကြံကောင်းတယ်၊ တချို့ဆို အဲဒီအလုပ်နဲ့တင် ချမ်းသာသွားတာ၊ တခြားအလုပ်တွေထက်စာရင် ဒီအလုပ် သူနဲ့ကိုက်တယ်"

အောင်စကြာက သူကိုယ်တိုင်ပဲ အလုပ်ရတဲ့အတိုင်း ဝမ်းသာအားရ သူမ၏လက်ဖဝါးကို ဆွဲလှုပ်၍ ပြောသည်။

"အဲဒီအလုပ်က ဘယ်လိုလုပ်ရမှာလဲ"

အောင်နေကြာက သိချင်လှဟန်ဖြင့်မေး၏။

"ရိဇာ့ဦးလေးက စားသောက်ဆိုင်တစ်ခု ဒီတစ်ပတ်အတွင်း စဖွင့်တော့မှာ။ အဲဒီမှာ သူ့ကိုအဆိုတော်အဖြစ် လုပ်နိုင်းလိုက်ရင် ရကာပေါ့၊ ငါ ရိဇာကို ပြောပေးမယ်။ အခုချက်ချင်း ဖုန်းဆက်မေးရင် ရမယ်ထင်ပါရဲ့"

"မေး … မေး … မြန်မြန်မေးပေးစမ်းပါ။ အဲဒီအလုပ်ကိုဆို ဟန်းစံ သိပ်သဘောကျမှာပဲ"

ဂဏန်းကွက်တချို့ကို ခပ်မြန်မြန် နှိပ်ချလိုက်၏။ တစ်ဖက်မှ ရိဇာ၏ အသြမှုချို့ကို မသိဟန်ဆောင်ရင်း သူမဖြစ်စေချင်တာတွေ တောက်လျှောက်ပြောချလိုက်ဖို့ ဝန်မလေးတော့သူမှာ ပဒုမ္မာကြာပဲ ဖြစ်ပါသည်။

"ကဲ … ဒီလိုဆိုလည်း ငါအန်ကယ်ဆီပဲ တိုက်ရိုက်ပြောပေတော့။ ငါ ဖုန်းနံပါတ်ပေးမယ်။ ပြီးမှ နင့်ကို စစ်ဆေးစရာတွေ ဆက်စစ်ဆေးတော့မယ်ဟေ့။ ကြာကြာလေးရေ ကြပ်ကြပ်သတိထားပေတော့"





ရိဇာနှင့် ဖုန်းပြောခြင်းကို မြန်မြန်ဖြတ်၍ ရိဇာပေးသော သူ့ဦးလေးဖုန်းနံပါတ်ကို ထပ်မံနှိပ်ရပြန်သည်။ ဘုရား … ဘုရား … တိုက်ရိုက်တစ်ခါတည်း တွေ့ပါစေ။ မတွေ့လို့မဖြစ်ဘူး၊ သူ့ကို ဒီအလုပ်ကလေး ရစေချင်လှပါပြီ။ သူ့အတွက် အသင့်တော်ဆုံးဟာ စင်ပေါ်မှာ လှလှပပ ဝတ်စားပြီး သူသိပ်မြတ်နိုးတဲ့သီချင်းတွေနဲ့ အမြဲထိတွေ့ရမယ့် အလုပ်ပဲ။ သူ့ရဲ့အမော တွေ ပြေစေချင်လှပါပြီ။

သူမ၏ဆုတောင်းက ပြည့်ခဲ့လေသည်။ ရိဇာ့ဦးလေးက ချက်ချင်းပင် လက်ခံလျက် သူနဲ့ မနက်ဖြန် ဟန်းစံ လာတွေ့ဖို့ကို တစ်ခါတည်း မှာလိုက်၏။ ကြည့်စမ်း … ဟန်းစံ၊ မင်း ဟာ သိပ်ကံကောင်းခဲ့တာပဲ။ သတ်မှတ်ထားတဲ့ အဆိုတော်အရေအတွက် ပြည့်ဖို့ တစ်ယောက်သာလိုပြီး ထိုတစ်ယောက်ကို ယောကျာ်းလေးဖြစ်စေချင်နေသော ရိဇာ့ဦးလေးရဲ့ဆန္ဒ ပြည့်မြောက်ခဲ့သလို မင်းလည်း မင်းလုပ်နိုင်မယ့် အလုပ်မျိုး ရသွားပြီ။ ပြီးတော့ ကိုယ့်ဆုတောင်းလည်း ပြည့်ခဲ့ပြီ။ မင်းကို အရိပ်ထဲမှာ အေးအေးချမ်းချမ်း အလုပ်လုပ်စေချင်တဲ့ဆန္ဒက အလိုလို ပြည့်သွားခဲ့ပြီ၊ သိလား ဟန်းစံ။

"နင်တို့ရဲ့ဟန်းစံကို မနက်ဖြန်မှာ (……)လမ်းက အသစ်ဖွင့်တော့မယ့် စားသောက်ဆိုင်ပိုင်ရှင်က တွေ့ဖို့ချိန်းလိုက်ပြီ၊ မနက်ဆယ်နာရီ သူ့ရုံးခန်းကို အရောက်လာတွေ့ပါတဲ့။ သူ့ရုံးခန်းကလည်း စားသောက်ဆိုင်ဖွင့်ထားတဲ့ ခြံထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



တွဲရက်ဖွင့်ထားတယ်။ ဘာအလုပ်အတွက်လဲ ဆိုတော့
သီချင်းဆိုဖို့ပဲ"

အမြှာတို့က ဟေးခနဲ ထအော်ကြ၏။ မေမေက
လှမ်းကြည့်လေသည်။ နေ့စဉ် တကျက်ကျက် ရန်ဖြစ်နေကြသည့်
မဒုမ္မာကြာနှင့် အမြှာညီအစ်ကိုတို့ ဒီနေ့ ထူးထူးဆန်းဆန်း တည့်
နေကြလျက် ဘာတွေ ကျွတ်ကျွတ် ကျွတ်ကျွတ် တိုင်ပင်နေကြ
သလဲဟု မမေးတာပဲတော်လှ။ နောက်မို့ အမြှာနှစ်ယောက် အဖုံး
အဖီမတော်ပုံနဲ့ မေမေဆူဖို့ အပြစ်တစ်ခု ရသွားနိုင်ပါသည်။

"ငါတို့ စချက်ချင်းပဲ ဒီကောင်အိမ် သွားပြောလိုက်မယ်
နော် ကြာကြာလေး"

ခေါင်းညိတ်လိုက်ပြီးမှ စဉ်းစားမိတာတစ်ခုက သူ
ဟာ ကြာကြာလေးရှာပေးတဲ့ အလုပ်ဆိုပြီးတော့များ ငြင်းဦးမလား
ဟု စိုးရိမ်သွားမိပါသည်။

ထို့ကြောင့်ပင် ပြိုင်ဘီးကလေးတွေဆီ ရောက်နေကြပြီ
ဖြစ်တဲ့ မောင်ကလေးတွေကို လှမ်းခေါ်၍နှုတ်ပိတ်ဖို့ ပြင်ဆင်ရသူမှာ
မဒုမ္မာကြာပင် ဖြစ်လေသည်။

"စိတ်ချ ... စိတ်ချ၊ ဒီအလုပ်ကို ငါတို့သူငယ်ချင်းရဲ့
အမေနဲ့ စကားစပ်မိရင်း ပြောဖြစ်ပြီး ရလာတာလို့ ညာ
ပြောလိုက်မယ်။ ဒါဆို သူ လက်ခံမှာပဲ၊ ဟုတ်တယ်၊
ဒီကောင်က ထော်ကြာ သူတို့နှမ်တဲ့ ကြာကြာလေးက ရှာ
ပေးတယ်ဆိုပြီး မလုပ်ဘဲနေဦးမယ့်ကောင်မျိုး"





မောင်လေးနှစ်ယောက်၏ ပြိုင်စက်ဘီးကလေးတွေ ထွက်သွားကြတော့ ပဒုမ္မာကြာသည် တစ်စုံတစ်ခုအတွက် ပီတိဖြစ်ရင်း ကြည်ကြည်နူးနူး ပြုံးမိလေသည်။ ထိုတစ်စုံတစ်ခုသည် ဟန်းစံနဲ့ ပတ်သက်သည့် တစ်စုံတစ်ခုပင် ဖြစ်ပါသည်။

ဟန်းစံ ... မင်းသာ အကယ်၍ ဒီအလုပ်ရခြင်းရဲ့ အဖြစ်မှန်ကို အလုပ်ရှာပေးသူအမှန်ကို သိရင် အံ့သြသွားမလား။ ဒါမှမဟုတ် မင်းရဲ့မာနခပ်ကြီးကြီး စရိုက်ကလေးက အမောက်ထောင်ပြီး ကိုယ့်အရိပ်ကလွတ်အောင် ရှောင်သွားမှာပဲလား။

အင်း ... သီချင်စမ်းပါဘီ။

❖ ❦ ❖



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ နင်က ဘာဆက်လုပ်မယ် စိတ်ကူးသလဲ"

"ဟင် … ဘာမှဆက်မလုပ်ဘူးလေ၊ ဒီအတိုင်းပဲ နေရုံပေါ့။ သူ့ဘာသာ ဒီအလုပ်ရသွားပြီး အဆင်ပြေသွားရင် ပြီးတာပဲလေ။ သူလည်း သူ့လမ်းသူလျှောက် ငါလည်း ငါ့လမ်း ငါလျှောက်ပဲ တခြားစီ၊ ငါက လူတစ်ယောက်ရဲ့အခက်အခဲကို ကူညီဖြေရှင်းတဲ့သဘော"

"လုံးဝမဖြစ်နိုင်ဘူး ကြာကြာလေး၊ နင် ကူညီတဲ့လူဟာ တခြားလူဆိုရင် ငါတို့ လုံးဝဘာမှသံသယမဖြစ်ဘူး။ အခု နင်ကူညီလိုက်တဲ့ လူဟာ နင့်ကိုချစ်နေကြောင်းလည်း နင်သိပြီးသလို နင်ကိုယ်တိုင်ကလည်း မတွေမတန်လို့ မစဉ်းစားတဲ့လူတစ်ယောက်လေ၊ ကြာကြာလေးရဲ့သူ့ကိစ္စကို နင်က ဘာလို့စိတ်ဝင်တစား ကူညီရလိုသလဲ"

သေတော့မှာပဲ။ ဒီမိန်းမတွေဟာ အမှန်အတိုင်း သိပ်ဝန်ခံစေချင်နေတယ်။ ဝန်ခံလိုက်တော့ရော အို … မဖြစ်သေးပါဘူး။ ဝန်ခံလိုက်ရင် စကားကို အကုန်မပြောနဲ့လို့ သက်မာ





ပြောထားဖူးသလိုမျိုး ဖြစ်နေမယ်။ အစက စကားကို အကုန်ပြော ပြီးမှ အခုတော့ နောက်တစ်မျိုး ထပ်ဖြည့်ပြောသလို ဖြစ်နေခဲ့ပြီ ဟု ပဒုမ္မာကြာ နားလည်လိုက်ပါသည်။

သို့သော် ဝန်တော့ ဝန်ခံချင်သားပင်။ ဟန်းစံကို သနားလို့ပါ။ သူ့အခက်အခဲတွေကို မကြည့်ရက်လို့ ပါ။ သူ့ကို မပင် ပန်းစေချင်လို့ပါလို့ ဝန်ခံလိုက်ပါရစေ။

"သူ့ကို သနားနေမိလို့"

ရိဇာနှင့် သက်မာတို့ ရင်ဖိသွားကြသည်။ ဘာဖြစ်သလဲ။ မှန်တာပြောတော့လည်း သူတို့ကလေးစ်မျိုး။ စိတ်တိုတုံ့နှင့် မမြင်ဖူးသူပမာ လိုက်ကြည့်နေသည့် ရိဇာတို့ကို မျက်စောင်းထိုးပစ်လိုက်၏။

"မျက်စောင်းကလည်း ထိုးတတ်ပါ့။ အင်း … အခု ငါတို့အတွက် သေတ်သတ်မှတ်မှတ် ငိုင်ဆိုင်ခွင့်ရထားတဲ့ ဒီမျက်စောင်းကို သေသေချာချာမှတ်မိအောင် ကြည့်ထားမှပါ၊ တော်ကြာ နောက်ဆိုရင် ဟန်းစံအဖွဲ့ ဖြစ်သွားပါမှမယ်"

"နင်တို့ စောင့်ကြည့်နေစမ်းပါ၊ ငါဟာ ဟန်းစံကို အဲဒီလောက်အထိပဲ သနားနိုင်မယ်၊ ဘဝတစ်ခုလုံးအတွက်တော့ အဖော်အဖြစ် ရွေးချယ်ဖို့အထိ မသနားနိုင်ဘူး။ ငါ နင်တို့ကို အမှန်ဆုံးတစ်ခု ဝန်ခံမယ်၊ အဲဒါကတော့ ဟန်းစံကို ဘယ်ယောက်ျားလေးအပေါ်မှာမှ မထားဘူးတဲ့ သနားခြင်းမျိုးနဲ့ သနားနေပြီ ဆိုတာပဲ၊ ဒါဟာ သူများတွေ

www.burmeseclassic.com



အမည်တပ်ကြသလို အချစ်ဆိုတာဖြစ်သွားချင်ဖြစ်သွားလိမ့်မယ်၊ ဒါပေမဲ့ ငါ့မှာ သူ့အတွက် အချစ်ဆိုတာ ပေါ်ပေါက်လာတာတောင် ငါက ဘယ်တော့မှ သူမသိအောင် တစ်သက်လုံး ဖုံးကွယ်ထားရမှာပဲ၊ သူဟာ ငါ ရွေးချယ်မယ့်လူမျိုးတစ်ယောက်မှာ ရှိသင့်တဲ့အရည် အချင်းမျိုး မရှိခဲ့လို့ သူ့ကို ငါသေလောက်အောင် ချစ်မိသွားပါစေ ဘယ်တော့မှ မသိစေရဘူး၊ သူ့ကိုလည်း ငါလက်မတွဲဘူး၊ ငါဟာ ဆရာဝန်တစ်ယောက်ဖြစ်သလို ငါ့ရဲ့လက်တွဲဖော်ဟာလည်း ဆရာဝန်ပဲဖြစ်ရမယ်၊ ငါက ဖေဖေနဲ့မေမေလို ဘဝမျိုးကို သိပ်အားကျတာ၊ ငါ့ဘဝဟာ အဲဒီအတိုင်းပဲ ဖြစ်ရမယ်”

ပဒုမ္မာကြာသည် ထိုစကားတို့ကို ပြောသာပြောချလိုက်ရသော်လည်း ရင်ထဲမှာ တော်တော်နာကျင်နေမိခဲ့သည်။ ဟန်းစံကို ချစ်နေပြီဟု ထိုစကားတွေပြောချနေရင်းမှ တဖြည်းဖြည်း သိလာရသောအခါ တုန်လှုပ်ထိတ်လန့်ရခြင်းနဲ့အတူ သူမပြောခဲ့သည့် သူမ၏အချစ်သည် ဦးနောက်ထဲက ဆုံးဖြတ်ပြီးမှချစ်သည့် အချစ်မဟုတ်ခဲ့ပါလားဟုလည်း အံ့ဩမိပါသေးသည်။

အချစ်ဆိုတာ မမျှော်လင့်ဘဲ ဖြစ်တည်ပေါက်ဖွားလာခဲ့ပါပြီ။ သို့သော် ပဒုမ္မာကြာသည် သူမ၏အချစ်ကို ဘယ်တော့မှ ရှင်သန်ခွင့်ပေးမည် မဟုတ်ချေ။

ဒီလောကကလေး ပြောင်းလဲရုံအပြင် ဒီထက် ဘာမှပိုသာသော အခြေအနေမျိုးဖြင့် ဟန်းစံကို မဆက်ဆံမိစေရ။



ဟန်းစံသည် သူ့လမ်းကို သူလျှောက်သွားစေရမည်။ ပဒုမ္မာကြာသည်လည်း သူမရွေးချယ်ပြီးသည့်လမ်းကို ဘယ်တော့မှ ပြောင်းလဲတော့မည်မဟုတ်ပါ။

“နင် ဒီလိုဝန်ခံတာ သဘောကျပါတယ်၊ နောက်ပြီး နင့်ရဲ့ ဆုံးဖြတ်ချက်ကိုလည်း ငါတို့ လက်ခံခဲ့ပါတယ်၊ ဒါပေမဲ့ ငါ မေးချင်တာ တစ်ခုတော့ ရှိတယ်”

“ဘာလဲ သက်မာ”

“နင့်အဖေနဲ့ အမေက နှစ်ဦးသဘောတူ ချစ်ခဲ့ကြတဲ့သူတွေ မဟုတ်လား”

ထိုအမေးကို ပဒုမ္မာကြာ လန့်သွားခဲ့သည်။ သက်မာသည် မေးတတ်လှချည်လားဟု စိတ်ထဲမှာညည်းညူပစ်မိတော့သည်။

“နင့်မိဘတွေကြားမှာ တစ်ယောက်ကိုတစ်ယောက် အချစ်ဆိုတာနဲ့ နားလည်မှုယူထားလို့ နင်အားကျရတဲ့ အိမ်ထောင်ရေးမျိုးဖြစ်နေခဲ့တာ၊ အကယ်၍ နင်က ဦးနှောက်နဲ့စဉ်းစားပြီး အိမ်ထောင်တစ်ခုကို တည်ထောင်မယ်ဆိုရင်တော့...”

သက်မာသည် ဤနေရာ၌ပင် သူမ၏စကားကို ရပ်တန့်ပစ်လိုက်ပါသည်။ ဆက်ပြောစရာ မလိုတော့အောင်ပင် အဓိပ္ပာယ်ပြည့်ဝလွန်းသည့် သက်မာ၏ အယူအဆများအတွက် ဒေါင်းကျူးလိုက်ပါရဲ့။

“နင့်ကို ဟန်း ကိုပဲ ရွေးပါလို့ တိုက်တွန်းတာမဟုတ်ဘူးနော်၊ ငါက နင့်ကို သံယောဇဉ်ရှိလို့ အကြံပေးတာ”

www.burmeseclassic.com

www.burmeseclassic.com



အို ... ရှုပ်လိုက်တဲ့အကြောင်းအရာတွေပဲ ဟန်း

ရယ်။ ကိုယ် မင်းကို တိတ်တိတ်လေး ချစ်မှာလည်း ချစ်ခွင့်မ

ကိုယ်ကလည်း မင်းကို လက်တွဲဖို့ဝန်လေး။ ကိုယ်မျှော်မှန်း

ဘဝမျိုးကိုပဲ လိုလားနဲ့ သေလိုက်ချင်တော့တာပဲ။

❖ ❦ ❖

BURMESE CLASSIC .com



## ၇

ဟန်းစံသည် ပန်းကုံးကလေးကိုင်ရင်း လှေကားမှ တစ်ဆင့် စင်္ကြံပေါ်သို့ တက်လာသည့် အမျိုးသမီးကလေးကို ကြည့်လိုက်မိချိန်တွင် သူ့ရဲ့ကမ္ဘာလောကကြီးတစ်ခုလုံး နွေးထွေးသွားသလို ခံစားလိုက်ရပါသည်။

ကြာကြာကလေး ... ကိုယ် မင်းကို တမင်မေ့ပစ်ခဲ့တာ သိပ်ကြာသွားခဲ့ပြီ။ တိတိကျကျရေတွက်ရင် အမြွှာတို့မွေးနေ့လုပ်တဲ့ မတ်လကနေ အခုထိဆိုရင် ခြောက်လနီးပါး ရှိနေခဲ့ပြီ။ ကြာကြာလေးတို့ရဲ့ကျောင်းတွေ သြဂုတ်လမှာ ပြန်ဖွင့်လိုက်ပြီဆိုတော့ အခုဆို ကျောင်းတက်နေရပြီပေါ့နော်။ ဆယ်တန်း ဆက်တိုက်ကျထားတဲ့ ကိုယ့်လိုသာမန်စားသောက်ဆိုင် အဆိုတော်ကို မင်းအထင်သေးနေဆဲဖြစ်မယ်လို့ ကိုယ် မေဒင်မေးစရာမလိုအောင် သိနေခဲ့တယ် ကြာကြာလေး။ ကိုယ် ဒီအလုပ်လုပ်နေတာ မင်းသိဦးမယ်မထင်ဘူး။ ဒါကြောင့်လည်း မင်း ဒီဆိုင်ကို သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်သိုက် (စပ်သူရ အပါအဝင်) လာခဲ့ကြတာပဲလို့ ကိုယ်ယူဆလိုက်ပါတယ် ကြာကြာလေး။

ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ်ရှိမယ့်နေရာတွေကို ရောင်တတ်တယ်မဟုတ်လား။

"ခေါင်းငုံ့ပေးလေ ... ပန်းကုံးစွပ်မလို့"

ဟန်းစံသည် သီချင်းဆိုနေရင်း အတွေးတွေပျံ့လွင့်နေခဲ့မိ၍ ကြာကြာလေး သူ့ရှေ့မှာ ရပ်နေတာတောင် မေ့လျော့သွားမိသည်အထိ။

ကြာကြာလေးက ပန်းကုံးစွပ်သတဲ့။ တမင်နှိမ့်ချတဲ့အနေနဲ့ ပန်းကုံးလာစွပ်တာ မဟုတ်ဘူးလို့ ငြင်းနိုင်မလား။ ပြောနိုင်တာမှတ်လို့။ ကြာကြာလေးဟာ သိပ်အဆင့်အတန်းခွဲချင်တဲ့မာနတရားမျိုးကို ပိုင်ဆိုင်ထားသူပဲ။

ခေါင်းငုံ့ခူးညွတ်လိုက်စဉ် ကြာကြာလေး၏ ပန်းကုံးများက သူ့ခေါင်းပေါ်မှ လျှိုကာ လည်ပင်းပေါ်သို့ စွပ်ချလိုက်၏။ သူမ၏ လက်ချောင်းကလေးများ သူလည်ကုပ်သားအား ထိသွားလိုက်ခြင်းအတွက် ဘာပဲဖြစ်ဖြစ် ကျေနပ်ပါသည်။ မမြင်ရတာကြာပြီဖြစ်သည့် ကြာကြာလေး၏ မျက်နှာကလေးအား ကြို့တောင့်ကြို့ခဲအနီးကပ်မြင်ခွင့်ရခြင်းအားလည်း ကျေနပ်ပါသည်။

တစ်ခုတော့သိချင်တယ်။ ကိုယ် ဆိုနေမှန်းသိရက်ဘာလို့ ပန်းကုံးလာစွပ်သလဲဆိုတာကိုပဲ ကြာကြာလေးကို မေးလိုက်ရင် စိတ်ဆိုးသွားမယ်ထင်ပါရဲ့။



"ဟေး ... လူပုံအလယ်တွေအကြား ... ရွှေရောင်တွေဟပ်သွား ... မြေပြင်ပေါ်မှာတောင် ... ရောင်စဉ်ဖြာနေသလား၊ ရွှေအဆင်းလို ... မင်းဟာရွှေနတ်သမီး ... ရွှေအဆင်းလေး သိပ်ကိုလှနေတယ် ..."

သူဆိုနေသည့် သီချင်းနှင့်ညီအောင်ပင် ကြာကြာလေးက ရွှေရောင်ဝတ်စုံဝမ်းဆက်ကို ဝတ်ဆင်ထားသည်မို့ စင်အောက်က လူတွေ လက်ခုပ်တဖြောင်းဖြောင်း ဖြစ်ကြသည်အထိ။ ကြာကြာလေးသည် သူ့ကို ပန်းကုံးစွပ်အပြီးတွင် ပြန်လှည့်မထွက်ခင်ကလေး၌ သူ့အားမော့ကြည့်ကာ ...

"နေကြာနဲ့ စကြာလည်း ပါလာတယ်၊ ရှင့်အလှည့်ပြီးရင် သူတို့ဝိုင်းကို ခဏလာဖို့ ပြောခိုင်းလိုက်တယ်"

ဟု ခပ်တိုးတိုးကလေး မှာသွားလေသည်။ ကြာကြာလေးကို ကြည့်ရတာ ဟိုးအရင် စတွေ့စကထက်စာရင် နည်းနည်းပျော့ပျောင်းလာသလိုပဲ။ သူ့ကိုကြည့်သည့် အကြည့်တွေမှာ အရင်ကလောက် နှိမ့်ချခြင်းတွေမပါ။ အထင်သေးခြင်းတွေလည်းမပါ။ ပကတိဖြူစင်နေလွန်းပြန်သတဲ့။

ကြာကြာလေး ပြန်သွားထိုင်သောဝိုင်းမှာ ဆံပင်ရွှေရောင်သမ်းနေသော ရိဇာ၊ တင်ပါးအထိရှည်သည့် ဆံပင်ရှည်ကြီးနှင့်သက်မာ၊ ပြီးတော့ သူ့ရဲ့ ကြာကြာလေးအား ခွင့်လွှတ်သောအပြုံးများဖြင့်ကြည့်နေသည့် စပ်သူရ။ နောက်ပြီး သူ့ကို ဒီအလုပ်လုပ်ဖြစ်ဖို့ အလုပ်ရှာပေးသည့် သူ့ရဲ့အခင်ဆုံး သူငယ်ချင်းအကြာ

www.burmeseclassic.com



ညီအစ်ကိုလေးနှစ်ယောက်။ အင်း … ဒီဆိုင်မှာ အလုပ်လုပ်မှန်း သိရက် သူတို့တမင်လာတာ သူတို့ရဲ့အစ်မကြာကြာလေးတော့ သိမယ်မထင်ဘူး။ တယ်ဉာဏ်များတဲ့ကောင်တွေပဲ။

"ဟန်းစံတို့တော့ ဒီနေ့တော့ ရေလည်စီသွားတာပဲဟော့၊ ငါးရာတန်ပန်းကုံးတွေ အထပ်လိုက်ကို စွပ်ချသွားတာ ဘယ်လောက်ဖိုးလောက်ရှိမယ် မသိဘူး"

သူနှင့် လုပ်ဖော်ကိုင်ဖက် နန်းနန်းက သူ့လက်မောင်းကို လှုပ်ကိုင်၍မေး၏။ ထိုနေရာက ကြာကြာလေးတို့ ထိုင်နေရာဝိုင်းနှင့် မလှမ်းမကမ်းကလေးဖြစ်၍ ကြာကြာလေး မြင်မှာမလွဲ။

သူနဲ့ နန်းနန်းကို ကြာကြာကလေး အထင်လွဲသွားနိုင်မည့် အနေအထားကလေးမို့ ကြာကြာလေးဆီ မဝံ့မရဲ လှမ်းအကြည့်တွင် သူ့ရဲ့ကမ္ဘာလောကကြီးတစ်ခုလုံး အရာရာပြောင်းလဲကုန်ပြီထင်ပါရဲ့ဟု သူ ရေရွတ်မိတော့မတတ်။ ကြာကြာလေး၏ မျက်နှာပြင်တွင် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးတစ်ခုကို ရရှိသွားရသည့် လူတစ်ယောက်ပမာ မှိုင်တွေငေးငိုင်စွာ သူတို့ကို လှမ်းကြည့်နေခဲ့၏။ ဘာလဲ … ဘာတွေလဲ ကြာကြာလေးရယ်။ မင်းရဲ့နံဘေးမှာ မင်းနဲ့ အဆင့်အတန်းတူတဲ့ စပ်သူရကို မင်းကိုယ်တိုင်ပဲ ကျေကျေနပ်နပ် ရွေးချယ်ထားတယ်မဟုတ်လား။

ဒါကြောင့် ကိုယ်ဟာ အားလုံးကို တမင်မေ့ပစ်ပြီး တည်ငြိမ်အောင် ကြိုးစားနေခဲ့ပြီးမှ မင်းက တစ်ဖန်လှုပ်နှိုးချင်သတဲ့လား ကြာကြာလေး။ ကိုယ်တော့ ရှုံးချင်ပြီ။



"ဟော့ကောင် … ဟန်းစံ၊ ဘယ်လိုလဲ အဆင်ပြေရဲ့လား"

အောင်နေကြာက သူ့ကို လိုက်လိုက်လှဲလှဲ ကြိုဆိုလသည်။ ဝိတ်တာ (Waiter)က သူ့အတွက် ကုလားထိုင်တစ်လုံးလာပေး၍ အောင်စကြာနှင့် အောင်နေကြာတို့နှစ်ယောက်ကြား၌ ထိုင်ချလိုက်ပါသည်။ ကြာကြာလေးနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားခြင်းက သူ့အတွက် ကံဆိုးတာလား၊ ကံကောင်းတာလားတော့ သိ။ သူ့ကို တစ်ချိန်လုံး မခွဲစတမ်းစိုက်ကြည့်နေသည့် ကြာကြာလေး၏ ကုလားထိုင်နောက်မှီပေါ်ကို စပ်သူရရဲ့လက်တစ်ဖက် င်ထားတာကိုက ပိုင်စိုးပိုင်နင်းနဲ့မို့ သူ့နှလုံးသားတစ်ခုလုံး ပ်ခြေထားသလို ခံစားရသည်။

"အဆင်ပြေပါတယ်၊ ဒီအလုပ်က ညဘက်သာ အိပ်ရေးပျက်တာ၊ မနက်ပိုင်းရော နေ့ခင်းပိုင်းပါ အားနေတော့၊ အိမ်မှာ ဖေဖေ့ကိုလည်း ပြုစုလို့ရတယ်၊ သီချင်းလည်း ရေးလို့ရတယ်၊ မေမေကလည်း ကျန်းမာရေးသိပ်မကောင်းတော့ဘူးကွ၊ ဖေဖေ့ကိုရော မေမေ့ကိုပါ နှစ်ယောက်ပြုစုနေရတော့တာပေါ့"

"စာမေးပွဲရော မဖြေတော့ဘူးလား"

ကြာကြာလေးသည် ဆတ်ခနဲ ထိုမေးခွန်းကို ဝင်မေးစ်အောင်မေးပါသည်။ လာပြန်ပြီ ကြာကြာလေးရယ်။ မင်းဘဝ အရေးအကြီးဆုံးဟာ ပညာရေးလို့ ကြွေးကြော်ထားတဲ့အတိုင်း ယ်ကို ပညာအဆင့်အတန်းတွေနဲ့ ဖိသတ်ဦးမလို့လားဟု မေးပစ်ိုက်ချင်သေးရဲ့။

www.burmeseclassic.com



"ပညာဆိုတာ ပါရမီပါမှ သင်လို့ရတယ်လေ၊ ဒါကြော
ကျွန်တော့်ရဲ့ပညာပါရမီက ဆယ်တန်းအထိပဲ သင်ခွင့်ရ
ပါရမီမျိုးမို့ ဆယ်တန်းနဲ့ပဲ ကျေနပ်ထားပါတယ်"

သူနှင့် ကြာကြာလေးတို့ စကားပြောဆိုခြင်းအ
အရာများကို ရိဇာနှင့် သက်မာတို့သည် သာမန်ထက်ပို၍ လေ့
အကဲခတ်ကြလေသည်။

❖ ❣ ❖



"ဟန်းစံ ... ခင်ဗျားက တကယ့်မိုကယ်လ်ကောင်း တစ်ယောက်ပဲ၊ ခင်ဗျားအသံကို ကျွန်တော်ကြိုက်တယ်၊ စီးရီးထုတ်ဖြစ်ရင်တော့ အောင်မြင်မယ်လို့ ကျွန်တော် အတပ်ပြောရဲတယ်၊ ဘယ်လိုလဲ စီးရီးထုတ်မလား ဟန်းစံ၊ ကျွန်တော်က ဒီလို ဂီတနဲ့ပတ်သက်တဲ့ စီးပွားရေးလိုင်းဘက် မကျွမ်းကျင်ပေမယ့် ခင်ဗျား စီးရီးလုပ်ချင်ရင်တော့ ငွေကြေးအရ အကူအညီပေးချင်တယ်ဗျာ၊ ခင်ဗျားဟာ တစ်ခွေတည်းနဲ့ အောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်လို့ ခင်ဗျားရဲ့အခွေအတွက် ကုန်ကျစရိတ်ကို ကျွန်တော် ထုတ်ချေးမယ်လေ၊ ပြီးမှ ပြန်ဆပ်ပါလား၊ ဘာ်ယ်လိုလဲ ကျွန်တော်က သီချင်းမဆိုတတ်ပေမယ့် သီချင်းဆိုတဲ့အလုပ်မျိုးကို သိပ်သဘောကျတာပဲ"

စပ်သူရသည် မထင်မှတ်ဘဲ ထိုသို့ဝင်ပြောချလိုက်ချင် အားလုံးက တအံ့တသြ ဖြစ်ကုန်ကြတော့၏။ အမြှာညီအစ်ကိုတော့ ဝမ်းသာအားရ သူ့ပခုံးကိုဆုပ်ညှစ်လျက် အားပေးကြသည်။

www.burmeseclassic.com



"ဟုတ်တယ် ဟန်းစံ လုပ်ကြည့်လိုက်စမ်းပါ"

ဟူ၍လည်း တတွတ်တွတ် တိုက်တွန်းသေးသည်

ကြာကြာလေး ခပ်မဲ့မဲ့ကလေး ပြုံးရုံကလွဲလျှင် စပ်သူရ၏ စကား

အတွက် တစ်ခွန်းမှ ဝင်ပြီး အကြံမပြုချေ။

"နေပါစေ ကိုစပ်သူရ၊ ကျွန်တော် ဘယ်သူ့အကူအညီ

မပါဘဲ ဖြစ်အောင်လုပ်ကြည့်ချင်လို့ပါ"

"ကျွန်တော့်ကို အားနာလို့လား၊ အားမနာနဲ့နော်၊ ကျွန်တော်

က ဟန်းစံ ဆိုတဲ့နာမည်ကို လူမမြင်ဖူးခင်ကတည်း

ရင်းနှီးထားသလို ဟိုတစ်ခါ မြင်ဖူးလိုက်ပြီးကတည်း

နောက်ထပ်မတွေ့ရတော့ပေမယ့်၊ ကျွန်တော့်ညီတွေ ညီ

တွေရဲ့မိတ်ဆွေမို့ ကျွန်တော့်မိတ်ဆွေလို သဘောထား

တယ်"

စပ်သူရသည် ထိုစကားကိုပြောချိန်မှာ ကြာကြာလေး

၏ မျက်နှာကို ငုံးကြည့်နေခဲ့ခြင်းအား သူက မျက်နှာလွှဲလိုက်

ပါသည်။ သေချာတာက စပ်သူရဟာ ကြာကြာလေးကို မြတ်နိုး

စိတ်တစ်ခုတည်းနဲ့ အမြွာညီနောင်ကိုဖားပြီး သူတို့ရဲ့သူငယ်ချင်း

ဖြစ်တဲ့ သူ့ကို ကူညီချင်နေတာပဲဖြစ်မည်ဟု ဟန်းစံက ယူ

သတဲ့။ စီးရီးတစ်ခုအတွက် ကုန်ကျငွေလောက်က စပ်သူရအတွက်

ဆိုရင် ပါမွှားလောက်ပဲ သတ်မှတ်နိုင်လောက်အောင် ချမ်းသာတဲ့

လူတစ်ယောက်။ ပြီးတော့ ကြာကြာလေး အထင်ကြီးတဲ့ ပညာ

အရည်အချင်းမြင့်မားတဲ့ လူတစ်ယောက်မို့ ကြာကြာလေးဟာ





ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရနေတဲ့ မိန်းကလေးအဖြစ် သူက အရှုံးကို

ရင်ဆိုင်ရရက်နှင့် ကြာကြာလေး၏ ဘဝကို ကျေနပ်ပေးလိုက်ပါ

သည်။

"ဘာလဲ ... မင်းက ငါတို့ရဲ့အရိပ်ထဲက လူတစ်ယောက်ရဲ့

အကူအညီမို့ မလိုချင်တာလား"

အောင်စကြာက တစ်ခါက သူ ပြောဖူးသည့်စကား

တစ်ခွန်းကို အမှတ်တရဖြစ်ကာ မေးလိုက်သည်။ ဒက်ထိမှန်သွား

၍ သူက ဘယ်လိုတုံ့ပြန်ရမှန်း မသိ။ တကယ်ပဲ စပ်သူရဟာ

ကြာကြာလေးတို့ရဲ့ အရိပ်ထဲကမို့ စပ်သူရပေးတဲ့ အကူအညီကို

မယူလိုက်တာပဲဖြစ်သည်။

အကယ်၍ စပ်သူရသာ တခြားဘာမှ ကြာကြာလေး

တို့နဲ့ လုံးဝမသက်ဆိုင်ခဲ့လျှင် သူက ဒီအကူအညီကို ဝမ်းသာ

အားရယူမိမှာပဲ။ အဲဒါ အသေအချာပဲ။

သူဖြစ်ချင်တဲ့ ဘဝတစ်ခုကို ရောက်ရမယ့် အခြေ

အနေမျိုးကို ဘယ်လက်လွှတ်ခံလိမ့်မလဲ။

အခုတော့ အကူအညီပေးသူဟာ ကြာကြာလေးရဲ့

ရွေးချယ်သူဖြစ်နေခဲ့မှတော့ ဒီအခွင့်အရေးကြီးကို တမင်ပင် ငြင်း

ပစ်လိုက်ပါသည်။

"ဟော့ကောင် ... ဘယ်လိုလဲကွာ မင်းကလဲ၊ မင်းဘဝ

တိုးတက်ဖို့ပြောနေတဲ့ဟာကို၊ အလကားမာနကြီးနေရပြန်

ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နေကြာ အဲဒါ နင့်အပူပါသလား၊ ဒီလောက်
မရတာ ဘာလို့ဆက်ပြောနေတာလဲ၊ အလကားသက်သ
စကားအဖတ်တင်တယ်"

"ကြာကြာလေး ... ညီမ၊ အဲဒီလို မပြောရဘူးလေကွာ

စပ်သူရက ကြာကြာလေးအစား သူ့ကို အားနာ
ပြုံးပြသည်။ ရီစာနှင့်သက်မာက 'ဟဲ့'ဟု ဟန့်တား၍ ကြာကြာလေ
ကို ဆွဲဆိတ်တာတော့ မြင်လိုက်ပါရဲ့။ အောင်နေကြာနှင့် အော
စကြာက သူတို့အစ်မကလေးအား ဝိုင်း၍ အံကြိတ်ပြကြသည်

ကိုယ့်ကို တစ်သက်လုံး အထင်မကြီးမယ့် မင်းဆီက
ဘယ်လောက်တောင် ရင့်သီးတဲ့စကားတွေ ကြားရဖို့ရှိသေးသလ
ကြာကြာလေး။ ကိုယ်နားထောင်ဖို့ အဆင်သင့်ပဲ။

"ဟန်းစံ ... ကျွန်တော်တို့ကို F.R David ရဲ့ Music တ
ပုဒ်တော့ ဆိုပေးနိုင်မလား"

သူ ဒီသီချင်းကို ဆိုလေ့ရှိမှန်း စပ်သူရ ဘယ်လိုလု
သိသလဲ။ ဟိုးအရင် ခရစ္စမတ်အကြိုညက ဒီသီချင်းကို သူ ကြ
ကြာလေးရှေ့မှာ ဆိုပြဖူးသည်။ အဲဒီနေ့ကို ပြန်တွေးမိတိုင်း သူ
အတွက် ကြာကြာလေးရဲ့ စကားတစ်ခွန်းကို အမှတ်ရစေ တ
လှုပ်ချောက်ချားစေသည်မို့ ထိုနေ့ကို လုံးဝပြန်မတွေးကြည့်ချင်ခဲ့ပါ
အဲဒီညက သူ့ကို နှိမ့်ချလိုက်တဲ့ စကားကြောင့်ပဲ ကြာကြာလေ
ဟာ သူမျှော်လင့်တန်ဖိုးထားသည့်အချစ်ကို ဟားတိုက်ရယ်မေ
မည့်မိန်းမ။ သူ့ရဲ့ယုံကြည်မှုတစ်ရပ်ဖြစ်သော "ဂီတ"ကို အထ
သေးရှုတ်ချမည့် မိန်းမမျိုးဖြစ်ကြောင်း သူ သိရှိလိုက်ခဲ့လေသည်





"ဟန်းစံရဲ့ Music က F.R David ကို မီတယ်လို့ သတင်းရထားတယ်၊ ဘယ်လိုလဲ ကျွန်တော်တို့အတွက် ထပ်ဆိုပေးဖို့ တောင်းဆိုပါတယ်"

"ရပါတယ် ကိုစပ်သူရ၊ အဲဒီ Music ဆိုတဲ့ သီချင်းထဲက အတိုင်းပဲ ကျွန်တော့်ရဲ့စိတ်ဝိညာဉ်ကိုရော၊ နှလုံးသားကိုရော သီချင်းတွေက နူးညံ့သိမ်မွေ့မှုနဲ့ အကြင်နာတွေကို ဖြည့်ဆည်းပေးခဲ့သလို ကျွန်တော့်ရဲ့ အထီးကျန်မှုတွေကိုလည်း သီချင်းတွေနဲ့ပဲ ဖြေသိမ့်လို့ရတာ တကယ်အမှန်ပါပဲ"

"ဟော့ကောင် ဟန်းစံ၊ ဘာတွေ ဖီလင်တက်နေလို့ ဒီလောက် ငိုကာမွဲ့နေတာလဲ၊ မင်းတော့နော်၊ ငါတို့ကို လျှိုမယ်မကြံနဲ့"

အောင်နေကြာနှင့် အောင်စကြာတို့သည် ပျက်ယွင်းသွားသော သူတို့အစ်မကလေး၏ မျက်နှာကို သတိမထားမိဘဲ ရွှတ်တင်နေတော့သည်။ ဘာလို့ မျက်နှာပျက်ရသလဲ ကြာကြာလေးရယ်။ ကိုယ် အမှန်ဆုံးစကားကို ဖွင့်ဟဝန်ခံခဲ့တာပါ။

"**Filled my heart, filled my soul with tenderness Music filled my loneliness**"

ထိုစာသားကလေးအရောက်တွင် သူက ကြာကြာလေးထံ ငေးကြည့်မိသောအခါ တစ်ရံတစ်ခုကို ပြင်းပြင်းထန်ထန်နာကျင်ထိခိုက်နေသည့် မျက်လုံးကလေးများဖြင့် ကြာကြာလေးသည် သူ့ကို ပြန်စိုက်ကြည့်နေခဲ့လေသည်။ အံ့ဩဖို့ကောင်းစွ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အတွက်တော့ အမှတ်တရ ဖြစ်စရာတွေချည်း ရရှိလိုက်တော့တာပဲ။ သူ့ကို အဖက်မတန်သလို ဆက်ဆံသည့် သူ့ရဲ့ကြာကြာလေးက သူ့ကို ပန်းကုံးတွေ ထပ်စွပ်ခြင်းအပြင် ရီဇာနဲ့ သက်မာရဲ့ ခပ်ငြိမ်ငြိမ် အမူအရာများဖြင့် သူနဲ့ ကြာကြာလေးအား အကဲခတ်မှု၊ ကိုစပ်သူရရဲ့ခွင့်လွှတ်နားလည်သောအပြုံးများ။

ကိုယ့်ဘက်ကိုယ်ယက်တွေးကြည့်ရင်တော့ ကြာကြာလေးဟာ ကိုယ့်ကို ချစ်နေမိရက်၊ တမင်ငြင်းဆန်ပစ်ပြီး စပ်သူရကို ရွေးချယ်ခဲ့တယ်လို့ ကိုယ်ယူဆပါရစေ။ ဒါကို သဘောပေါက်တဲ့ စပ်သူရက ကြာကြာလေးကို ချစ်စိတ်နဲ့ ခွင့်လွှတ်နေတယ်။ ရီဇာနဲ့ သက်မာက အကဲခတ်တယ်လို့ပဲ ယူဆချင်သည်။

ကြည့်စမ်း ကိုယ်တစ်ခါမှ မတွေးခဲ့မိပါဘူး။ ကြာကြာလေး ကိုယ့်ကို ချစ်နေခဲ့လိမ့်မယ်လို့ ကိုယ် ကျေနပ်ပါတယ်။ ရင့်သီးတဲ့စကားတွေရဲ့ နောက်ကွယ်မှာ ကြာကြာလေးရဲ့အချစ် ရှိနေတယ်။ နိမ့်ချအထင်သေးတဲ့စကားတွေ ပြောတတ်တဲ့ ကြာကြာလေးဆီက "အချစ်"ကို ကိုယ်ပိုင်ဆိုင်လိုက်ရတယ် ဆိုတာနဲ့တင် ကိုယ် ကျေနပ်တယ် ကြာကြာလေး။

အရာရာကို သူမကြိုက်သလို ဆုံးဖြတ်ရတဲ့ဘဝတစ်ခုမှာ သူမ ပျော်မယ်လို့ သူက မျှော်လင့်ရင်း ဆုတောင်းပေးလိုက်ချင်ပါသေးသည်။

❖ ❣ ❖





ထိုသို့ ကြာကြာလေးနှင့် တစ်ခါတွေ့ဆုံပြီး တစ်လကြာသောအခါ အံ့သြစရာကောင်းသည့် အဖြစ်အပျက်တစ်ခု ထပ်မံဖြစ်ပေါ်လာခဲ့လေသည်။ ထိုအဖြစ်အပျက်ကတော့ သူ့သီချင်းဆိုရာ စားသောက်ဆိုင်တွင် သူ့ကို တစ်ပတ်တိကိုလာလေ့လာ၍ သူ့သီချင်းသံကို နားထောင်လေ့ရှိသော လုပ်ငန်းရှင်ကြီးတစ်ယောက်၏ ဆက်သွယ်မှုပင်။

"ဟန်းစံနဲ့ အန်ကယ်လ်တို့ လုပ်ငန်းကိစ္စလေးတချို့ ဆွေးနွေးစရာရှိတယ်၊ စိတ်ဝင်စားမယ်ဆိုရင်တော့ မနက်ဖြန် ကိုးနာရီကနေ ဆယ့်တစ်နာရီအတွင်း အန်ကယ့်လ်ရုံးခန်းကို လာတွေ့ပါ၊ ရော ... ဒီမှာ လိပ်စာကဒ်"

ဗစ်စစ်တင်းကတ်ဒ်( Vistjng Card)တစ်ခုကို သူ့အားဆးအပ်ကာ ပဟေဠိများစွာဖြစ်စေသူမှာ တကယ်တော့ သူ့ဘဝကို ထပ်မံမြှင့်တင်ပေးမည့် လူတစ်ယောက်ဖြစ်မှန်း နောက်တစ်နေ့မှာ သိခွင့်ရခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်းစံရဲ့အသံကို စပြီး နားထောင်လိုက်ရကတည်းက သဘောကျသွားတယ်၊ အန်ကယ်လ် မင်းကို တစ်ပတ်တိတိ လာလေ့လာတယ်၊ မင်းရဲ့အကြောင်းတချို့ စုံစမ်းတယ်၊ အဲဒါတော့ မင်းသိမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့ စုံစမ်းရသလဲ အန်ကယ်လ်"

"အဓိကစုံစမ်းတာကတော့ မင်းရဲ့စာရိတ္တပိုင်းပဲ၊ မင်းဟာ စာရိတ္တကောင်းတာ၊ မိဘကို လုပ်ကျွေးနေတာ၊ နောက်ပြီး မိန်းမကိစ္စမပွေဘူး၊ အဲဒါတွေအပြင် အန်ကယ်လ်အလိုချင်ဆုံးသတင်းတစ်ခုလည်း ရခဲ့သေးတယ်"

"ဘာများလဲ အန်ကယ်လ်"

"မင်းက မူးယစ်ဆေးဝါးလည်း မသုံးဘူး ဆိုတာပဲပေါ့၊ အန်ကယ်လ်သိချင်တဲ့ အဓိအကြောင်းအရာက မူးယစ်ဆေးဝါး မသုံးစွဲဖို့ပဲ၊ မင်း ဆေးမသုံးဘူးဆိုတာလည်းသိရော အန်ကယ်လ် ချက်ချင်းကို ဆုံးဖြတ်ချက်ချလိုက်တော့တာပဲ"

ရင်တထိတ်ထိတ်ဖြင့် ဘာတွေများပြောမှာပါလိမ့် ဟု နားစွင့်မိ၏။ စကားအသွားအလာအရ တစ်ခုခုကို သဘောပေါက်သလိုတော့ ရှိသားပင်။ လေအေးစက် ခန်းလုံးပြည့်တပ်ထားသည့် ခန့်ညားကြီးကျယ်သော ရုံးခန်းကြီးအတွင်း၌ သူသည် စိတ်လှုပ်ရှားရလွန်း၍ ချွေးအနည်းငယ်ဖြင့် စို့လာရတော့သည်။





"အန်ကယ်လ်နဲ့ မင်း လုပ်ငန်းတစ်ခု စပ်တူလုပ်ကြမယ် ဟန်းစံ၊ ငွေအရင်းအနှီးအတွက် အန်ကယ်လ်က စိုက်ထုတ်မယ်၊ မင်းဘက်ကပေးရမယ့် အရင်းအနှီးကတော့ မင်းရဲ့အသံ"

"ခင်ဗျာ"

သူက ယောင်၍အာမေဋိတ်သံပြုတော့ ဦးကျော်သိုက်ဟု အမည်သိပြီးထားသည့် ထိုအန်ကယ်လ်က ပြုံး၏။ ဘုရားသခင် သူ့အခါခါ မက်ခဲ့ရတဲ့ အိပ်မက်တစ်ခုရဲ့ စတင်အကောင်အထည် ဖော်ခြင်းပါပဲလား။

"မင်းကို အန်ကယ်လ် စီးရီးသုံးခွေတိတိ ထုတ်ပေးမယ်၊ လုံးဝကို အောင်မြင်သွားစေရမယ် ဆိုတာတော့ စိတ်ချပါ၊ အန်ကယ်လ် ထင်တယ်၊ မင်းဟာ တစ်ခွေတည်းနဲ့တောင် ပေါက်သွားနိုင်တဲ့အထိ မှန်းထားတယ်၊ အောင်မြင်သွားလို့ကတော့ အကျိုးခံစားခွင့်တွေကို ပေးမှာပါ။ မင်းဘက်က လုပ်ပေးရမယ့်အပိုင်းက မလျှော့တဲ့ဇွဲနပဲနဲ့ ကြိုးစားပေးဖို့ တစ်ခုတည်းပဲ။ ကျန်တာအားလုံး အန်ကယ်လ်တို့ရဲ့အပိုင်းလို့ သဘောထား"

"အန်ကယ်လ် ပြောနေတာတွေ တကယ်လား ခင်ဗျာ၊ နောက်ပြီး ဒီလောက် မှိုလိုပေါ်နေတဲ့ စားသောက်ဆိုင် အဆိုတော်ကြားထဲကမှ ဘာဖြစ်လို့ ကျွန်တော့်ကို ရွေးထုတ်ခဲ့တာလဲ။ အန်ကယ့်လ်ကို တစ်စုံတစ်ယောက်ကများ တိုက်တွန်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် တစ်လလောက်က ပြောခဲ့ဖူးသည့် စပ်သူရ၏ စကားတချို့ကို ပြန်သတိရလိုက်၍ သံသယတချို့ဖြင့် မေးမိ၏။

အင်း ... မေးရတာ အားတော့ အားနာသားပင်။ သို့သော် ဟန်းစံသည် ပဒုမ္မာကြာဟူသည့် မိန်းမတစ်ယောက်၏ အရိပ်နှင့် မလွတ်မှာကိုတော့ စိုးရိမ်လွန်းလှ၍ ဤသို့အားနာနာဖြင့် မေးရခြင်းတည်း။

"ဘာသဘောနဲ့ မေးတာလဲ ဟန်းစံ"

"ဆောရီး အန်ကယ်လ်၊ ကျွန်တော့်ကို ရိုင်းတယ်မထင်ပါနဲ့၊ ကျွန်တော်ကလည်း ကျွန်တော့်ခံယူချက်နဲ့ ကျွန်တော်မို့ မေးရတာပါ၊ ကျွန်တော် စိုးရိမ်တဲ့အရိပ်တစ်ခုရဲ့အောက်ကို ဝင်ရတာမျိုး ဖြစ်နေမှာစိုးလို့"

အန်ကယ်လ်ဦးကျော်သိုက်က ဘာကိုသဘောကျသည်မသိ။ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"အန်ကယ်လ်ကတော့ နိုင်ငံခြားက ပြန်ရောက်ရောက်ခြင်း အပန်းဖြေတဲ့အနေနဲ့ ညဘက်တွေမှာ စားသောက်ဆိုင်တွေ လျှောက်စားရင်း၊ သီချင်းလိုက်နားထောင်ရင်း မတော်တဆ မင်းကိုလည်းတွေ့ရော သဘောကျပြီး ဒီအကြံအစည် ရသွားခဲ့တာတော့ အမှန်ပဲ၊ ယုံတာ မယုံတာ မင်းအပိုင်းပေါ့ ဟန်းစံ"





"ဟင် ... ဒါဆို အန်ကယ်လ်အနေနဲ့ ဒီလောကကို မကျွမ်းကျင်သေးပဲ ဝင်မယ့်သဘောလား"

"ဟုတ်တယ်၊ အန်ကယ်လ်ဆီမှာရှိနေတဲ့ ငွေအရင်းအနှီးတွေထဲက တချို့ကို စီးရီးလောကထဲဝင်ဖို့ သုံးမလို့ ဆုံးဖြတ်လိုက်ပြီးပြီ၊ အန်ကယ်လ်က သီချင်းသာ မဆိုတတ်တာ။ သီချင်းတွေကို သိပ်ကြိုက်တယ်၊ ဒီတော့ နာမည်မရသေးတဲ့ အဆိုရှင်ကလေးတွေကို စင်တင်ပေးပြီး သူတို့ အောင်မြင်သွားလို့ ခံစားရတဲ့ ကြည်နူးမှုမျိုး၊ အန်ကယ်လ် လုပ်ပေးလို့ ဒီလိုဖြစ်သွားရပါလားဆိုတဲ့ ကြည်နူးမှုမျိုးရချင်တဲ့စိတ်နဲ့ ကုမ္ပဏီတစ်ခုကို ဖွင့်ဖို့အထိ ရည်ရွယ်လိုက်တာ၊ မင်း အောင်မြင်သွားခဲ့ရင် နောက်တစ်ယောက် ... နောက်ထပ်အသစ်တွေကိုလည်း ဒီလိုပဲလိုက်ရှာပြီး လုပ်ပေးမှာပဲ၊ အဲဒါလည်း မင်းတို့ဂီတကို ခရေဇီး (Crazy)ဖြစ်သလို အန်ကယ်လ်ရဲ့ခရေဇီးတစ်မျိုးပဲပေါ့ ဟန်းစံ"

အဖြစ်အပျက်တွေဟာ ဟန်းစံ၏ဘဝတွင် မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ပင် ပြောင်းလဲလာခဲ့တော့သည်။ သီချင်းတွေကို ရူးသွပ်သော ဟန်းစံနှင့် မိမိကိုယ်တိုင် စင်တင်ပေး၍ အောင်မြင်သွားသည့် အဆိုတော်များအား ပီတိဖြင့် ကျေနပ်ချင်နေသည့် ဦးကျော်သိုက်တို့သည် ယိုနေ့မှာပင် စာချုပ်တွေ၊ ဝန်ခံကတိတွေ အပြန်အလှန်ပြုကြလျက်။ သက်သေတွေ၊ ရှေ့နေတွေ တသီကြီး ချက်ချင်းခေါ်ယူကြလျက် နှစ်ဦးသဘောတူ လုပ်ငန်းတစ်ခုကို စတင်အစပျိုးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ ဟန်းစံဟာ တစ်ခွေတည်းနဲ့ ပေါက်သွားရင် ပေါက်သွားတဲ့အလျှောက် ရာခိုင်နှုန်းနဲ့ ငွေကြေးအကျိုး အမြတ် ခံစားခွင့်ရတယ်ဆိုတာကိုလည်း အန်ကယ်လ် စာချုပ်ထဲ ရေးထည့်ထားတယ်၊ သေသေချာချာ ဖတ်ကြည့် ဦး၊ ကျေနပ်ရဲ့လား"

ဘုရား ... ဘုရား။ သူ့တစ်သက်မှာ တစ်ခါမှ မမျှော်မှန်းဖူးသည့် ငွေကြေးပမာဏ အကျိုးအမြတ်၏ ရာခိုင်နှုန်း တွက်ချက်မှုတွေ။ အကယ်၍ တစ်ခွေတည်းနဲ့သာ ပေါက်သွား ကြည့်။ သူဟာ သိန်းပေါင်းများစွာ ချမ်းသာသည့်ဘဝသို့ပင် ရောက်သွားနိုင်မည့် အခွေရောင်းရမှုအပေါ် ရရှိမည့် သူ့ရဲ့ခံစား ခွင့်တွေ ဦးကျော်သိုက်၏ ရုံးခန်းမှ အပြန်လမ်းတွင် သူ့ခြေထောက် တွေသည် မြေကြီးနဲ့ပင် မထိတော့သလို သူ့ခန္ဓာကိုယ်တစ်ခုလုံး လေထဲမှာပဲ လွင့်နေသလိုလို။ စိတ်နဲ့ခန္ဓာက ကင်းကွာနေလွန်း၍ ကားတိုက်မလိုဖြစ်တာလည်း ခဏ ခဏ။

အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်းပင်မသိ။ အရင် ဆုံး မေမေ့ကို ဝမ်းသာအားရ ပြောပြမိသည်။

"မိဘကို လုပ်ကျွေးနေတဲ့ သားမို့ ဘုရားသခင်က ကြည့်ရှု စောင့်ရှောက်တာပဲပေါ့၊ မေမေ ယုံကြည်တယ်၊ မေမေ့သား ဟာ အောင်မြင်တဲ့ အဆိုတော်ကြီး ဖြစ်ကိုဖြစ်ဦးမှာ"

မေမေသည် သူ့ကိုဖက်နမ်း၍ ငိုလည်းငိုသေးသည်။ ဖေဖေက သူ ပြောပြသမျှတွေကို ဗလုံးဗထွေး ဖြစ်နေသော ဖေဖေ့အသံကြီးဖြင့် လှိုက်လှိုက်လှဲလှဲ တုံ့ပြန်၏။



"ဖေဖေ့လို အရက်ရဲ့ကျေးကျွန် ဖြစ်မသွားမိစေဖို့တော့ ဂရုစိုက် သားရေ၊ အခုဆို အရက်က ဖေဖေ့ကို ပြန်ပြီး ဒဏ်ခတ်တာ ဖေဖေခံနေရတာသာကြည့်"

ဟူ၍လည်း ဆုံးမပါသည်။

သူတို့မိသားစု ဒီလိုပျော်ရွှင်ရခြင်းအား အပျော်တွေ မျှဝေခံစားစေချင်သည့် သူ့ရဲ့အမြွှာညီအစ်ကိုလေးနှစ်ယောက်ကို လည်း သတိရလိုက်မိသေးသည်။ ပြီးတော့ ကြာကြာလေးပဲပေါ့။ ကြာကြာလေး သိရင်ရော "အဲဒါ ရှင့်ဘဝ တစ်ခုလုံးအတွက် အာမခံချက် ပေးနိုင်သလား"ဟု ပြန်ပြီးခနဲ့မှာ မြင်ယောင်သေး။ ကြာကြာလေးရဲ့ဘဝမှာ ပညာအဆင့်အတန်းကလွဲရင် ဘာတစ်ခုမှ အသုံးကျသည့်အရာဟု မြင်ပုံမရ။

ညနေစောင်းတော့ ထုံးစံအတိုင်း သူသီချင်းဆိုရာ ဘားသောက်ဆိုင်ဆီ အလာမှာ အမြွှာညီအစ်ကိုနှင့် လမ်းထိပ်မှာ ဆုံရလေသည်။

"ကားပေါ်တက် ဟန်းစံ၊ ငါတို့ မင်းဆီ အချိန်မီလာတာ တော်ပါသေးရဲ့၊ မင်းများ ထွက်သွားပြီလားလို့"

"ဘာလုပ်မလို့လဲကွ"

"ဒီနေ့ ... ငါတို့သူငယ်ချင်းတွေနဲ့ မင်းဆိုင်မှာ လာစားကြ ဖို့ ချိန်းထားတာနဲ့ မင်းကို တစ်ခါတည်း ဝင်ခေါ်ပြီးသွား ကြမလို့ ငါတို့နှစ်ယောက် တိုင်ပင်ပြီး မင်းဆီလာတာ၊ ကဲပါ တက်ပါကွာ၊ ငါတို့သူငယ်ချင်းတွေနဲ့က ဒီအခါ

www.burmeseclassic.com



ချိန်းထားတာတော့ မဟုတ်ဘူး၊ မင်းကိုတွေ့ချင်တာ စောစောထွက်လာတာ မင်းကို ငါတို့မေးစရာရှိလို့ ဟဲ ဟဲ”

မြိုင်ကားပုံ ကားနီနီကလေးအတွင်းသို့ စိတ်မသက် သာစွာ ဝင်ထိုင်လိုက်ရပါသည်။ မှန်တာပြောရရင် အောင်စကြာ နဲ့ အောင်နေကြာတို့ရဲ့ကားအဖြစ် သူတို့မိဘက ဝယ်ပေးထားတာ မို့ သူက ဒီကားကို စီးလည်းမစီးချင်။ ကြာကြာလေးရဲ့စည်းစိမ် ချမ်းသာတစ်ခုဟုလည်း မြင်ယောင်သေး၏။ ဒါဟာ ကိုယ့်ရဲ့စိတ္တ တစ်ခုပဲပေါ့ ကြာကြာလေး။

“မင်းတို့ကို ငါ ပြောစရာတွေ အများကြီးပဲ”

လတ်တလောမှာ ပြောင်းလဲသွားသည့် သူ့ရဲ့ဘဝ တစ်ဆစ်ချိုးအား သူ့ကို ဖြူစင်စွာ ခင်လွန်းသည့် အမြွှာညီအစ်ကို အား ပြောပြလိုက်သည်။

“ငါတို့အရမ်းဝမ်းသာတာပဲ၊ တကယ် တကယ် သိလား ဟန်းစံ၊ မင်းကို ကိုကြီးစပ်သူရ ပြောကတည်းက ငါတို့ က လက်ခံစေချင်တာ၊ မင်းက ကြာကြာလေး စကားတွေ ကိုနာပြီး တမင်ငြင်းပစ်မှန်းသိလို့ ငါတို့က မတိုက်တွန်းပါ ဘူး၊ ဒီတစ်ခါတော့ တိုက်တွန်းတယ်ကွာ၊ မင်းကို ငါတို့က ဖြစ်စေချင်တာ ကြာလှပြီ။ ကျေးဇူးရှင် ပုဂ္ဂိုလ်ကြီးကို ငါ တို့လည်း တွေ့ချင်သေးတယ်၊ မင်း စီးရီးစသွင်းရင် ငါ တို့ကိုပါ ခေါ်ဦးနော်”





အောင်နေကြာက သူ့လက်ကို ဆွဲကိုင်လှုပ်ယမ်း လျက် အားတက်သရော ပြောလေသည်။ အောင်စကြာက ကား မောင်းရင်းမှ ...

“ကြည့်စမ်း ... လောကမှာ ငါတို့လောက် ကံကောင်းတဲ့လူ ရှိဦးမလား။ မကြာခင်မှာ နာမည်ကြီး အဆိုတော်ကြီးတစ် ယောက် ဖြစ်လာမယ့် ဟန်းစံနဲ့ ငါတို့ဟာ အချစ်ဆုံး သူငယ်ချင်းတွေပါလို့ ကြွားလို့ရအောင် ကံကောင်းတာပဲ ကွ”

ဟု ကြိုတင်စိတ်ကူးတွေယဉ်လျက် သူ့ရဲ့အပျော်တွေ ကို ဝေမျှခံစားကြတတ်သူများပင်။

စားသောက်ဆိုင်ကို ရောက်တော့ သူ့ကိုပေးထား သည့် အဝတ်လဲတဲ့ အခန်းထဲကို ဝင်လိုက်လာကြသော အမြွှာ ညီအစ်ကိုတို့သည် ...

“ငါတို့ မင်းကို မေးစရာရှိတယ်”

ဟု စတင်၍ ရယ်ကျဲကျဲ မျက်နှာပေးများဖြင့်။ ဘာ များပါလိမ့်။ ဒီကောင်တွေပုံစံက မရိုးသားဘူးလို့ သူက အကဲခတ် မိ၏။ အမှန်မှာတော့ ဒီညီအစ်ကိုက သူ့ကို မျက်နှာပူစေမည့် အဖြစ်မျိုး ဖန်တီးချင်မှန်း မကြာခင် သိခွင့်ရလိုက်ပါသည်။

“မင်း မှန်မှန်ဖြေနော် ဟန်းစံ။ မင်း ငါတို့အစ်မ ကြာကြာ လေးကို သဘောကျနေတယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက်ကျလွန်းသည့် မေးခွန်းကို မေးရဲသည့် အမြွာများပင်တည်း။ ဒီကောင်တွေ ဘယ်လိုများ ရိပ်မိသွားပါလိမ့်။

"ငြိမ်မနေနဲ့ ဟော့ကောင်၊ ငါတို့ မရိဇာနဲ့ မသက်မာကို အတင်းဝိုင်'မေးလာတာ၊ မနှစ်က ခရစ္စမတ်အကြိုညမှာ မင်းက မရိဇာတို့ခြံမှာ သီချင်းတွေသွားဆိုရင်း ကြာကြာလေးနဲ့ ပငြိပက္ခ ဖြစ်သွားတယ်ဆို၊ အဲဒီတည်းက ကြာကြာလေးရဲ့ အရိပ်ကို မခိုဘူးတွေ ဖြစ်လာတယ်၊ ကြည့်စမ်း ... ငါတို့ တော်တော်တုံးတဲ့ကောင်တွေပဲ၊ ကိုယ့်သူငယ်ချင်းအရင်းကြီး တစ်ယောက်လုံးက အစ်မကို ကျိတ်ကြိုက်နေတာ ကျိတ်ဆွေးနေတာ လုံးဝမရိပ်မိဘူး၊ ငါတို့ ထင်တာက တခြားကောင်မလေး၊ တကယ့် တကယ်ကျတော့ ကိုယ့်အစ်မအရင်းကြီးပါလား၊ ဟား ဟား ... ရယ်စရာကြီးကွ"

"မင်းတို့ ငါ့ကို စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး၊ ဘာစိတ်ဆိုးစရာရှိလဲ။ အစ်မတစ်ယောက်ရှိမှတော့ အပိုးခံရတာ မဆန်းပါဘူး။ မင်းကွာ အစတည်းက ပြောပါလား။ ငါတို့မှာ တစ်နေ့ တစ်နေ့ မင်းကြွေနေတဲ့ ကောင်မလေး ဘယ်သူများ ဖြစ်မလဲ ဖြစ်မလဲနဲ့ ခေါင်းချင်းကို ဆိုင်နေရတာများပြီ။ အံမယ် ... မင်းနဲ့သိပ်တွဲတဲ့ နန်းနန်းတောင် ထင်လိုက်သေး"

"နန်းနန်းနဲ့က ဘဝတူတွေမို့ ခင်ကြတာပါ၊ ငါ သူ့ကို လုံးဝစိတ်မဝင်စားပါဘူး"





"အေးပါ ... အေးပါ၊ မင်း စိတ်ဝင်စားတာ ငါတို့အစ်မပါ၊ ယုံပါတယ် ယောက်ဖရယ်။ ငါတို့ရဲ့ကြာကြာလေးကိုပဲ မင်းချစ်နေတာ ယုံပါတယ်"

ကြည့်စမ်း ... ဘယ်လောက် အံ့ဩစရာကောင်းလိုက်သလဲ။ ကြာကြာလေးက သူ့ဆီက အချစ်ဆိုတာကို ဆတ်ဆတ်ခါနာလျက် အဆင့်အတန်း ခွဲခြားမြင်ခဲ့သလောက် သူမရဲ့မောင်နှစ်ယောက်ကတော့ တစ်ဘာသာကွဲထွက်လျက်။

ကြာကြာလေးက သူ့ကို ချစ်နေခဲ့ပြီမှန်း သူမ၏ အမူအရာတွေကို အဓိပ္ပာယ်ဖော်လို့ ရခဲ့တာတောင် သူမသည် သူနဲ့သူမကြားမှာ အဆင့်အတန်းဆိုသည့် တံတိုင်းကြီးကို တမင်ကာဆီးလျက် အချစ်ကို မြေမြှုပ်ထားခဲ့သူတည်း။ ကြာကြာလေးက အချစ်ကို သူမ ရှုးသွပ်ခံမင်သည့် ပညာအဆင့်အတန်းနှင့် လဲပစ်လောက်သည်အထိ အချစ်ကို တန်ဖိုးမထားခဲ့သူတည်း။

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၈

ပဒုမ္မာကြာသည် ဒုတိယနှစ်ဆေးကျောင်းသူဘဝ
စာမေးပွဲများနှင့် လုံးထွေးစိတ်ညစ်နေရသည့်ကြားက သူမ၏လုပ်
ငန်းတာဝန်တစ်ရပ်ကိုတော့ ဘယ်တော့မှ မပျက်ကွက်ချေ။ အဲဒါ
ကတော့ ဟန်းစံ၏စီးရီးကိစ္စ အခြေအနေအား ကိုကြီးစပ်သူရ
မိတ်ဆွေ လုပ်ငန်းရှင်ကြီးထံမှ မကြာခဏ သတင်းမေးရခြင်းပင်
ဖြစ်ပါသည်။

"အန်ကယ်လ် ... နောက်ပြီးတော့ သူ့စီးရီးအတွက် ကုန်
ကျစရိတ်ကို အန်ကယ်လ် ထုတ်တာပါဆိုတာကို သူ့အမြ
တမ်းယုံဖို့လည်း စကားကို သတိထားပြီး ပြောပေးပါနော်
ကိုကြီးစပ်သူရရဲ့ငွေတွေဆိုတာ သူ မသိပါစေနဲ့၊ ကျွန်မ
ဆရာလုပ်တာ မဟုတ်ပါဘူး အန်ကယ်လ်၊ သူက ကျွန်မ
တို့ရဲ့အရိပ် ဆိုတာကြီးကို သိပ်ရှောင်တဲ့လူမျိုးမို့ပါ"

ဟူ၍လည်း အမြဲမမေ့မလျော့ သတိပေးတတ်စမြဲ





"နင်တို့နော် ပါးစပ်က ယောင်လို့တောင် မထွက်မိစေနဲ့၊ တော်ကြာ စီးရီးက သွင်းနေဆဲ တန်းလန်းကြီး ချက်ချင်း ရပ်ပစ်ချင် ရပ်ပစ်မယ်၊ နင်တို့ရဲ့ ဟန်းစံကြောင့် ကိုကြီးရဲ့ ငွေတွေ ဆုံးရှုံးသွားရင် မကောင်းဘူး၊ ဒီကိစ္စက ငါတို့ မောင်နှမသုံးယောက်စလုံး ပါးစပ်ဆော့မိလို့ ကိုကြီးက ဝင်ပါမိတဲ့ကိစ္စ"

ဟု အမြွာမောင်ကလေးတွေကိုလည်း သူတို့ရဲ့မှင် မသေမှုကြောင့် အမြဲဆူပူသတိပေးရစမြဲ။

ဒီလို ဟန်းစံကို ငွေစိုက်ထုတ်ပြီး စီးရီးထုတ်ဖို့ တစ်ဖက်လှည့်နဲ့ လုပ်ပေးမိတာကို ရှိဇာနဲ့ သက်မာက ဘာသဘော နဲ့လုပ်သလဲဟုတော့ မေးခဲ့ပါသည်။ ပဒုမ္မာကြာကတော့ ...

"ဟန်းစံရဲ့ဘဝကို ဒီလိုပင်ပင်ပန်းပန်း သီချင်းဆိုပြီး ငွေ ကလေး မဖြစ်စလောက်ရတဲ့ဘဝနဲ့ မပြီးဆုံးသွားစေချင်ဘူး။ သူဟာ ပါရမီရှိတဲ့ လူတစ်ယောက်၊ နောက်ပြီး မိဘတွေ ကိုလည်း လုပ်ကျွေးနေရတဲ့ လူတစ်ယောက်မို့ ငါက တစ် ဖက်တစ်လမ်းက ကူညီတာပါ။ နောက်ပြီး ကိုကြီးကလည်း သူ့ကိုသဘောကျတယ်။ ကိုကြီး စီးပွားရေးလုပ်ငန်းတွေ ကိုဆို ဘယ်စီးပွားရေးဖြစ်ဖြစ် စိတ်ဝင်စားတဲ့လူဆိုတော့ သူက ဒီတစ်ခါ ရင်းနှီးမြှုပ်နှံမှုကို စီးရီးလောကမှာ မြှုပ်နှံ ဖို့ အကြံအစည်ရှိတာနဲ့ တိုက်ဆိုင်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ တော်ရုံစေတနာနဲ့တော့ မဖြစ်နိုင်ဘူး၊ နင်တစ်ရှ
ကို အခုထိ လျှို့ဝှက်ထားတုန်းပဲ၊ ငါတို့ကို အရင်တစ်
လည်း ဖုံးကွယ်ပြီး ဖြေခဲ့တယ်၊ အခုထိလည်း ဖုံးကွယ်တုန်း"
"ဘာမှ မဖုံးကွယ်ပါဘူး၊ အားလုံး အမှန်အတိုင်းပဲ"

ဟု ငြင်းမြဲ ငြင်းဆဲ။

သူတို့လိုချင်တဲ့ အဖြေက ဘာလဲ။ ကြာကြာလေး
ဟန်းစံကို ချစ်လို့ပါဟူသော အဖြေကလွဲလို့ ဘာအဖြေများလိုချင်
တာရှိဦးမလဲ။ သို့သော် ပဒုမ္မာကြာက ဘယ်တော့မှ ဝန်ခံလိမ့်
မည်မဟုတ်။

ဘာလိုသလဲနော်၊ ကိုယ်လက်မတွဲနိုင်တဲ့ လူတစ်
ယောက်ကို "ချစ်တယ်"လို့ အများရှေ့မှာ ဘာလို့ ကြေညာစရာ
လိုသလဲ။ အလကား အပိုအလုပ်တွေ။ ဟန်းစံကို ချစ်မိခြင်း
အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင်ဆဲ ဖြစ်သော်လည်း
သူ့ဘဝကို အောင်မြင်စေချင်သည့် စိတ်ဆန္ဒဖြင့် သူမ လုပ်ပေးခဲ့
သမျှတွေကိုတော့ နောင်တမရချင်သေးပေ။

ကိုကြီးစပ်သူရကတော့ အနည်းငယ်ရိပ်မိဟန် ...

"လောကမှာ အချစ်တစ်ခုတည်း ရှေ့တန်းတင်ပြီး ဆုံးဖြတ်
ရင် အမှားတွေ့တတ်တာတွေလည်း ရှိသလို၊ အချစ်ကို
မေ့ထားပြီး ဆုံးဖြတ်ရင်လည်း မှားတတ်တာပဲ၊ အဲဒီလောက်
ဆို ငါ့ညီမ နားလည်မယ် ထင်ပါရဲ့"

ဆုံးမတတ်ခြင်းတော့ ရှိပါသည်။



အမှန်တော့ ဟန်းစံ အထင်လွဲသည့် ကိုကြီးစပ်သူရ
ဟာ သူမနဲ့ဆို တကယ့်ကို မောင်နှမရင်းချာတွေလို ခင်မင်သည့်
သူတွေ။ ကိုကြီးရဲ့ချစ်သူဆိုတာကိုလည်း ကြာကြာလေးသိထား
ပြီး ကြာကြာလေး ဟန်းစံ အပေါ် ဘယ်လိုသဘောထားတွေ ရှိ
နေသလဲ ဆိုတာကို ကိုကြီး မသိမဟုတ် သိသိကြီးနှင့် မသိဟန်
ဆောင်လျက် ...

"ဟန်းစံကို စီးရီးထုတ်ပေးမယ့် အစီအစဉ်ကို ကိုကြီး
တခြားတစ်ဖက်လှည့်နဲ့ ကြိုးစားပေးနိုင်မလား"

ဟူသော ပဒုမ္မာကြာ၏ တောင်းဆိုချက်အား ညီမ
အလိုကိုလိုက်သော အစ်ကိုကြီးတစ်ယောက်ပမာ လိုက်လံဖြည့်
ဆည်းပေးခဲ့တာပဲ ဖြစ်သည်။

"ကြာကြာလေး ... နင်က ဟန်းစံကို ကြည့်မရဘူး၊ အမြင်
ကတ်တယ်လည်း ဆိုသေး၊ ဘာလို့ သူ့အတွက် ဒီလောက်
တောင် လုပ်ပေးနေရတာလဲ"

"ငါ့ဘာသာ ဘာလုပ်လုပ်"

အစ်မပီပီ အနိုင်ပိုင်းကာ မောင်ကလေးတွေကို
ခေါက်ငမ်း၊ ဖရိုဖရဲ အမှုအရာများကို ပြင်ဆင်။

"*တော်ကြာ ဟန်းစံ နာမည်ကြီးအဆိုတော် ဖြစ်သွားရင်*
ကောင်မလေးတွေ ဝိုင်းနေတော့မှာကွ၊ အဲဒီကျရင် ဒီကောင်
တော့ တစ်ယောက်ယောက်နဲ့ငြိမှာ မြင်ယောင်သေးရဲ့။
ဒီကောင့်ရုပ်က ရေလည်ဖြောင့်တာ။ ငါတို့အရပ် ငါးပ

www.burmeseclassic.com

www.burmeseclassic.com



ဆယ်လက်မတောင် သူ့ကို နည်းနည်းမော့ကြည့်နေရတာ သာကြည့်၊ ကောင်မလေးတွေက အရပ်မြင့်ပြီး စတိုင်လ် မိရင် သဘောကျတတ်သလို ဂစ်တာတီးပြီး သီချင်းဆို ကောင်းရင်လည်း သဘောကျကြသတဲ့။ အခုဆို ဒီကောင်က အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံရုံတင်မက နာမည်ကြီး အဆိုတော်လည်း ဖြစ်ဦးမှာဆိုတော့ သေချာတယ် ... သေချာတယ်၊ ဒီကောင်တော့ ရေရေလည်လည်း စွံဦးမှာ သေချာတယ်"

မောင်ကလေးတွေ၏ တမင်ကြားအောင် ပြောနေသည့် စကားလား။ သူတို့ဘာသာပြောသည့် စကားလားတော့ မသိ၊ မကြာခဏ ထိုစကားတွေ ကြားရတိုင်း သဝန်တိုတတ်ခြင်း ဆိုသည့် အချစ်ရဲ့သင်္ကေတကိုလည်း ပဒုမ္မာကြာက ယဉ်ပါးတတ်လာသတဲ့။

ဒုတိယနှစ်ဆေးကျောင်းတက်ပြီး နှစ်တစ်ဝက်ကျိုး စဉ်တွင် ဟန်းစံ၏ စီးရီး ထွက်ခဲ့လေသည်။ တီဗီမှာ စပြီးကြော်ငြာ ကတည်းက ဟန်းစံ၏ စတိုင်လ်ခပ်မိုမိုသဏ္ဍာန်ကို သတိထားမိသူ အမျိုးသမီးများရဲ့အသံကိုလည်း သဝန်တိုရ။

"တီဗီမှာ အဆိုတော်သစ်တစ်ယောက်ရဲ့ စီးရီးကြော်ငြာ ညကလာတယ် တွေ့လိုက်လား၊ အရမ်းမိုက်တာပဲ၊ ငါတော့ သီချင်းကောင်းကောင်း၊ မကောင်းကောင်း အခွေကိုဝယ် ဖြစ်အောင် ဝယ်လိုက်မယ်"





ဟု အတန်းထဲမှာ ပြောသံတွေကို နားစွင့်ရ။ ဟန်းစံ၏စီးရီးကို တာဝန်ယူ ထုတ်လုပ်ပေးသည့် ဦးကျော်သိုက်ကလည်း စီးပွားရေးအကွက် မြင်လေသည်။ ဘာဖြစ်လို့လဲဆိုတော့ လူစိတ် ဝင်စားအောင် အခွေကို ချက်ချင်းမလွှတ်သေးဘဲ တီဗီကြော်ငြာ ဘစ်ပတ်တိတိပြီးသည့်နေ့မှ ထွက်စေသည်။ ထွက်မည့်နေ့ကို ကြိုတင်ကြေငြာထား၍ အခွေမထွက်ခင် ညမှာတော့ ပဒုမ္မာကြာ သည် ဟန်းစံ၏စီးရီးအတွက် ကျိတ်၍ ဆုတောင်းပေးရပါသည်။ နောက်တစ်နေ့၏ မနက်တွင် ခန္ဓာဗေဒစာမေးပွဲ ရှိတာတောင် စာမေးပွဲအတွက် ဆုမတောင်းခဲ့မိချေ။ ဘယ်လောက်ပြောင်းလဲနေ တဲ့ ကြာကြာလေးလည်းဆိုတာ။ (ကြာကြာလေးက ဟန်းစံကို အဲဒီလောက်ထိ လူမသိအောင် ကျိတ်ချစ်ခဲ့တာ ဟန်းစံ ယုံပါ့ မလား။)

ဟန်းစံ၏စီးရီးထွက်မည့်အချိန်တွင် ကြာကြာလေး သည် ခန္ဓာဗေဒစာမေးပွဲကို ဖြေနေရင်းက ဒီအချိန်မှာ ဟန်းစံရဲ့ စီးရီး ထွက်နေပြီဟု သတိရတဲ့အထိ။ ရေးဖြေအပြီး နှုတ်ဖြေစာမေး ပွဲတွင် ဖန်ပြားဆလိုက်များကို မိုက်ခရိုစကုပ်တွင် ကြည့်ရင်း၊ လူရိုးတွေကို ဆရာမရှေ့မှာ နှုတ်ဖြေ ဖြေဆိုရင်း၊ ဆေးစိမ်အလောင်း ဓါးနံဘေးတွင်ရပ်၍ ဆရာမရှေ့မှာ နှုတ်ဖြေ ဖြေဆိုရင်း အို ... အချိန်တိုင်းပါပဲ ဟန်းစံဆီကို စိတ်ကတစ်ချက်တစ်ချက် ပျံ့လွင့် ဘတ်လွန်းနေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံသာ တစ်ခွေတည်းနဲ့ အောင်မြင်သွားလို့က တော့ ရသမျှ အမြတ်တွေကို ရာခိုင်နှုန်းအလိုက် ခံစားခွင့်ရမှာ ချက်ချင်း သူဌေးဖြစ်သွားမှာ၊ နောက်ထပ်အခွေတွေမှာဆို ဟန်းစံ ဟာ ဒီထက်မက ခံစားခွင့်တွေ ထပ်ရဦးမှာ။ ဒါတွေအကုန်လုံး ကိုကြီးစပ်သူရနဲ့ ဦးကျော်သိုက် တိုင်ပင်ထားကြတာမို့ ပဒုမ္မာကြာ သည် ဟန်းစံ၏စီးရီးထွက်သည့်နေ့အား ဟန်းစံထက်ပင် စိတ် လှုပ်ရှားရတော့သည်။

"ကြာကြာလေး ပြန်လာပြီ၊ စာမေးပွဲ ဖြေနိုင်ရဲ့လား"

အိမ်ပြန်ရောက်ရောက်ချင်း မမေးစမ္ပူးမေးသည့် အောင်နေကြာကြောင့် သူမက အနည်းငယ်ဒေါသဖြစ်ချင်ခဲ့လေ သည်။ မသိတတ်လိုက်တာ၊ တကယ်ဆို ဟန်းစံရဲ့အခွေ ငါတို့ ဝယ်လာပြီဆိုတာပဲဖြစ်ဖြစ်၊ အမောပြေပြောဖို့ သင့်တယ်ဆိုတာ သူတို့ နားမလည်ဘူးဟူ၍ စိတ်တိုချင်သတဲ့။ မေးရမှာလည်း ကိုယ့်ကိုယ်ကိုယ် မလုံသဖြင့် မမေးရဲပြန်နှင့် စိတ်ရှုပ်ထွေးရသူမှာ ပဒုမ္မာကြာပဲ ဖြစ်လေသည်။

သို့သော် မကြာခင်မှာပဲ သူမ အလွန်ကြားချင်နေ သည့် ဟန်းစံ၏အသံကို ကြားခွင့်ရခဲ့ပါသည်။ စာမေးပွဲဖြေပြီး ပြန်လာတိုင်း အိပ်နေကျ ပဒုမ္မာကြာသည် ထိုတစ်နေ့တော့ အိပ် ရာထဲမှာ အိပ်ချင်ဟန်ဆောင်၍ မောင်ကလေးတွေဖွင့်သည့် ဟန်းစံ ၏သီချင်းသံကို နိုးနားထောင်ခဲ့ရသတဲ့။





ကိုယ်တို့ လုံးဝမဆုံဖြစ်ကြတာ တော်တော့်ကိုကြာ သွားပြီ ဟန်းစံ။ ဒါပေမဲ့ တစ်နေ့မှ မေ့မရဘူး။ မင်း ဒီလိုဘဝ ဆိုရောက်လာခြင်းအတွက် ကိုယ် ကျေနပ်ပါတယ် ဟန်းစံ။

သို့သော် ကြေကြေကွဲကွဲ တွေးလိုက်မိသည်မှာ သူမသည် ဟန်းစံအား ဘယ်တော့မှ သူမ၏အချစ်ကို မြင်အောင် ပြသမည်သူ မဟုတ်ခဲ့သလို ဟန်းစံသည်လည်း သူ့ကိုအင်မတန် မုန်းသော သူမအား သူ့မှာရှိသည့် မာနတွေနှင့်ပြိုင်ကာ ဘယ်တော့မှ သူ့အချစ်ကို ထပ်မံဖွင့်ဟတော့မည့်သူ မဟုတ်ခြင်းပဲတည်း။ အင်း ... တစ်ခါတုန်းက ခရုစွမ်မတ်အကြိုညကလေးကို နှိုလိုကျ တော့ လွမ်းဆွတ်ချင်သားကွယ်။

နောက်ထပ် ရက်သတ္တပတ် အနည်းငယ် ကြာပြီး သောအခါ ...

"ဟန်းစံ အခွေ အရမ်းပေါက်သွားတယ်၊ ကြာကြာလေး၊ အခြေအနေ အရမ်းကောင်းနေပြီ။ ညည်း စိတ်အေးအေးသာ နေပေတော့"

ဟူသည့် ကိုကြီးစပ်သူရထံမှ သတင်းကို ကြားခွင့် ရခဲ့ပါသည်။

"အဲဒီအတွက် ကိုကြီးကို အရမ်းကျေးဇူးတင်ပါတယ်"

"ဟ ... ငါရော ဦးကျော်သိုက်ကရော နင့်ကို ကျေးဇူးတင် ရမှာ၊ ငါတို့ မြေစမ်းခရမ်းပျိုး ပထမဦးဆုံးဝင်တဲ့ လောက ထဲကို အောင်မြင်မှုနဲ့ ဝင်ရစေဖို့ နင်ပဲ ဖန်တီးပေးခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီလေ။ ဟန်းစံနဲ့ ငါတို့က ကံစပ်တယ်၊ နင်ဆ
တော့ တကယ့်ပါရမီဖြည့်ဖက်ကောင်းလေးပေါ့"

"ကိုကြီးနော် ... အဲဒီစကားကို ကိုကြီးရဲ့ရင်ထဲမှာပဲထား
ဘယ်သူ့ကိုမှ မပြောမိစေဖို့ ကတိပေးပါ၊ ကိုကြီးသိရဲ့သား
နဲ့ ကြာကြာလေးနဲ့ သူနဲ့က တစ်လမ်းစီပါ"

"အခုထိ ခေါင်းမာတုန်းပါပဲလား ညီမရယ်"

ထိုသို့ ကိုကြီးစပ်သူရနှင့် ဖုန်းပြောဖြစ်ကြပြီး မကြာမီတွင် ဦးကျော်သိုက်နှင့် ကိုကြီးစပ်သူရတို့က သူတို့၏ပထမဦးဆုံးစလုပ်သည့် လုပ်ငန်းအောင်မြင်မှုအဖြစ် ကြာကြာလေးနှင့် မောင်ကလေးအမြွှာနှစ်ယောက်တို့အား ညစာဖြင့် ဧည့်ခံခဲ့လေသည်။

ထိုစားသောက်ဆိုင်က ဟန်းစံ အလုပ်လုပ်သည့် စားသောက်ဆိုင် မဟုတ်သော်ငြား စင်ပေါ်မှာ ဆိုနေသည့်အဆိုတော်သစ်ကလေးတွေကို ငေးကြည့်ရင်း ကြာကြာလေးသည် မဖြစ်နိုင်မှန်းသိရက် ဟန်းစံကို တမ်းတမိခဲ့သေးသည်အထိ လွမ်းဆွတ်တတ်ခဲ့သူတည်း။

ထို့နောက်တွင် ဟန်းစံနဲ့ သူမတို့သည် တစ်ယောက်တစ်လမ်းဆီ ကျင်လည်ရင်း တစ်နှစ်တိတိ မျက်နှာချင်းဆိုင် မဆုံဖြစ်ကြတော့ချေ။

❖ ❣ ❖





# အပိုင်း(၃)

(၁၉၉၄)ခုနှစ်-(၁၉၉၅)ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



## ၉

"ကြာကြာလေး ... ကြာကြာလေး မဟုတ်လား"

ဟန်းစံသည် နံဘေးမှလူများကိုပင် ဂရုမထားမိစွာ ခပ်ကျယ်ကျယ် ခေါ်လိုက်မိ၏။ လက်ထဲတွင် မွေးပွကြောင်ရုပ် ဖြူဆွတ်ဆွတ်ကလေးကို ကိုင်ရက်သား ဆံနွယ်ကလေးတွေဝေစနဲ့ နေအောင် လည်ပင်းကလေးလိမ်၍ကြည့်သည့် မျက်ဝန်းလက်လက် များသည် ယခုတိုင် မှာနရိပ်များ ရှိနေဆဲ။

"ကျွန်တော် ဟန်းစံလေ၊ ကြာကြာလေး မှတ်မိလား"

ဟန်းစံသည် သူမ၏နံဘေးသို့ ဘယ်လိုရောက်သွားမိမှန်းပင် မသိ။ သူ့အား လက်ထဲမှာကိုင်ကြည့်နေသည့် မွေးပွကြောင်ရုပ်ကလေးလောက်မှ စိတ်ဝင်တစား မရှိလှသည့် ကြာကြာလေးအား မမြင်ရတာ တစ်နှစ်ကျော်ကြာပြီမို့ တမ်းတမ်းတတ စိုက်ကြည့်မိနေသည်မှာလည်း သူ့ကို ဝိုင်းကြည့်နေကြသည့်လူတွေကိုတောင် မေ့သွားတဲ့ အထိပဲ။





"နေကြာနဲ့ စကြာတို့တောင် ပထမနှစ်စတက်နေပြီနော်၊ ကျွန်တော် မနေ့က လိပ်ခုံးဘက် သွားလည်သေးတယ်၊ သူတို့နဲ့ အင်းလျားမှာ သွားထိုင်တာ မပြောဘူးလား၊ ကြာကြာလေးနဲ့တော့ ခုနောက်ပိုင်း တစ်ခါမှ မဆုံဘူးနော်၊ အံ့သြစရာကြီး"

"တစ်ယောက် တစ်လမ်းစီပဲ၊ ဘယ်လိုလုပ် တွေ့စရာရှိမလဲ"

ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ ကြာကြာလေးဟု မေးကြည့်ချင်သည်။ ခက်တာက သူသည် ခုထိ ကြာကြာလေးနဲ့ ရင်ဆိုင်ရမှာ ကြောက်နေခြင်းပဲ။

ယုဇနရှုပါမားကပ်ကြီးလို နေရာမျိုးမှာ လူကစည် ကားလွန်းပါဘိသနဲ့။ သူ့လို နာမည်ကြီးအဆိုတော်တစ်ယောက် က ကြာကြာလေးအား ဂရုစိုက်ပျက်လောက်အောင် အော်ခေါ်လျက် သူ့အား တစ်စက်မှ ပြုံးပြရယ်ပြခြင်းမရှိသည့် ကြာကြာလေး အား အရေးပေး ဆက်ဆံနေခြင်းအပေါ် အချင်းချင်း လက်တို့၍ တီးတိုးပြောချင်စရာ ဖြစ်ကုန်ကြပြီ။

ဟာ ... ဘာဖြစ်သလဲကွာ။ ကိုယ်ချစ်တဲ့သူက မြင်ချင်တာမို့။ သူကိုယ်တိုင်လည်း သွားတွေ့ရင်ရရက်နဲ့ မဝံ့မရဲဖြစ်နေခဲ့တာမို့ ဒီလို မတော်တဆ ဆုံခွင့်ကလေးနဲ့တင် သူက ကျေနပ်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကြာကြာလေး တစ်ယောက်တည်း လာတာလား"

"ဟုတ်ကယ်"

"တစ်ယောက်တည်း လျှောက်သွားတယ် ဟုတ်လား၊ ရှိ သက်မာကရော"

"သူတို့က ကျွန်မနဲ့ အဖော်လိုက်ဖို့ထက် သူတို့ရဲ့အ တွေနဲ့ သွားဖို့ကို ပိုစိတ်ဝင်စားကြမယ်ဆိုတာ နားလည် တမင်မခေါ်ခဲ့တာ"

"ဩော် ... သူတို့က အတွဲကိုယ်စီနဲ့ ဖြစ်နေပြီ ဆို တော့"

လို့ သဘောပေါက်ပြီး ရေစွတ်လိုက်စဉ်မှာ သူသည် ဟိုတစ်ပတ်က ဖတ်မိသည့် သတင်းတစ်ခုအား ဖျတ်ခနဲ အမှတ် ရလိုက်၏။ အဲဒီအတွက် ကြာကြာကလေး စိတ်လေနေသလားဟု ကြာကြာလေး၏သဏ္ဌာန်ကို အကဲခတ်တော့လည်း စိတ်လေသည့် ဟန် တစ်စိုးတစ်စိမျှ မမြင်ရ။

"ကိုစပ်သူရ လက်ထပ်သွားပြီနော်"

"ဟုတ်တယ်၊ ကျွန်မတောင် မင်္ဂလာပန်းကြိုးပေးလိုက်သေး တယ်လေ၊ သူတို့က ဆယ်တန်းထဲက ချစ်သူတွေ ဖြစ်လာ ကြတော့ ဒီလောက်နှစ်အကြာကြီးကို မစောင့်နိုင်တော့တာ နဲ့ လက်ထပ်လိုက်ကြတာပဲ၊ နေပါဦး ... ရှင်က ဘာလို့ အဲဒါကို မေးတာလဲ"





ကြာကြာလေးထံမှ ခပ်ငေါက်ငေါက် အမေးကို အမှန်အတိုင်း ပြောရမှာလည်း မရဲသေးချေ။ ရယ်ပဲ ရယ်ရသေးတော့။ နာမည်ကြီးအဆိုတော်တစ်ယောက်ဖြစ်သည့် ဟန်းစံက ယခုထိ သူ့ကိုအနိုင်ယူ ငေါက်ငမ်းနေသည့် ကောင်မလေးတစ်ယောက်ကို ကြောက်နေသေးတယ်ဆိုတာ။

"ညီမ ... တို့တွေ ဒီအရုပ် ယူမယ်နော်"

"ဘယ်ကလေးကို လက်ဆောင်ပေးဖို့လဲ"

"ကျွန်မဘာသာ ချစ်လို့ဝယ်တာ၊ ရှင် တော်တော်စပ်စုနေပါလား ဟန်းစံ၊ ရှင်ဝယ်စရာရှိတာဝယ်ရင် ကောင်းမယ်၊ ကျွန်မကို လူကြည့်တာ ဘယ်လောက် အနေရခက်သလဲ၊ ရှင်ပဲ ကိုယ်ချင်းမစာ"

ဟာ ... ဟာ၊ ကြာကြာလေးက သူနဲ့ယှဉ်တွဲနေ၍ သူမအား လူကြည့်ခံရခြင်းကို ဒေါသဖြစ်ကာ သူ့ကို ထပ်မံငေါက်ငမ်းပြန်သတဲ့။ ကိုယ် အရင်ကလို ဂျစ်ပစီကောင်ကလေးတစ်ယောက် မဟုတ်တော့ဘူး ဆိုတာ သတိလည်းထားဦး ဒေါ်ပဒုမ္မာကြာ။ တော်ရုံ မေတ္တာနဲ့ဆို ခင်ဗျားရဲ့မာရေကျောရေ နိုင်မှုကို အမြင်ကတ်ပြီး ပစ်သွားနိုင်တယ်။ ကိုယ့်လိုကောင်မျိုးမို့သာပေါ့ဟု ကြည်ကြည်နူးနူး တွေးမိပြန်သတဲ့။ စပ်သူရနဲ့ ကြာကြာလေးတို့ ဘာမှမသက်ဆိုင်မှန်း သိလိုက်ပြီမို့ သူက ကြာကြာလေးအား သေသေချာချာ မဖွင့်ဟခဲ့ရသေးသော သူ့အချစ်တွေကို ဒီတစ်ခါတော့ ဖွင့်ဟကြည့်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့်နှစ် ကာလအပိုင်းအခြားတစ်ခုမှာတု
က စားသောက်ဆိုင်မှာ သူ သီချင်းဆိုစဉ် သူ့ကို ငေးကြည့်တ
ဖူးသည့် ကြာကြာလေးထံမှ ယိုင်နဲ့နေသော သူ၏နှလုံးသားသ
သေမျက်ဝန်းများအား လွှမ်းဆွတ်သေးသတဲ့။

"အဲဒီအရုပ်ကို ဘယ်မှာထားမှာလဲ"

"ဘယ်မှာထားထား"

စပ်စုရန်ကောဟု မျက်စောင်းထိုးကာ ခပ်ဆော
ဆောင့် အော်တတ်သူမှာလည်း သူ့ရဲ့ကြာကြာလေးပဲ ဖြစ်သည်

"ကျွန်တော် ဝယ်ပေးချင်တယ်"

"ရှင်ဘာသာ ဘယ်သူ့ဝယ်ပေးပေး ကျွန်မနဲ့ ဘာဆိုင်
လာပြောနေရသလဲ"

"ကျွန်တော်ဝယ်ပေးချင်တဲ့သူက ကြာကြာလေးမို့လို့
ကဲ ... ကြာပါတယ်၊ ဟော့ ... ဒီမှာ၊ ကျွန်တော့်အတွ
ဒီအရုပ်နဲ့ဆင်တူ နောက်တစ်ရုပ်ပေးပါ၊ လုံးဝဆင်တူ
အရောင်တောင် မကွဲစေနဲ့"

ကောင်တာမှ အရောင်းစာရေးမကလေး ပြုံးစိစိ
သူ့ကို အရုပ်ထည့်ထားသော ကြွပ်ကြွပ်အိတ်ကြီး လှမ်းပေး
သူ့ရဲ့ကြာကြာလေးသည် သူ့ကို နှုတ်ပင်မဆက်။ ဖျတ်ခနဲ
နားက ထွက်သွားတော့၏။ သူက ပိုက်ဆံအမ်းတာကိုပင် မစော
တော့ဘဲ အရုပ်အိတ်ကြီးကို ဆွဲယူလျက် လူကြားထဲမှာ ပျော





သွားသည့် ကြာကြာလေးကို လူအားလုံးထက် ခေါင်းတစ်လုံးစာ လောက်မြင့်နေသည့် သူ့အရပ်ကြီးအားကိုးဖြင့် လိုက်ရှာရပါသည်။

"ဟန်းစ် ... ဘာဖြစ်သွားတာလဲ"

"သူ့ကောင်မလေး စိတ်ကောက်သွားလို့ လိုက်ချော့တာ ဖြစ်မှာပေါ့၊ ကောင်မလေးက စကားပြော သိပ်မောက်မာ တာပဲ"

သူ့နောက်ပါးမှာ ခပ်သဲ့သဲ့တီးတိုးပြောဆိုသံများကို ချန်ထားခဲ့တော့သည်။ လုံးဝဂရုမစိုက်ဘူး၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ချင်ဘူး။ ဒီကမ္ဘာလောကကြီးထဲမှာ ဟန်းစ် ဂရုစိုက်တာ ကြာကြာလေး တစ်ယောက်တည်းပဲရှိတာ ဘယ်သူမှ မသိကြ။

ကြာကြာလေးရယ် ... ကိုယ့်ကို ဘယ်တော့မှအထင်ကြီးမှာလဲ။ ကိုယ့်မှာ ကြာကြာလေး ရူးသွပ်တဲ့ ပညာအဆင့်အတန်းမျိုး မပိုင်ဆိုင်ခဲ့ပေမယ့် ကြာကြာလေးကို တင့်တောင်းတင့်တယ် ထားနိုင်တဲ့ အခြေအနေမျိုး ရောက်နေပြီဆိုတာ ပြောပြခွင့်ပြုပါ။ တစ်ဆိတ် မာနတွေ နည်းနည်းလျှော့ဟု တောင်းပန်ကြည့်ချင်သည်။

"ကြာကြာလေး ... ဘယ်ထွက်သွားတာလဲ၊ ကျွန်တော့်ကို တောင် မစောင့်ဘူး"

"ရှင်နဲ့ ကျွန်မ အတူတူလာတာမှ မဟုတ်တာ၊ မတော်တဆ တွေ့ခဲ့ကြလို့ မိတ်ဆွေအဖြစ် နှုတ်ဆက်တာပဲ၊ ဘာလို့ စောင့်စရာလိုမလဲ။ နောက်ပြီး ရှင် ကျွန်မနဲ့ လိုက်မလာနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူများမြင်ရင် တစ်မျိုးထင်လိမ့်မယ်။ ရှင့်ဘာသာ အ
တော်အလုပ် လုပ်စားလို့ ဘယ်လောက် နာမည်ကြီးကြီး
လူတွေ ဘယ်လောက်သိသိ အရေးမကြီးဘူး။ ရှင့်ကြော
ကျွန်မကို လူတွေတစ်မျိုးထင်မှာကိုတော့ ကျွန်မ မလိုလာ
ဘူး ဟန်းစံ။ ဒီတော့ ရှင့်ဘာသာဝယ်စရာရှိတာ ဝယ်ပါ
ကျွန်မနဲ့ မလိုက်လာပါနဲ့၊ အခုလို စကားပြောတာတော
လွန်လှပြီ"

ဖြစ်ရလေ ... မိန်းကလေးတိုင်းက လိုလားကြတဲ့
သူ့လိုလူတစ်ယောက်အား ကြာကြာလေးက အတူတွဲလျှောက်
မှာကိုတောင် ခါးခါးသီးသီး ငြင်းဆန်သေးသတဲ့။

"ကျွန်တော်နဲ့ တွဲမလျှောက်ချင်ရလောက်အောင် ဘာလို့
ဒီလောက် မုန်းနေရတာလဲ၊ ကြာကြာလေး သတိထားနော်
သိပ်မုန်းပြီးရင် ဘာဖြစ်တတ်သလဲဆိုတာ ကြာကြာလေ
ကြားဖူးမယ်ထင်တယ်"

"ရှင့်ပါးစပ် ပိတ်ထား၊ တော်ပြီ ... ရှင် ဒီလိုဘေးကလိုက်
နေရင် ကျွန်မ ဘာမှဆက်မဝယ်တော့ဘူး ပြန်မယ်၊ မိန်း
ကလေးတစ်ယောက် ဣန္ဒြေပျက်အောင် နှောင့်ယှက်တာ
ဟာ သိပ်အောက်တန်းကျတယ်ဆိုတာ ရှင် မတွေးမိသေ
ဘူး ထင်ပါရဲ့"

"ဟုတ်လား ... မတွေးမိသေးတာတော့ အမှန်ပဲ"





တတိယနှစ်ဆေးကျောင်းသူကလေး တစ်ယောက်
ဟာ အခုထိ ကလေးဆန်တုန်း။ အရင်ကလို နှုတ်ခမ်းစူကာ မျက်
ဆောင်းထိုးတတ်တုန်း။

ပြီးတော့ သူ့ကိုလည်း နှိမ်တတ်တုန်း။

သို့သော် ဒါတွေအကုန်လုံးကို ဟန်းစံက ခွင့်လွှတ်
နိုင်နေသေးသတဲ့။

"ကဲ ... ကြာကြာလေး၊ ကျွန်တော့်ကြောင့် ကြာကြာလေး
စိတ်အနှောင့်အယှက် ဖြစ်ရတာကို မကြည့်ရက်ပါဘူး၊
ဒီတော့ အပေးအယူတစ်ခု လုပ်ကြရအောင်၊ ကျွန်တော့်ကို
ကြာကြာလေးနောက် မလိုက်စေချင်ရင် ဟော့ဒီမှာ ကျွန်
တော်ဝယ်လာတဲ့ ကြာကြာလေးရဲ့အရုပ်နဲ့ဆင်တူ ဒီအရုပ်
ကို ကျွန်တော် လက်ဆောင်ပေးတာကို လက်ခံလိုက်၊
ဒါဆို ကျွန်တော် ဒီနားမှာပဲ ရပ်ပြီးနေခဲ့တော့မယ်၊ အကယ်
၍ ကြာကြာလေးက ဒီအရုပ်ကို လက်မခံဘူးဆိုရင် ဒီနေ့
တစ်နေ့လုံး ကြာကြာလေးသွားသမျှ နေရာတွေ ကျွန်တော်
လိုက်နေတော့မှာပဲ၊ ကဲ ... ဘယ်လိုလဲ"

"နေစမ်းပါဦး၊ ဘာလို့ ဒီအရုပ် ဝယ်ပေးရသလဲ။ ကျွန်မ
ဘာသာ တစ်ရုပ်ဝယ်လာပြီးပြီပဲ"

"ကြာကြာလေးကလည်း အဲဒီ ရိုးကေ့စ်ထဲမှာ သူတို့နှစ်
ကောင်ပဲ ဆင်တူရှိတာ၊ တစ်ကောင်တည်း ကြာကြာလေး



www.burmeseclassic.com

www.burmeseclassic.com



က ဝယ်သွားတော့ ကျန်တဲ့တစ်ကောင် သနားပါတ
အဖော်ကွဲသွားတာ မကြည့်ရက်လို့ ကျွန်တော်က ဝယ်လို
တာ၊ ကျွန်ကော့်ဆီမှာ ထားရင်လည်း တစ်ကောင်တည်း
နေမှာမို့ ကြာကြာလေးက အရုပ်ချစ်တော့ ကြာကြာ
ကိုပဲ လက်ဆောင်ပေးလိုက်တာပေါ့"

ကြာကြာလေးသည် သူ့အား မသက်သလို တ
ချက်ကြည့်ပြီးမှ ...

"ရှင် တကယ်ပြောတာလား၊ ဒီအရုပ် ကျွန်မယူလိုက်
ကျွန်မနောက် လျှောက်မလိုက်ဘူးဆိုတာ တကယ်လား"

သူ့ထံ လက်ညှိုးတစ်ချောင်းညွှန်ရင်း မေးသ
အမူအရာကလေးကို စိုက်ခနဲ ငေးမိတော့သည်။ အင်း ... ဒီအ
မှာသာ အဲဒီလက်ညှိုးကလေးကို သူက မလွှတ်စတမ်း ဖမ်းဆွဲလို
ရင် ဘာတွေဖြစ်သွားနိုင်မလဲဟု တွေးကြည့်ချင်သားပင်။

ဟန်းစံသည် ကြာကြာလေးအား ခပ်ကြာကြာ
လိုက်မိ၍ ကြာကြာလေးသည် မျက်လုံးတစ်ချက် ဖျတ်ခနဲခ
လျက် တစ်ဖက်သို့ မျက်နှာလွှဲသွားနိုင်သည်အထိ တည်ငြိမ်လွ
လှသည်။ ဟိုးတစ်ခါ သူ စားသောက်ဆိုင် အဆိုတော်ကလေ
ဘဝမှာ ငေးကြည့်ဖူးတဲ့ သဝန်တိုမှုအစအန၊ သူ့ရဲ့သီချင်းဆိုဟ
ကို သတိလက်လွှတ် ငေးခဲ့ခြင်း တချို့တစ်ဝက်တို့ကြောင့်သ
သူက ကြာကြာလေး သူ့ကို ချစ်နေလိမ့်မည်ဟု ယူဆမိတာမျ





းသွားသလား။ ဇဝေဇဝါတောင် ဖြစ်မိတော့မတတ် ဟန်ဆောင်
ောင်းသည့် သူ့ရဲ့ကြာကြာလေးအပေါ် သူ ဘာကြောင့် ဒီလောက်
အထိ မျှော်လင့်နေမိတာပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ်တော့ အံ့သြ
ချင်သားပင်။

"ကောင်းပြီ၊ ရှင့်အရုပ်ကို ကျွန်မ ယူမယ်၊ တစ်ခုတော့
ရှိတယ်၊ ဒါ ရှင့်ရဲ့လက်ဆောင်အဖြစ် ကျွန်မ မယူဘူး
နော်၊ ရှင်နဲ့ ကျွန်မ အပေးအယူအနေနဲ့ ကျွန်မဘက်က
လိုက်လျောရမှုတစ်ခုပဲ၊ အဲဒါဟာ ရှင့်ရဲ့အောက်တန်းကျ
တဲ့ နှောင့်ယှက်မှုကို အရှုံးပေးလိုက်ရခြင်းတစ်ခုလည်း
ဖြစ်သေးတယ်ဆိုတာ မြဲမြဲမှတ်ထား ဟန်းစံ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့လက်ဆောင်တစ်ခု ကြာကြာ
လေး လက်ခံထားလိုက်ရတယ် ဆိုတာကို ကျွန်တော်
ကျေနပ်ပါတယ် ကြာကြာလေး"

ကြာကြာလေးသည် သူ့အပေးကိုတောင်မစောင့်ဘဲ
ူ့လက်ထဲမှ ကြွပ်ကြွပ်အိတ်ကို ဆွဲလုယူလိုက်ရင်း ...

"ရှင့်ကတိ တည်ပါစေ"

ဟု တစ်ချက် ကြိမ်းဝါးလိုက်သေးရဲ့။

ဟန်းစံသည် ကြာကြာလေးကို အရင်ထဲက အရှုံး
ေးခဲ့မြဲအတိုင်း အရှုံးပေးလျက် ခေါင်းညိတ်၍ ပျော်တန့်ကျန်ရစ်
ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးရသော သူ့ရဲ့အရိပ်ကလေးက သူ့ကို ကျော ခိုင်းသွားခဲ့ပြီ။ လူတချို့က ပြုံးစိစိဖြင့် သူ့ကိုကြည့်တာကိုလည်း လက်ခံနေရပြီ။ ခုနကတော့ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျက် သူလုပ်ချင်တာတွေ လျှောက်လုပ်မိပြီးမှတော့ နောင်တမရချင် ပေ။

ကြာကြာလေးရဲ့နောက်ကို လိုက်ခွင့်မရတော့၍ ဆိုင် ပြင်သို့ ပြန်ထွက်ကာ သူ့ကားထဲ ဝင်ထိုင်၍ မှန်အနက်တွေ အကုန်တင်ပြီး ဆိုင်ထဲက ပြန်ထွက်လာမည့် ကြာကြာလေးကို ချောင်းရပါသည်။ ဟိုးအရင်ကာလတွေတုန်းက ကြာကြာလေးရဲ့ ကွန်ပျူတာသင်တန်းဆင်းချိန်အား မှတ်ထားပြီး လက်ဖက်ရည် ဆိုင်ရဲ့ ချောင်ကလေးထဲက ချောင်းကြည့်ရသည့် အဖြစ်အား သွားသတိရတော့ ဟန်းစံသည် ဒီလိုဘဝမျိုး ဘယ်တော့ဝဋ်ကျွတ် ပါ့မလဲဟု မျှော်လင့်လိုက်မိသေးသတဲ့။

"မင်း ငါတို့အစ်မကို ခုထိ မျှော်လင့်နေသေးလား ဟန်းစံ"

ဟူ၍ မနေ့က အမြွှာညီနောင်ဆီ သွားလည်မိုက် ဒီလိုအမေးခံရတော့ မျက်နှာပူပူဖြင့် ဝန်ခံခဲ့ရသေးတာ မှတ်မိသည်။

ထိုနှစ်ယောက်က သူ့ကို ဝိုင်းဟားကြလျက် ...

"မင်းက ကိုယ့်ဝင်္ဒုက္ခ ကိုယ့်ဘာသာ တယ်ရှာကြံတတ် တာပဲ၊ ငါတို့အစ်မကလည်း မာနကို တစ်စက်မှမလျှော့၊ မင်းကလည်း ကိုယ့်ဘေးမှာ ငါတို့ရဲ့ကြာကြာလေးထက် သာတာတွေ တစ်ပုံကြီး ရှိရက်သားနဲ့ ကြာကြာလေးမှ



ကြာကြာလေး ဖြစ်နေတော့ တော်တော် တခြားစီနိုင်တဲ့ ဇာတ်လမ်းကြီးပဲ၊ ငါတော့ မင်းကို တခြားတစ်ယောက်ရှာ စေချင်တယ်၊ ငါတို့အစ်မအကြောင်း ငါတို့သိတာပေါ့"

အောင်နေကြာက သူ့ဘက်လိုက်ကာ တရားချခဲ့ သည်။

"မင်းနဲ့ ငါတို့က သူငယ်ချင်းအရင်းကြီးတွေ၊ နောက်ပြီး မင်းမှာ မိန်းမတစ်ယောက်ကို မှီခိုမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး မရှိဘူး။ မင်းမှာ ကိုယ့်ဘာသာ ကြိုးစားမယ်ဆိုတဲ့ မာနရှိ တာလည်း ငါတို့ပဲ အသိဆုံး။ ဒါကြောင့် ငါတို့က မင်းနဲ့ ဆို ကြာကြာလေးကို သဘောတူပါတယ်၊ မင်းက ငါတို့ ထက်တောင် ကြာကြာလေးကို အနှံ့အတာခံမယ့်ကောင်၊ ဒါပေမဲ့ ကြာကြာလေးကလည်း တစ်ဖက်စွန်းရောက်နေ တယ်ကွ၊ မေမေ့လိုပဲ ဘယ်တော့မှ သူ့အယူအဆတွေကို ပြောင်းမှာ မဟုတ်ဘူး။ ဒီတော့ မင်းဘက်ကတွေးပြီး အကြံပေးတာနော်၊ ငါတို့က ကြာကြာလေးကို ကိုတာ မဟုတ်ဘူး၊ မင်းအတွက် ပြောတာ"

အောင်စကြာကလည်း ထိုသို့ သူ့ကိုတရားချနဲ့။

မနေ့က သူတို့သုံးယောက်ရဲ့ တွေ့ဆုံမှုဟာ ကြာကြာလေးအပေါ် ၌လမ်းနိုင်လွန်းသည့် သူ့ကိုချည်း သူတို့က တအံ့တသြ ဖြစ်ရ ခြင်းဖြင့် ပြီးဆုံးခဲ့သည်။ ဆွေးနွေးကြသည့် အကြောင်းအရာ ဆော်တော်များများသည် ကြာကြာလေးမှလွဲရင် ဘယ်မိန်းမကိုမှ

www.burmeseclassic.com

www.burmeseclassic.com



မချစ်နိုင်ပါဘူးဟု ဝန်ခံထားသည့် ဟာန်းစံနှင့် သူတို့အစ်မ ကြာကြာလေး၏ သူတို့မေမေနှင့်တူသော မာနများကို သူတို့ကြည့်မရခြင်းတွေ။

ယုဇနစုပါမားကပ်ထဲမှ ကြာကြာလေး ပြန်ထွက်လာပြီ။ သူမရဲ့ကားပေါ်တက်ပြီး အိမ်ပြန်သည့်အခါ ကြာကြာလေးသိထားပုံမရသည့် သူ့ကားကလေးက နောက်ကလိုက်လာတယ်ဆိုတာ ကြာကြာလေးများ သိရင်။

"ကတိမတည်တဲ့လူ"

လို့ ကြာကြာလေး စွပ်စွဲလိမ့်ဦးမလား။

❖ ❣ ❖





၁၀

ကြာကြာလေးသည် မွေးပွဲကြောင်ရုပ်ကလေး နှစ်ကောင်အား ယှဉ်လျက်ချပြီး တစ်ကောင်ကို ဟာန်းစံဟု အမည်ပေးပြီး ကျန်တစ်ကောင်အား ကြာကြာလေးဟု အမည်ပေးပြီးလျှင် ခပ်ဘူးတို့ ကျိတ်ရယ်မိလေသည်။ အခန်းတံခါး အလုံပိတ်ကာ အမည်ပေးပွဲ ကျင်းပပြီး ဟာန်းစံ၏အင်တာဗျူးပါသော မဂ္ဂဇင်းအား ဒီနေ့ပဲ ဝယ်လာတယ်၊ ဒီနေ့ပဲ ဟာန်းစံနဲ့ဆုံရတယ်လို့ စာအုပ်ကို လှန်လှောရင်း တွေးမိပြန်သည်။

အင်တာဗျူး လုပ်ခဲ့သော ဟာန်းစံ၏ပထမဦးဆုံး အင်တာဗျူးအကြောင်း သတင်းစာထဲမှာ မဂ္ဂဇင်းကို ကြော်ငြာရာ ဖွင့်ထည့်ပြီးကြော်ငြာခဲ့၍ ဒီနေ့ပဲ သွားဝယ်ဖို့ ချက်ချင်း အိမ်ကသည်းထွက်၊ စာအုပ်ဝင်ဝယ်အပြီးအပြန်မှာ ဟာန်းစံနှင့် တစ်နှစ်ကျော်ကြာမတွေ့ရပြီး ယခုပထမဆုံး ပြန်တွေ့ချင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဦးသူရဲ့ ကျွန်တော့်အချစ်ကို ဥပေက္ခာပြုလိုက်တဲ့ အချိန်ကစပြီး အရင်ကရေးတဲ့ သီချင်းတွေထက်ပိုပြီး ဖီလင်ပါလာတယ်။ အခု ပထမစီးရီးမှာ ပရိသတ်နားစွဲသမျှ သီချင်းတွေဟာ သူနဲ့ပတ်သက်လို့ ခံစားရတိုင်း ရေးမိတဲ့ သီချင်းတွေချည်း ဖြစ်နေတယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ ရှင်းရှင်းပြောရရင်ဗျာ ချစ်သူနဲ့လွဲခဲ့ရလို့ သီချင်းရေးတတ်လာပါတယ်လို့ ပြောရင် ပိုမှန်လိမ့်မယ် ထင်ပါတယ်"

တဲ့လေ။ ဟန်းစံအား အင်တာဗျူးသူ၏ သီချင်း ဘယ်အချိန်က စရေးတတ်လာပါသလဲဟူသော အမေးအား ဤသို့ ရဲရဲဝံ့ဝံ့ ဖြေချရဲသူမှာ ကြာကြာလေးချစ်သော ဟန်းစံပုံဖြစ်ပါသည်။

ဟန်းစံရဲ့ချစ်ဦးသူဆိုတာ ဘယ်သူများဖြစ်နိုင်တာမှတ်လို့နော်။

ပဒုမ္မာကြာကလွဲရင် ဘယ်သူမှ မရှိဘူးဆိုတာ သူမကိုယ်တိုင်တောင် မပြောနဲ့ ရီဇာနဲ့ သက်မာကအစ နည်းနည်းပါးပါး ရိပ်မိနေပြီဖြစ်သော မောင်ကလေးတွေအဆုံး။

အို ... ဘယ်လောက် ကြည်နူးပီတိဖြစ်ချင်စရာကောင်းတဲ့ ချစ်သူ့အဖြေကလေးလဲဆိုတာ။

နှစ်တချို့ ကြာပြီးသည့်တိုင်၊ ဘယ်လောက်ပဲ မတွေ့ရပါစေဦးတော့။ ဟန်းစံကို တစ်နေ့မှ မေ့မရခဲ့တာကိုက သူမရဲ့





အားနည်းချက်ပဲ။ သူကလွဲရင် ဘယ်ယောကျ်ားကလေး တစ်ယောက်ကိုမှ စိတ်ဝင်စားကြည့်လို့မရ။ တစ်ခါတစ်ရံ ဦးနှောက်ထဲက ချစ်သင့်သည်ဟူသော အဖြေကို သိလျှင်တောင် ကြိုးစားပြီး ချစ်ကြည့်လို့မရသည့် အထိပါပဲ။

ရီဇာနဲ့ သက်မာအား ကြွေးကြော်ဖူးသည့် ...

"ငါ့ရဲ့အချစ်ဆိုတာဟာ ဦးနှောက်က သတင်းပို့လို့ရလာတဲ့ အချစ်ပဲ ဖြစ်ရမယ်"

ဆိုခြင်းဟာ တကယ်ပဲ တလွဲစီဖြစ်ခဲ့ပြီ၊ အချစ်ဆိုဘာ ညာလို့မရဘူး ဆိုတာကိုလည်း လက်ခံခဲ့ပြီ။

တကယ်ပဲ အချိန်တိုင်းမှာ ဟန်းစံဟာ ပဒုမ္မာကြာရဲ့ ဦးနှောက်ထဲမှာ၊ နှလုံးသားထဲမှာ ရင်ခုန်သံတိုင်းမှာ လွှမ်းမိုးရှင်သန်ခဲ့ ကော့။ ပဒုမ္မာကြာသည် နောက်ဆုံးမှ သူမ၏နှလုံးသားကို သူမဘာသာ လက်မြှောက်အရှုံးပေးခဲ့လျက် ဒါကို ကျေကျေနပ်နပ် သက်ခံလိုက်ခဲ့ပြီ။

ကိုယ် တကယ်ဝန်ခံပါ့မယ် ဟန်းစံ။ ဒီနေ့လိုမျိုး မမျှော်လင့်ဘဲ တွေ့ဆုံမိချိန်မှာ ကိုယ် တကယ်ပဲ ရင်ထဲမှာ လှိုက်ခနဲ ခုန်သွားရတဲ့အထိ ပျော်ခဲ့တာပေါ့။ ဟန်းစံရဲ့မပြောင်းလဲတဲ့ အမူအရာတွေနဲ့ ကိုယ့်အပေါ် အလိုလိုက်ဆဲ အကျင့်ကလေးတွေကို ကိုယ်ပျော်ဝင်ဆဲပါ။ တကယ်ဆို ကိုယ့်ချစ်သူနဲ့ ရယ်ရယ်မောမော နှုတ်ဆက်စကားပြော၊ ရှေ့ဆက်ဇာတ်လမ်းကလေးတချို့ ဖန်တီးချင်ခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပဒုမ္မာကြာသည် သူမဘာသာ ပြောင်းလဲမိခြင်းအပေါ် ဟန်းစံ အထင်လွဲခံရမှာ ကြောက်သည်။ နာမည်ကြီး အဆိုတော်တစ်ယောက်ဖြစ်မှ သူ့ကို ပြန်အရေးပေးသည်ဟု၍ ဟန်းစံ ထင်သွားမှာ စိုးရိမ်မိသည်။ ရုတ်ခြည်း ပြန်ပြောင်းလဲသွားတာကို ဟန်းစံဟာ ဘာပဲဖြစ်ဖြစ် သံသယဝင်ခဲ့မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဟန်းစံရဲ့အင်တာဗျူးထဲမှာ ဘာပြောထားသလဲဆိုရင် ...

"ဆယ့်ကိုးနှစ်သားဘဝထဲက မိဘကို လုပ်ကျွေးခဲ့ရတဲ့ ဒီလိုစားသောက်ဆိုင် အဆိုတော်အလုပ်ကို အခုထိ လုပ်ဆဲပဲ။ အဲဒီဘဝကို ဘယ်တော့မှ မမေ့ဘူး။ ကျွန်တော် ဘယ်လောက်ပဲ နာမည်ကြီးပါစေ။ ကျွန်တော့်မိဘတွေကို လုပ်ကျွေးခွင့်ရအောင် ပထမဦးဆုံး အလုပ်ပေးခဲ့တဲ့ဒီဆိုင်ရဲ့ကျေးဇူးကို ဘယ်တော့မှ မေ့မှာမဟုတ်ခဲ့သလို ကျွန်တော့်ဘဝကို ကျွန်တော် ဘယ်တော့မှ အောက်ခြေမလွတ်ဖို့ သတိပေးတဲ့အနေနဲ့ ဒီဆိုင်မှာ အမြဲသီချင်းဆိုသွားမှာပါ"

ကဲ ... အဲဒါသာကြည့်။ ဟန်းစံဟာ သူ့အရင်ဘဝကို မမေ့ဘူးဆိုကတည်းက သူ့ကို သူမ နှိမ်ခဲ့တာတွေ၊ လူရှေ့သူရှေ့ အရှက်ရစေခဲ့တာတွေ သူ့ကို အထင်သေးခဲ့တာတွေလည်း အကုန်မေ့မှာ မဟုတ်တာ အသေအချာပဲ။

အခုချိန်မှာတော့ ဟန်းစံဟာ သူမကိုချစ်လို့ ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ မေ့ပစ်တယ်ပဲထား။ တစ်နေ့နေ့မှာတော့





စကားနာမထိုးနိုင်ဘူးလို့ ပြောနိုင်မလား။ နာနာကြည်းကြည်း မခနဲ့ဘူးလို့ ပြောနိုင်သလား။

အို ... ကိုယ်က အဲဒါတွေကို ကြိုပြီးတော့ ပူပန်နေပါသေးတယ် ဟန်းစံ။

ဒါကြောင့် မင်းကို ကိုယ့်နံဘေးမှာပါလာစေချင်တဲ့ဆန္ဒကိုတောင် ချိုးနှိမ်ပြီး ကိုယ်ရိုင်းရိုင်းပျပျ ပြောဆို ဆက်ဆံခဲ့မိတာ အဲဒီလို တွေးတောပူပန်တတ်ခဲ့ခြင်းကြောင့်ပဲ။

"ကဲ ... အခုတော့ ခင်ဗျား သိပ်ရှုးသွပ်တဲ့ ပညာအဆင့်အတန်းဆိုတာကို အလွယ်တကူ မေ့ပစ်လို့ ရသားပဲ။ တကယ့် တကယ်တော့ ခင်ဗျားက ကျွန်တော့်ကိုချစ်တာမှ မဟုတ်တာ။ ကျွန်တော့်နောက်က ပါလာတဲ့ အောင်မြင်ကျော်ကြားမှုနဲ့ စည်းစိမ်ဥစ္စာဆိုတဲ့ အရာတွေကို ခင်ဗျား ရှုးသွပ်တဲ့ ပညာအဆင့်အတန်းနဲ့ လဲပစ်လိုက်တာပါ"

ဟု၍ တစ်နေ့နေ့မှာ ဟန်းစံက စွပ်စွဲမှာ။ အဲဒီလို မပြောတောင် အဲဒီလို အဓိပ္ပာယ်တွေပါဝင်သည့် မျက်လုံးတွေနဲ့ အကြည့်ခံရမှာကိုလည်း စိုးရိမ်သေးသည်။

အဖြစ်အပျက်တချို့ကို ရီဇာနဲ့ သက်မာအား ရင်ဖွင့်ခဲ့ပါသည်။ အခုအခါတော့ ရီဇာနဲ့ သက်မာ သိချင်နေသည့် သူမ၏ ဖုံးကွယ်ထားမှု တစ်စုံတစ်ခုအား ပြောပြမိသည်မှာ မကြာသေး၍ ဟန်းစံနှင့် ဆုံခဲ့ရခြင်းအား၊ ပြီးတော့ သူမ၏တွေးတောပူပန်မှုအား ရင်ဖွင့်လိုက်ခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ စဉ်းစားကြည့်ရင် ဟန်းစံ ဒီလိုဘဝမျိုး ရောက်လာအောင် နောက်ကွယ်က လုပ်ပေးခဲ့တာက နင် ပဲ၊ ယုတ်စွအဆုံး သူ ဆယ့်ကိုးနှစ်သားကတည်းက မိဘ ကို လုပ်ကျွေးခွင့်ရခဲ့တဲ့ အလုပ်ဖြစ်တဲ့ ငါ့အန်ကယ်လ်ရဲ့ ရက်စတောရင့်မှာ အဆိုတော်လုပ်တဲ့ အလုပ်ကတောင် နင်ပြောပေးလို့ ရခဲ့တာပဲ၊ နောက်မို့ အခုချိန်ထိ ဟန်းစံ ဆိုတာ လူသိလာမှာ မဟုတ်သေးဘူး။ လမ်းဘေးမှာ ကြာ ကြာအလေလိုက်ပြီး ဆေးမစွဲသွားဘူးလို့တောင် အာမ,မခံ နိုင်တဲ့ဘဝမျိုး ဖြစ်နေဦးမှာ။ အားလုံး ဆန်းစစ်ကြည့်ရင် နင့်ကြောင့် သူ ဒီလိုဖြစ်လာတာပါ"

"အမယ်လေးလေး ... အဲဒီလိုသာ ဟန်းစံ သိသွားလို့က တော့ ငါ့အရိပ်ကို နိမိတယ်ဆိုပြီး သူ့ကိုယ်သူများသတ် သေမလားပဲ။ ဒါမှမဟုတ် ဒီဘဝတွေကို ချက်ချင်းထားရစ် ပြီး လမ်းဘေးကို ပြန်သွားမလားပဲ။ အဲဒါကိုတော့ မပြော လိုက်ပါနဲ့ ဒေါ်ရီဇာ။ ငါက ဟန်းစံရဲ့မာနကို ကြောက် တယ်"

"ဘာဖြစ်လို့ ကြောက်ရသလဲ"

"ဟိုတစ်ခါ သူ့ကိုရေစွမတ်အကြိုညမှာ အဆင့်အတန်းခွဲမိ ကတည်းက သူက ငါ့ကို ဘယ်တော့မှ ချစ်တယ်ဆိုတဲ့ စကားကို မပြောတော့တာပဲ။ အမူအရာကလွဲရင် ဘယ်တုန်း ကမျှ သူ့ဆီက ချစ်တယ်ဆိုတဲ့ စကားကို ငါကြားထား





တာရှိသလဲ ရီဇာ။ နင်တို့ကို ငါက အမြဲပြောပြထားတာပဲ။ နင်တို့လည်း အသိပါ။ ဒါ အဲဒီထဲက သူ့မာနကိုကြောက် ခဲ့တာပဲ။ ငါတို့ရဲ့အရိပ်ကို မခိုဘူးလို့ အမြဲပြောတတ် တာကိုပဲ ကြည့်တော့၊ သူ ဘယ်လောက် မာနကြီးသလဲ ဆိုတာ"

"အေးလေ ... အဲဒါလည်း ဟုတ်သား၊ ရယ်တော့ ရယ် စရာကြီးဟ၊ ဟန်းစံက ကြာကြာလေးကို ချစ်နေပါတယ်လို့ ဘယ်တုန်းကမှ ကြားထားတာမရှိဘဲ ငါတို့ဘာသာ ဟိုင်ပင် ဆွေးနွေးယူဆနေရတာ၊ အင်း ... တော်တော်ကြောင်တဲ့ အဖြစ်အပျက်ကြီးပဲ"

ထိုသို့ တိုင်ပင်ဆွေးနွေးမိခြင်း၏ အကျိုးအမြတ်က တော့ ပဒုမ္မာကြာအတွက် ကြေကွဲခြင်းဟူသည့် ဝေဒနာကိုအစပျိုး ဆစ်ခဲ့သည်။

ထိုကြေကွဲရခြင်းမှာ သူမသည် ဟန်းစံထံမှ တစ်ခါ နှုးမျှ ဖွင့်ဟခဲ့ခြင်း မရှိသော "ချစ်တယ်"ဟူသည့် စကားတစ်ခွန်း ကို မကြားရဘဲ အမူအရာတွေကို လေ့လာရင်း ရူးသွပ်မိသည့် သူမကိုယ်သူမ ကြေကွဲရခြင်းတည်း။

အကယ်၍ ဟန်းစံဆီက "ချစ်တယ်"ဟူသောစကား သည် သူမအတွက် မဟုတ်တော့ဘဲ တခြားတစ်ယောက်အတွက် သာ ဖြစ်သွားခဲ့ရင် ပဒုမ္မာကြာလောက် ကြေကွဲတဲ့မိန်းမ လောက မှာ ဘယ်ရှိနိုင်တော့မလဲနော်။



www.burmeseclassic.com

ဒါပေမဲ့ ပဒုမ္မာကြာသည် အတ္တကြီးသော မိန်းမ
သူမကိုမှ အရေးတယူရှိလှသော၊ အလျှော့ပေး ဆက်ဆံသော
ဟန်းစံဟာ သူမတစ်ယောက်တည်းကိုပဲ ချစ်နေလိမ့်မည်ဟုယူ
ချင်သားပင်။ မင်းမှာ ဘာအကြောင်းမှ မရှိဘဲ ကိုယ့်ကို ဒီအမွေ
ကြောင်ရုပ်ကို ဆင်တူ မဖြစ်,ဖြစ်အောင် လိုက်ဝယ်ပေးတယ်ဆို
ကတည်းက မင်းမှာ ဘာအကြံအစည်တွေ ထပ်ရှိနိုင်ဦးမလဲ ကိုယ်
သိချင်သေးတယ် ဟန်းစံ။

သို့သော် တွေ့ဆုံခဲ့လှသည့် ပဒုမ္မာကြာနှင့် ဟန်း
တို့၏ ကျင်လည်ရာပတ်ဝန်းကျင် မတူညီမှုကြောင့် နောက်တစ်
ကြိမ် ပြန်ဆုံကြဖို့ဆိုတာ အတော်လေး ခဲယဉ်းပါဘိသနဲ့။ သူ
သိချင်းဆိုရာ စားသောက်ဆိုင်ကြီးကို အကြောင်းရှာသွားဖို့အထိ
တော့ ပဒုမ္မာကြာက သတ္တိမရှိသေးသတဲ့။

မင်းဘက်က ရဲဝံ့တဲ့ခြေလှမ်းတွေနဲ့ ထပ်မံချဉ်းကပ်
မှသာ ကိုယ်တို့ ဆုံကြမှာ သေချာတယ် ဟန်းစံ။

❖ ❣ ❖





ပဒုမ္မာကြာ ထင်ထားတာက သူနဲ့ ဟန်းစံတို့ဟာ နောက်တစ်ခါ ထပ်ဆုံကြဖို့ တော်တော်မဖြစ်နိုင်တဲ့ အဖြစ်ဟူ၍ ထင်ထားခြင်းပင်။ ဒါပေမဲ့ နောက်တစ်ကြိမ် တွေ့ဆုံမှုက တကယ်ပဲ မတော်တဆ တွေ့ဆုံခြင်း ဖြစ်ခဲ့ပြန်လေသည်။

အဲဒီနေ့က သူမ အနည်းငယ်ဖျားနေခဲ့၍ မေမေက ဆေးသောက်ပြီး အိမ်မှာ အနားယူနိုင်းခဲ့တာပါပဲ။ သို့သော် ထိုနေ့က ကျောင်းမှာ ပရယ်တီကယ်တချို့ရှိ၍ မသွားရင်မရတာကြောင့် သွားရမည့်အကြောင်း မေမေ့ကို ပြောတော့ ...

"ဒါဆို ကားကို ကိုယ်တိုင်မောင်းမသွားနဲ့၊ ကြာကြာလေး ကား ထားခဲ့။ ဟိုနှစ်ကောင်က 1st M.B မို့ ကျောင်းသွားပြီး ကျောင်းလစ်နေမယ့် အတူတူ အစ်မကို အပို့အကြို လုပ်လိုက် ကြားလား။ ပြီးမှ မင်းတို့သွားချင်ရာသွားကြ။ ကြာကြာလေးက ဖျားနေတဲ့သူဆိုတော့ ကားမမောင်းတာ အကောင်းဆုံးပဲ"

မေမေက ယိုသို့ အမိန့်ပေး၏။

www.burmeseclassic.com



"ဟုတ်တယ် ... သမီး မောင်လေးတွေ လိုက်ပို့ပါ... ခဏလေး ပရက်တီကယ်သွားလုပ်ရုံ မဟုတ်လား၊ အနည်း ဆုံး နှစ်နာရီလောက်ပဲ ကြာမှာ၊ သားတို့ မမကို လိုက်ပို့ ကြနော်"

ဟု ဖေဖေက မောင်ကလေးတွေ၏ ရှုံ့မဲ့မဲ့အမူအရာ များအား ချော့မော့၍ စီမံပေးခြင်းကြောင့် မောင်ကလေးနှစ်ယောက် စိတ်ကြိုက်ဝယ်ယူထားသည့် ပြိုင်ကားသဏ္ဌာန်ကားနီနီလေးဖြင့် ပဒုမ္မာကြာ ကျောင်းလာခဲ့ရပါသည်။

"နင်တို့ ကင်န်တင်းမှာ သွားထိုင်စောင့်ချင်ရင်စောင့်၊ မစောင့်ချင်ရင် ဗာဒံသီးကောက်ပြီး ထုစားနေကြ။ ဒါမှ မဟုတ် နောက်ထပ် နှစ်နာရီကြာရင် ပြန်လာခေါ်ချင်ခေါ်"

"ရတယ် ... ငါတို့ ထိုင်စောင့်ပါ့မယ်၊ တော်ကြာ အပြင် ထွက်မိရင် တခြားကောင်တွေခေါ်တာနဲ့ ပါသွားရင် နင့်ကို မေ့ထားခဲ့မိမှ ဟုတ်မှပေဖြစ်နေဦးမယ်၊ ကိုယ့်ကိုယ်ကိုယ် သိပ်မသေချာဘူး"

"အလကား ... ကြာကြာလေး၊ နေကြာက ဗာဒံသီးထု စားရင်း အစ်မကြီးတွေကို ငမ်းချင်လို့ အကြောင်းရှာတာ"

"မင်းလောက် မဆိုးရွားသေးဘူး စကြာ၊ သိလား ... ကြာ ကြာလေး၊ စကြာကမှ ညီအစ်မနှစ်ယောက်စလုံး စာသွား ပေးမိလို့ ပါးရိုက်ခံရတော့မလို့ သီသီလေး လွတ်သွားတာ ငါပြောပြလိုက်ရမလား"





နေကြာနဲ့ စကြာတို့ စကားနိုင်လုကာ လုံးထွေးသတ် ပုတ်မှုအား "တော်ကြစမ်း"ဟု ဖျန်ဖြေ၍ ကျောင်းထဲဝင်ခဲ့သည် အထိ။ ပရယ်တီကယ်လုပ်နေချိန်အထိ။ ပဒုမ္မာကြာ၏စိတ်ထဲမှာ ဟန်းစံနဲ့ ဒီနေ့မှာ ထပ်မံတွေ့ရလိမ့်မည်ဟု နည်းနည်းလေးမှ မမျှော်လင့်မိခဲ့ချေ။

လွန်ခဲ့သည့် တစ်ပတ်လောက်ကမှ သူ့ကိုပြန်ဆုံရ သော်လည်း သူနဲ့ သူမဟာ ဆုံနိုင်ခဲသည်မို့ နောက်ထပ်ဆုံရဖို့ကို မမျှော်လင့်ခဲ့တာလည်းဖြစ်မည်။ တကယ်တော့ ဒီလိုဆုံဖြစ်ရခြင်း ဒုတိယအကြိမ်ဟာ မြန်မြန်ဆန်ဆန် ဖြစ်ခဲ့ရခြင်းမှာ သူမသည် နေကြာနဲ့ စကြာတို့ကားဖြင့် လိုက်ပို့ရလောက်အောင် မျှားနေခဲ့၍ ပဲ ဆိုရမလား။ ဒါမှမဟုတ် မောင်ကလေးတွေ ဆတ်ဆော့လျှာ ရှည်မှုကြောင့်ပဲလို့ ဆိုရမလား။

အိမ်အပြန်မှာ အိမ်ကိုတည့်တည့်မတ်မတ် မပြန်ဘဲ ဟိုဝင် ဒီဝင် လုပ်နေသော မောင်ကလေးတွေကို ခွင့်လွှတ်စိတ်နဲ့ ကိုယ့်ဘာသာ အဖျားတွေ အရမ်းတက်ချင်နေတာတောင် မတားဖြစ်ခဲ့မိခြင်းကြောင့် ဟန်းစံနဲ့တွေ့ဖို့ ဖန်လာခဲ့ပါသည်။

"ကြာကြာလေး ... ဒီတစ်ခါ ဝင်စရာ ထပ်ရှိလာပြန်ပြီ။ နင့်ကို ဒီဆိုင်တစ်ဆိုင် ငါတို့ဝင်ပြီးရင် ပြန်ပို့မှာပါ၊ ဒီတစ်ခါလေးပါ"

ဟု ခုနလေးမှ စတိုးဆိုင်တစ်ဆိုင်ဝင်ပြီး ပြန်အထွက် နောက်တစ်ခု ထပ်မံတောင်းဆိုသူမှာ အောင်နေကြာပင်ဖြစ်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အခုပြန်မယ့်လမ်းအတိုင်းသွားရင် ဟိုနားကလမ်းချိုးထဲမှာ မီနီမားကပ်တစ်ခု အသစ်ဖွင့်ထားတာ မနေ့ကတွေ့ထားတယ်၊ ငါ့သူငယ်ချင်းတွေပြောတော့ အဲဒီဆိုင်ကယောက်ျားလေး အသုံးအဆောင်ပစ္စည်းတွေချည်း သီးသန့်ရောင်းတဲ့ ဆိုင်ဆိုပဲ၊ ငါဝင်ချင်တာနော် ကြာကြာလေး။ ဒီတစ်ဆိုင်ပြီးရင် ဘယ်မှမဝင်တော့ပါဘူး"

အောင်စကြာကလည်း စိတ်တူကိုယ်တူ ထပ်မံတောင်းဆိုပြန်လျှင် အိမ်လည်းရောက်ခါနီးပြီမို့ ဒီတစ်ခါတည်းကိုပဲ ခွင့်ပြုလိုက်မိသည်။ အဲဒီ ဒီတစ်ခါတည်းသည် ဟန်းစံနှင့်မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံရပြီး သူမ မမျှော်လင့်ခဲ့သည့် အဖြစ်တစ်ခုကို ကြုံလိုက်ရတော့တာပဲဖြစ်ကြောင်း သိပ်မကြာခင်မှာ သိခွင့်ရလိုက်ပါသည်။

"နင်တို့ သွားချင်ရင်သွား၊ ငါတော့ ကားထဲမှာပဲ စောင့်နေမယ်၊ ကြည့်ရုံတင်ကြည့်နော်၊ ဝယ်စရာရှိတာ နောက်နေ့မှဝယ် သိလား၊ ငါ ပိုက်ဆံသိပ်မကျန်တော့ဘူး"

"သုံးထောင်လောက်တော့ ရှိမလား"

"ရှိလည်း မပေးတော့ဘူး၊ နင်တို့ကို ကျောင်းလိုက်ပို့နိုင်းရတာ စရိတ်စက,ကလည်း ကြီးပါ"

တစ်ချိန်လုံး အစ်မဆီက ပိုက်ဆံပြန်တောင်းပြီး ဝယ်နေကြသဖြင့် သူတို့ပိုက်ဆံတင်မက သူမပိုက်ဆံပါ ဝင်သုံးသော မောင်ကလေးတွေကို မပေးချင်၍မဟုတ်။ မြန်မြန်ပြီးစေချင်၍ပင်။





ကောင်ကလေးတွေ ဝင်လိုက် ထွက်လိုက်ဖြင့် စည်ကားနေသော မှန်တံခါးမှတစ်ဆင့် အတွင်းကို လှမ်းမြင်နေရသော မှန်တံခါးအဖွင့်အပိတ်သည် ကွန်ပျူတာဖြင့် စမ်းသပ်ဖွင့်ပိတ်နေသော မီနီမားကပ်ကလေးကို တစ်ချက်လှမ်းကြည့်ပြီး မျက်လုံးပိတ်ကာ မှိန်းနေလိုက်၏။ အဖျားတွေ တရှိန်ရှိန်ပြန်တက်လာ၍ မောင်လေးတွေ လေအေးစက် ပိတ်ပေးကာ ကားမှန်တံခါးတွေ ရှေ့ဘက်ချထားပေးပြီး သူမထိုင်နေရာ နောက်ဘက်ကိုတော့ မှန်ပိတ်ပေးထားခဲ့လေသည်။

အဖျားတွေ တက်လာသဖြင့် ဖေဖေဖြစ်ဖြစ်၊ မေမေဖြစ်ဖြစ်တိုက်သော ဆေးတွေ ထပ်မံသောက်ရတော့မည့် အရေးဆဖေနဲ့ မေမေ၏ ထုံးစံအတိုင်း အငြင်းပွားကာ သူ့ဆေးမှန်သည် ငါ့ဆေးမှန်သည်နှင့် ကုသကြမည့်အရေးတွေကိုတွေးပြီး စိတ်ညစ်ချင်သေးသည်။ ဖေဖေက သူ့ဆေးမသောက်လျှင် စိတ်မကောင်းဖြစ်ဦးမည်။ မေမေ့သမီး ပဒုမ္မာကြာက မေမေ့ဆေးကိုမသောက်လျှင် မေမေ စိတ်ဆိုးမည်။ အင်း ... ဒုက္ခ .... ဒုက္ခ။ သူမလိုပဲ မိဘနှစ်ပါးစလုံး ဆရာဝန်တွေဖြစ်နေမည့် မိသားစုတစ်ခုရဲ့ကလေးတွေ နေမကောင်းရင်ရော ဒီလိုပဲလားမသိဟု တွေးမိလိုက်သောအခါ မဆီမဆိုင် ဟန်းစံကို သတိရလိုက်မိသည်။

ဟန်းစံနဲ့ သူမတို့သာ သားသမီးကလေးတွေရဲ့မိဘနေရာ ရောက်ခဲ့ရင် ဒီလိုအငြင်းပွားစရာ ပညာပြိုင်စရာတွေရှိမည်မထင်။ ကလေးတွေရဲ့မေမေဖြစ်တဲ့ ပဒုမ္မာကြာက နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆေးတိုက်ထားရင် ဖေဖေဖြစ်တဲ့ ဟန်းစံက သိချင်းဆိုပြီး ချော့သိပ်ရင် သိပ်မလားပဲ။ အင်း ... ဒီလိုသာဆို သိပ်ပျော်စရာ ကောင်းမယ့် ဘဝတစ်ခုပဲကွယ်။

နေစမ်းပါဦး၊ ဖေဖေနဲ့ မေမေ့အကြောင်းက ဘယ့်နှယ် ဒီအတွေးတွေ ဝင်သွားတာပါလိမ့်ဟု အလန့်တကြား သတိထားလိုက်မိ၍မဆုံးခင် ...

"နေ့ကြာနဲ့စကြာရော ဘယ်ရောက်သွားလဲ မသိဘူး ကားကြီး ဒီအတိုင်းပစ်ထားပြီး ပျောက်သွားနေတယ် ဒီကောင်တွေ ခက်တော့တာပဲ"

အသံတစ်သံက ကားနားလေးမှာ ထွက်ပေါ်လာ၏။ ကားမှန်နက်အောက် တင်ထား၍ နောက်ဘက်ခြမ်းမှာရှိသည့် သူမကို မမြင်ခဲ့၍ ဒီလို ခပ်တိုးတိုးရေရွတ်တာပဲဖြစ်မည်။ နေဦး ... ဒီ အသံကို သူမ သိပ်ရင်းနှီးခဲ့တာပေါ့ဟု စဉ်းစားကြည့်၍မှ မဆုံးခင်

"ဟင် ... ကြာကြာလေး ပါလာတယ် ဟုတ်လား၊ ကျွန် တော် သိတောင် မသိဘူး"

မှန်ချထားသည့် ကားရှေ့ပြတင်းမှ ခေါင်းငုံ့ကြည့် လိုက်သူကြောင့်ပင် ပဒုမ္မာကြာအဲတွက် စဉ်းစားကြည့်ချိန်ပင်မရ လိုက်တော့ပေ။ ကိုယ်တို့ တကယ်ပဲ ထပ်တွေ့ကြပြီနော်။ ကြမ္မာကို ကိုယ်မယုံချင်တော့ဘူး ဟန်းစံရယ်။

"နေမကောင်းဘူးလား ကြာကြာလေး၊ အဒွေးထည်ကြီးနဲ့ ဟိုကောင်တွေရော"





"ဆိုင်ထဲဝင်ကြည့်နေကြတယ်"

"ဟာ ... ဒီကောင်တွေက ကျွန်တော့်ကို ပြောရောပေါ့၊ ဒီဆိုင်ကို ကျွန်တော်ဖွင့်ထားတာ သုံးရက်ပဲ ရှိသေးတယ်၊ ဒါ ကျွန်တော့်ဆိုင်လေ ကြာကြာလေး။ မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်ချင်လို့ ယောကျ်ားလေးအသုံး အဆောင်တွေ တမင်သီးသန့်ရောင်းတာ"

သူ့ကို ဘယ်သူမှ မစစ်ဆေးရသေးဘဲ ဖြေဝင့်ချက် တွေပေးလျက် သူ့အသံက ရွှင်မြနေ၏။ ဩော် ... သူကခေတ် ပေါ်ပစ္စည်းတွေရောင်းတဲ့ မိနီမားကပ်တစ်ခုတောင် ဖွင့်နိုင်တဲ့အထိ အောင်မြင်နေပြီပဲ။ ကျေနပ်ပါတယ် ဟန်းစံ။ ကိုယ် မင်းကိုပုံပိုး ရကျိုးနပ်ပါတယ်။ အခုမှ ဒုတိယခွေပဲ ရှိသေးတယ်။ မင်းဒီလောက် ချမ်းသာနေရင် နောက်တစ်ခွေဆိုရင် ကိုယ်တို့ထက်တောင် ဒီ့ထက် မက ချမ်းသာသွားတော့မှာဆိုတာ ကိုကြီးစပ်သူရ ပြောဖူးသား။ အခု တကယ်မှန်နေပြီပဲ။

"ကြာကြာလေး"

မျက်လုံးကို မှိတ်ခနဲ ပိတ်မိစဉ် အသံက နီးကပ် လွန်းစွာ ကြားလိုက်ရတာမို့ မျက်လုံးပြန်ဖွင့်ကြည့်တော့ ဟင်း ... ဘုရားရေ ... သူက ကားတံခါးဖွင့်ပြီး ရှေ့ခန်းမှာ ဝင်ထိုင်ကာ သူမအား လှည့်ကြည့်နေပါရောလား။ သူ ဒီလောက်ထိ ရဲတင်း လိမ့်မယ်မှန်း မမျှော်လင့်ခဲ့၍ အံ့ဩရတော့၏။

"ကျွန်တော့်ဆိုင်နာမည် ဘာလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

ဟန်းစံက သဘောကျလျက် ခပ်တိုးတိုးလေးသံဖြင့်_

"Lotus တဲ့ ... အဲဒါ ဘာအဓိပ္ပာယ်လဲဆိုတာ ကြာကြာလေး သိမှာပါ"

ပဒုမ္မာကြာ၏ ရင်ဘတ်တွေ ဒိုင်းခနဲ ဆောင့်ခုန်သွားစေသော သူ့ဆိုင်နာမည်ပင် ဖြစ်ပါသည်။ Lotus ဆိုတာ မြန်မာအဓိပ္ပာယ်အရဆိုရင် "ပဒုမ္မာကြာ"လို့ အဓိပ္ပာယ်ရတယ်ဆိုတာ ဘယ်သူ မသိဘဲ နေပါ့မလဲ။ အို ... သူ့ကို ရဲရဲပြန်ကြည့်ဖို့တောင် ကိုယ် တော်တော် သတ္တိမွေးရဦးမယ်။

"နောက်ထပ် ဘာလုပ်ငန်းတိုးချဲ့ပါစေ အကယ်၍ ကိုယ့်မှာ ငွေတွေသိပ်ပေါလာလို့ ကိုယ်ပိုင်တေးထုတ်လုပ်ရေးပဲဖြစ်ဖြစ် ကိုယ်ပိုင်စတူဒီယိုပဲဖြစ်ဖြစ် ထောင်ဖြစ်ပါစေ ကိုယ်ပေးမယ့် နာမည်က အဲဒီနာမည်တစ်ခုပဲ ရှိတယ်။ ကိုယ့်ကို ခွင့်လွှတ်နော် ကြာကြာလေး"

သူ ... သူ ငါ့ကို ဘာတွေပြောတော့မလဲ။ နာမ်စားတောင် "ကိုယ်"ဟု ချက်ချင်းပြောင်းသုံးလိုက်ပြီ ဆိုကတည်းက။ ဟင့်အင်း ... သူမ ရင်မဆိုင်ရဲသေးပါကွယ်။

"ဆောရီးပဲ ကြာကြာလေးရယ်၊ ကြာကြာလေး အရမ်းဖျားနေမှန်းသိရက် ရည်းစားစကား လာပြောမိသလို ဖြစ်နေပြီ။ နောက်ပြီး ရည်းစားစကား ပြောရတဲ့ နေရာကလည်း ယောက်ဖတွေရဲ့ကား ဖြစ်နေပြီ၊ ကိုယ့်အဖြစ်က ရယ်စရာ





ကြီး။ ဒါပေမဲ့ မတတ်နိုင်ဘူးကွာ၊ ကိုယ်နဲ့ ကြာကြာလေးက သိပ်အကြာကြီး မတွေ့ကြဘဲ တစ်ခါတလေမှ တွေ့ခွင့်ရတာဆိုတော့ ကိုယ် အနှစ်နှစ်အလလက မျိုသိပ်ထားခဲ့ရသမျှတွေ ပြောပါရစေတော့ကွာ။ ကိုယ်လေ ကြာကြာလေးကို ချစ်တယ်ဆိုတဲ့ စကားကို ဟိုးအရင်တည်းက ပြောချင်ခဲ့တယ်၊ ကြာကြာလေး ယုံပါ့မလားပဲ"

"ကဲ ... ဆိုစမ်းပါဦး၊ ဘာလို့ အခုမှ ဒီစကားကိုပြောဖြစ်ပါတယ်ဆိုတဲ့ အကြောင်းရင်းကလေး"

ပဒုမ္မာကြာသည် ခပ်ရွှဲရွှဲ ပြန်မေးဖို့ လည်ချောင်းထဲက အသံတွေ ဖျစ်ညှစ်ထုတ်နေရသည်အထိ အားပျော့နေသည့် ကိုယ့်ကိုယ်ကိုယ် အတော်ပင် စိတ်ပျက်မိသည်။

မောင်လေးတွေရယ် ... မြန်မြန်ပြန်လာပါတော့။ ကြာရင် ငါ့ရဲ့အမူအရာတွေ သိပ်ဖရိုဖရဲ ဖြစ်ကုန်တော့မယ်။ မဟုတ်သေးဘူး၊ ဒါဟာ မောင်လေးတွေနဲ့ ဟန်းစံတို့များ ပေါင်းကြံကြသလားမသိ။ ပြောနိုင်တာမှတ်လို့ မောင်ကလေးတွေဟာ ဟန်းစံဆို ဘာကောင်မှ မဟုတ်ခင်ကတည်းက တယ်အထင်ကြီးကကြီးနဲ့။ အခုလို အခြေအနေမျိုးကို ပိုတောင်အထင်ကြီးဦးမယ့် မောင်ကလေးတွေပဲ။

"အရင်ကတော့ ကြာကြာလေးက ကိုယ့်ကို အစွမ်းအစမရှိတဲ့လူ ဆိုပြီး အထင်သေးနေတာရယ်။ အရင်က ကိုယ့်ရဲ့ အဆင့်အတန်းကြောင့် ကြာကြာလေးကို ချစ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောမိရင် ကြာကြာလေးက ကိုယ့်ကို သိုက်တူးချင်တဲ့ကောင်လို့ ထင်သွားမှာ စိုးရိမ်တာရယ်ကြောင့် မပြောဖြစ်ခဲ့တာပါ။ နောက်ပြီး ကိုစပ်သူရနဲ့ ကြာကြာလေးတို့က အဆင်ပြေသွားကြပြီလို့လည်း ကိုယ်က အထင်လွဲမိသေးတာ၊ ဟိုးတလောက ကိုစပ်သူရ လက်ထပ်တဲ့သတင်းကို မဖတ်ရသေးခင် အထိပဲပေါ့၊ အခုတော့ ကိုယ့်ရဲ့ကြာကြာလေးမှာ ပိုင်ရှင်မရှိသေးမှန်းသိတော့ ကိုယ်ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်တာပါ။ ကိုယ့်ကို အဖြေပေးနိုင်မယ် မဟုတ်လား ကြာကြာလေး၊ ကိုယ် မျှော်လင့်ပါရစေ”

ရယ်ပစ်လိုက်ဖို့ပင် ကောင်းသေးတော့သည်ကွယ်။ ဟိုးတစ်နေ့ကမှ ရှိဏာနဲ့ သက်မာတို့ကို တိုင်ပင်ဆွေးနွေးပြီး ဟန်းစံက “ချစ်တယ်”ဆိုတာ ဘယ်တော့များမှ ကြားရပါ့မလဲ ဆိုတာကို တမ်းတခဲ့မိသေးရဲ့။ ကဲ … အခုကျတော့ နေမကောင်းလို့ ဖျားနေရက်နဲ့ ဟန်းစံက “ချစ်တယ်” ဆိုတာကို နားထောင်ဖို့ ဖန်လာသတဲ့။ အို … ဘယ်လိုအဖြစ်အပျက်ကြီးပါလိမ့်။

“ကြာကြာလေးကို ချစ်တယ်၊ လက်ထပ်ပါရစေနော်”

ဟင့်အင်း … မင်းကို ကိုယ် ချက်ချင်း အဖြေပေးလို့ မဖြစ်သေးတာ အမှန်ပဲ။ ကိုယ့်ကို မင်း အထင်လွဲစေမယ့် လမ်းမျိုး ကိုယ်ကစပြီး ခင်းမထားသင့်ဘူး။ သတိထားရမယ်။ အရင်က ဟန်းစံ မဟုတ်တော့လို့ မင်းရဲ့စည်းစိမ်တွေ မက်လို့ ကိုယ်က လက်ခံတယ်ဆိုတာမျိုး မင်း လုံးဝသံသယမဖြစ်စေရ။





“ဟင် … ကိုယ်တွေ တော်တော်ပူနေတာပဲ”

ကြည့်စမ်း … ပိုင်စိုးပိုင်နင်း သူ့လက်ဖဝါးတစ်ဖက် ကြာကြာလေး၏ နဖူးကို စမ်းသတဲ့လား။ နေကြာနဲ့ စကြာရေ မြန်မြန်ပြန်လာတော့ကွယ်ဟု ဆုတောင်းမိပြန်သည်။ ကြာရင် ရင်ခုန်နေလွန်းတာကို ဟန်းစံ ရိပ်မိသွားလိမ့်မည်။

“ဆောရီး … ဆောရီး၊ ကိုယ်က ကြာကြာလေးကို လာဒုက္ခပေးနေမိပြီ။ ဒါပေမဲ့ ကိုယ်ပြောတဲ့ စကားတွေကိုတော့ မေ့မထားလိုက်နဲ့နော်။ ကိုယ်က ကြာကြာလေးဂို အဖြေလာလာတောင်းနေမှာပဲ၊ ဘယ်လိုလဲ ကိုယ့်ကိုရိုက်ချင်နေပြီလား၊ ရိုက်ချင် ရိုက်လို့ရတယ်နော်”

“နေကြာတို့ကလည်း ကြာလိုက်တာ၊ ဒီမှာ ခေါင်းမူးလှပြီ၊ ဟန်းစံ သွားခေါ်ပေးပါလားဟင်၊ သူတို့ ရှုံ့ဆိုင်ထဲမှာ”

“ကိုယ်ပဲ အိမ်ပြန်ပို့ပေးချင်တယ် ဖြစ်မလား၊ ဒီမှာ ကားသော့တန်းလန်းနဲ့ ကိုယ်မောင်းသွားရင် ရတယ်။ ကိုယ့်ကားကို သူတို့ မှတ်မိတယ်။ အဲဒီနားမှာ ရပ်စောင့်ပေးနေတဲ့ အစောင့်ကို အကျိုးအကြောင်း ပြောပြပြီး ကားသော့ပေးခဲ့ရင် သူတို့ ယူမောင်းပြီး အိမ်လိုက်လာမှာပဲ”

“ဟာ: … ဘယ်လိုဖြစ်နေတာလဲ၊ နေကြာနဲ့ စကြာကို သွားခေါ်ပေးပါဆိုတာ ဘာလို့ မခေါ်ပေးချင်ပဲ လျှောက်ဖန်တီးနေရတာလဲ ဟန်းစံ။ ရှင်မခေါ်ပေးချင်ရင်နေ၊ ကိုယ့်ဘာသာ ခေါ်လည်းရတယ်။ ဒီလောက်ကလေးတောင် အကူအညီ မပေးချင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံသည် သူ့အား စိတ်ဆိုးမာန်ဆိုးဖြင့် မျက်စောင်းထိုး အော်ငေါက်သည့် သူမကို လက်လျှော့ဟန်ဖြင့် "သွားခေါ်ပေးပါ့မယ်"ဟု ပြောလည်းပြော၊ ကားတံခါးကိုဖွင့်ပြီးအထွက်။

"ဟော့ကောင် ... မင်း ဘယ်သူလဲ၊ လုံးဝမလှုပ်နဲ့နော်။ ငါတို့မရှိတုန်း ငါတို့အစ်မကို ဝင်နှောင့်ယှက်တဲ့ကောင် လုံးဝထွက်မပြေးနဲ့"

နေကြာနဲ့ စကြာ်တို့က ဟန်းစံအား ပခုံးမှဝင်သိုင်းဖက်ကြလျက် နောက်ပြောင်ရယ်မောသံတွေ ဆူညံကုန်တော့၏။ တစ်ယောက်နဲ့တစ်ယောက် တွန်းထိုးကာ အမိပ္ပာယ်မရှိ တဟားဟား ရယ်ကြလေသည်။ သေချာပါတယ် ... ဒါဟာ သူတို့များ ပေါင်းကြံကြသလားဆိုတဲ့ သံသယမှန်ဖို့ပဲ ရှိတော့တယ်ဟု ကောက်ချက်ချကာ မောင်ကလေးတွေကို စိတ်ကောက်ချင်သည်။ အင်မတန်ဉာဏ်များနေတဲ့ ဟန်းစံကိုလည်း စိတ်ကောက်သည်။

"မင်းတို့လာတာ မြန်သွားလို့၊ နောက်မို့ မင်းတို့ကားနဲ့ မင်းတို့အစ်မကို နိုးပြေးတော့မလို့"

ဟင် ... သူ စကားပြောတာ ရဲတင်းလှချည်လား။ ပိုင်စိုးပိုင်နင်း ရှိလှချည်လား။ ဒါဟာ သူ့မှာ ပိုင်ဆိုင်ထားပြီးဖြစ်တဲ့ စည်းစိမ်ချမ်းသာတွေကြောင့် ဒီလိုပြောင်းလဲသွားတာပဲလား။ သူ့လို အောင်မြင်ကျော်ကြားပြီး ချမ်းသာကြွယ်ဝလာပြီဖြစ်တဲ့ နာမည်ကြီး အဆိုတော်တစ်ယောက်ကို ဘယ်သူမဆို လက်ခံမှာပဲလို့ တရားသေတွက်ထားတဲ့ သဘောနဲ့ တမင်ပြောတာပဲလား။





ဟင့်အင်း ... ကိုယ်ချစ်ခဲ့ရတဲ့ ဟန်းစံဟာ ဒီလိုဘဝကို ရရှိထားတဲ့ ဟန်းစံ မဖြစ်ခင်တည်းကဆိုတာ မင်း မသိသေးပါလားကွယ်။

"ခွေးကောင် ... ဆိုင်နာမည်က ဆန်းဆန်းပြားပြား ယောကျ်ားပစ္စည်းတွေရောင်းပြီး Lotus ဖြစ်နေလို့ အံ့ဩနေတာ။ လက်စသတ်တော့ မင်းဆိုင်ကိုး၊ ဒါကြောင့် ဒီနာမည်ဖြစ်နေတာလည်း မဆန်းပါဘူး"

"နေကြာနဲ့ စကြာ အိမ်မြန်မြန်ပြန်ရအောင်လေ၊ ငါ အရမ်းအဖျားတက်လာပြီ"

ပဒုမ္မာကြာက စကားကြောရှည်နေသည့် မောင်ကလေးတွေကို လှမ်းအော်တော့မှ အမြွှာနှစ်ကောင် ကားထဲဝင်ထိုင်တော့တဲ့အထိ။

ဟန်းစံများဆို သူတို့ဟာ ဘယ်လိုရေစက်မှန်းမသိ။ အသေခင်ကြတာပဲ။ ဟန်းစံ ... မင်း သိထားဖို့က ကိုယ့်ထက်တောင် ကိုယ့်ရဲ့မောင်ကလေးတွေဟာ ဖြူစင်ပါတယ်။ မင်းကို ဂျစ်ပစီလို ဘဝထဲ တကယ်ခင်ခဲ့ကြသူတွေပဲ။

"မနက်ဖြန် ကိုယ် သတင်းလာမေးမယ်။ ကြာကြာလေး နေကောင်းသွားပြီလားလို့၊ နောက်ပြီးတော့ ..."

"ဟော့ကောင် ... တော်ပြီ၊ ဖင်ကျိန်းတယ်ကွ"

"ဟယ် ... တော်စမ်း၊ မျက်နှာပိုးကို မသေဘူး။ ဒါ ... နင်တို့အကြံတွေ မဟုတ်လား"

နေကြာနှင့် စကြာ်တို့က ပြိုင်တူပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်ပါဘူး၊ ကြာကြာလေး အဲဒါတော့ယုံပါ။ ငါတို့ တကယ်မသိလို့ ဒီဆိုင်ကို ဝင်တာပါ"

ဟုပျာပျာသလဲ ငြင်းကြ၏။ ဟန်းစံနားက ကားကို တစ်ဟုန်ထိုး မောင်းထွက်ခဲ့ရင်းမှ ထပ်မံ၍ ...

"ဒီကောင်နဲ့ မကြာခဏတွေ့ပေမယ့် ဒီဆိုင်ဖွင့်ဖို့ အစီအစဉ် ရှိတာတောင် မပြောပြဖူးပါဘူး၊ ငါတို့ ရိုးရိုးသားသား အရင်ကလိုပဲ လက်ဖက်ရည်ဆိုင်ထိုင်၊ အင်းလျားဘက်သွား၊ သူ့သီချင်းတွေအကြောင်း ဆွေးနွေးတာလောက်ပဲရှိတယ်"

အောင်နေကြာက တည်တည်ငြိမ်ငြိမ် ပြောပြပါသည်။

"ဟုတ်တယ် ... ငါတို့အရင်ကလိုပဲ တကယ်သူငယ်ချင်းတွေလို ပေါင်းကြတာပါ၊ သူ နင့်ကို သဘောကျနေတာ ငါတို့ ရိပ်မိပြီး မေးဖူးတာလောက်ပဲ ရှိတယ်။ ကျန်တာ လုံးဝ နင့်အကြောင်း သူကလည်း မပြောဘူး။ ငါတို့က လည်း သိက္ခာအကျခံပြီး မပြောပါဘူးဟာ စိတ်ချပါ။ နင် က အဆင့်အတန်းခွဲခြားတယ်ဆိုပြီး ငါတို့က သူ့ကိုစိတ် မပျက်ဘူးလားလို့ မေးတာလောက်ပဲရှိတယ်။ အခုလို သူ ဒီလောက်ချမ်းသာမှန်းလည်း ငါတို့မသိပါဘူး။ စိတ်ချပါ ကြာကြာလေးရဲ့။ ငါတို့က နင်နဲ့ သူ့ကို သဘောတူရင် သာတူမယ်၊ ဒီလိုဖန်တီးပေးတဲ့အထိတော့ သိက္ခာအကျမခံ ပါဘူး"





"ဟုတ်ပါတယ်ဟာ၊ မတော်တဆ တိုက်ဆိုင်တာပါ၊ တစ်ခု တော့ ရှိတယ်၊ ဒီကောင်က နင့်ကို တော်တော်ချစ်နိုင်တဲ့ ကောင်ပဲ ဆိုတာတော့ ပြောချင်တယ်"

ပဒုမ္မာကြာသည် ခုနက မောင်ကလေးတွေကို သံသယဖြစ်သမျှတွေလည်း ပြေပျောက်ခဲ့ပါပြီ။ သို့သော် "ကိုယ်က ဒီစကားကို အခုမှ ဖွင့်ပြောပါတယ်"ဟု ဝန်ခံသော ဟန်းစံ၏ စကားလုံးများအတွက် တစ်စုံတစ်ခုကို သံသယဖြစ်ချင်နေသားပင်။ အို ... ရင်မောရလေစွ။

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ကြာကြာလေး၏ဖေဖေက အရင်ကအတိုင်း မပြောင်းမလဲ သူ့ကို ဖော်ဖော်ရွေရွေ ဆက်ဆံသလိုပင်၊ ကြာကြာလေး၏ မေမေက ယခုထိ သူ့ကို တစ်ချက်မျှ ပြုံးပြနှုတ်ဆက်တတ်ခြင်း နည်းပါးသေးသည်။ ဒါဆို မေမေ့သမီး ကြာကြာလေးကရော အရင်ကလို သူ့ထက် ပညာအဆင့်အတန်း နိမ့်ပါးသူကို ဘာကောင်ကြီးဖြစ်ဖြစ် ဂရုစိုက်စရာ မလိုဘူးဆိုတဲ့ စိတ်ဓာတ်ရှိနေသေးဆဲပဲ ထင်ပါရဲ့ဟူ၍ တွေးမိလျှင် မျှော်လင့်ချက်တွေ တစ်ဖန်ရှင်သန်ထားခဲ့သမျှ ပြယ်လွင့်ချင်ခဲ့ပြီ။

မှန်တာဝန်ခံရရင် သူ့ဘဝက ဒီလိုအခြေအနေနဲ့မို့ ကြာကြာလေး၏အိမ်သို့ ရဲရဲဝံ့ဝံ့ လာလည်ရဲတာပင်။ သို့သော် အခြေအနေက ထင်သလောက် မဖြေလည်သေး။ ကြာကြာလေး၏ မေမေသည် သူ့ရဲ့အောင်မြင်ကျော်ကြားမှုနှင့် ချမ်းသာကြွယ်ဝမှု



တို့ကို သူမတို့မက်မောသည့် ပညာအဆင့်အတန်းနှင့် လဲမည့်ပုံစံရှိပေ။ မလွယ်ပါလား ကြာကြာလေး။ ကိုယ့်ကို မင်းက လက်ခံခင်တောင် မေမေ့စကားကို နားထောင်ခဲ့မယ်ဆိုရင် ကိုယ်တော့ ဆွေးရချည်ရဲ့။

"ဒီနေ့လည်း သူတို့အစ်မကို ကျောင်းပို့ကျောင်းကြိုလုပ်ပေးကြလေရဲ့၊ သမီးကြာကြာလေးက ကိုယ်တိုင်သာ ဆရာဝန်လုပ်ချင်တာ။ ကျန်းမာရေးက တယ်မကောင်းချင်ဘူး။ မနေ့ကတည်းကဖျားတာ ဒီနေ့မှ နည်းနည်းအဖျားကျလေ့ရဲ့။ ပရယ်တီကယ်ရှိလို့သာ ကျောင်းသွားသွားနေရတာ ပြန်လာတော့မှာပေါ့။ သား ခဏထိုင်စောင့်ဦးပေါ့"

ကြာကြာလေး၏ဖေဖေက ဆေးခန်းထိုင်ရန် အချိန်နီးလာ၍ သူ့ကို နှုတ်ဆက်ပြီး ထွက်သွားသလို သူ့ကို ဂရုမစိုက်သည့် ကြာကြာလေး၏ မေမေက အိမ်နောက်ဖေးမှာ အလုပ်ရှုပ်နေဟန်ဆောင်ကာ သူ့ကို ဧည့်ခံပါ။ ကြည့်စမ်း ... ဘယ်လောက်ရူးဆန်းလိုက်သလဲ၊ နာမည်ကြီးအဆိုတော်တစ်ယောက်ဟာ သူ့ကို အသိအမှတ်မပြုသည့် ဧည့်ခန်းတစ်ခုထဲမှာ ကြောင်စီစီနဲ့ တစ်ယောက်တည်း ထိုင်နေခဲ့ရသကဲ့။

ပြီးတော့ သူချစ်သောမိန်းမ၏ အသိအမှတ်ပြုမည် မပြုမည် မသေချာသော အခြေအနေတစ်ရပ်ကိုလည်း ရင်ဆိုင်နေရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပညာရည်ချွန်ဆုတံဆိပ်တွေ ကြားကြားဝင့်ဝင့်ဖြ
စီရရီထည့်ထားသည့် ရှိုးကေ့စ်တစ်ခုစီကို မကြည့်မိစေရန်တော
အတော်လေး သတိထားရသည်။ ဆယ်တန်းတုန်းက မြန်မာတ
နိုင်ငံလုံး ပထမအဖြစ် ဆုတံဆိပ်တွေ တသီကြီးနှင့် ဂုဏ်ယူဝ
ကြွားစွာ ပြုံးနေသည့် ကြာကြာလေး၏ဓာတ်ပုံကိုတောင် အမြ
တနိုး ငေးစိုက်ကြည့်ရမှာ ဝန်လေးလွန်းနေခဲ့တာတော့အမှန်
ကိုယ့်ရဲ့အချစ်ကို ပညာအဆင့်အတန်း ဆိုတာကြီးနဲ့ ခွဲခြားခံရ
မလိုလားခဲ့လို့ပါဟု ဖြေဖြောင့်ချက်ပေးရပါမည်။

"ဟား ... အိမ်ရှေ့မှာ မင်းကားမြင်ကတည်းက ဟန်
တော့ တစ်ယောက်တည်း ငေါင်နေရပြီလို့ ထင်တော
ထင်လိုက်သား၊ ဘယ်တုန်းကတည်းက ရောက်နေတာလ
ကြာပြီလား"

ပခုံးကို ဖျတ်ခနဲပုတ်၍ ခေါ်လိုက်သကြောင့်
သည် ကြမ်းခင်းကော်ဇောတွေအပေါ် မျက်စိရောက်နေရာမှ
ကြည့်မိသည်။ အောင်စကြာနှင့် အောင်နေကြာတို့နောက်တွ
သူ့အား စိုးကြည့်သည့် မျက်ဝန်းကလေးက ရင်ခုန်ချင်စရာ
အဲဒီမျက်ဝန်းကလေးရဲ့အဓိပ္ပာယ်ကို ကိုယ်နားလည်တယ် သိလ
ကြာကြာလေးဟု ပြောပြလိုက်ချင်သေးရဲ့။

ကြာကြာလေး အစား အောင်နေကြာက ဝင်ဖြေ
သည်။

"ဒီနေ့ အဖျားကျတယ်ကွ"





"အေးကွာ ... ငါလည်း မင်းတို့ ငါ့ဆိုင်ကိုလာပြီး နောက်တစ်နေ့မှာ လာမေးဦးမလို့ပါပဲ၊ အလုပ်ကိစ္စတွေ ပြည့်နေတာနဲ့ နှစ်ရက်လောက် ကြာသွားတယ်၊ အပြောနဲ့အလုပ် တစ်မျိုးစီဆိုပြီး စိတ်ဆိုးနေသလား မသိဘူး"

"ဘယ်သူ စိတ်ဆိုးနေတာလဲ"

အောင်စကြာ သိသိကြီးနှင့် တမင်ဝင်မေးတော့ သူက ကြာကြာလေးအား ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး မေးထိုးပြလိုက်လျှင် အမြွှာညီနောင်တို့က သူ့ရဲ့အဖြစ်သည်းမှုအား ကျိတ်ဟားကြတော့၏။

"ထိုင်လေ ... ကြာကြာလေး။ ဒီမှာ ဧည့်သည်ကို ဧည့်ခံဦးမှပေါ့။ သူ့မှာ ငါတို့ကို တွေ့ချင်လွန်းလို့ အချိန်တွေ မအားတဲ့ကြားက ထိုင်စောင့်နေရတာ။ နည်းနည်းကော့ ထိုင်ပြီးစကားပြောနိုင်တယ် မဟုတ်လား"

သိပ်လိမ္မာတဲ့ ချစ်သူကလေးပဲ။ သူ့ရှေ့က ဆိုဖာတစ်ခုမှာ ဝင်ထိုင်ပုံကလေးက ညင်သာလွန်းလှ၏။ ကိုယ်လာမယ် ပြောထားရက်နဲ့ မလာလို့ စိတ်များကောက်နေဦးမလားဟု ထပ်ဦးစိုးရိမ်မိသေးသည်။ အင်း ... စိတ်ကောက်နေတဲ့ ချစ်သူလေးတို့ ချော့ရတာ ဘယ်လောက်ကြည်နူးစရာကောင်းမလဲမသိ။ အခုတော့ ကြာကြာလေးဟာ ကိုယ့်ချစ်သူ မဟုတ်သေးလို့ ကိုယ်က ချော့ခွင့်မရသေး၍ ဒီကြည်နူးမှုကို ဘယ်ခံစားရလိမ့်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကတော့ သူ့အတွက် မျှော်လင့်ချက်များအ ဖြတ်သန်းစေသည့် နေ့တစ်နေ့ပင် ဖြစ်ခဲ့ပါသည်။ ကြာကြာလေး သည် သူ့ကို အလိုက်သင့် စကားပြန်ပြောလျှက်။ သူနဲ့ သူမရဲ့ မောင်ကလေးတွေ ပြောသမျှကို ရယ်စရာရှိလျှင် လိုက်ရယ်လျက် ပြီးတော့ ...

"ကိုယ် ကြာကြာလေးဆီ လာလည်လို့ ရမလား"

ဟူ၍ ပြန်ခါနီး တံခါးဝသို့ လိုက်ပို့စဉ် ခပ်တိုးတိုး ကပ်မေးခဲ့ခြင်းအား ...

"နေကြာနဲ့ စကြာပါရင်တော့ လာလည်ပေါ့"

ဟု လှလည်ကျစွာ ပြန်ဖြေတတ်ခဲ့လျက်။

"ကိုယ်က တစ်ယောက်တည်း လာလည်မှာကိုပြောတာ"

"အချိန်မတန်သေးပါဘူး ဟန်းစံ၊ စောင့်နိုင်ရင်တော့ စောင့် ပေါ့၊ မစောင့်နိုင်ရင်လည်း ရတယ်"

ဟု ခပ်ရွှဲရွှဲ ပြန်ဖြေတတ်ခဲ့လျက်။ နောက်တစ်ဖန် သူ့ကားကလေးကို မျက်စိတဆုံး ရပ်ကြည့်ကျန်ခဲ့မှန်း နောက် ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့် ကျေနပ်ရလျက်။ တကယ်ပါ ကြာကြာလေးရယ်၊ ကိုယ့်ဘဝမှာ အဲဒီအချိန်ဟာ ပီတိအဖြစ်ရဆုံး အချိန်ပါပဲ။ ယုတ်စွအဆုံး စီးရီးအောင်မြင်လို့ ပီတိဖြစ်ရတာထက် တောင် ပိုသေးရဲ့၊ ကိုယ့်ရဲ့ကြာကြာလေးက ကိုယ့်ကို ဒီလိုမျိုး ကြည်ကြည်သာသာ ဆက်ဆံမှုကို ကိုယ့်အတွက် ပထမဆုံးကြုံ တွေ့ခဲ့ရလို့ပဲ။





နောက်ပိုင်းနေ့ရက်တချို့တွင် သူသည် ကြာကြာလေး၏ စကားကို နားထောင်ကာ ကြာကြာလေးဆီ သွားလည်ချင်ရင် အောင်နေကြာနှင့် အောင်စကြာတို့ကို အဖော်ခေါ်ပြီးမှသာ သွားလည်ခဲ့၏။

တတိယနှစ်ဆေးကျောင်းသူ ကြာကြာလေး တက်ရောက်သင်ကြားရသည့် စာသင်ဆောင် သီရေတာဝမ်းကိုလည်း သူက ရင်းနှီးကျွမ်းဝင်ခဲ့ပြီ။ ခပ်ကျဉ်းကျဉ်း စားသောက်ဆိုင်နည်းနည်းနှင့် ထမင်းစားချိန်တွေမှာသာ လူစည်ပြီး ခံနေရာလုရသော ကျောင်းကင်န်တင်းကိုလည်း ယဉ်ပါးခဲ့ပြီ။

"ယောက်ဖရာ ... မြန်မြန်အဖြေတောင်းရင်လည်း တောင်းတော့၊ မင်းက ကြာကြာလေးဆီ သွားချင်တိုင်း ငါတို့က လိုက်လိုက်ပေးနေရတာ ဖင်ကျိန်းလှပြီကွ၊ ဘယ့်နှယ် မင်းနဲ့ကျမှ ကိုယ့်အစ်မကိုယ်ပြန်ပြီး အောင်သွယ်တော်ဖြစ်ရပြီ။ မင်းဘာသာ လူပျိုလှည့်တာ ငါတို့က အဖော်လိုက်ပေးတယ်ဆိုတာသာ မေမေ သိကြည့်၊ ရေလည်ကောခံရမှာ သေချာတယ်၊ အဲဒီလောက် သိက္ခာအကျခံရသလားလို့ ဆဲမှာပဲ ထင်တယ်"

"တခြားကောင်တွေ သူတို့ကောင်မလေးတွေ သွားပတ်လို့ အဖော်လိုက်ပေးရတာ လူကြားကောင်းတယ်၊ အခုဟာက ကိုယ့်အစ်မကို လူပျိုလှည့်တာ ပြန်အဖော်လိုက်ပေးရတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်လူကြားမကောင်းတဲ့ကိစ္စပဲ၊ ဘော်ပါသေးရဲ့။ ဒီကိစ္စကို ရှိစာနဲ့ သက်မာပဲ ရိပ်မိကြလို့ နောက်မို့ ကြာကြာလေး အတန်းထဲက အမျိုးသမီးတွေသာ သိသွားကြည့် ငါတို့တော့ ဘယ်လောက် ကဲ့ရဲ့ခံလိုက်ရမလဲ။ ဟန်းစံ မင်းကို ခင်လွန်းလို့သာပေါ့ကွာ။ နောက်မို့ မင်းမျက်နှာကြီး ငါ ဆွဲထိုးပြီးပြီ”

“ထိုးချင်လည်း ထိုးလိုက်ကွာ၊ ငါက ကြာကြာလေးပြောစကားကို နားထောင်တာပါ။ ကြာကြာလေးက သူ့ဆီလာလည်ချင်ရင် မင်းတို့ပါမှလာဆိုလို့ လာရတာ။ နောက်မို့ မင်းတို့ကို အသိပေးပြီး ခေါ်တောင်ခေါ်မှာ မဟုတ်ဘူး။ စိတ်ချ”

ထိုအခါမျိုးမှာ သူ့ကို အမြှာနှစ်ကောင် ဝိုင်း၍ မေတ္တာပို့လို့ မဆုံးတော့။ သူ့မေးဖျားကို မနာအောင် လက်သီးနဲ့ ဆတ်ခနဲ ထိုးတာမျိုးဖြစ်ဖြစ်။ အကယ်၍ ကင်န်တင်းမှာ ထိုင်စကားပြောရင်း ကြာကြာလေးရဲ့ အတန်းဆင်းချိန်ကို စောင့်နေခဲ့တဲ့အချိန်မှာ ဒီလိုပြောမိရင်တော့ ခုံအောက်မှတစ်ဆင့် သူ့ညိုသကျည်းကို လှမ်းကန်တာဖြစ်ဖြစ်။ အင်း ... ဘယ်လိုပြောရမလဲ။ သူနဲ့ အမြှာညီအစ်ကိုတို့ဟာ တကယ့်ညီအစ်ကိုရင်းချာတွေလိုတောင် ရင်းနှီးနေကြပြီ။ ကြာကြာလေးဘက်က ပြတ်သားမှုတစ်ခုတည်းပဲ လိုတော့တာ။





“ငါ့ဏာ သာမန်လူမဟုတ်တော့ ကြာကြာလေးနဲ့ ငါက ဘာမှမသက်ဆိုင်သေးပဲနဲ့ ခဏ ခဏ တစ်ယောက်တည်း လာမတွေ့ချင်တာလည်း ပါပါတယ်ကွာ။ မင်းတို့ပါတော့ မင်းတို့ရဲ့သူငယ်ချင်းအနေနဲ့ဆိုတော့ ကြာကြာလေးလည်း သိက္ခာမကျဘူးပေါ့။ နောက်ပြီး ငါက တစ်လမှနှစ်ခေါက်လောက်ပဲ လာနိုင်တာပါ၊ ငါ့အလုပ်နဲ့ ငါတောင် မအားဘူး”

“အေးပါကွာ ... ယုံပါတယ် ယောက်ဖရာ၊ ဒီလောက် အယူခံဝင်စရာ မလိုပါဘူး၊ မင်းကို ခင်လို့ တမင်နောက်တာပါ”

သူတို့သုံးယောက် အဲဒီလို ရယ်မောစကားများချိန်မှာ သူတို့ရောက်နေတာကို သိပြီးဖြစ်တဲ့ ကြာကြာလေးက ကင်န်တင်းထဲကို လိုက်လာတတ်စမြဲ၊ ပြီးတော့ ...

“ဘာဖြစ်လို့ အဲဒီလောက် အကျယ်ကြီးရယ်ပြီး စကားပြောနေရတာလဲ၊ သူများတွေ ကြည့်နေတာလည်း သတိထားဦး ဟန်းစံ”

ဟု သူ့ကို ဆူဆူပူပူ လုပ်တတ်စမြဲ။

“ကြည့်တာများ အဆန်းလုပ်လို့ကွာ”

“ကိုယ့်ကိုယ်ကိုယ် ဘာကောင်ကြီး ဖြစ်နေတယ်ဆိုတာ သတိရစမ်းပါ၊ ကျုပ်က ရှင့်ကို စေတနာနဲ့ပြောတာ၊ နား မထောင်ချင်ရင်လည်းနေ၊ ကျုပ်က အနေသာကြီးပဲ”



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... အဲဒါသာကြည့်။ သူ့ကို ကြာကြာလေး... ဘယ်တော့မှ စကားပြော ပြေပြေပြစ်ပြစ်နဲ့ ဆက်ဆံတယ်ရယ်... လို့ မရှိတတ်။ အမြဲဆူဆူပူပူ။ ရန်လုပ်ချင်ရင်လည်း ဘာမဟုတ်... တာလေးကို ရန်လုပ်တတ်။ ဥပမာပေါ့ ...

"ဘာဖြစ်လို့ စီးကရက်က ဒီလောက်သောက်ရတာလဲ"

ဆိုတာမျိုးနဲ့ဖြစ်ဖြစ်။

"အကျီရင်ဘတ်ကြယ်သီးတွေ ဘာလို့ အပြည့်မတပ်တာ... လဲ၊ ဆံပင်ကလည်း ညှပ်ထားတယ်သာဆိုတယ် ရှေ့တ... ခြမ်းလုံးက မျက်နှာကိုအုပ်နေပြီ။ မျက်စိထဲ ဆံပင်ကြာကြာ... ဝင်ရင် မျက်လုံးဒဏ်ဖြစ်ဦးမယ်။ မျက်အိမ်ဓောင်းသွားမယ်"

ဆိုတာမျိုးနဲ့ဖြစ်ဖြစ် သူ့ကို အမြဲဆူဆူပူပူ။

"နေကြာနဲ့ စကြာတို့ကို ခဏခဏသွားခေါ်ပြီး ကျူပ်... လာဖို့ မဖန်တီးတော့ရင် ကောင်းမယ်။ ကျူပ်ရော သူ... ပါ စာမေးပွဲနီးနေကြပြီ"

အဲဒီစကားနဲ့ တားဖြစ်တဲ့နေ့ကဆို သူ တော်တော်... စိတ်မကောင်းဖြစ်ရပါသည်။ ကိုယ်က ဒီကို လာလည်တယ်... တာ ကြာကြာလေးဆီက ခွင့်ပြုချက်ရလို့ ကြာကြာလေးရဲ့မျက်... ကလေးကို တွေ့ရလိုစိတ် တစ်ခုတည်းနဲ့ လာလာနေခဲ့တာ။ ကို... အကြောင်းတွေကို လူသိခံပြီး ကြာကြာလေးဆီ လာလည်တာ... လူတော်တော်များများလည်း သိနေကြပြီ။ နာမည်ကြီးရုံခြင်း... ဒုက္ခတစ်ခုမှာ အဲဒါလည်း ပါတယ်ဆိုတာ ကြာကြာလေး မသ...



သေးဘူး။ လူသိများတဲ့ နာမည်ကြီးအဆိုတော် တစ်ယောက်မို့ ကိုယ် ဘာလုပ်လုပ် မှရိသတ်က သိနေကြတာ၊ အမေးခံရတာ၊ သတင်းထွက်တာကို ကြာကြာလေး သိက္ခာမကျစေချင်ပေမယ့် ကိုယ့်အတွက် ဒီတစ်ခါ ကြိုးပမ်းရခြင်းမှာ ကြာကြာလေးရဲ့အချစ် ကိုတင်မကဘူး ကြာကြာလေးကိုပါ ပိုင်ဆိုင်ရမှ ဖြစ်တော့မှာမို့ ကိုယ် ဒီလောက်ထိ လူသိခံနေတာပဲ။

အဖြစ်မခံနိုင်ဘူး၊ ကြာကြာလေးကလည်း ကိုယ့်ကို ချစ်နေခဲ့ပြီမှန်း သိရက် ကိုယ့်ကို ကြာကြာလေး မရွေးချယ်မယ့် အခြေအနေမျိုးကို အဖြစ်မခံနိုင်ဘူး။ အခုဆို ကိုယ်က ကြာကြာ လေးတို့ရဲ့အသိုင်းအဝိုင်းထဲကို ဝင်ဆန့်နိုင်မယ့် စည်းစိမ်ချမ်းသာ မျိုးတွေနဲ့မို့ ဒီလောက်ထိ ရဲတင်းနေခဲ့တာပဲ။ နောက်မို့ဆို ကိုယ် က ကြာကြာလေးကို အလှကြည့်နေရုံသက်သက်၊ ချစ်နေရရုံသက် သက်အပြင် အပိုင်ချိုင်တယ်လို့ အထင်ခံရမှာ စိုးရိမ်စိတ်နဲ့ ကြာ ကြာလေးကို ပိုင်ဆိုင်ရအောင် ဘယ်တော့မှ ကြိုးစားမိခဲ့မှာမဟုတ် ဘူး။

ကိုယ့်မှာ အားလုံးအပေါ် လက်မထောင်နိုင်တဲ့ အခြေ အနေမျိုးနဲ့မို့ ကိုယ့်ဘက်က ခြေလှမ်းတွေ စိပ်နေရတာပဲ။ ကိုယ့် ရဲ့စည်းစိမ်နဲ့ အောင်မြင်ကျော်ကြားမှုတွေက ကြာကြာလေးရဲ့ မေမေ တန်ဖိုးထားတဲ့ ပညာအဆင့်အတန်းကို လွှမ်းမိုးနိုင်မှဖြစ် မှာလို့၊ ကိုယ်တွေးမိတဲ့ တစ်နေ့မှာ ကိုယ့်အတွက် အောင်မြင်ကျော် ကြားမှုတင်မက ချမ်းသာကြွယ်ဝဖို့ပါ လိုလာပြီဆိုတဲ့ စိတ်ကူးနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိနီမားကပ်တွေ၊ စတူဒီယိုတွေထောင်ဖို့အထိ လောဘကြီးလာမိတာ အမှန်ပဲ။

(ကြာကြာလေးကို ဒီတစ်ခါ ပြန်ဆုံပြီး ချစ်ခွင့်ရတဲ့ အချစ်ဟာ ကိုယ့်အတွက်တော့ ပိုင်ဆိုင်ရခြင်းပဲ ဖြစ်စေရမယ် ကြာကြာလေး။)

ကြာကြာလေးနဲ့ သူနဲ့က ဘယ်တော့မှ ဖုန်းပြောခွင့်မကြုံ။ များသောအားဖြင့် သူ့ရဲ့အိမ်ပြန်ချိန်များဟာ ညဉ့်နက်သန်းခေါင် အချိန်တွေ၊ စတိတ်ရှိုးပြီးချိန်၊ သီချင်းသွင်းလို့ပြီးချိန်တွေ ဖြစ်နေတတ်တာမို့ သူ ဖုန်းဆက်ချိန်ဆို ကြာကြာလေးက အိပ်ချင်ရင်အိပ်။ ဒါမှ မဟုတ်။

"စာကျက်နေပါတယ်၊ ခေါ်ပေးလို့ မဖြစ်ဘူး"

ဟူသော ကောင်မလေးတစ်ယောက်ယောက်ရဲ့တုံ့ပြန်သံဖြစ်ဖြစ် ကြုံရပေါင်းများပြီမို့ နောက်ဆုံးမှာ သူက လက်လျှော့ကာ ဘယ်တော့မှ ဖုန်းဆက်ကြည့်ဖို့ မကြိုးစားခဲ့တော့ချေ။

"ကိုယ့်ကို ဘယ်တော့ အဖြေပေးမလဲ"

"တစ်နေ့နေ့ပေါ့၊ ကျုပ် ရှင့်ကို ပြောထားပြီးသား၊ စောင့်နိုင်ရင်စောင့်၊ မစောင့်နိုင်ရင်လည်း ရတယ်ဆိုတာ မမေ့နဲ့"

ဟု အမြဲသူ့ကိုအနိုင်ယူတတ်သူဗီဗီ အနိုင်ပိုင်းတတ်လျှင် သူသည် ကြာကြာလေးကို ဘာဖြစ်လို့မှန်းမသိ၊ အတင်းတကျီကျီအဖြေတောင်းရမှာကို ကြောက်လျက် ကြာကြာလေး၏ စကားကို နာခံနေတတ်စမြဲ။





အခုလို သာသာယာယာ ရှိနေခဲ့သည့် အခွင့်အရေးကလေး ဆုံးရှုံးသွားမှာကို စိုးရိမ်ရတာပဲ တစ်ဒုက္ခနဲ့မို့ နောက်ဆုံးတော့ ဟန်းစံဟာ ကြာကြာလေး အလိုကျအတိုင်း လိုက်လျောခဲ့စမြဲ။

သို့သော် ဟန်းစံရဲ့ကြာကြာလေးသည် အဖြေပေးမယ်ပေးတော့ လုံဝမထင်မှတ်၊ မမျှော်လင့်ခဲ့သည့်အချိန် တစ်ချိန်မှာ အဖြေပေးခဲ့ကြောင်း နောက်များမှ သိခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"နင်က အခုထိ အဖြေမပေးသေးရအောင် ဘာတွေအချိန်ဆွဲနေတာလဲ၊ ဟန်းစံက အခုဆို အရင်လိုမဟုတ်တော့ဘူးနော်၊ သူ့ကို လိုချင်တဲ့မိန်းမတွေမှ ပိုင်းနေတာပဲ။ ဒီထဲကမှ နင့်ကို စွဲစွဲလမ်းလမ်း ချစ်တယ်ဆိုတာ နင် အင်မတန်ကံကောင်းတာ၊ အဖြေပေးစရာရှိလည်း ပေးလိုက်တော့ တော်ကြာ နင့်အတွက် နစ်နာမယ်။ သူနဲ့ နင့်အကြောင်းက တော်တော် သတင်းထွက်နေပြီ ကြာကြာလေး"

ရီဇာက ထိုသို့အကြံပေး၏။ သက်မာက ထောက်ခံလျက် ...

"ဟုတ်တယ်၊ ကိုယ့်ဘက်က အပိုင်ချည်ထားလိုက်တော့ ကြာကြာလေးရေ၊ သူက သိပ်အောင်မြင်ပြီး သိပ်ချမ်းသာနေတော့ စိတ်မချရဘူး။ နင်ကတော့ ဒါတွေမမက်မောမှန်း သိပေမယ့် ဒါတွေကို မက်မောတဲ့ မိန်းမတွေက ရှိနေတယ်။



ဟန်းစံက နင့်ကို ချစ်တာကို မယုံလို့မဟုတ်ဘူး၊ ကံကြမ္မာကို သိပ်မယုံလို့"

ဟု ထပ်မံ အကြံပေးလျှင် ...

"အဲဒီတော့ ငါက ဘာလုပ်ရမလဲ"

ဟူ၍ ခပ်ရွံ့ရွံ့ ပြန်မေးပစ်လိုက်မိသည်။

"ဟဲ့ ... တုံးမရဲ့၊ ဟန်းစံက နင့်ကို ဖွင့်ပြောထားပြီး နင်က အဖြေမပေးသေး၍ နင်တို့က ဘာမှမသက်ဆိုင်သေးဘူး။ ဒီတော့ ဒီကြားထဲမှာ ဟန်းစံက ပြောင်းလဲသွားရင် နင် ဘယ်လိုမှ တတ်နိုင်မှာ မဟုတ်တာ သေချာတယ်။ ဒီတော့ နင်အဖြေပေးလိုက်ပြီး ဟန်းစံရဲ့ချစ်သူဟာ ပဒုမ္မာကြာဆိုတဲ့ ကျွန်မပါ ဆိုပြီး သူ့အသိုင်းအဝိုင်းမှာ ဝင်ပြလိုက်ပေါ့၊ ငါတို့ သတင်းကြားထားတာက သူ အခုထိ သီချင်းဆိုနေတဲ့ ရီဇာ့အန်ကယ်လ်ရဲ့စားသောက်ဆိုင်က အဆိုတော် နန်းနန်းက သူ့ကို အသေကပ်နေတယ် ဆိုတာပဲ"

သက်မာ၏စကားကြောင့် ရင်ဘတ်တွေထဲမှာ ဒိုင်းခနဲ ဆောင့်ခုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်ချင်လာသည်။ သွေးကြောတွေထဲမှာ တဒိတ်ဒိတ် သွေးတိုးလာသည့် ခံစားချက်မျိုးကို ခံစားရပြီ။ မဖြစ်ဘူး ... ဟန်းစံကို ငါကလည်း ချစ်ပါတယ်ဆိုတာ ဟန်းစံ မြန်မြန်သိမှ ဖြစ်တော့မယ်။ မင်းကို ကိုယ်မခွဲနိုင်တော့ဘူး။ ကိုယ်စိုးရိမ်နေတဲ့ မင်းရဲ့အထင်လွဲမယ့်ကိစ္စတွေကို နောက်မှ ကြည့်ရှင်းတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် သေသေချာချာ သိလိုက်ပြီ။ ကိုယ့်ဘဝမှာ ဟန်းစံမရှိရင် မနေတတ်တော့တာ သေချာနေခဲ့ပြီ ဟန်းစံ။

"ဟန်းစံက မိန်းမလည်း မပွေမရှုပ်တော့ ကောင်မလေးတွေက သိပ်သဘောကျပေါ့။ တကယ့် တကယ်တော့ ဟန်းစံက ကြာကြာလေးတစ်ယောက်တည်းပဲ ချစ်ခဲ့တာ သူတို့မှ မသိတာ၊ အေး ... ဒါပေမဲ့ နင့်ဘက်က သိပ်တင်းလို့မဖြစ်တော့ဘူး၊ ယောက်ျားဆိုတာက သာယာတဲ့ဘက် ယိမ်းယိုင်တတ်တဲ့လူမျိုး။ အပြောင်းအလဲကလည်း မြန်တတ်ပါ။ အခုလို ဘဝမျိုးနဲ့ဆို မာနကလေးကလည်း တလူလူဆိုတော့ နင့်အတွက် နင်စဉ်းစားဦး၊ နင်က ဟန်းစံကို ဘာကောင်မှ မဟုတ်ခင်ကတည်းက ချစ်ခဲ့တာ ငါတို့အသိရို့နင် ခံစားရမှာ ငါတို့ မကြည့်ရက်လို့"

ထိုနေ့က ကြာကြာလေးသည် လုံးဝတောင် အိပ်မပျော်အောင် ဟန်းစံသာ သူမကို ထားသွားခဲ့ရင်ဟူသည့် အတွေးနဲ့ ချောက်ချားရပါသည်။ ပဒုမ္မာကြာသည် သူမ မေ့ထားသည့် ဟန်းစံ၏လက်ရှိဘဝအပေါ် နိုးရိမ်စိတ်တွေ ဝင်လာမိသည်။ ဟုတ်တယ်၊ ငါကသာ ဟန်းစံကို ဟန်းစံလို့ပဲ မြင်ပေမယ့် တခြားလူတွေမြင်တဲ့ အမြင်ကတော့ အောင်မြင်မှုတွေ ကြွယ်ဝချမ်းသာမှုတွေ အတိပြီးတဲ့ မာန်းစံလို့ မြင်ကြမှာ။

အင်း ... မိန်းကလေးဘဝ ဖြစ်ရတာ ခက်တော့ခက်သားပင်။ ကိုယ့်ဘာသာ အမှုလွန်ပြီး အဖြေမပေးသေးဘူးလို့



ပြောထားပြီးမှ အဖြေပေးချင်ပါတယ်လည်းဆိုရော ထိုအဖြေကို တောင်းမယ့်လူနဲ့ ဆုံလည်းမဆုံဖြစ်။ ထိုသူကလည်း အဖြေမတောင်းသေးတော့ ဘယ့်နှယ်လုပ်မလဲကွယ်။

စာမေးပွဲကြီး ပြီးဆုံးလို့ ကျောင်းပိတ်ချိန်မှာ အပြင်လည်း ထွက်ခဲလှသည့် ပဒုမ္မာကြာက ဟန်းစံနဲ့ ဘယ်တော့များမှ ထပ်ပြီးဆုံတွေ့ရတော့မလဲနော်။ ရှိစေနဲ့ သက်မာပြောတာ မှန်နေသားပင်။ ဟန်းစံဟာ ဥစ္စာစနေနဲ့ အောင်မြင်ကျော်ကြားမှုတည်းဟူသော အရိပ်တွေကြောင့် အရင်က ဟန်းစံနဲ့ နည်းနည်းခြားနားကာ မာနကလေး ထားချင်ချင်။

ကိုယ့်ဘက်ကိုယ်ယက် တွေးရရင်တော့ ဟန်းစံဟာ သူမကို ချစ်လွန်းလို့သာ ဒီလောက်ထိ မာနတွေ လျှော့ထားတာပဲ ဖြစ်မည်။

သူ့ကို အရေးတယူမရှိသည့် မေမေ့အပေါ်မှာတော့ သူ မာနထားကာ ပဒုမ္မာကြာ ရိပ်မိခဲ့သေးရဲ့။

တစ်ခါတုန်းကပေါ့ ...

"ဟော့ကောင် ... အိမ်လာလည်ဦးလေကွာ"

လို့ မောင်ကလေးတွေ ခေါ်တာကို ဘယ်လိုငြင်းသလဲကြည့်။

"မင်းတို့မေမေရဲ့ မျက်လုံးတွေကို မကြိုက်လို့ မလာတော့ပါဘူးကွာ။ မင်းတို့မေမေရဲ့ အရိပ်နဲ့လွတ်တဲ့ အပြင်မှာ တွေ့ရတာ လိပ်ပြာသန့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ။ သူက မေမေ့ကို မာနထားနေတာအမှန်။ အရင်ကဆို သူမ ပြောဖူးသမျှ စကားတွေကို မာနထားကာလည်း အမှန်။ အခုထိ ကိုယ်အောင်သမျှ အပြုံးမပျက် ငြိမ်ခံနေတာ ကိုယ့်ကို တော်တော်ချစ်လို့ပဲလို့ ကိုယ်ယူဆပါတယ် ဟန်းစံ။ ကိုယ့်ဘက်က မင်းကို သိပ်ချစ်ခဲ့ရကြောင်းတွေ မင်းသိဖို့ပဲ လိုတော့တယ်။

မကြာခင်မှာ ပဒုမ္မာကြာ မျှော်လင့်သော အခြေအနေတစ်ရပ်နှင့် ဆုံတွေ့ခွင့်ရခဲ့သည်မှာ ဟန်းစံ တမင်ဖန်တီးမှန်းသိရက် သူမကိုယ်တိုင် ကျေကျေနပ်နပ် လက်ခံလိုက်သည့်အဖြစ်ကြောင့်မှန်း ပဒုမ္မာကြာတစ်ယောက်တည်းသာ သိခဲ့ပါသည်။

❖ ❣ ❖





"ဟန်းစံက မှာလိုက်တယ်၊ သူ့ရဲ့ Lotus ကို ဒီထက်မက လှသိများအောင် ကြော်ငြာတဲ့အနေနဲ့ ဒီသကြင်္န်မှာ အဲဒီဆိုင်ရှေ့မှာ ရေပက်မဏ္ဍပ် အကြီးအကျယ် ကျင်းပမတဲ့။ အဲဒါ ငါတို့သုံးယောက် နေ့တိုင်းလာပါတဲ့၊ ဘယ်လိုသဘောရလဲ ကြာကြာလေး၊ နင် မသွားချင်ရင်တော့နေ၊ ငါတို့တော့ သွားကဲလိုက်ဦးမယ်"

"မဏ္ဍပ်ကတော့ အပျံစားပဲ၊ အံမယ် ဟမ်ဘာဂါနဲ့ ဘီယာတွေလည်း ရောင်းဦးမယ်ဆိုပဲ၊ ဈေးလျှော့ရောင်းမှာတဲ့၊ ဒီကောင် စီးပွားရေး တော်တော်လုပ်လာတယ်။ တတိယ စီးရီးထွက်ပြီးရင် နောက်ခွေတွေကို ကိုယ်တိုင်ဘုတ်တော့မယ်လို့လည်း ငါတို့ကို တိုင်ပင်လိုက်သေးတယ်။ သူ့လက်ထဲမှာ သိန်းတစ်ရာလောက်များ ရှိနေပြီလား မသိဘူး"

ပဒုမ္မာကြာက သူမကို တိုက်ရိုက်လာမပြောသည့် ဟန်းစံကို နည်းနည်းစိတ်ကောက်ချင်တာနဲ့ မောင်ကလေးတွေရဲ့ စကားကို အသိအမှတ်ပြုဟန် မပြခဲ့။ မောင်ကလေးတွေ ထင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



က သူမ စိတ်မဝင်စားဘူးဟု ထင်ထားတာပဲ။ တကယ်ပဲ သူမဟာ များသောအားဖြင့် သကြိန်ရက်တွေဆို သကြိန်ရေရှောင်တာ မဟုတ်ပေမယ့် အပြင်ကို ထွက်လေ့ထွက်ထ မရှိတတ်။ အိမ်ပေါ်ကနေ ထွက်ကြည့်ပြီး သူများတကာ ပျော်တာကို သဘောကျနေတတ်သည့် လူစားမျိုးပဲ။ ဒါကြောင့် မောင်ကလေးတွေက သူမ မလိုက်ဘူးအထင်နှင့် သေသေချာချာ မပြောပြကြတော့ချေ။

ဟုတ်တယ် ... အစက သူမဟာ လိုက်ဖြစ်ဖို့ လုံးဝ မစဉ်းစားခဲ့ပါဘူး။ အဲဒီလို မစဉ်းစားတာ အကျနေ့မနက်ဘက်မှာ ဟန်းစံ ကိုယ်တိုင် လာမခေါ်ခင် အချိန်ထိပဲ။ သူကိုယ်တိုင်ကမှ ခယယယ မခေါ်တာ ငါသွားစရာလိုသလားဟု မာနကလည်း ခပ်ကြီးကြီးနဲ့မို့ ဒီအဖြစ်ကို တမြည့်မြည့် မတွေးမိဘဲ မေ့မေ့ပျောက်ပျောက်ပင်။

ဒါပေမဲ့ ဟန်းစံသည် သကြိန်အကျနေ့၏မနက်မှာ သူကိုယ်တိုင် လာခေါ်တော့မှ ပဒုမ္မာကြာဟာ ဟန်းစံ၏တမင်ဖန်ပဒီးမှုကို သိသိကြီးနှင့် လက်ခံခဲ့တော့တာပဲ။

"ငါတို့ လာမှာပေါ့ကွ၊ မင်းက ဘာလို့လာခေါ်တာလဲ"

အောက်ထပ်ဧည့်ခန်းက ဆူဆူညံညံအသံတွေကြောင့် ကမန်းကတန်း လှေကားထစ်တွေကတစ်ဆင့် အောက်ဆင်းကြည့်တော့ ...

"ဟာ ... ကြာကြာလေးကလည်း လုပ်ပြီကွာ၊ ဘာမှလဲ မပြင်မဆင်ထားဘူး။ ဒီအတိုင်းလိုက်လို့ ဘာမှတော့မဖြစ်





ပါဘူး။ ဒါပေမဲ့ နည်းနည်းပါးပါးပြင်ရင် ပိုကောင်းမလား ပဲ"

သူမအား မြင်မြင်ချင်း ဟန်းစံက ဤသို့ပြောချလိုက်လေသည်။ ကြည့်စမ်း ... သူ ငါ့ကို သိပ်ချစ်ရှာသား။ ငါ မလာမှာစိုးလို့ မေမေ့မျက်ဝန်းတွေ မေမေ့အရိပ်တွေကို မခိုလှုံပါဘူးလို့ မာနထားခဲ့တာတွေ တမင်မေ့ပစ်ပြီး ငါ့ကိုလာခေါ်ရှာတယ်။

"နေပါဦး၊ ရှင်က ကျုပ်ကို ဘယ်တုန်းက ခေါ်လို့လဲ။ နေကြာနဲ့ စကြာပဲ ခေါ်တာမို့ လိုက်ဖို့လုံးဝမစဉ်းစားခဲ့မိပါဘူး"

ဟန်းစံသည် မျှော်လင့်ခြင်းအတိပြီးသည့် မျက်ဝန်းများဖြင့် စိုက်ကြည့်လေသည်။ ကိုယ် သိတယ်၊ မင်းနဲ့ကိုယ်မတွေ့ရတာ ကြာပြီမို့ ကိုယ့်ကိုတွေ့ရအောင် မင်း တမင့်ဖန်တီးတာ မဟုတ်လား။ အင်း ... သူသာ ဒီလိုအချိန်မှာ အဖြေမပေးခင်းလို့ကတော့ သူ တော်တော်ညံ့သေးတယ်လို့ ယူဆလိုက်ရမှာပဲ ထင်ပါရဲ့။

"လိုက်ခဲ့ပါ ကြာကြာလေးရယ်။ နေကြာနဲ့ စကြာလည်းပါတာပဲ။ ကိုယ် အလုပ်တွေ အရမ်းများနေလို့၊ ကြာကြာလေးကိုလည်း မတွေ့နိုင်တာမို့ ဒီကောင်တွေနဲ့ မှာလိုက်တာပါ၊ ကိုယ် ဖုန်းဆက်တိုင်းလည်း ကြာကြာလေးနဲ့မှ မတွေ့ရတာမို့ ကိုယ် ကြာကြာလေးကို သေသေချာချာ မပြောဖြစ်တာ ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ၊ ပျော့ကောင် ကြာတယ်၊ မင်းဘာသာ ကြာကြာလေးကို ရအောင်စောင့်ခေါ်၊ သူက အပြင်ထွက်ခဲ့တာတော့ မသိဘဲ စွတ်ခေါ်နေ"

မေမေက "ကိုယ့်ဘာသာ ဆုံးဖြတ်"ဟူသော မျက်လုံးများဖြင့် အမိန့်ပေးရုံအပြင်မပို။ ဖေဖေက သူကိုယ်တိုင်လည်း ပျော်ပျော်နေတတ်သူပီပီ သားတွေတက်ကြွနေတာကို ကျေနပ်တတ်ရုံအပြင် ကြာကြာလေးကို ဘာမှအမိန့်မပေး။ တကယ်ဆို အရင်ကလို စိတ်မျိုးနဲ့သာဆိုရင် မေမေ ဖြစ်စေချင်တဲ့ ဆုံးဖြတ်ချက်မျိုးနဲ့ပဲ ပဒုမ္မာကြာက ရပ်တည်မိမှာအမှန်။

သို့သော် ပဒုမ္မာကြာသည် အရင်က မေမေ့သမီး မဟုတ်တော့တာမို့ သူမ၏ဆုံးဖြတ်ချက်ကို သူမဘာသာ ရဲရဲဝံ့ဝံ့ အတည်ပြုလိုက်တော့၏။

"ကိုယ့်စိတ်ထဲမှာ ထင်တော့ ထင်သား။ ကြာကြာလေး လိုက်မှာ မဟုတ်ဘူးထင်လို့ အားနာပြီး လိုက်လာအောင် တမင်လာခေါ်ကာ၊ ကြာကြာလေး မလိုက်မချင်း ကိုယ်က စောင့်ခေါ်မှာပဲ၊ နေကြာနဲ့ စကြာတို့ တပိန်ပိန် တလိန်လိန် စောင့်ပေတော့ကွာ"

ခပ်တိုးတိုး ကပ်ပြောပြီး ဆိုဖာမှာ ဝင်ထိုင်လိုက်လျှင် သွားချင်လှ၍ ဖင်တကြွကြွဖြစ်နေသည့် မောင်ကလေးတွေ မျက်နှာ ရွှံ့မဲ့ကုန်တော့၏။ မေမေက ဟန်းစံကို စိန်ခေါ်သော မျက်ဝန်းများဖြင့် ကြည့်သည်။ ဖေဖေက နည်းနည်းပါးပါး အခြေ





အနေကို ရိပ်မိထားသူမို့ မေမေ၏ ဟန်းစံအား စိန်ခေါ်မှုကိုအကဲခတ်နေခဲ့လေသည်။

"ကဲပါ ကြာကြာလေးရယ်။ မနက်ဖြန်မလိုက်ရင် မလိုက်နဲ့ ဒီနေ့တော့ လိုက်ခဲ့ဟာ၊ ဒီမှာ ဟန်းစံလည်း လာခေါ်တာမို့ ဒီနေ့ပဲ လိုက်ခဲ့လိုက်။ နောက်နေ့ မလိုက်ချင်ရင်ရတယ်"

ကဲ ... မောင်ကလေးတွေက ဒီလောက်ခေါ်နေသလို သူမကိုယ်တိုင်ကလည်း ဟန်းစံကို တွေ့ချင်နေရက်လက်တို့ ဖြစ်ခဲ့ပြီမို့ "လိုက်ခဲ့မယ်"ဟု အဖြေပေးလိုက်လျှင် မေမေ့မျက်နှာကို မကြည့်မိစေဖို့ တော်တော်ကြိုးစားရပါသည်။ ဒီလောက်ဆို မေမေ ရိပ်မိလောက်ပြီ ထင်ပါရဲ့။ မေမေ့သမီး ဘာကိုဆုံ ဖြတ်လိုက်ပြီလဲဆိုတာ မေမေ သိသွားလိမ့်မည်။

ဟန်းစံ၏ကားက ရှေ့ကသွားလျက် သူမတို့မောင်နှမသုံးယောက်က ကားတစ်စီးဖြင့် ရှေ့ဆင့် နောက်ဆင့် Lotus သို့ လိုက်လာခဲ့သည်။

ကြည့်စမ်း ... သင်္ကြန်ဆိုတာ ဘယ်လောက် လူတွေ ရှုပ်ထွေးသောင်းကျန်းလိုက်တဲ့ ပွဲတစ်ပွဲလဲဆိုတာ။ ကိုယ့်အိမ်ရှေ့က ဖြတ်သွားတာလောက်အပြင် ဒီ့ထက်ပို၍ မမြင်ဖူးခဲ့သည့် ပဒုမ္မာကြာသည် လမ်းမပေါ်က မြင်ကွင်းတွေကို အံ့သြရတော့၏။

Lotus ဟူသော ကြီးကြီးမားမား စာလုံးကြီးတွေနှင့် အလှဆင်ထားသည့် ရေပက်မဏ္ဍပ်၊ ဟမ်ဘာဂါ၊ အအေး ဘီယာ သည်ဖြင့် အပျော်ရောင်းသည့် သားသားနားနား ဆိုင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာတစ်ခု။ အို ... ဟန်းစံက တော်တော် စိတ်ကူးကောင်းခဲ့တာပဲ။ ဘယ်နေရာကြည့်လိုက် ကြည့်လိုက် Lotus ဟူသော စာလုံးတွေ ဖြစ်နေစေဖို့ ဖန်တီးထားသည့် ရေပက်မဏ္ဍပ်ကလေးအတွင်းတွင် ကြည်နူးရင်ခုန်ရခြင်းများဖြင့် တွေ့ရာခုံတစ်လုံးတွင် ဝင်ထိုင်လိုက်မိသည်။

မောင်ကလေးတွေ ဘယ်ရောက်သွားပါလိမ့်။ ဟန်းစံရော ဘယ်ရောက်သွားပါလိမ့်။ ရေပိုက်ကိုယ်စီဖြင့် လှုပ်ရှားနေသော ရွယ်တူကောင်လေး ကောင်မလေးတွေကြားတွင် ပဒုမ္မာကြာသည် သူမ၏ ဘဏ္ဍာလေးထဲတွင် အကျွမ်းတဝင်ရှိခဲ့သည့် ဟန်းစံကိုသာ သိသည့်မို့ ဟန်းစံကိုပဲ မျက်လုံးဝေ့ဝဲရှာနေခဲ့ရပါသည်။

"ကြာကြာလေး ရေပိုက်မရသေးဘူးလား"

သူမ ထိုင်နေပြီး မိနစ်နှစ်ဆယ်လောက်ကြာမှ ဟန်းစံက သုတ်သီးသုတ်ပျာ ရောက်လာခဲ့၏။

"ဘယ်တွေ လျှောက်သွားနေတာလဲ၊ လူကို အတင်းခေါ်လာပြီး အရှုးလုပ်တယ်။ ဒီမှာ ထိုင်နေရတာဖြင့် ကြာလှပြီ။ ဟိုဟာကလေးတွေလည်း ဘယ်ရောက်သွားမှန်းကို မသိဘူး။ ကျုပ်ကို ဒီလိုပစ်ထားတာတော့ စိတ်ဆိုးတယ် သိလား ဟန်းစံ"

"ဆောရီး ... ဆောရီး၊ ကိုယ့်မိတ်ဆွေတစ်ယောက်ဆီက ဖုန်းလာနေတာနဲ့ကြုံလို့ ရောက်ရောက်ချင်း ဖုန်းကိုင်နေရတယ်၊ ဒါတောင် မနည်းစကားဖြတ်လာလို့"





ဟန်းစံသည် သူ့ဆံပင်ပျော့ပျော့များထဲ လက်ချောင်းများ ထိုးဖွလျက် ပဒုမ္မာကြာ၏ နံဘေးခုံလွတ်တစ်ခုတွင် ဝင်ထိုင်သည်။ ပါးစပ်မှ လေတွေ ဂူးခနဲ မှုတ်ထုတ်လျက် စီးကရက်သောက်ဖို့ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူလေသည်။

"သောက်ပြန်ပြီ၊ ဒီစီးကရက်က တစ်နေ့တစ်နေ့ ဆယ်လိပ် ကျော်မယ်ထင်တယ်"

"စီးကရက်သောက်ရင် နှလုံးသွေးကြောကျဉ်းတဲ့ရောဂါ ဖြစ်တတ်တယ်ဆိုပြီး ပညာပေးမလို့လား"

စီးကရက်ကို ပါးစောင်မှာခဲရင်း မီးခြစ်ကို ထောက်ခနဲခြစ်ကာ မီးညှိဖြစ်အောင် ညှိလိုက်သေး။ အင်း ... ကိုယ်ချစ်တဲ့သူမို့ ပြောတာမဟုတ်ဘူး၊ ဟန်းစံမို့ စီးကရက်ခဲထားရင်၊ စီးကရက်မီးညှိရင် သိပ်ကြည့်ကောင်းတာပဲ။ နောက်ပြီး သူ့ရှေ့ဆံပင်တွေ မျက်နှာပေါ် ဖရိုဖရဲကျနေတတ်တာကို သူ့ရဲ့ဆွဲဆောင်မှုတစ်ခု။ သူ့အင်္ကျီရင်ဘတ်ကြယ်သီးတွေ အပြည့်မတပ်ဘဲ ကြယ်သီးနှစ်လုံးလောက် ဖွင့်ထားတတ်တဲ့ စတိုင်လ်ကိုက သူ့ရဲ့ဆွဲဆောင်မှုတစ်ခုမို့ ပဒုမ္မာကြာဟာ သူမကိုယ်တိုင်တောင် ထိုအမူအကျင့်တွေမှာ ကျဆုံးနေတတ်၍ တခြားကောင်မလေးတွေလည်း ဒီလိုဖြစ်မှာပဲဟု တွေးမိတိုင်း သဝန်တိုကာ ဟန်းစံကို တမင်ရန်လုပ်ချင်တတ်မြဲ။

"ကြာကြာလေး ရေမကစားချင်ဘူးလား၊ လာလေ ကိုယ်နဲ့ သွားကစားရအောင်။ ပျော်စရာကြီးပါကွ။ ကိုယ့်မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း ကိုယ့်ရဲ့ Lotus မဂ္ဂဇင်းအကြောင်း သကြိန်မတိုင်ခင်ကတည်းက သတင်းစာမှာ ကြော်ငြာပြီး ဖိတ်ခေါ်ထားကြလို့ လာရကျိုးနပ်အောင် ကိုယ်လည်း ရေပိုက်နည်းနည်းပါးပါး ကိုင်ပြရဦးမယ်၊ ကိုယ်တစ်ယောက်တည်းပျင်းလို့ ကြာကြာလေးကို မရမက ဆွဲခေါ်လာတာ၊ နေဦးကြာကြာလေး မျက်လုံးတွေ နေထိုးလိမ့်မယ်၊ ကိုယ့်ဆီမှာ Police တစ်လက် အပိုဝယ်ထားတယ်၊ တပ်ထားလိုက်၊ ဒါမှ မျက်စိကျိန်းတာ သက်သာမှာ"

ဟန်းစံသည် သူ့ဘာသာ ပြောလည်းပြောရဲ့။ သူ့ရဲ့ ကျောပိုးအိတ်ထဲက မျက်မှန်အိတ်ကလေးကိုလည်း ထုတ်ယူသေးရဲ့။ အို ... တကယ်ပါ။ ကိုယ့်လောက်ကံကောင်းတဲ့မိန်းမ ဘယ်ရှိဦးမလဲကွယ်။ ချစ်သူက ကိုယ့်ကို အလိုလိုက်ခံရသော ချစ်သူက ကိုယ့်ကိုချစ်သော ချစ်သူက အရေးပေးခံရသော ဂရုစိုက်ခံရသော ဘဝကို ဘယ်မိန်းကလေးကများ ကြာရှည်တင်းခံနိုင်မှာမို့လို့လဲ နော်။

ပဒုမ္မာကြာသည် သူမ၏ဆုံးဖြတ်ချက်အတွက် ကျေကျေနပ်နပ်ပင် လက်ခံလိုက်တော့သည်။ ဟန်းစံက "လာ"ဟု ခေါ်ဆောင်ပါတော့ နံဘေးမှ ရွယ်တူတချို့က သူမအားလိုက်ငေး၍ တီးတိုးဝေဖန်ကြသည်ကိုလည်း ကျေနပ်သည်။ လက်ထဲသို့ ဟန်းစံ ထည့်ပေးသည့်ရေပိုက်အားကိုင်၍ ဟန်းစံ၏ နံဘေး၌ရပ်ခွင့်ရသည့်ဘဝကိုလည်း ဂုဏ်ယူသည်။





"ဪ ... နေဦး၊ ကိုယ် မျက်မှန်တပ်ပေးရဦးမယ်"

ဟု ဆိုတာ "ဖျတ်"ဆို သူမအား သူကိုယ်တိုင် မျက်မှန်တပ်ပေးလျှင် မှတ်မှတ်ထားသော သူ့ရဲ့ရဲတင်းမှုအတွက် ရင်ခုန်သည်။

ဟန်းစံ ... ဟန်းစံနှင့် ကားတွေပေါ်မှာ အော်ဟစ်နှုတ်ဆက်သံ၊ ကောင်ကလေးတချို့ ကောင်မလေးတချို့၏ လာပြီးလက်ဆွဲနှုတ်ဆက်မှုတွေနှင့် သူ့ပရိသတ်အား တစ်ချိန်လုံးပြုံးပြနေသည့် ဟန်းစံတွင် ယခင်ကလို (စတွေ့ခါစ ကာလများကလို) မထိတရီ အပြုံးက မရှိတော့သလောက်ပင်။

အို ... လောကမှာ ကိုယ့်ချစ်သူရဲ့ ချစ်ခြင်းဟူသမျှကို ပိုင်[illegible]သာ[illegible]။ ကိုယ့်ချစ်သူနံဘေးမှာ ရပ်ခွင့်ရသော ဘဝလောက် ပြည့်[illegible]ရှိဦးမလားဟု တွေးမိချိန်မှာ ပဒုမ္မာကြာသည် ဒီအချိန်သာ သူ [illegible]ကောင်းလို့ကတော့ ချက်ချင်းအဖြေပေးမိတော့မယ် ထင်ပါရဲ့လို့ စိတ်ကူးခဲ့ပါသည်။

"ငြိမ်လှချည်လား၊ ကိုယ့်ကို စကားတောင် မပြောချင်တော့ဘူး ထင်တယ်။ ဘာဖြစ်နေတာလဲ စိတ်ကောက်တာလား"

"မကောက်ပါဘူး၊ ပြောစရာမှ မရှိတာ။ နေကြာနဲ့ စကြာရော မတွေ့ပါလား ဘယ်ရောက်သွားတာလဲ။ သူတို့မှာ အစ်မတစ်ယောက် ပါလာတယ်ဆိုတာရော သိတိ ကြဲရဲ့လား မသိဘူး၊ တစ်ခါတည်း ပျောက်သွားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြာကြာလေး ဘေးမှာ ကိုယ်ရှိမယ်မှန်းသိလို့ စိတ်ချတယ်တဲ့၊ နောက်ပြီး မောင်လေးတွေကို သွားမဆူနဲ့ဦးနော်၊ သူတို့ ဘီယာသောက်ဖို့ ကြိုးစားနေကြတယ်"

"ဟင် ... အရက်တွေ သောက်နေတယ်"

"အရက်မဟုတ်ပါဘူး ဘီယာပါ၊ ကိုယ်တောင်သောက်ချင်သေးတယ်၊ ကြာကြာလေးရှိလို့"

"နေဦး ... အိမ်ရောက်မှ မေမေနဲ့ တိုင်ပြောဦးမယ်"

"ဟာ ... ဟော့ မတိုင်ပါနဲ့ကွာ၊ လူငယ်တွေ တစ်ခါတလေ သောက်တာပဲ၊ ဘာမှမဖြစ်စေရဘူး စိတ်ချ။ သူများတွေဆို အရက်တောင်သောက်တာ၊ သူတို့က ခုမှ သူငယ်ချင်းတွေနဲ့တွေ့ပြီး ဘီယာသောက်ကြည့်ကြတာပါ ကြာကြာလေးရဲ့၊ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ကွာ။ တော်ကြာ ကိုယ့်ကို ကြာကြာလေးကို အကုန်သံတော်ဦးတင်ရသလားဆိုပြီး ဆဲနေဦးမယ်"

"သူတို့ကို ဘာလို့ အဲဒီလောက် ကြောက်နေရတာလဲ"

"ကြောက်ရတယ်ဗျ၊ သူတို့ကျေနပ်မှ သူတို့အစ်မနားကို ကပ်ခွင့်ရမှာမို့ ကြောက်နေရတာ။ နောက်ပြီး သူတို့အစ်မကိုလည်း ကြောက်ရသေးတယ်။ အဖြေတောင် မတောင်းရဲအောင် ကြောက်ရတဲ့ဘဝ တယ်ဟန်မကျပါလား"

ကြည့်စမ်း ... ဒါဟာ သူစကားလမ်းကြောင်းပေးတာပဲ။ ဒီလမ်းကြောင်းခြင်းကို ကိုယ်က လက်ခံလျှောက်လိုက်ဖို့ အဆင်သင့်ပဲ ဟန်းစံရေ။





"အဖြေဆိုတာ ပါးစပ်ကပြောမှ အဖြေဖြစ်တာလို့ ယူဆထားရင် ရှင်တော့ ဒီတစ်သက် ဘယ်တော့မှ အဖြေရတော့မှာ မဟုတ်ဘူး၊ တော်တော်လည်း အ,သေးတာပဲ"

"ဟင် ... ဘာရယ် ... ဘာရယ်"

ဟန်းစံ မြင်သည် မမြင်သည်တော့မသိ။ နေကာမျက်မှန်အောက်မှ မျက်စောင်းထိုးမိလျက် ...

"တိုးတိုးလုပ်စမ်းပါ၊ ဘေးကလူတွေ လှည့်ကြည့်ကုန်ပြီ"

ဟု သဟောက်သဟန့်လေးဖြင့် တားမြစ်လိုက်၏။ ထိုအခါ ဘယ်ယောကျ်ားလေးက ဒီလောက်အမူအရာလေးကို နားမလည်တော့ဘဲ နေပါ့မလဲ။ ဟန်းစံသည် ရေပိုက်ကိုင်မထားသည့် ကျန်သောလက်တစ်ဖက်ဖြင့် ပဒ္မာကြာ၏ လက်ဖမိုးအားဆုပ်ကိုင်ဖျစ်ညှစ်ရင်း ...

"ကိုယ့်ကို လက်ခံလိုက်ပြီပေါ့နော်။ ကြည့်စမ်း ခုနကအထိ ကိုယ် လုံးဝမမျှော်လင့်ခဲ့မိဘူး။ ကြာကြာလေး မတောင်းစေချင်မှန်းသိလို့ အဖြေမတောင်းဘဲ ကြိတ်မှိတ်ပြီးနေခဲ့တယ်။ ကြာကြာလေးနဲ့ အချိန်အကြာကြီး တွေ့ချင်စိတ်တစ်ခုတည်းနဲ့ ကြာကြာလေး မေမေကို ရင်မဆိုင်ချင်တာတောင် အတင်းလာခါမိတဲ့အချိန်ထိ ကိုယ့်ကို ကြာကြာလေးအဖြေပေးလိမ့်မယ်လို့ မထင်သေးဘူး။ ကိုယ်က ကြာကြာလေးကို ထိုင်ကြည့်နေရရုံအပြင် ဘာမှ စိတ်အနှောင့်အယှက်မပေးဖို့ ဆုံးဖြတ်ထားတာ။ အင်း ... ခုတော့ ကိုယ့်ရဲ့ကြာကြာလေး



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်ကို တယ်ပြန်ချစ်ခဲ့ပြီနော်။ ကိုယ် ... သိပ်ပျော်တာပဲ ကြာကြာလေးရယ်။ ရှေ့ဆက်ပြီး ကိုယ့်ရဲ့ကြိုးစားမှုတိုင်းဟာ ကြာကြာလေးအတွက် ဖြစ်ရမယ်ဆိုတာယုံ။ အခုလည်း ကြည့်လေ၊ ကြာကြာလေးက ကိုယ့်ကိုမချစ်သေးတာတောင် ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ Lotus ဆိုတဲ့ ပဒုမ္မာကြာကလေးဟာ အမြဲရှိနေစေဖို့ ကိုယ်ကဖန်တီးထားတယ် ... သိလား"

"ကျုပ်က ရှင့်ရဲ့စည်းစိမ်ချမ်းသာနဲ့ အောင်မြင်ကျော်ကြားမှုကို မမက်ပါဘူး၊ အဲဒါတော့ မြဲမြဲမှတ်ထားပါ ဟန်းစံ။ အဲ့ဒီအတွက်နဲ့ ရှင်နဲ့ ကျုပ်ကြားမှာ ပဋိပက္ခမဖြစ်စေချင်ဘူး"

"ကြာကြာလေး ကိုယ့်ကိုချစ်တယ်ဆိုတာနဲ့တင် ကိုယ်က ကိုယ့်လက်ရှိဘဝကိုတောင် မေ့သွားပြီ"

"ဟုတ်ရဲ့လား"

ထို့နောက် သူနဲ့ ပဒုမ္မာကြာတို့ ဘာရယ်မဟုတ်ပြိုင်တူရယ်လိုက်ကြလေသည်။ ဟန်းစံ၏ Lotus အဖွဲ့သားတွေက သူမ၏အမည်ကို ဟန်းစံ မိတ်ဆက်ပေးတော့ တသြော်သြော်နှင့် အမိပွာယ်ပေါက်သူပေါက်။ အဓိပ္ပာယ်မသိသူတွေ သိသူတွေရဲ့ ထံမှတစ်ဆင့် သိသူသိ၊ အို ... ဟန်းစံရဲ့ချစ်သူ ဖြစ်ခွင့်ရတာကို ကပဲ အားလုံးအတွက် အားကျချင်စဖွယ် အနေအထားတစ်ရပ်နဲ့ ရင်ဆိုင်ရတော့တာပါပဲ။ ကိုယ် အဲ့ဒီလောက်ထိ ထင်မထားခဲ့ဘူး။



ရွယ်တူမိန်းကလေးတွေရဲ့ တော်တော်ကဲကောင်းတဲ့မိန်းမဟု ကြည့်သော အကြည့်တွေကြားမှာ ပဒုမ္မာကြာသည် ဟန်းစံ၏လက်ကို တွဲချိတ်လျက် ဂုဏ်ယူနေတတ်ခဲ့ပြီ။

အိမ်ပြန်ချိန်တွင် ဟန်းစံအတွက် "ချစ်တယ်"ဟူသော စကားလေးတစ်ခွန်းအား လက်ဆောင်ပေးခဲ့ရခြင်းအတွက်လည်း ကျေနပ်နေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

စာသင်ဆောင်သီရိရေတာတူး၏ နောက်ပေါက်မှ ဖျတ်ခနဲဝင်၍ လွတ်သောနေရာတစ်ခုတွင် ဝင်ထိုင်ရင်း မျက်စိကစားကြည့်တော့၊ ရှေ့မှ ပိတ်ကားဖြူဖြူတွင် ထိုးပြနေသည့် လက်ချာနုတ်စ်များကို စိတ်ဝင်တစား လိုက်ကူးနေသော ကြာကြာလေး၏ နောက်ကျောကို တွေ့ရလေသည်။ မေးစေ့ကလေးတစ်ဖက်ထောက်ကာ စာကူးနေဟန်၊ ဒီဂရီမျက်မှန်ပါးပါးကလေးတပ်ထားသည့်ဟန်က သာမန်မိန်းကလေးတွေ အတိုင်းပါပဲ။ သို့သော်ဟန်းစံက ဒီအမူအရာလေးတွေကိုပဲ စွဲလမ်းနေတာတော့ အမှန်ပင်။

နောက်ဆုံးနှစ်အပိုင်း(က) ဆေးကျောင်းသူကလေး ပဒုမ္မာကြာ၏ ချစ်သူအဖြစ် သိထားနှင့်ကြသော အတန်းသားများက သူ့ကို တစ်ချက်လှည့်ကြည့်ရုံအပြင် လာနေကျဖြစ်၍ မရှုစမ်းတော့ချေ။





နောက်ကို တစ်ချက်မှ လှည့်မကြည့်တတ်သော ကြာကြာလေးအား သူ့ကို လှည့်ကြည့်လိုက်သည့် သူမ၏နံဘေးမှ သူငယ်ချင်းက လက်တို့၍ တစ်စုံတစ်ခု အနားကပ်ပြောမှသာ သူ့ရဲ့ကြာကြာလေးကလည်း လည်ပင်းကလေးလိမ်၍ လှည့်ကြည့်ဖော်ရသည်။

"ဘာလဲ"

ဟု ပါးစပ်ကလေးလှုပ်လျက် မေးဆတ်ပြတော့ ...

"ဘာမှ မဟုတ်ဘူး"

ဟု သူက ခေါင်းခါပြကာ အေးအေးဆေးဆေး စာလိုက်ကူးဖို့ လက်ပြန်ပြတော့ ကြာကြာလေးက ပြန်ပြီး စာဆက်ကူးလေသည်။ သူ့ကိုထပ်ပြီး တစ်စက်မှတောင် လှည့်မကြည့်။

သူနဲ့ ကြာကြာလေးကြားမှာ ရှိတတ်တဲ့ ပြဿနာကလေးများက များသောအားဖြင့်တော့ သူ့ကို သူမရဲ့ကျောင်းစာများနှင့်ယှဉ်လျှင် ဘယ်တော့မှ ဦးစားမပေးတတ်တာကိုပဲ။ ကြာကြာလေးသည် သူ့ကိုချစ်လွန်းလို့သာ သူမရဲ့မာနတွေကိုလျှော့ပြီး လက်ခံရွေးချယ်ခဲ့ရသော်လည်း သူမကိုယ်တိုင်က ပညာအဆင့်အတန်း ဆိုတာကြီးကို ရှုးသွပ်ခုံမင်တတ်ဆဲ။

ကြာကြာလေးဆိုတဲ့ ချစ်သူတစ်ယောက်ထံကို သူ့မှာ လာချင်တိုင်း လာခွင့်မရှိ။ နှစ်ပတ်တစ်ခါမှလာဟု အမိန့်ပေးထားသည့် နှစ်ပတ်တစ်ခါ အချိန်မစေ့မီလာမိ၍ ဘာများပြဿနာလုပ်ဦးမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"အတန်းပြီးပြီလား"

ဆရာမ ပြန်ထွက်သွားသော သူ့ရှိရာ အနောက်ဘက် ခုံတန်းဆီ ခပ်မှန်မှန် တက်လာသော ချစ်သူကလေးကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေမိသည်။ ကြာကြာလေးက မျက်မှောင်ကလေးတွန့်လျက် သူ့အနားလာရပ်တော့မှသာ တစ်ခွန်းမေးလိုက်ဖို့ သတိရ၍ ခပ်မြန်မြန် မေးလိုက်ရသည်။

"ဘယ်ပြီးဦးမလဲ"

"ဒါဆို ဆက်တက်လေ၊ ကိုယ် ထိုင်စောင့်နေမယ်။ ကိုယ် အားပါတယ်"

"တက်လို့ရတော့မလား။ ရှင်က ရောက်နေမှ၊ ကြာ ဘယ်လိုလုပ် စိတ်ဖြောင့်တော့မလဲ။ ကဲပါ ... လာလေ၊ အပြင် ထွက်ရအောင်၊ ဆရာဝင်လာမှထွက်ရင် မကောင်းဘူး"

"အခု ဘာအချိန်လဲ"

"Forensic လေ။ မှုခင်းဆေးပညာအတန်းပေါ့။ မတက်ရင် နားမလည်မယ့် ဘာသာပဲ။ ဒါပေမဲ့ ရှင်ရောက်လာမှတော့ တက်လည်း ဘာမှမထူးပါဘူး။ စိတ်ဝင်စားလို့ရမှာမှမဟုတ်တာ။ တယ်ရှုပ်တဲ့ ဟန်းစ်ပဲ၊ ခေါင်းခေါက်ပစ်လိုက်ချင်တယ်"

"အသက်ကလေး တစ်နှစ်ကြီးတယ်ဆိုပြီး အနိုင်မကျင့်နဲ့ဗျ၊ မရဘူးနော်။ အိမ်ဦးနတ်က အိမ်ဦးနတ်ပဲ"





ထိုအခါ ကြာကြာလေးသည် ဘာကိုအဓိပ္ပာယ်ကောက် လွဲသည်မသိ။ ခပ်ငြိမ်ငြိမ်နှင့် ငေးသွားလေသည်။ ကြာကြာလေးဟာ အဲဒီလိုပဲ။ သူနဲ့စကားပြောလို့ တစ်စုံတစ်ခု ကျိုးစယ်မိတိုင်း သူမဘာသာ အဓိပ္ပာယ်တလွဲတွေနှင့် တွေဝေသွားတတ်။ သူကမေးလျှင်လည်း ဘယ်တော့မှ မဖြေတတ်တာများသည်။

"ကြာကြာလေးတို့ကို လာခေါ်တာ။ ညနေ အမျိုးသားကဇာတ်ရုံမှာ ကိုယ့်ရဲ့ One Man Show ရှိတယ်။ နေကြာနဲ့ စကြာကိုပါ တစ်ခါတည်း ခေါ်လာခဲ့လေ၊ ဒါမှ ကြာကြာလေးအိမ်က လွှတ်မှာမဟုတ်လား"

"ဒါများ တကူးတက ခေါ်ရတယ်လို့။ လိုက်မှာမဟုတ်ဘူးဆိုတာလည်း သိသားနဲ့၊ ကိုယ့်ဘာသာဆိုတာ ကြာနဲ့ဘာဆိုင်လဲ၊ အင်း ... ဒါပေမဲ့ နေကြာနဲ့ စကြာတော့ ကြည့်ချင်ကြည့်လိမ့်မယ်၊ သူတို့ကို ခေါ်ချင်ခေါ်ပေါ့"

ထင်သားပဲ ကြာကြာလေး ငြင်းကိုငြင်းလိမ့်ဦးမယ်လို့ ထင်ကို ထင်ထားခဲ့တာ။ သူနဲ့ ကြာကြာလေးတို့ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ကြရက်နဲ့ အမြဲတမ်း ပဋိပက္ခလေးများ ရှိနေတတ်စမြဲ။ ကြာကြာလေးဟာ ဘာတွေမာနထားမှန်းမသိ။ သူ့ရဲ့စတိတ်ရှိုးဆိုရင် သူခေါ်တိုင်း ဘယ်တော့မှ မလိုက်တတ်။ တခြားအဆိုတော်တွေရဲ့ ချစ်သူတွေလို စတူဒီယိုမှာ သီချင်းသွင်းရင် လိုက်ခဲ့ဖို့ခေါ်ရင်လည်း မလိုက်တတ်။ ယုတ်စွအဆုံး သူ့ကားပေါ်ကို သူနဲ့အတူတွဲလိုက်ဖို့တောင် ငြင်းဆန်တတ်သည်။ အခုထိ ကြာကြာလေးဟာ သူ့ကားကို တစ်ခါမှစီးတယ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာရာသွားပြီ ဆိုရင်တောင် သူမက ကားတစ်စီးသက်သက် သူက ကားတစ်စီးသက်သက် သွားရစမြဲ။

သူသည် စိတ်တိုတိုဖြင့် ခဲတစ်လုံးကို ပစ်ကန်ထည့်လိုက်မိ၏။ သူချစ်သလောက် သူ့ကို ပြန်မချစ်ဘဲ မာနတွေ တစ်လှေကြီးနဲ့ ကြာကြာလေးနဲ့သူဟာ ဘယ်တော့များမှ နားလည်မှုတွေ ရနိုင်ပါ့မလဲ။ ကြာကြာလေး သူ့အပေါ် နားမလည်တာ ဘာလဲ သူ သိချင်သည်။ သူကတော့ ကြာကြာလေးဟာ သူ့အပေါ် သူမရဲ့ကျောင်းစာများလောက် အလေးအနက် မထားတတ်ဘူးဟူ၍ သူ့ဘာသာ စိတ်မကောင်းဖြစ်လျက် တစ်ခါတစ်ရံ ဖွင့်ဟခနဲ့ဖူးလေသည်။

"စကားပြောလေ၊ ဘာစိတ်ကောက်သွားရတာလဲ"

ခပ်ငူငူ ထိုင်နေသည့် သူ့ရဲ့ငြိမ်သက်မှုကိုတော့ ကြာကြာလေး ခံနိုင်ရည်မရှိ။ သူ့မေးစေ့ကို သူမ၏လက်ညှိုးကလေးဖြင့် လှမ်းတို့လျက် ချော့မော့တတ်သည်။ ကဲ ... အင်မတန်ချစ်မြတ်နိုးရတဲ့ မိန်းမတစ်ယောက်ရဲ့ ဒီလောက်ကလေးချော့မော့မှုကို ဟန်းစံ တင်းမခံနိုင်တာ မလွန်ဘူး ထင်ပါရဲ့နော်။

"စိတ်မကောက်ပါဘူး စိတ်မကောင်း ဖြစ်သွားတာ။ ကိုယ်က ကိုယ့်ရဲ့ပွဲတစ်ပွဲလောက်ကိုဖြစ်ဖြစ် ကြာကြာလေးလိုက်ကြည့်စေချင်တဲ့ဆန္ဒ သိပ်ပြင်းပြနေတာ အခုထိ ကိုယ့်ရဲ့ ကြာကြာလေး မလိုက်လျောသေးဘူး၊ တခြားကိစ္စတွေထားပါ။ ဒီကိစ္စလေးကိုတော့ မာနမထားသင့်ဘူး ထင်တယ်"





"နေကြာနဲ့ စကြာတို့ လိုက်ကြည့်ရင် ပြီးတာပဲ မဟုတ်လား။ ကြာက အိပ်ရေးပျက်မှ မခံနိုင်တာ။ နောက်ပြီး ကြာက ရှင့်ရဲ့သက်ဆိုင်သူအဖြစ် မဏ္ဍပ်တိုင် တက်ပြတယ်လည်း အထင်ခံရမှာစိုးတယ်။ ကြာတို့ Frist test လည်း နီးနေပြီ။ ဒါကြောင့် ဟန်းစံအတွက် အချိန်မပေးနိုင်ဘူး"

သူမကိုယ်သူမ "ကြာ"ဟု နာမ်စားသုံးကာ ပြောတတ်တာကလွဲလျှင် သူ့အတွက် နာမ်စားသုံးဖို့ တောင်းဆိုလို့လည်း မရသူမှာ သူ့ရဲ့ချစ်သူ ကြာကြာလေးပဲ ဖြစ်ပါသည်။

"ကိုယ်က ကြာကြာလေးရဲ့ဘဝမှာ သိပ်အရေးမပါတဲ့ကဏ္ဍက ပါနေရတဲ့ ကောင်ပဲ၊ ကြာကြာလေးက ကိုယ့်ထက် ပညာအဆင့်အတန်း ဆိုတာကြီးကို ပိုပြီးအရေးပေးတယ်။ ကိုယ် အဲဒါကို မကျေနပ်ဘူးဆိုတာ ကြာကြာလေးသိရဲ့သားနဲ့ ကြာကြာလေးရဲ့အသိမိတ်ဆွေတွေရှေ့မှာ ကိုယ်က ဆယ်တန်းမအောင်ပါဘူးလို့ ပြောရမှာကို ကြာကြာလေး ရှက်နေသေးတယ်ဆိုရင် ကိုယ်နဲ့ကြာကြာလေးတို့ကြားမှာ ညှိမရတဲ့ အခြေအနေတစ်ရပ်က ကာဆီးနေဦးမှာပဲ"

"နေပါဦး၊ ဘယ့်နှယ့် ရှင့်ရဲ့ One Man Show ကိစ္စကနေ ဒီကိစ္စဘက် လှည့်သွားရတာလဲ။ ရန်မဖြစ်ချင်ဘူး ဟန်းစံရယ်၊ ဒီမှာ စာမေးပွဲနီးလို့ ရှုးချင်နေရတဲ့ကြားထဲ။ ရှင်က ကြာတို့ကျောင်းရဲ့စာမေးပွဲတွေ အကြောင်းကို နားမှမလည်တာ ဘယ် ကိုယ်ချင်းစာပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကိုယ်က ဘာပညာမှ မတတ်တော့ ကျောင်းစာတွေအကြောင်းကို နားမလည်တာတော့ အမှန်ပဲ"

"ဟင်း ... သိပ်စိတ်ညစ်တာပဲ ဟန်းစံရယ်။ ရှင်က သိပ် အတ္တကြီးတာပဲ။ ရှင် ဖြစ်ချင်တာတွေမှန်သမျှ ကြာ့ကို လိုက်ဖြည့်ဆည်းခိုင်းနေတော့တာပဲ။ ကြာက ရှင့်ကိုချစ်လွန်း လို့သာ မေမေ့အငြူ့အစူကိုခံပြီး ကြာ့ရဲ့ခံယူချက်တွေ အပျက်ခံပြီး ချစ်ခဲ့ရတာကိုလည်း ကြာ့ဘက်က ကြည့်ပြီး တစ်ခါမှ နားမလည်ပေးသေးဘူး။ ဒီလိုသာဆို ရှေ့ဆက် ပြီး ဘယ်လိုလုပ် လက်တွဲလို့ဖြစ်မလဲ စဉ်းစားကြည့်"

သူ့ရဲ့ချစ်သူကလေးသည် မျက်ရည်ကလေး ခပ်ဆွေ ဆွေ့ အသံကလေးခပ်တိမ်တိမ်ဖြင့် ဒီစကားတွေပြောတော့ သူက ကြာကြာလေးကို စိတ်ညစ်အောင် လုပ်မိသည့် သူ့ကိုယ်သူပဲ အပြစ်တင်ရတော့သည်။ နောက်ဆုံးမှာ ဟန်းစံရဲ့ထုံးစံအတိုင်းပင် ကြာကြာလေးကို အရှုံးပေးရပါတော့သည်။ လက်ကိုင်ပဝါထောင့် စွန်းကလေးဖြင့် မျက်ဝန်းမှာ မျက်ရည်စတချို့ ခိုးသုတ်နေသည့် ကြာကြာလေးသည် သူ့ရဲ့ချစ်ခြင်းအလုံးစုံကို ပိုင်ဆိုင်ခွင့်ရသူက လေး အစစ်အမှန်ပင် ဖြစ်လေသည်။

"ကဲ ... ကဲ ... ကိုယ်ပဲ တောင်းပန်ပါတယ်ကွာ။ ကိုယ်က ကြာကြာလေးကို ချစ်ရလွန်းတော့ ကိုယ်တို့နှစ်ယောက် ကြားမှာ အကာအရံ အဆီးအတားတွေ ရှိနေတာကို မုန်း လွန်းလို့ ဒေါသဖြစ်သွားတာပါ၊ တိတ် ... မငိုနဲ့နော်၊





ကြာကြာလေး ခေါင်းမော့လေကွာ၊ ကိုယ့်ကို တစ်ခုခုပြော ပါဦး။ ကြာ့ကို မျက်ရည်ကျအောင် လုပ်မိတဲ့ ကိုယ့်ကို ရိုက်ပစ်လိုက်စမ်းပါကွာ"

ကြာကြာလေး၏ လက်ကိုင်ပဝါအားဆွဲယူ၍ မျက် ရည်စကလေးတွေ သုတ်ပေးတော့ ငြိမ်ခံနေတတ်သည်။ သူနဲ့ ကြာကြာလေးရဲ့ တွေ့ဆုံမှုတိုင်းဟာ တစ်ခါတစ်ရံ သူက စိတ် ဆိုးပြီး ထပြန်သွားတာနဲ့ပဲဖြစ်ဖြစ်၊ တစ်ခါတစ်ရံ ကြာကြာလေး က စိတ်ကောက်ပြီး သူ့ကို ထားရစ်ကာ အတန်းပြန်သွားတာက် ဘာပဲဖြစ်ဖြစ်နှင့် ယခုကဲ့သို့ ကြာကြာလေးက မျက်ရည်ကျ၍ သူ က ချော့မော့ပြေလည်ရတာမျိုးနဲ့ဖြစ်ဖြစ် အဆုံးသတ်တတ်မြဲ။

တစ်ခါတုန်းကလည်း သူနဲ့ကြာကြာလေးတို့ အကြီး အကျယ် ပြဿနာတက်ဖူးသည်။ အဲဒီတုန်းက မှတ်မှတ်ရရ ကြာကြာလေးတို့ တစ်လတိတိ စိတ်ကောက်ကြတာ အပြိုင်အဆိုင်။ ကိစ္စက အသေးအမွှားဟု သူက ထင်သော်လည်း ကြာကြာလေး အတွက်ကတော့ တကယ့်ကို ကြီးကြီးမားမား ဖြစ်ချင်ဖြစ်နိုင်လိမ့် မည်။

ထိုကိစ္စကတော့ ကြာကြာလေးအတွက် မွေးနေ့လက် ဆောင်ကို သူမအား အသိမပေးဘဲ ဝယ်ပေးမိသည့် ကိစ္စပင်ဖြစ် လေသည်။

❖ ❣ ❖



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ကြာ့မွေးနေ့။ ဒါကြောင့် ဟန်းစံ တစ်ယောက်က[illegible]ကိုပဲ အထူးညှိသည်တော်အနေနဲ့ ဖိတ်တယ်သိလား။ ကျောင်းမှာ ကြာ စောင့်နေမယ်၊ ဟန်းစံ လာခဲ့နော်။ ဟန်းစံကို ကြာတို့ကျောင်းနဲ့အနီးဆုံးက Oriental House မှာ ကျွေးမယ်၊ ဆက်ဆက်လာနော်"

သူ့ဆီ ဖုန်းတစ်ခါမှ မဆက်စဖူးဆက်၍ ရှိန်းသည့် ကြာကြာလေးရဲ့အလိုကျ သူက အလုပ်ကိစ္စတွေ အကုန်ဖျက်လျက် သွားခဲ့သည်။ ကြာကြာလေး မသိအောင် သူကိုယ်တိုင်ကျိတ်ပြီး စီစဉ်ထားခဲ့ပြီးသည့် မွေးနေ့လက်ဆောင်ကလေးကိုတောင် လုလုပပ ထုပ်ပိုးလို့။ အကယ်၍ ကြာကြာလေးက သူမရဲ့မွေးနေ့ကို မကျင်းပဖူးဆိုလျှင်တောင် သူက ပေးဖို့ရည်ရွယ်ထားခဲ့တာအမှန်။

သို့သော် အခြေအနေက ထင်သလို အဆင်မပြေခဲ့ချေ။ ထိုအဆင်မပြေခြင်းက ကားပြဿနာက စလေသည်။

"ကိုယ့်ကားနဲ့ပဲ သွားလိုက်ရအောင်၊ လာ"





ဟု သူက ဘာရယ်မဟုတ် ခေါ်ခဲ့ပေမယ့် ကြာကြာလေး၏မာနတွေက သူ့ကားကိုတောင် မစီးနိုင်လောက်အောင် ကြီးမားနေခဲ့သတဲ့။

"အို ... ဟန်းစံပဲ ရှေ့ကသွားနှင့် ကြာ့ဘာသာ နောက်ကကားနဲ့ လိုက်ခဲ့မယ်လေ"တဲ့လေ။

အစက သူ မရိပ်မိဘဲ အတင်းခေါ်သေးသည်။ အကြီးအကျယ်ငြင်းသည့် ကြာကြာလေးအား မသက်သာတော့၍ ...

"ကိုယ့်ကားကိုစီးဖို့ ဘာလို့ ဒီလောက်ငြင်းနေရတာလဲ၊ ဘာလဲ ... ကိုယ်က ကိုယ့်စည်းစိမ်တွေကို ကြာကြာလေး မက်မောတယ်ထင်မှာ စိုးရိမ်ပြန်ပြီလား၊ မဟုတ်သေးပါဘူး"

လို့ တစ်ချက်မေးပစ်သောအခါ ကြာကြာလေးသည် ရဲရဲဝံ့ဝံ့ပင် "ဟုတ်တယ်"ဟု ဝန်ခံရှာသတည်း။

"ကိုယ်က အဲဒီလို ထင်ပါတယ်လို့ ဘယ်တုန်းက ပြောမိသလဲ၊ ကြာကြာလေး ... မင်းဘာသာ တစ်လွဲတွေယူဆနေတာတော့ မကောင်းဖါဘူး၊ ကိုယ်ပိုင်သမျှ ပစ္စည်းဥစ္စာတွေဆို ကိုယ့်ရဲ့ကြာကြာလေးနဲ့ပဲ သက်ဆိုင်မှန်း ကိုယ်သိပေမယ့် ကြာကြာလေးက ကိုယ့်ရဲ့စည်းစိမ်တွေကို မက်မောလိမ့်မယ်လို့ ကိုယ် လုံးဝမထင်ပါဘူးကွာ"

"ကဲ ... မထင်ရင်လည်း ပြီးရော၊ လောလောဆယ်တော့ ဆိုင်ကိုရောက်အောင်ပဲ သွားပါရစေဦး။ ဘယ်နည်းနဲ့ပဲ သွားသွားပေါ့။ ဆိုင်ကိုရောက်ဖို့က အဓိကပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကိုယ့်ကားပေါ်ကို ကြာကြာလေးတက်မှ ဒီဆိုင်ကို ရောက်မှာ အမှန်ပဲ။ ဒီတစ်ခါတော့ ကိုယ့်ဘက်ကို လိုက်လျောသင့်တယ်"

"ကြာ့အတွက်ကတော့ ကိုယ့်ကားနဲ့ကိုယ်သွားမှ ဆိုင်ကို ရောက်မယ်လို့ ယူဆတယ် ဟန်းစံ။ ကြာ ... ရှင့်ကားကို မစီးဘူး"

စိတ်တိုတိုဖြင့် ကျောင်းဝန်းရှေ့ သစ်ပင်အောက်တွင် ရပ်ထားသည့် သူ့ကားဘီးဖုံးကို ပိတ်ကန်မိသည်အထိ။ နိုင်စမ်းကွာ၊ ငါ့ကို ဒိုက်ကြိုက်အနိုင်ယူစမ်း၊ မင်းကို ချစ်ရသမျှ အမြဲအရှုံးပေးနေရမှာ အမှန်ပဲ ကြာကြာလေးဟု ခပ်ရွဲ့ရွဲ့တွေးလျက် "ဒါဆို ကိုယ်သွားနှင့်ပြီ"ဆိုကာ ကားကို တစ်ရှိန်ထိုးမောင်းထွက်လာခဲ့သည်။

သူ့ကားနောက်က ပါလာသည့် ကြာကြာလေး၏ ကားကို နောက်ကြည့်မှန်မှတစ်ဆင့်ကြည့်၍ မြင်ရတိုင်း ဘာကို စိတ်တိုမှန်းမသိဖြစ်ကာ စိတ်တိုချင်သည်။ သို့သော် ထိုစိတ်တိုရခြင်းသည် ကြာကြာလေး၏အပြုံးကို မြင်လိုက်ရတော့ ပြေပျောက်သွားခဲ့ရမြဲ။

"ဟန်းစံ ဘာစားချင်လဲ ကြိုက်တာမှာနော်၊ ဒီနေ့ တစ်နေ့လုံးအတွက် ကြာရဲ့အချိန်တွေ အကုန်လုံး ဟန်းစံကိုပေးထားတယ်၊ မွေးနေ့အမှတ်တရပေါ့"



တဲ့လေ ... ခုနက ရန်ပွဲကလေးကို သူမ မဖန်တီးခဲ့ဖူးသည့်အတိုင်း တည်တည်ငြိမ်ငြိမ် တွေ့ရသူမှာ သူ့ရဲ့ကြာကြာလေးပဲ ဖြစ်ပါသည်။

"ကိုယ်က ကြာကြာလေးအတွက် မွေးနေ့မတိုင်ခင်ကတည်းက မွေးနေ့လက်ဆောင်ကိုတောင် ကြိုပြီးစီစဉ်ထားပြီးပြီ။ ကြာကြာလေးက မွေးနေ့ကို ကိုယ့်အတွက် သီးသန့်အချိန်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ကိုယ်က ဒီနေ့တော့ ကြာ့ဆီ လာကိုလာရမယ်လို့ စိတ်ဆုံးဖြတ်ထားတာ"

"ဟုတ်လား ... သိပ်ချစ်ဖို့ကောင်းတဲ့ ကြာ့ရဲ့ချစ်သူကလေးပဲ"

"ဟင်... ဟင်၊ ထပ်ပြောပါဦး။ နားဝင်ချိုလွန်းလို့။ ခုနက ပြောလိုက်တာ ကိုယ်နည်းနည်းပဲ ကြားရလို့ ထပ်ပြောနိုင်မလား အမျိုးသမီးကလေးရေ"

အဲဒီလို စားရင်းသောက်ရင်းနဲ့ ခုနက ကားပြဿနာကို အနည်းငယ် မေ့လျော့စပြုခဲ့ကြသည်။ သူက သူ့ရဲ့လက်ဆောင်ကလေးအတွက် ရင်ခုန်နေခဲ့တာတော့ အမှန်။ ပြီးရင် နောက်ထပ်လက်ဆောင်ကလေးတစ်ခုကို တောင်းချင်ခဲ့တာလည်း အမှန်။ အဲဒီလက်ဆောင်က ကြာကြာလေးဆီက အနမ်းလက်ဆောင်ပဲ။

"ဟန်းစံ ... ကြာ့ကို နာမည်တစ်ခုပဲ သတ်သတ်မှတ်မှတ်ခေါ်ပါကွာ၊ ကြာကြာလေးလို့ ခေါ်လိုက်၊ ကြာလို့ခေါ်လိုက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကိုယ့်အတွက်ကတော့ ဒီတစ်ယောက်တည်း အတူတူပါပဲ"

"ဟုတ်ရဲ့လား"

"ကဲ ... ကဲ ... ကိုယ့်ရဲ့မွေးနေ့လက်ဆောင်ကို ကြာကြာလေး မသိချင်ဘူးလား"

"မသိချင်ပါဘူး၊ ကြာက မွေးနေ့လုပ်တာ လက်ဆောင်လိုချင်လို့မှ မဟုတ်တာ။ ဟန်းစံကို အနားမှာ တစ်ချိန်လုံး မြင်ချင်လို့"

"ဒါဆို ကိုယ် နေ့တိုင်းလာမယ်လေ"

"ဘယ်ဖြစ်မလဲ"

"အဲဒီလိုကျပြန်တော့လည်း ကြာ့အတန်းတွေ ဖျက်ရမှာ စိုးရိမ်ပြန်ရော မဟုတ်လား။ ဒါ ... ထားပါတော့။ ကိုယ်ကတော့ ကိုယ့်ရဲ့လက်ဆောင်ကလေးကို ပေးမှဖြစ်မှာ၊ ကြာက လိုချင်ချင် မလိုချင်ချင်"

ဟန်းစံသည် ရှပ်အင်္ကျီအိတ်ကပ်ထဲမှ ပန်းစက္ကူဖြင့် လှပစွာ ထုပ်ထားသည့် ဘူးကလေးအား ကြာကြာလေး၏လက်ဖဝါးအား ဆွဲယူ၍ထည့်ပေးလျှင် တွန့်ခနဲ ဖြစ်သွားသည်ကိုသိရှိလိုက်၏။ ဖွင့်ကြည့်လေဟု သူက ပြောပေမယ့် သူမက ဘူးကလေးအား စားပွဲပေါ်ပြန်တင်ကာ နှုတ်ခမ်းများကို ခပ်မဲ့မဲ့ လုပ်လိုက်တာကို တွေ့ဖြစ်အောင် တွေ့လိုက်ရပါသေးသည်။ ဘာတွေယူဆသွားပြန်တာလဲ ကြာကြာလေးဟု အော်မေးလိုက်ချင်ရဲ့။





"ဒါဟာ ရတနာပစ္စည်း တစ်ခုခုကလွဲလို့ ဘာမှမဖြစ်နိုင်ဘူး"

ဟု ခပ်တိုးတိုးရေရွတ်သံသည် နာကြည်းမှုတွေများပါနေသလား အံ့သြစရာပဲ။ ချစ်သူရဲ့လက်ဆောင်ကို နာကြည်းတဲ့ မိန်းမမျိုးရှိသေးသတဲ့။

"ကြာကြာလေးအတွက် ကိုယ် ရည်ရွယ်ပြီး လုပ်ထားတာ။ မင်း မကြည့်ချင်ရင်နေ၊ ကိုယ်ပဲ ဖွင့်ပြမယ်"

ကြာကြာလေးသည် "မပြနဲ့"ဟု တားမြစ်သော်လည်း သူသည် စိတ်တိုတိုဖြင့် ပန်းစက္ကူတွေ ခပ်ကြမ်းကြမ်းဆွဲခွာပစ်လိုက်မိ၏။ ဘူးကလေးအတွင်းမှာ အရောင်တွေ ဖိတ်အံကျနေသည့် ရင်ထိုးကလေးအား ကြာကြာလေး၏မျက်လုံးများရှေ့ချပြတော့ သူမက တစ်ဖက်သို့ မျက်နှာလွှဲပစ်ရက်သူတည်း။

"ကိုယ် ဒီရင်ထိုးကလေးကို ကိုယ်တိုင်စိတ်ကူးပြီး ပန်းတိမ်မှာ သွားလုပ်ခိုင်းထားရတာ၊ ပတ္တမြားက မိုးကုတ်က သူဌေးဆီက တိုက်ရိုက်ဝယ်ထားလို့ တော်တော်အရည်ကောင်းတယ်။ ဘေးက စိန်ပွင့်ကလေးတွေကလည်း ရတီမနည်းဘူး"

အသည်းပုံဖြစ်အောင် ပုံဖော်ထားသည့် ပတ္တမြား၏နံဘေးတွင် သူ့ပုံအတိုင်း ဝိုင်းပတ်ထားသော စိန်ပွင့်ကလေးတွေရှိပါသည်။ ပတ္တမြား၏အရည်ဖိတ်မှုကြောင့်ပဲ ပတ္တမြားအရောင်ပိုတောက်လာသလားတော့မသိ။ တန်ဖိုးကလည်း နည်းနည်းနော



www.burmeseclassic.com

www.burmeseclassic.com



နော မဟုတ်ပေမယ့် သူက ကြာကြာလေးအတွက် သီးသန့်ရည်စူးထားသည်မို့ ဒီလက်ဆောင်ကို လက်ခံစေချင်သည်။

"အဲဒါ ဘာလုပ်ရမလဲ"

"ကြာကြာလေးအတွက်လေ၊ ကြာကြာလေးရင်ဘတ်မှာထိုးဖို့ပေါ့၊ ကဲပါ ... ကိုယ်ပဲ တပ်ပေးပါ့မယ်"

"ဟင့်အင်း ... မတပ်နဲ့"

သူ့လက်ကို တွန်းဖယ်ကာ ပုတ်ချလိုက်၍ ရင်ထိုးကလေးက သံမံတလင်းပေါ် ကျသွားသည်။ ဘယ်လိုလုပ်လိုက်တာလဲ ကြာကြာလေးဟု မမေးခင်မှာ ကြာကြာလေးသည် သူ လုံးဝ မမျှော်လင့်ထားဖူးသော စကားတစ်ခွန်းဖြင့် တုံ့ပြန်ခဲ့သည်။

"ကြာ့ကို ရှင့်ရဲ့ပစ္စည်းဥစ္စာတွေ ဘယ်လောက်ချမ်းသာကြွယ်ဝနေကြောင်း နောက်ထပ် ဒီလိုဖန်တီးပြီးပြဖို့ မကြိုးစားပါနဲ့၊ ကြာက ဟန်းစံကိုပဲ ချစ်တာ။ ဟန်းစံဆိုတဲ့လူနောက်က ပါလာမယ့် အောင်မြင်မှုနဲ့ ချမ်းသာကြွယ်ဝမှုကို ချစ်တာ မဟုတ်ပါဘူး ဟန်းစံ။ အဲဒါကို ခုထိ ဟန်းစံ နားမလည်သေးဘူးနော်၊ ကြာ အရမ်းဝမ်းနည်းတာပဲ။ ကြာက ရှင့်ကို တကယ်ချစ်ခဲ့လို့ လက်ခံခဲ့တာကို ရှင့်ရဲ့ ပိုင်ဆိုင်မှုတွေကို ချစ်လို့လက်ခံခဲ့တယ်လို့များ ထင်နေသလား၊ ဟန်းစံ ... ရှင့်ပါးစပ်က ဖွင့်မပြောပေမယ့် ရှင် အဲဒီလိုပဲ ထင်လိမ့်မယ်လို့ ကြာ ယုံကြည်ထားတယ်"





"ဘာတွေလျှောက်ပြောနေတာလဲ ကြာကြာလေး၊ ကိုယ်ကကိုယ့်ချစ်သူမို့ သဘောရိုးနဲ့ပေးတဲ့ လက်ဆောင်ကို ဒီလောက်ထိ မစော်ကားသင့်ဘူး၊ ကြာ အခု ကိုယ့်ရဲ့လက်ဆောင်ကို လက်ခံမလား၊ လက်မခံဘူးလား၊ ဒါပဲပြော"

"ကြာ့ကို မအော်နဲ့ ဟန်းစံ။ ရှင်က အရင်ကလိုမဟုတ်တော့တာ အမှန်ပဲ။ ကြာ့ကို အမြဲတမ်း နိုင်ချင်နေတယ်"

"ကြာကြာလေးကို ကိုယ်ပဲ အမြဲအရှုံးပေးနေရတာပါ၊ မင်းပြောတဲ့စကား မှန်ရောမှန်ရဲ့လား၊ သေသေချာချာ တွေးကြည့်ဦး"

သူကလည်း ဒေါသဖြစ်မိ၍ အရင်ကလို အလျှော့မပေးပဲ ပြန်အော်မိသည်။ ကားပြသနာတက်တာက ထားတော့ အခုလို ချစ်သူဆီက လက်ဆောင်ကိုတောင် မာနတွေထားပြီး ငြင်းဆန်နေတတ်သည့် ကြာကြာလေးကို ဘယ်လိုနားလည်ရတော့မလဲ။ ဒီလိုသာဆို မလွယ်ပါလား ကြာကြာလေးရယ်ဟု နောက်ထပ်ကာလများအတွက် ကြိုတင်စိုးရိမ်ချင်ခဲ့သည်။

"တော်ပြီ ... ဒီနေ့တော့ ရှင့်ကိုပေးမယ့် ကြာ့ရဲ့အချိန်တွေ အကုန်ရုပ်သိမ်းတယ်။ ရှင့်ကိုချစ်တဲ့ ကြာ့ရဲ့အချစ်တွေကို တန်ဖိုးဖြတ်သလို ဖြစ်ချင်လို့ ရှင်နဲ့ကြာတို့ ထပ်မတွေ့ကြတော့ရင် ကောင်းမယ်"

"အိုကေ ... ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က တစ်ယောက်တစ်လမ်းဆီ ကားမောင်းပြန်သွားသော ချစ်သူနှစ်ဦးကို စားသောက်ဆိုင်ကလေးက အမှတ်တရ လိုက်ကြည့်နေခဲ့သည်။

သူကလည်း သူ့ဘာသာ ရင်ထဲမှာ နာခဲ့သည်။ လောကကြီးမှာ ကိုယ့်ချစ်သူရဲ့နားလည်မှုကို မရတာလောက် စိတ်ညစ်စရာ ကောင်းတာမျိုး မရှိဘူး အဟုတ်။ ကြာကြာလေးဟာ တစ်ဆိတ် သူ့အပေါ် မာနထားလွန်းနေသလား။ ကြာကြာလေးကြောင့် သူမဆီက သူ့အတွက် အနမ်းလက်ဆောင်တောင် မထောင်းဖြစ်ခဲ့တဲ့ဘဝ။

သူမရဲ့စကားအသွားအလာတိုင်းကိုက သူ့ရဲ့အောင်မြင်မှုနဲ့ သူမတို့ထက် အဆပေါင်းများစွာ ချမ်းသာသွားသည့် သူ့ရဲ့စည်းစိမ်တွေကို ထိခိုက်တာတွေ မနှစ်မြို့စရာ။ ကြာကြာလေးမင်း အထင်လွဲနေတာက ကိုယ်ဟာ မင်းကို သံသယနဲ့ချစ်နေလိမ့်မယ်ဆိုတဲ့ အထင်လွဲခြင်းပဲ ဖြစ်မယ်။ ဘယ်လောက်ကြေကွဲချင်စရာကောင်းလိုက်သလဲ။ ကိုယ့်ကို အထင်သေးနှိမ့်ချတတ်တဲ့ ကောင်မလေးတစ်ယောက်အဖြစ်နဲ့တောင် မနာကြည်းနိုင်ဘဲ ချစ်ခဲ့မိခဲ့မှတော့ ဘယ်အခြေအနေမှာ ရောက်ပါစေ။ ဘယ်တော့မှ သံသယမကင်းတဲ့ချစ်ခြင်းနဲ့ ချစ်လိမ့်မှာ မဟုတ်ဘူးဆိုတာ သူမ နားမလည်သေး။

ဘာမဟုတ်တဲ့ အသေးအမွှားကိစ္စကလေးကြောင့် သူက စိတ်ညစ်ညစ်ဖြင့် ကြာကြာလေးထံ မရောက်ဖြစ်ခဲ့။ ကြာ





ကြာလေးကလည်း ဘယ်တုန်းကရော သူ့ကိုစပြီးဆက်သွယ်လို့လဲ။ နေနိုင်လိုက်တာမှ သူကတောင် သွားချောင်းကြည့်မိရှုံ့အံ့ဩရသည်အထိ။ သူငယ်ချင်းတွေနဲ့ တဟားဟားရယ်လျက် ဗိုလ်ချုပ်ဈေးမှာ ဈေးဝယ်နေတုန်းတစ်ခါ၊ ကျောင်းကိုသွားချောင်းတော့ ကားရပ်ရာနေရာက အုတ်ခုံပိုင်းမှာ ဝိုင်းဖွဲ့ရယ်မောနေတာကို တစ်ခါကြုံခဲ့ရသည်။

နောက်ဆုံးတော့ မနေနိုင်တဲ့ ဟန်းစ်ပဲ အရှုံးပေးကာ ချော့တဲ့သူ မရှိဘဲ စိတ်ကောက်ပြေကာ ကြာကြာလေး၏စာသင်ဆောင် သီရေတာတူးကို လက်နက်ချ၍ ပြန်သွားခဲ့ရပါသည်။ တစ်လတိတိ စိတ်ကောက်ခဲ့ကြသော ချစ်သူနှစ်ဦး ပြန်ပြေလည်မှုကတော့ အဖုအထစ်ကိုယ်စီနှင့်ပင်။

❖ ❦ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဟန်းစံနှင့် ပဒုမ္မာကြာတို့၏ ပဋိပက္ခက သူမ၏ လေ့လာရေးခရီးစဉ် (Trip)မသွားခင်မှာ အနည်းငယ် ကြီးထွားခဲ့သည်ဟု ဆိုရချေမည်။ ပထမအစမ်းစာမေးပွဲ First Test အပြီးမှာမှ ခရီးရက်ရှည် ထွက်ရမည့် ဒီခရီးစဉ်အား သူ့ကို အသိပေးခဲ့မိတာလည်း ပဒုမ္မာကြာ၏ အမှားတည်း။

"ဘာရယ် ... ဒီလောက်ဝေးတဲ့ ခရီးကြီးတစ်ခုကို တစ်လနီးပါးလောက် သွားရမယ် ဟုတ်လား။ နောက်ပြီး ယောက်ျားလေးတွေလည်း ပါသေးတယ်၊ မလိုက်ရင် မရဘူးလား ကြာကြာလေး၊ ကိုယ် စိတ်မချဘူး"

ဟု သူက စတင်ပြီး ဂျီဂျောင် လုပ်တော့တာပဲ။ ကျွတ် ... ကိုယ်နဲ့ တစ်ကျောင်းတည်းချင်း မဟုတ်တဲ့ လူတွေရဲ့ နားလည်မှုကို ရှင်းပြရတာလောက် စိတ်ပျက်စရာမရှိဘူး အဟုတ်။





"ယောက်ျားလေး သုံးယောက်တောင် သူတို့ထဲက တစ်ယောက်က ကိုယ့်ရဲ့ကြာကြာလေးကို မကြိုက်နေဘူးလို့ အာမခံနိုင်မလား"

"အို ... အဲဒါတော့ မဖြစ်နိုင်တာ။ ကြာ့မှာ ဟန်းစံ တစ်ယောက်လုံး ရှိနေတယ်ဆိုတာလည်း သူတို့အသိ၊ နောက်ပြီး ဒါက အပျော်သွားတဲ့ခရီးမှ မဟုတ်တာ။ ကျောင်းကလွှတ်တာ အလုပ်ကိစ္စတွေနဲ့ သွားရမယ့်ခရီးမို့ မလိုက်ရင် မရဘူး။ စာမေးပွဲကျမှာ သိလား၊ ရှင်ဖြင့် ကျောင်းကိစ္စတွေ နားမလည်ဘဲ အလကား သဝန်တိုနေတယ်"

"ကိုယ် သဝန်တိုတာက သူတို့က ဆေးကျောင်းသားတွေ ဖြစ်နေလို့ ပိုပြီးသဝန်တိုတာ၊ တခြားလူဆို အဲဒီလောက် သဝန်တိုမှာ မဟုတ်ဘူး ကြာကြာလေး"

ကြည့်စမ်း ... အထင်လွဲတတ်နိုင်ပါပေ့။ ဆေးကျောင်းက လူအချင်းချင်းပဲ လက်တွဲချင်မှတော့ သူ့ကိုတောင် အရေးလုပ်ပြီး နာမည်အကြီးခံပြီးတွဲမှာ မဟုတ်တာဟော့ သူ နားမလည်။ အစတည်းက ကျောင်းမှာရှိတဲ့ ကိုယ့်ကို သဘောကျနေတဲ့လူထဲက တစ်ယောက်ယောက်ကို စိတ်ကြိုက်ရွေးလိုက်ရုံပဲ။

"ဘာဖြစ်လို့လဲဆိုတော့ ကြာကြာလေးက ကိုယ့်အချင်းချင်းမှ အထင်ကြီးတတ်တော့ တော်ကြာ ဒီလောက်ရှင် ကြာကြာကြီး အတူတူ တွေ့ပါမြင်ပါများလာတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေရဲ့ အထင်ကြီးစရာအချက်တွေကို လေးစားလာရာက တစ်ဆင့် ကိုယ့်ကိုတောင် မေ့သွားတာမျိုးကို ကိုယ်ရင်မဆိုင်ချင်ဘူး"

"ကြာ့ကို အဲဒီလောက် အထင်သေးဖို့ မလိုဘူးထင်တယ်၊ ကြာက သစ္စာမဲ့တဲ့ မိန်းမစားမျိုး မဟုတ်တာကို ဟန်းစံ မြဲမြဲမှတ်ထား"

ပဒုမ္မာကြာသည် ဟန်းစံ ဒီလိုထင်ရက်လေခြင်းဟုယူကျုံးမရဖြစ်လျက် မျက်ရည်တောင် ဝဲချင်ချင်။ ဟန်းစံကြောင့် မျက်ရည် ခဏခဏဝဲရခြင်း၊ မျက်ရည်ကျရခြင်းတွေကလည်း ပဒုမ္မာကြာရဲ့ဘဝမှာ မဆန်းတော့တာအမှန်။

ကိုယ့်ထက် အသက်ငယ်တဲ့လူမျိုး၊ ကိုယ့်အသိုင်းအဝိုင်းနဲ့ သူ့အသိုင်းအဝိုင်းမတူတဲ့ အခြေအနေမျိုးလောက် စိတ်ညစ်စရာမရှိဘူး အဟုတ်။

"ကိုယ့်ရဲ့ Lotus Music Production ရဲ့ ဖွင့်ပွဲကလည်း ရှိသေးတယ်။ အဲဒီပွဲကို ကိုယ်က အကြီးအကျယ်လုပ်ဖို့ ရည်ရွယ်ထားတာ၊ နောက်ပြီး ကြာကြာလေးကိုလည်း ကိုယ့်ဘေးမှာ ရှိစေချင်တယ်။ ကိုယ်က ဒီတစ်ခါပွဲမှာ ပရိသတ်က ကိုယ့်ရဲ့ကြာကြာလေးကိုပါ သိသွားစေချင်တဲ့ ရည်ရွယ်ချက်လည်း ရှိထားသေးတယ်။ ကြာကြာလေး အခုတော့ အဝေးကြီးသွားနေတော့ ကိုယ့်ဆန္ဒ ဘယ်ပြည့်





တော့မလဲ၊ ဖြစ်နိုင်ရင် ကိုယ်က ကိုယ်နဲ့ခွဲပြီး အဝေးကြီးကို လုံးဝမလွှတ်ချင်ဘူး။ မိဝေး ဖဝေး ... အားလုံးနဲ့ဝေးတဲ့အရပ်မှာ ကိုယ်က ဘယ်လိုလုပ် စိတ်ချနိုင်မလဲ"

"ဖေဖေနဲ့မေမေတောင် စိတ်ချသေးတာပဲ ဟန်းစံရယ်။ ဒါက ဆေးကျောင်းသားတိုင်း မဖြစ်မနေလုပ်ရတဲ့ ကျောင်းကိစ္စတစ်ခုပါ။ နောက်ပြီး ဟန်းစံနဲ့ ကြာနဲ့က လူကြီးမိဘတွေ ဘာတစ်ခုမှ အသိအမှတ် မပြုသေးဘဲနဲ့ အားလုံးသိအောင် မဏ္ဍာဂ်တိုင်တက်မပြချင်သေးဘူး။ ကြာက ဖေဖေနဲ့မေမေတို့ရဲ့ ခွင့်ပြုချက်မရသေးဘဲနဲ့ ဟန်းစံရဲ့သက်ဆိုင်သူပါဆိုပြီး လူရှေ့ထွက်မပြချင်သေးတာ အမှန်ပဲ။ နောက်တစ်ခုက ဟန်းစံရဲ့မိဘတွေကလည်း ကြာ့ကို အသိအမှတ်တောင် မပြုရသေးဘူး။ နေရာဝင်ယူတယ်၊ ဟန်းစံရဲ့အောင်မြင်မှုတွေကို မက်မောတယ်လို့ အထင်ခံရမှာလည်း ကြာစိုးရိမ်သေးတယ်။ ဒါကြောင့် အကယ်၍ ကြာက အဲဒီရက်မှာ ရန်ကုန်မှာ ရှိခဲ့ရင်တောင် ဟန်းစံရဲ့ပွဲကို လာဖြစ်မယ်မထင်ပါဘူး"

"ကဲ ... ဒါဆိုလည်း လူကြီးတွေကို အသိပေးလိုက်ကြရအောင်လေ"

"Trip က ပြန်လာမှ စီစဉ်ပါလား ဟန်းစံ။ အချိန်ကလည်း အင်မတန် စောလွန်းနေသေးသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံသည် ကြာကြာလေး၏ဦးခေါင်းကို သူ့ရင်ဘတ်ဆီဖိကပ်ရင်း လှိုက်လှိုက်လှဲလှဲ တောင်းဆိုခြင်းအား ပဒုမ္မာကြာ ခွင့်မပြုခဲ့တာကိုလည်း ဟန်းစံက သည်းမခံချင်ခဲ့ပေ။

"ကိုယ်တို့ကို လူကြီးမိဘတွေ အသိအမှတ်ပြုရုံတင်မက တစ်ခါတည်း စေ့စပ်ထားကြရင် မကောင်းဘူးလား။ ကြာ ဒီအတန်းပြီးရင် ကိုယ်တို့ လက်ထပ်ကြမယ်လေ။ ကြာ့ကို ကိုယ်ပိုင်ဆိုင်ချင်လှပြီ"

တဲ့လေ။ သူ ကိုယ့်ကိုချစ်လွန်းလို့ပဲဟု နားလည်ပေးနိုင်သော်လည်း ပဒုမ္မာကြာကလည်း သူမ၏ခံယူချက်နှင့်သူမပင်တည်း။

"ဟင့်အင်း ... ကြာက ပါ့တ်တူး(Part II)ပြီးမှ ဒီကိစ္စကို လက်ခံနိုင်မယ်၊ လူကြီးတွေ အသိအမှတ်ပြုပြီးရင် တော်ရောပေါ့နော်၊ နောက်ပြီး စေ့စပ်တာနဲ့ လက်ထပ်တာလည်း သိပ်ကွာလွန်းရင်မကောင်းဘူးလို့ ကြာထင်တယ်။ ဒါကြောင့် လူသိရှင်ကြား စေ့စပ်တာလည်း ကြာ မလိုလားသေးဘူး"

"ကြာ့ကို ကိုယ်က ကျောင်းမထားနိုင်ဘူးလို့ ယူဆထားလို့လား၊ ကိုယ်က ကြာကြာလေးရဲ့မိဘတွေထက်သာတဲ့ အနေအထားမျိုးနဲ့တောင် ထားနိုင်ပါတယ်"

အို ... သူ့နှုတ်ဖျားက ဒီစကားမျိုး ကြားရလိမ့်မယ်လို့ သူမလုံးဝမမျှော်လင့်ခဲ့မိချေ။ ယခုတော့ သူ့ရဲ့စည်းစိမ်ကို သူဘာသာ ကျေနပ်မာန်တက်နေသည့် စကားတွေက ခါးသီးစရာပင်





"အဲဒီစကားမျိုး နောက်တစ်ခါ ထပ်ကြားရမယ်ဆိုရင် ကြာတို့ လမ်းခွဲကြတာ အကောင်းဆုံးပဲ။ ကြာ အစတည်းက ပြောသားပဲ။ ရှင့်ရဲ့စည်းစိမ်နဲ့ အောင်မြင်မှုတို့ကြောင့် ကြာနဲ့ ရှင့်ကြားမှာ ပဋိပက္ခ မဖြစ်ချင်ဘူးလို့လေ၊ အခုတော့ တကယ်ပဲ အဲဒီအချက်ကြောင့် ပဋိပက္ခက စတင်တော့တာပဲ"

"တကယ်တော့ ကိုယ်လည်း ကိုယ်ချစ်ရတဲ့သူနဲ့ ပဋိပက္ခ ဘယ်ဖြစ်ချင်ပါ့မလဲ။ ကြာက ကိုယ့်ကို သိပ်အထင်လွဲတတ်နေလွန်းတော့ ကိုယ်လည်းဖြေရှင်းရတာ များလွန်းလို့ စိတ်ညစ်မိတာတော့ အမှန်ပဲ၊ ကဲပါလေ ... ကိုယ်တားခွင့်မရှိတဲ့ ခရီးတစ်ခုကို မတားတော့ပါဘူး၊ အားလုံး ကြာကြာလေးရဲ့ အလိုကျအတိုင်းပါပဲ။ ဒါပေမဲ့ တစ်ခုတော့ ကိုယ့်ကိုခွင့်ပြု"

ပဒုမ္မာကြာ ထင်ပါသည်။ ဟန်းစံ သူမအပေါ် အထင်လွဲနေတတ်ခြင်း တချို့တလေ ရှိနေမည်ဟူသော အထင်ပင်။ သို့သော် ဟန်းစံသည် ဟန်ဆောင်ကောင်းစွာ သူ့ရဲ့အထင်လွဲခြင်းအား ဖုံးကွယ်ပစ်ခဲ့လျက်။ သူနဲ့ သူမ၏ကြီးထွားစပြုလာပြီဖြစ်သော ပဋိပက္ခကိုလည်း မေ့ချင်ဟန်ဆောင်ခဲ့သူတည်း။

(အဲဒီလို တစ်ယောက်နဲ့တစ်ယောက် အထင်လွဲမိဘာတွေကို ဘယ်တော့များမှ ညှိလို့ရမယ်လို့ ကြာ မထင်ခဲ့တာ အမှန်ပဲ ဟန်းစံ။)



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာပြီးရင်တော့ ကိုယ့်ဖေဖေနဲ့ မေမေကို ကြာနဲ့မိတ်ဆက်ပေးမယ်။ ကိုယ့်ကိုလည်း ကြာကြာလေးရဲ့မိဘတွေနဲ့ မိတ်ဆက်ပေး၊ နောက်ပြီး ကိုယ့်မိဘနဲ့ ကြာကြာလေးမိဘတွေ ရင်းနှီးသွားအောင် အပြန်အလှန်တွေ့ခိုင်းကြရအောင်။ ဒါမှ ကိုယ်တို့ဟာ လူကြီးတွေက အသိအမှတ်ပြုတဲ့ ဘဝတစ်ခုမှာ ကိုယ့်ရဲ့ကြာကြာလေးကို လူတွေရှေ့ ထုတ်ပြခွင့်ရတော့မှာပေါ့။ အဲဒီဆန္ဒကလေးကိုတော့ ကိုယ့်ကိုခွင့်ပြုပေးကွာ။ ကိုယ် အနှစ်နှစ်အလလက သိပ်ဖြစ်ချင်ခဲ့တဲ့ဆန္ဒတစ်ခုပါ"

ပဒုမ္မာကြာသည် ဒီလောက်တော့ ကိစ္စမရှိဘူးထင်ပါရဲ့ဟု တွေးမိလျက် ခေါင်းညိတ်ခဲ့လေသည်။ စိတ်ထဲမှာတော့ မေမေ့ကို ရင်ဆိုင်ရတော့မည့် အရေးအား တွေးပူချင်သားပင်။ ငါ့သမီး အပြောနဲ့ လက်တွေ့က တခြားစီပါပဲလားဟု မေမေ့ဆီမှ ခနဲ့သောစကားတွေထက် ခနဲ့သောမျက်ဝန်းများအား ရင်ဆိုင်ရမှာ ပို၍ပင်ကြောက်သေးသည်။ သို့သော် ဒါကို ဟန်းစံအား ထပ်မပြောချင်တော့ချေ။

ပြောမိရင်လည်း သူ့ရဲ့ဆယ်တန်းမအောင်မှုကိုအထင်သေးတာလားဟု စကားနာထိုးဦးမည် ထင်ပါရဲ့။

ထိုနေ့က သူ့ဆီက အမြဲရရှိနေကျ နဖူးပြင်မှာ ဖွဖွနမ်းတတ်သည့် နှုတ်ဆက်အနမ်းကလေးအား ကျေကျေနပ်နပ်ခံယူ





၍ လောလောဆယ် ဖြစ်ခဲ့ရသည့် ပဋိပက္ခကို မေ့ပစ်ဖို့ ကြိုးစားခဲ့သားပင်။ ပဒုမ္မာကြာက မေ့ဖို့ကြိုးစားခဲ့သလောက် ဟန်းစံက မမေ့နိုင်တာကတော့ ဟန်းစံ အလွန်ပဲ ဖြစ်ပါသည်။

❖ ❦ ❖



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံ မျှော်လင့်သည့် သူမ၏ Trip ခရီးစဉ်အပြန်မှာပဲ ထိုသို့ အစပျိုးခဲ့သည့် ပဋိပက္ခက ပိုမိုရှင်သန်လာကာ သူမ တစ်ခါမှ မမျှော်လင့်ခဲ့ဖူးသော အခြေအနေတစ်ရပ်ကို ရင်ဆိုင်လိုက်ရပါတော့သည်။ Trip က ပြန်ရောက်ရောက်ချင်းမှာ ပဒုမ္မာကြာသည့် တာဝန်ကျေစွာပင် ဟန်းစံအား ဖုန်းဆက် အသိပေးခဲ့စဉ်ကတော့ ပြေပြေပြစ်ပြစ်ပါပဲ။ သူ တောင်းဆိုခဲ့သည့် ဆန္ဒကြီးတစ်ခုကို မမေ့မလျော့ တောင်းဆိုစဉ်မှာ သူနဲ့ သူမနဲ့ ပဋိပက္ခစတော့တာပဲ။

"ကြာကြာလေးလည်း Trip က ပြန်လာပြီ၊ မသွားခင်က ကိုယ်ပြောထားခဲ့တဲ့ ကိစ္စလေးကို အကောင်အထည်ဖော်ကြရအောင်၊ ကဲ ... ပြော၊ ကိုယ် ကြာ့ဆီ ဘယ်တော့လာတွေ့ရမလဲ"

ဟု သူ မေးစဉ်မှာ သူမအတွက် ဆုံးဖြတ်ရခက်ခြင်းတွေနဲ့ ရင်ဆိုင်ရပါသည်။





အဲဒါကတော့ ဘွဲ့လွန်သင်တန်းတစ်ခုဖြစ်သည့် M.R.C.P စာမေးပွဲကိုဖြေဖို့ အချိန်သိပ်နီးကပ်နေ၍ ဘာတစ်ခုကိုမှ စိတ်ရှုပ်စရာအဖြစ် ခေါင်းထဲသွင်းမထားချင်သည့် မေမေ့ကြောင့်ပင်ဖြစ်ပါသည်။ မေမေ အနှစ်နှစ်အလလက ဘွဲ့တွေတစ်ခုပြီး တစ်ခုယူရန် စိတ်အားအထက်သန်ဆုံးမှန်း သူမ သိသည်။ ကြာကြာလေး ဆယ်တန်းဖြေလို့၊ အမြွှာတွေ ဆယ်တန်းဖြေလို့၊ ဖေဖေ ဘွဲ့လွန်ဖြေလို့နှင့် မေမေက အားလုံးအတွက် ငဲ့ညှာပြီး သူ့ဆန္ဒကို နောက်ပို့ ထားခဲ့တာလည်း ကြာကြာလေး အသိ။ ထို့ကြောင့်ပင် အားလုံး လက်လွှတ်ရမှ၊ အားလုံးရဲ့တာဝန်တွေအေးမှ မေမေ့ခမျာ ဒီစာမေး ပွဲကို ဖြေခွင့်ရတော့တာ။

"မဖြစ်သေးဘူး ထင်တယ် ဟန်းစံ။ မေမေက M.R.C.P Part I (အမ်အာစီပီ ပါတ်ဝမ်း)စာမေးပွဲဖြေဖို့ ကြိုးစားနေရတယ်။ စိတ်ရှုပ်စရာတွေ ဝင်သွားရင်၊ စိတ်ထိခိုက်စရာတွေ ဝင်သွားရင် မေမေ သိပ်မျှော်လင့်တဲ့၊ ဒီစာမေးပွဲကို အောင်၊ အောင်ဖြေနိုင်တော့မှာ မဟုတ်ဘူး၊ အဲဒီစာမေးပွဲက ဝင်ခွင့် အရင်ဖြေရတယ်၊ ဝင်ခွင့်အောင်မှ Part-I တက်ရတာ။ အကယ်၍ Part I မအောင်ရင် နောက်တစ်ခါ ဝင်ခွင့်ပါ ပြန်ဖြေရနဲ့မို့ မေမေက တစ်ခါတည်း အောင်ချင်နေတာ၊ ကြာ့ကိစ္စကြီး ခေါင်းထဲဝင်သွားရင် မေမေ စိတ်ထိခိုက်ပြီး စာမေးပွဲမဖြေနိုင်ရင် ကြာတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ ဆုံးတော့မယ် မထင်ဘူး ဟန်းစံ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမေမေက မင်းကို ကိုယ်ပိုင်ဆိုင်ရတော့မယ်မှန်းသိလိုက်ရလို့ ဘာစိတ်ထိခိုက်စရာ ရှိသလဲ၊ ကိုယ့်ကို အသိအမှတ်ပြုလိုက်ရလို့ ဘာများ စိတ်ထိခိုက်စရာဝင်မှာမို့လို့လဲ။ ကိုယ်က အရင်လို ကာလေကချေကောင်မှ မဟုတ်တော့တာလည်း မင်းမေမေ သိသားနဲ့။ ကိုယ့်ကို ဘာလို့ခုထိ လက်မခံချင်သေးတာလဲ၊ ဆယ်တန်းမအောင်တာလေးကို အပြစ်လုပ်တာတော့ မကောင်းဘူးထင်တယ်"

"ကြာ့ကို မေမေက အချစ်ဆုံး၊ အမျှော်လင့်ဆုံးမို့ သူမျှော်မှန်းသလို ကြာက မလိုက်နာတဲ့အတွက် မေမေ စိတ်ထိခိုက်မှာကို ပြောတာပါ၊ ဟန်းစံကို သဘောမကျလို့ စိတ်ထိခိုက်မှာတော့ မဟုတ်ပါဘူး။ မေမေက အားလုံးကို ကိုယ့်စိတ်ကြိုက် လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးထားပါတယ် ဟန်းစံ"

"ဘာလဲ ... မင်းမေမေ မျှော်လင့်သလိုဆိုတာက မင်းအရင်က ကြွေးကြော်ဖူးတဲ့ ပညာအရည်အချင်း အဆင့်အတန်းတွေ အတူတူ ဆိုတာကိုလား။ ကိုယ့်ကို မင်းက ရွေးချယ်လို့ စိတ်ထိခိုက်သွားတယ်ဆိုလည်း မမှားဘူးပေါ့၊ ဟုတ်လား"

"မဟုတ်ဘူး၊ မေမေက ကြာ့ကို ဘွဲ့လွန်တစ်ခုခုလောက်ဖြစ်ဖြစ် ယူပြီးမှ အိမ်ထောင်ပြုစေချင်တဲ့ဆန္ဒ ရှိတာအရှိပဲ။ ဘယ်လိုပြောရမလဲ၊ မေမေက ကြာ့ကို နေမြောတုန်း





အခုထိ သူ့ရင်ခွင်ထဲမှာ ထားချင်တုန်းဆိုတာ ကြာပဲသိပါတယ် ဟန်းစံရယ်။ ဒီတော့ မေမေ စာမေးပွဲဖြေလို့ပြီးတဲ့အထိ ခဏစောင့်လိုက်ပါ။ မေမေ့စာမေးပွဲပြီးရင် ကြာက ဟန်းစံ ဖြစ်စေချင်တာတွေ အကုန်ဖြည့်ဆည်းပေးပါ့မယ်"

အယူအဆချင်း မတူညီမှုက တော်တော်စိတ်ပျက်စရာ။ မေမေကလည်း မေမေ့လုပ်ဖော်ကိုင်ဖက်တွေ အသီးသီးဖြေကြမည့် စာမေးပွဲမှာ။ လူဆယ်ယောက်ဖြေလို့ တစ်ယောက်တောင်အောင်ဖို့ ကြိုးစားရသည့် စာမေးပွဲမှာ ထိုအောင်သောတစ်ယောက်ဟာ သူပဲ ဖြစ်ချင်ခဲ့မယ်ဆိုတာ ပဒုမ္မာကြာသည် မေမေ့ဘက်ကကြည့်၍ နားလည်ပေးပါသည်။

ဟန်းစံကလည်း ဘယ်တော့မဆို သူ့ဆန္ဒတွေ နောက်ပို့ခံရလို့ ဒေါသဖြစ်မည်။ ပတ်ပန်းကျင်ချင်းမတူသည့် လူတစ်ယောက်မို့ မေမေ့ရဲ့စာမေးပွဲအပေါ် ရှုးသွပ်မှုဂဃအကြောင်းပြပြီး သူနဲ့ ကြာကြာလေးတို့ကိစ္စကို ဖျက်သည်ဟု ထင်လိမ့်မည်။ ပြီးတော့ သူမကိုလည်း သူ့အတွက်ထက် မေမေ့အတွက်ကို ပိုပြီး ဦးစားပေးသူဟု အထင်လွဲမည်။ သို့သော် မတတ်နိုင်ပေ။ မေမေကြိုးစားခဲ့ရသမျှ ပဒုမ္မာကြာကြောင့် အရာမထင်ခဲ့ဘူးဆိုလျှင် သူမဟာ ဒီတစ်သက်တော့ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှခွင့်လွှတ်နိုင်လိမ့်မည် မထင်ခဲ့ချေ။

"နေစမ်းပါဦး၊ မင်းမေမေရဲ့စာမေးပွဲက ဘယ်တော့ပြီးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပဒုမ္မာကြာ ရေရွတ်ပြလိုက်သည့် ကာလအပိုင်းအခြားတစ်ခုသည် တကယ့်တကယ်တော့ ဟန်းစံအတွက် ဘာမှမစောင့်နိုင်စရာမရှိ။ အကယ်၍ မေမေတို့က ဟန်းစံနဲ့ကိစ္စ မသိစေနှင့်ဦးတော့။ ဟန်းစံနဲ့ ပဒုမ္မာကြာတို့ဟာ ကျောင်းတက်ရင်လည်း တွေ့ခွင့်ရရဲ့သားနဲ့ကွယ်။ ဟန်းစံ တမင်ဆိုးခဲ့တယ်။ ကြာ့ကို ရင့်ရင့်သီးသီး "မင်း"လို့ နာမ်စားသုံးတာကိုက ဘယ်လောက်နာကျင်စရာ ကောင်းလိုက်သလဲနော်။

"ကောင်းပြီ၊ အဲဒီကာလအတွင်းမှာ ကိုယ့်ဘက်က ဘာကိုမဆို အချိန်မရွေး ပြောင်းလဲပစ်နိုင်တာကို မင်း မျှော်လင့်ထားရင် ပြီးတာပါပဲ"

ဘုရားရေ။ ဟန်းစံဟာ ဒီတစ်ခါတော့ တကယ်ပဲ ကြာ့ကို နားမလည်ပေးနိုင်ခဲ့တော့ဘူးတဲ့လား။

ဖုန်းခွက်ပြန်ချသံသဲ့သဲ့သည် ဟန်းစံနှင့် ပဒုမ္မာကြာတို့၏ နောက်ဆုံးတွေ့ဆုံမှု၏ နှုတ်ဆက်သံဖြစ်ခဲ့ကြောင်း မကြာခင်မှာ သိခွင့်ရခဲ့ပါသည်။

ကျောင်းဖွင့်တော့လည်း ကျောင်းကိုရောက်မလာခဲ့။ နှစ်ပတ်တစ်ခါဟု စည်းကမ်းသတ်မှတ်ပေးထားတာကို မနာခံဘဲ တစ်ခါတလေ ချိုးဖောက်လာတတ်သည့် သူ့ကို စိတ်ဆိုးဒေါသထွက်ရလျက် သူ့ဘက်က ငဲ့ညှာပေးမိရင်တော့ ခွင့်လွှတ်သွားတတ်ရပုံးသည့် အဖြစ်အပျက်ကလေးတွေကိုတောင် တမ်းတခွင့် မရှိတော့ချေ။ နှစ်ပတ်တစ်ခါ မပြောနဲ့ ကျောင်းတက်ပြီး တစ်လကျော်





ကြာတာတောင် သူက ရောက်မလာခဲ့သောအခါ ပဒုမ္မာကြာသည် အရူးတစ်ပိုင်း ဖြစ်ရလျက် သူ့ကို ဖုန်းဖြင့်ဆက်သွယ်ခဲ့ပါသည်။

ဒါပေမဲ့ သူက ဖုန်းတောင်မကိုင်ခဲ့ပါချေ။ ဖုန်းကို သူကိုယ်တိုင် ကိုင်လေ့မရှိဘဲ သူ့ရဲ့မန်နေဂျာကပဲ အရင်ကိုင်လေ့ရှိ၍ ...

"ဘယ်သူလို့ ပြောလိုက်ရမလဲ"

ဟုမေးလျှင် "ပဒုမ္မာကြာလို့ ပြောလိုက်ပါ"ဆိုတိုင်း သူက ဘယ်တော့မှ လက်ခံစကားပြောလေ့ မရှိတော့ချေ။ မန်နေဂျာထံမှ အားနာသော အသံဖြင့် ...

"ဟန်းစံမရှိတာ ကျွန်တော် မေ့သွားလို့ပါခင်ဗျာ၊ အခု သူ ဒီရုံးခန်းမှာ ရှိမနေပါဘူး"

ဟူသော ကြောင်လိမ်ခြင်းအား လက်ခံရပေါင်းများခဲ့ပြီ။

တက္ကသိုလ်စိန်ရတုသဘင်ပွဲကို သူတကာတွေမျှော်လင့်တက်ကြွခဲ့ကြသလောက် ပဒုမ္မာကြာကတော့ ချစ်သူကပစ်ထားခံရသည့် သူတစ်ယောက်မို့ အိမ်တွင်းအောင်းကာ ကျိတ်၍မျက်ရည်ကျပြီး ပျော်စရာပွဲလမ်းသဘင်တွေနဲ့ ဝေးရာမှာ နေတတ်ခဲ့ပြီ။

ဖုန်းသံကြားတိုင်း သူ့ဆီကဖုန်းများလားဟု မျှော်လင့်ချက် သူ့ဆီက ဖုန်းမဟုတ်ခဲ့တာလောက် စိတ်ဓာတ်ကျစရာ လောကမှာ မရှိဟု ထင်တတ်ခဲ့ပြီ။



www.burmeseclassic.com

သူများတွေရဲ့ အကဲခတ်မျက်ဝန်းတွေအောက်မှာ ဘယ်လောက် အနေရကျပ်လိုက်သလဲ။

"ဟန်းစံနဲ့ နင် ဘာဖြစ်ထားကြလဲ။ ဒီကောင် ငါတို့နဲ့ တောင် အဆက်အသွယ် ဖြတ်ထားတယ်"

ဟူသော မောင်ကလေးနှစ်ယောက်ရဲ့မေးခွန်းတွေကို ရှောင်လွှဲဖြေရတာမျိုးလောက် အနေရကျပ်တာလည်းမရှိ။

ချစ်သူကို လွမ်းရတဲ့ကြားက ချစ်သူအထင်လွဲ ဖြတ်တောက်ခဲ့တာကို မျက်ရည်ကျရတဲ့ကြားက တဖြည်းဖြည်းနီးကပ်လာတဲ့ စာမေးပွဲကြီးအတွက် အားတင်း၍ စာကျက်ရတာကလည်း ပဒုမ္မာကြာရဲ့သက်တမ်းမှာ ဖြေခဲ့ဖူးသမျှ စာမေးပွဲတွေမှာ အခက်အခဲဆုံး ဖြစ်ခဲ့တော့တာပဲ။

သူ့သတင်းတွေကို မဂ္ဂဇင်းများမှတစ်ဆင့်၊ စတိတ်ရှိုးကြော်ငြာသတင်းများမှတစ်ဆင့်၊ သူ့ရဲ့နောက်ထပ်စီးရီးကြော်ငြာတွေမှတစ်ဆင့်သာ သိခွင့်ရသော ဘဝကို ရောက်ခဲ့ရသူမှာ မထင်မှတ်ဘွာပင် ပဒုမ္မာကြာ ကိုယ်တိုင် ဖြစ်ခဲ့လေသည်။

❖ ❣ ❖





# အပိုင်း(၄)

## (၁၉၉၆)ခုနှစ်၊ မတ်လ

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးကျော်သိုက်၏ ရုံးခန်းမှအထွက်တွင် သူနှင့် မျက်နှာချင်းဆိုင် ဝင်တိုးသူတစ်ယောက်ထံမှ ပြုံးပြခြင်းကြောင့် ဇဝေဇဝါဖြင့် မြင်ဖူးပါတယ်ဟု စူးစမ်းမိသည်။

"ဟန်းစံ ... ကိုယ်က စပ်သူရလေ၊ မင်း မမှတ်မိဘူးထင်တယ်"

"သြော် ... ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီ"

သူ မေ့ထားခဲ့သည့် အသိုင်းအဝိုင်းတစ်ခုထဲမှ လူတစ်ယောက်ကို ပထမဆုံးအကြိမ် ပြန်ဆုံရခြင်း ဖြစ်ပါသည်။ အမြွာညီနောင်တို့ကိုလည်း ရှောင်ခဲ့တာကြာပြီ။ သူ ရှောင်ခွင့်ရအောင်လည်း အမြွာညီနောင်တို့က သူ့ဆီ ခြေဦးမလှည့်နိုင်လောက်အောင် စာမေးပွဲတွေ များပြားသည့် ဒုတိယနှစ်ဆေးသင်တန်းကို ရောက်နေခဲ့၍ပင်။ ကြာကြာလေး ... သူ့ရဲ့ကြာကြာလေးကိုလည်း မေ့ပစ်ဖို့ ကြိုးစားနေခဲ့တာလည်း ကြာပြီ။ ဒါပေမဲ့ မှန်တာဝန်ခံရရင် ခုထိ မေ့လို့မရသေးတာကိုက သူ့ရဲ့အားနည်းချက်။





ကဲ ... ခုတော့ ကြာကြာလေးရဲ့အသိုင်းအဝိုင်းထဲက ကိုစပ်သူရနဲ့ တိုက်ရိုက်ဆုံလိုက်ပါပကော။ သူ့အတွက်မှန်းလို့၊ မေ့လို့ မရစေမယ့် သူမရဲ့သတင်းတွေ အနည်းအကျဉ်းတော့ ထပ်ကြားရတော့မှာပဲထင်သည်။

"ဦးကျော်သိုက်ဆီ ဘာလာလုပ်တာလဲ ဟန်းစံ"

"အန်ကယ့်လ်ဆီက ခွဲထွက်သွားပေမယ့် အန်ကယ့်လ်ကျေးဇူးကို မမေ့ပါဘူး၊ ဒါကြောင့် ကြုံတိုင်း အန်ကယ်လ်နဲ့ လုပ်ငန်းကိစ္စတွေ ဆွေးနွေးဖို့ အမြဲဝင်ဖြစ်ပါတယ်။ ဒါနဲ့ ကိုစပ်သူရကရော အန်ကယ်လ်နဲ့ သိတယ်လား၊ အခုမှ သိတာထင်တယ်၊ ကျွန်တော့်ကို အန်ကယ်လ် ပြောသံမကြားလို့"

စပ်သူရသည် သူ့ကို အကဲခတ်လျက် သူ လုံးဝသိမထားခဲ့သော ဦးကျော်သိုက်နှင့် စပ်သူရ၏ ဆက်နွယ်မှုတစ်ခုကို ခပ်ဖြည်းဖြည်း ပြောပြခဲ့လေသည်။

"ကိုယ်နဲ့ ဦးကျော်သိုက်တို့က မင်းနဲ့မတွေ့ခင်ကတည်းက လုပ်ငန်းစပ်တူ လုပ်နေကြသူတွေပဲ"

ရင်ထဲမှာ ဒိုင်းခနဲ ဆောင့်မြည်သွားစေသည့် အသံတစ်ခုဖြစ်ကြောင်း ခံစားသိရှိလိုက်၏။ ခေါင်းထဲက သွေးကြောတွေ တဖျင်းဖျင်း ဖြစ်လာသလိုလို။ ချွေးတွေပဲ ပြန်ချင်သလိုလို။ သူ့ရဲ့အောင်မြင်မှုတွေကို ရရှိခဲ့ဖို့ စတင်ပေးခဲ့သူဟာ ဦးကျော်သိုက်။ ဦးကျော်သိုက်နဲ့ စပ်သူရဟာ လုပ်ငန်းစပ်တူ။ စပ်သူရဟာ ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



လေးတို့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေအဖြစ် ဆက်စပ်မိလာကာ ဖြစ်ပျက်သမျှတွေအတွက် တစ်ခုခုကိုတော့ဖြစ်ဖြစ် နားလည်သလိုလို ရှိလာခဲ့သည်။

ဒီအောင်မြင်မှုတွေဟာ ကြာကြာလေးရဲ့ပယော်ဂ ကင်းရဲ့လားလို့ ရင်ဘတ်ထဲက အသံတစ်သံက မေးလိုက်သော အခါ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသည့်ပမာ ခံစားလိုက်ရသည်။

"ညီမလေးနဲ့ တွေ့သေးလား ဟန်းစံ"

ထိုမေးခွန်းအတွက် အဖြေက အဆင်သင့် ဖြစ်ခဲ့သည်။ သို့သော် သူ မဖြေရဲချေ။ စပ်သူရက တစ်ချက်ပြုံး၍ ...

"ကိုယ် သတင်းကြားပါတယ်။ ညီမလေးဆီကတော့ မဟုတ်ဘူး၊ ရီဇာနဲ့ သက်မာဆီက။ အမြွာနှစ်ကောင်ဆီက။ ကိုယ်က ကြာကြာလေးကို အားနာလို့ မမေးဖြစ်ပါဘူး။ ဒါကြောင့် မင်းကိုပဲ မေးရတော့မယ်။ ကဲ ... ပြောပါဦး။ ဘာတွေဖြစ်သွားကြတာလဲ"

"ကျွန်တော်တို့ တစ်နေရာရာသွားပြီး အေးအေးဆေးဆေး စကားပြောကြမှ ဖြစ်မယ်ထင်တယ်။ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော် တောင်းဆိုချင်တယ် ကိုစပ်သူရ။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော် လက်ရှိရောက်နေရတဲ့ အခြေအနေကို အစပျိုးဖို့ စီစဉ်ခဲ့တာ ဘယ်သူ့ကြောင့်လဲဆိုတာ သိပါရစေ"



"မင်းဘက်က ရှုတ်တရွတ် မာနထားပြီး မဆုံးဖြတ်ဘူးလို့ ကတိပေးမလား"

"ပေးပါတယ်၊ ကျွန်တော် အခု ဘာမာနမှ မထားချင်တော့ လောက်အောင် စိတ်ဓာတ်ကျနေတာ ကိုစပ်သူရ မသိသေးဘူး"

"ကြာကြာလေးကြောင့်ပဲ ထင်ပါရဲ့"

ထို့နောက် ဟန်းစံနှင့် စပ်သူရတို့သည် အေးချမ်းတိတ်ဆိတ်သော ဆိုင်ကလေးတစ်ဆိုင်တွင် အပြန်အလှန်နီးနှောဖလှယ်ပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။

စပ်သူရ ပြောသမျှတွေကို နားထောင်ရင်းမှ လက်ထဲမှကိုင်၍ သောက်နေသည့် Pokka ရဲ့ အေးမြမှုကိုတောင် ဂရုမထားနိုင်အောင် သူ့ရင်ဘတ်ထဲမှာ ပူလောင်ခဲ့ရပါသည်။ ကြာကြာလေးဟာ သူ့အပေါ် ဘယ်လောက်ထိ ဘ၀ကိုမြှင့်တင်ပေးခဲ့သလဲ၊ စေတနာထားခဲ့သလဲ၊ ဘယ်လောက်ထိ ချစ်ခဲ့သလဲ၊ သူမရဲ့မာနတွေကို ဘယ်လောက်ထိ ချုခဲ့သလဲ၊ ဒါတွေကို သူ ဘာဖြစ်လို့ နားမလည်ပေးခဲ့မိပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် သတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်ခဲ့တော့သည်။

"ကျွန်တော် အရမ်းမှားသွားပြီ၊ ဆယ့်ကိုးနှစ်သားဘ၀ထဲက မိဘကို လုပ်ကျွေးခွင့်ရခဲ့တဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူရတဲ့ အလုပ်ကလေးကအစ အခု ကျွန်တော့်ဘ၀

www.burmeseclassic.com



အမြင့်ဆုံးရောက်ဖို့ရဲ့အစအထိ ကြာကြာလေးက ပါရမီဖြည့်ခဲ့တာကို ကျွန်တော် စော်ကားခဲ့မိတယ်ဗျာ၊ ကိုစပ်သူရက လည်း ကျွန်တော့်ရဲ့ကျေးဇူးရှင်ဖြစ်သလို ကြာကြာလေးက လည်း ကျေးဇူးရှင်ပါပဲ။ ဒါတွေ ဘာလို့အစကမပြောကြသလဲဗျာ။ အခုတော့ ကျွန်တော်က နေဂုဏ်၊ အောင်မြင်မှုဂုဏ်မောက်တဲ့ လူအဖြစ် ဒီအကြောင်းတွေကို အားလုံးသိထားတဲ့ ရီဇာနဲ့ သက်မာရော၊ ကိုစပ်သူရရော၊ နောက်ပြီး ကျွန်တော့်ရဲ့အချစ်ဆုံးသူငယ်ချင်း နေကြာနဲ့ စကြာရော၊ ကြာကြာလေးကရော သတ်မှတ်နေကြပြီပေါ့”

“အားလုံးက ပြောပြချင်တာပေါ့ကွာ၊ မင်းရဲ့ကြာကြာလေးက မင်းဟာ သူတို့အရိပ်ကို မနိုဘူးလို့ ခဏ ခဏ ပြောခဲ့ဖူးတဲ့ စကားတွေကိုလည်း မှတ်ထားတယ်။ မင်းရဲ့မာနကိုလည်း ကြောက်သတဲ့။ သူ ဒီလိုလုပ်ပေးတယ်ဆိုတာကို မင်း သိခဲ့ရင် မင်းဟာ အခုလက်ရှိဘဝတွေကိုတောင်မှ စွန့်လွှတ်သွားမှာတဲ့လေ၊ အဲဒီဂလာက်ထိ ပူပန်ပြီး တားခဲ့ကြာလို့ ဘယ်သူမှ မပြောတာ။ နောက်ပြီး မင်းတို့ချင်းက လည်း ပြေလည်နေကြတာကိုးကွ။ အခုတော့ ကိုယ်က ကြားထဲက မနေနိုင်တော့ လူမိုက်လုပ်ပြီး ပြောမိပြီ။ ကဲ ဘယ်လိုလဲ၊ မင်းကရော စိတ်လိုက်မာန်ပါနဲ့ ကြာကြာလေးရဲ့ အရိပ်ကို မနိုပါဘူးဆိုပြီး ဒီဘဝထဲက ဖွတ်ပြေးမှာပဲလား”





“မပြေးတော့ပါဘူးဗျာ၊ ကြာကြာလေးက ဖြစ်စေချင်လို့ လုပ်ပေးခဲ့တဲ့ ဘဝတစ်ခု၊ ကျွန်တော်ကိုယ်တိုင်လည်း မြတ်နိုးရတဲ့ ဂီတနဲ့ အသက်မွေးဝမ်းကြောင်းရတဲ့ ဘဝတစ်ခု အတွက် ဘယ်တော့မှ မာနမထားတော့ပါဘူး။ ဒါပေမဲ့ ကြာကြာလေးကတော့ သူ့ရဲ့ပညာအဆင့်အတန်းအတွက် အမြဲမာနထားတာတော့ အမှန်ပဲ”

ကိုစပ်သူရသည် ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံလေသည်။ ထို့နောက် သူ့အား စိန်ခေါ်သောလေသံဖြင့် —

“ဒါဖြင့် မင်းက သူ့ရဲ့ဒီမာနကြောင့် ခွင့်မလွှတ်နိုင်တော့ဘူးပေါ့ ... ဟုတ်လား။ အေးလေ ... ပြီးတာပါပဲ။ ကိုယ့်အတွက်ကတော့ အကြောင်းစုံ သိလိုက်ရုံအပြင် ဘာမှပိုမထူးဘူး။ ကိုယ်က ဟိုဘက် ဒီဘက် လိုက်ပြောပေးဖို့လည်း မရည်ရွယ်ပါဘူး၊ သိချင်လို့ မေးတာပါ”

ထိုအခါ သူသည် ပျာပျာသလဲ လေသံဖြင့် ပြန်၍ အယူခံဝင်မိတော့ ကိုစပ်သူရက သူ့ပခုံးကိုဖက်လျက် ကျေကျေနပ်နပ် ရယ်လေသည်။

“ကျွန်တော့်ဘဝမှာ ကြာကြာလေး ရှိနေလို့ကတော့ အဲဒီမာနရဲ့ဒဏ်ကို ခံနိုင်ရည်တွေလည်း ရှိနေရမှာပေါ့၊ အရေးကြီးတာက ကျွန်တော့်ဘဝထဲမှာ ကြာကြာလေးရှိဖို့ပဲဆိုတာ ကျွန်တော် ဝန်ခံပါတယ် ကိုစပ်သူရ”



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံ၏အိမ်အပြန်လမ်းသည် သူ့အိမ်ရှိရာကို ပြန်ရမယ့်အစား ပဒုမ္မာကြာ၏အိမ်သို့ သွားသည့်လမ်း ဖြစ်နေတာတော့ မဆန်းတော့ဘူး ထင်ပါရဲ့။

❖ ❦ ❖



"ဩော် ... ဘယ်သူလဲလို့"

နေကြာသည် စာအုပ်ထူကြီး ချိုင်းကြားညှပ်လျှက် သူ့အား အေးစက်စက်အသံဖြင့် ကြိုဆိုသည်။ စကြာက စာကြည့်မျက်မှန်ကိုချွတ်၍ သူ့အား မျက်မှောင်ကုတ် ကြည့်လေသည်။ အင်း ... ဒီလောက်တော့ ဆက်ဆံကြမှာပဲ၊ သူက မှားခဲ့တာမို့ ဒီအမှုအရာတွေကို ဆက်ဆံကြမှာပဲ၊ သူက မှားခဲ့တာမို့ ဒီအမှုအရာတွေကို စိတ်မဆိုးမိခဲ့ချေ။

"ငါ အိမ်ထဲဝင်ခွင့်ရမလား နေကြာ"

"ဘာကိစ္စရှိလို့လဲ"

"ဟို ... ငါ့ကို ကြာကြာလေးနဲ့ ခဏပေးတွေ့ပါလား။ မင်းတို့ စာကျက်နေတာကို အနှောင့်အယှက် ပေးတယ်လို့တော့ မထင်ပါနဲ့။ ငါ သူနဲ့ ဒီနေ့မှ တွေ့ခွင့်မရရင် လုံးဝ အိမ်ပြန်မယ့် ရည်ရွယ်ချက် မရှိတာ အမှန်ပဲ"

နေကြာက ပျော့ညံ့ညံ့ဖြစ်သလောက် စကြာက စုန်းစုန်းဒိုင်းဒိုင်းဖြင့် ထလာကာ ဘာဂျာတံခါးကို ဆွဲဖွင့်လျက် ...



www.burmeseclassic.com

"ဟော့ကောင် ... ဟန်းစုံ၊ မင်းမျက်နှာကို လုံးဝမမြင်ချင်ဘူး၊ ခုချက်ချင်း လှည့်ပြန်စမ်း။ မင်းနဲ့ ကြာကြာလေး ကာတွေ့ရလိုလို့လဲ၊ ထွက်သွားစမ်းကွာ"

ဟု ခပ်ကျယ်ကျယ် အော်ပစ်လိုက်ခြင်းအတွက် သူ မအံ့သြပါ။

ဟုတ်တယ် ... သူ့ရဲ့အပြစ်ကို ဘယ်မောင်တွေကများ ခွင့်လွှတ်ပေးနိုင်မှာလဲ။ သူတို့အစ်မကို သိပ်ချစ်ကြတဲ့နေကြာနဲ့ စကြာဟာ ဟန်းစုံကိုတော့ သတ်ပစ်ချင်လောက်အောင် မုန်းတီးနေမှာ အမှန်ပင်ဖြစ်လိမ့်မည်။

"ငါ့ကို ကြာကြာလေးနဲ့ တွေ့ခွင့်မပေးနိုင်ရင် ငါမပြန်ဘူးလို့ ပြောပြီးထားခဲ့ပြီပဲကွာ"

"ကဲကွာ ... မပြန်နဲ့ဦး"

မမျှော်လင့်ထားခဲ့သော စကြာ၏ တုံ့ပြန်မှုကတော့ သူ့မေးဖျားဆီသို့ လက်သီးတစ်ချက် ခပ်ပြင်းပြင်း ပစ်သွင်းလိုက်ခြင်းတည်း။ ရှောင်ဖို့ မကြိုးစားခဲ့မိသလို ရှောင်ရန်လည်း အချိန်မရခဲ့၍ ထိုလက်သီးက သူ့သွားဖုံးကို တိုက်ရိုက်လာထိ၏။ အရှိန်ကြောင့် နောက်သို့ လန်ကျသည်မှာ လှေကားနစ်ဆင့်မှ တစ်ဆင့် သံမံတလင်းပေါ်သို့ ဖင်ထိုင်လဲကျသွားခြင်း၊ ပါးစပ်ထဲမှ ငန်ကျိကျိအရသာတို့ကို ခံစားလိုက်ရခြင်းဖြစ်ပြီး နှုတ်ခမ်းထောင့်ကို လက်ခုံဖြင့် သုတ်ကြည့်တော့ သွေးစအနည်းငယ်ကို တွေ့ရ၏။





ကျေနပ်ပါတယ်၊ ဒီလောက်နဲ့တင်မကတောင် ထိုးကြိတ်ရိုက်နက်ဖို့ သင့်ပါတယ် စကြာ။ ဒါကြောင့် ဒီလောက်နာကျင်ရတာကလေးအတွက် ကျေနပ်ရမှာပေါ့။

"သားတို့ ဘာဖြစ်နေကြသလဲ၊ အို ... ဘယ့်နှယ် သူများကို ထိုးကြိတ်လိုက်ရသလဲ စကြာ"

သူ့ကို တစ်ချက်လေးမျှ မျက်နှာသာပေး မဆက်ဆံခဲ့သော ကြာကြာလေး၏ မေမေသည် ရင်ဘတ်ကို လက်ဖြင့်ဖိလျက် ဟန်းစုံရဲ့လက်မောင်းကို ဆွဲလိုက်လေသည်။ ထူးဆန်းလေစွ၊ ထိုမေ့ခမထံမှ ဒီလောက်ပျော့ပျောင်းသော ဆက်ဆံမှုမျိုးကို သူ ဒီတစ်ခါ ပထမဆုံးအကြိမ် ကြုံလိုက်ရခြင်းပါပဲ။ သံမံတလင်းကို လက်ထောက်၍ ပြန်ထပြီး နှုတ်ခမ်းထောင့်မှ သွေးစတွေကို မွှေးပွလက်ကိုင်ပဝါကလေးဖြင့် သုတ်၍ ပြုံးပြမိသည်။

"မေမေ့သားတွေမှာ ဒီလောက်ရိုင်းပျတဲ့ အမူအကျင့်တွေ မရှိဖို့ မေမေ ဆုံးမထားရက်နဲ့ သားတို့ရယ်။ ကဲ ... ကဲ ဟန်းစုံကို အန်တီပဲ တောင်းပန်ပါတယ်ကွယ်"

"ရပါတယ် အန်တီ၊ ကျွန်တော် စိတ်မဆိုးပါဘူး၊ တစ်ဆိတ်ခွင့်ပြုပြီး ကျွန်တော့်ကို ကြာကြာလေးနဲ့ တွေ့ခွင့်ပေးနိုင်မလား အန်တီ"

ကြာကြာလေး၏ မေမေသည် မျက်မှန်ကိုပင့်တင်ပြီး မျက်မောင်ကြုတ်လျက် သူ့ကို အကဲခတ်နေခြင်းအား သူက ရှင်

www.burmeseclassic.com



ဆိုင်နိုင်ဖို့ တော်တော်ကြိုးစားယူရသည်။ အနည်းငယ် ရိပ်မိနေ မည်ဖြစ်သော ကြာကြာလေး၏မေမေက သူ့ကို ဘယ်လိုများ တုံ့ပြန်ဦးမှာပါလိမ့်။

"မေမေ ... ဒီကောင့်ကိုလုံးဝ အိမ်ထဲအဝင်မခံနဲ့၊ ကြာကြာ လေးနဲ့ သူနဲ့ ဘာမှမဆိုင်ဘူး မေမေ"

"နေပါဦး သားတို့ရယ်၊ မေမေ့ကို သူ ဘာတွေပြောမလဲ မေမေ နားထောင်ပါရစေဦး"

ကြာကြာလေး၏မေမေက တည်တည်ငြိမ်ငြိမ်ဖြင့် သူ့ကို ဆက်ဆံလိုက်ခြင်းအတွက် သူ့လိပ်ပြာတောင် သူ မလုံ ချင်။ ကြည့်စမ်း ... သူက အထင်လွဲခဲ့သလောက် ထိုမေမေက သူနဲ့ သူမ၏သမီး ပြဿနာကို တစ်စက်ကလေးမှ ဂရုမပြုဟန်၊ သူ့ရဲ့မောက်မာတင်းမာမှုတွေကို မေ့ထားဟန်ဖြင့် သူ့ကို လက်ခံ စကားပြောသတဲ့။

ကိုယ့်အပြစ်တွေအတွက် ကိုယ့်ကိုယ်ကိုယ်ပင် အပြစ် တင်လို့ မဆုံးတော့သူမှာ ဟန်းစံပဲ ဖြစ်ပါသည်။

သူက ဖြစ်ခဲ့သမျှတို့အား မျက်နှာပူပူဖြင့် ကြာကြာ လေး၏မေမေအား ဝန်ချတောင်းပန်မိပါသည်။ အပြောင်းအလဲ နည်းပါးလှသည့် မျက်နှာဖြင့် ခပ်အေးအေး နားထောင်နေခဲ့၍ ကြာကြာလေး၏မေမေအား ဝန်ချတောင်းပန်မိပါသည်။ အပြောင်း အလဲ နည်းပါးလှသည့် မျက်နှာဖြင့် ခပ်အေးအေး နားထောင်





နေခဲ့၍ ကြည့်ရတာ ဒီအကြောင်းတွေ အကုန်သိထားနှင့်ပုံရသည်။ ဘယ်သူများ ပြောခဲ့သလဲ၊ ကြာကြာလေး ကိုယ်တိုင်တော့ ဟုတ် မည်မထင်။ ကြာကြာလေးက သူမမေမေရဲ့ M.R.C.P စာမေးပွဲ ဖြေရခြင်းကို သူမ၏စာမေးပွဲထက်ပင် အလေးထားခဲ့တာလည်း သူ အသိ။

အမြွာတို့ကရော ပြောပြလိုက်ခဲ့သလား။ ဒါမှမဟုတ် ကြားထဲက မနေနိုင်သည့် ဇပ်သူရပဲ ရှင်းပြခဲ့လေသလား။

"အန်တီ ... စာမေးပွဲရော ပြီးပြီလားခင်ဗျာ၊ ကျွန်တော့် ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားမှာ စိုးရိမ်လို့ပါ"

"ပြီးသွားပါပြီကွယ်"

စကားဝိုင်းမှာ သူက ပြောသူဖြစ်၍ သူ့စကားဆုံး သောအခါ ညှို့ခန်းတစ်ခုလုံးက တိတ်ဆိတ်သွားတော့သည်။

ကြာကြာလေးရော ... ကြာကြာလေး ဘယ်ရောက် နေလဲ။ မေးရမှာ မဝံ့မရဲ ဖြစ်ချင်သားပင်။ အခုထိ သူ့စကားကို အသိအမှတ်ပြုသည်၊ မပြုသည် ဖြေကြားခြင်း မရှိသေးသော ကြာကြာလေး၏ မေမေ့ထံမှ တည်ငြိမ်မှုကို သူ လန့်သည်။

"ကဲ ... မင်း ပြောချင်တာ ဒါပဲမဟုတ်လား၊ ဒါဆိုပြန် လို့ ရပြီလေကွယ်။ မင်း တာဝန်ကျေပြီပဲ။ မင်းတာဝန်က ရှင်းပြချင်တာ မဟုတ်လား။ အခု ရှင်းပြခွင့် ရလိုက်ပြီပဲ၊ ပြီးပြီပေါ့ ဟန်းစံ။ မင်း သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆိတ် ... အန်တီ၊ ကျွန်တော့်ကို ကြာကြာလေးနဲ့တော့ တွေ့ခွင့်ပေးပါ ခင်ဗျာ၊ ပြီးတော့ ကျွန်တော့်ကိုလည်း ကြာကြာလေးနဲ့ သက်ဆိုင်သူအဖြစ် အသိအမှတ်ပြုပေးပါလို့ ခွင့်တောင်းချင်ပါတယ်၊ ကျွန်တော့်အမူအရာတွေ စကားပြောဆိုမှုတွေ ရိုင်းပျခဲ့ရင်လည်း ခွင့်လွှတ်ဖို့ တောင်းပန်ပါရစေ"

"မင်းရဲ့အမူအရာတွေအတွက်တော့ ဘာမှခွင့်မလွှတ်စရာ မရှိပါဘူး။ ဒါပေမဲ့ သမီးကြီးနဲ့ သက်ဆိုင်သူအဖြစ် အသိအမှတ်ပြုဖို့က သမီးကြီးရဲ့ အဆုံးအဖြတ်ပေါ်မှာ အခုဆိုမူတည်နေပြီ ဟန်းစ။ အန်တီက ဘယ်သားသမီးကိုမှ ဒီကိစ္စမှာ မချုပ်ချယ်ပါဘူး။ သူတို့သဘောအတိုင်းပဲ၊ ဒီတော့ ဟန်းစံ ... မင်းဘာသာ သမီးကြီးနဲ့တွေ့မှ သူ့ရဲ့အဆုံးအဖြတ်ကို မေးပေတော့"

"ကျွန်တော် ... ဟို ... ကျွန်တော်က သူ့တစ်ယောက်တည်းကိုပဲ လက်ထပ်ဖို့အထိ ရည်ရွယ်ထားပါတယ် အန်တီ"

"အေးလေ ... အန်တီ ပြောပြီးပြီပဲ၊ သမီးကြီးအဆုံးအဖြတ်ပါလို့၊ တစ်ခုတော့ ရှိတယ်၊ သမီးကြီးဟာ သူ့ရဲ့ပညာမာနကို ဘယ်တော့မှမချမယ့် မိန်းကလေးပဲ။ မင်းကလည်း ဒီကိစ္စကလေးအတွက် အမြဲစိတ်ညစ်နေရမှာကိုလည်း မေ့မထားနဲ့၊ ဒီတော့ မင်းရဲ့ဆုံးဖြတ်ချက်ကို မင်းပြန်စဉ်းစားရင် ကောင်းမယ်"





"ကျွန်တော် အဲဒီဒဏ်ကို ခံနိုင်ရည်ရှိဖို့ ကြိုးစားပြီးပါပြီ အန်တီ၊ ကျွန်တော် သူ့ကို တစ်သက်လုံး သစ္စာရှိသွားမှာပါ"

ကြာကြာလေး၏ မေမေက ဟက်ဟက်ပက်ပက် ရယ်လေသည်။ နေကြာနှင့် စကြာက သူတို့၏စာကိုတောင်မကျက်နိုင်ဘဲ နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ကျိတ်ဟားနေကြ၏။ နေပါဦး ... ကြာကြာလေးက ဘယ်ရောက်နေတာလဲ။ အခုထိ သူ့ရဲ့ကြာကြာလေးကို တွေ့ခွင့်မရှိသေးခြင်းအတွက် သူ့ဘက်က အပြည့်အဝ ပျော်နိုင်ခွင့် မရှိသေးတာ အမှန်။ ကြာကြာလေး၏ မေမေရဲ့ "သမီးကြီးရဲ့အဆုံးအဖြတ်" ဆိုတာကို စိုးရိမ်ရသားပင်။

ပြောနိုင်တာမှတ်လို့၊ ကြာကြာလေးဟာ သူ မထင်မှတ်ထားဘူးတဲ့ ဆုံးဖြတ်ချက်မျိုးတောင် ဆုံးဖြတ်ပြီးနှင့်ရင် ဘယ့်နယ်လုပ်မလဲ။

အိမ်ရှေ့မှာ ကားတစ်စီး ထိုးရပ်လိုက်ခြင်းကြောင့် သူ့ကို ကြာကြာလေး၏မေမေက တစ်ချက် အဓိပ္ပာယ်ပါပါကြည့်လျက် မေးဆတ်ပြလေသည်။ ကြာကြာလေးဟု ရင်ထဲမှာခေါ်လိုက်သံနှင့်အတူ လူက အလိုလိုထရပ်ပြီးနှင့်ခဲ့ပြီ။ ကားတံခါးဖွင့်ပြီး ဆင်းလာသည့် ကြာကြာလေးသည် ဧည့်ခန်းထဲတွင် ရပ်နေသော သူ့ကို တအံ့တဩ မှင်တက်ငေးကြည့်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းထဲမှာ မျက်ရည်ကလေးတွေ ခပ်ဝေ့ဝေ့ရှိနေမည့် သူ့ချစ်သူ၊ နှုတ်ခမ်းကလေးကိုကိုက်ကာ အံကြိတ်လိုက်သည့် သူ့ချစ်သူကလေးရဲ့ အဆုံးအဖြတ်ပဲ။

ဘုရားရေ ... သူ့အတွက် ဒီအဆုံးအဖြတ်ဟာ အသက်ထက် အရေးကြီးနေပြီမှန်း သူ သိလိုက်ပြီ။ ကြာကြာလေးရဲ့နှုတ်ခမ်းအဖွင့်အပိတ်မှာ သူ့ဘဝတစ်ခုလုံးကို ရင်းနှီးမြှုပ်နှံပစ်ရတော့မည် ထင်ပါရဲ့။

ပွဲကြည့်ပရိသတ်ဖြစ်သော ကြာကြာလေး၏မေမေနှင့် အမြွာမောင်ကလေးတို့က သူတို့နှစ်ယောက်၏အခြေအနေကို တိတ်ဆိတ်စွာ ငေးကြည့်ကြလေသည်။

အခုထိ အိမ်ထဲဝင်မလာသေးဘဲ ကားနံဘေးတွင် ရပ်ကာ သူ့ကို စိုက်ကြည့်နေသော ကြာကြာလေးဆီ လျှောက်သွားလိုက်၏။

အင်း ... လောကကြီးမှာ ကိုယ့်ချစ်သူကို မြင်ခွင့်ရတာလောက် ပြီးပြည့်စုံမှု မရှိတာ အမှန်ပဲ။ ကြာကြာလေးကျေနပ်တဲ့အထိ ကိုယ် ဒူးထောက် တောင်းပန်ရင်လည်း တောင်းပန်ပါရစေတော့။

“ကိုယ် တစ်နေ့မှ မေ့လို့မရခဲ့ဘူး ကြာကြာလေး။ အခု ကိုယ့်ကို ကြာ့မေမေက အသိအမှတ်ပြုပြီတဲ့။ ကြာကရော ကိုယ့်ကို အသိအမှတ်ပြုမှာလား”





ပဒုမ္မာကြာသည် သူမ၏မေမေထံ တစ်ချက်လှမ်းကြည့်သောအခါ “ကိုယ့်ဘာသာဆုံးဖြတ်”ဟု မေမေက မျက်ဝန်းများဖြင့် တုံ့ပြန်သည်။

ခွင့်လွှတ်တော့ မေမေ။

ဒီတစ်ခါ ဆုံးဖြတ်ချက်ဟာလည်း မေမေ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်တဲ့ ဆုံးဖြတ်ချက်မှန်းသိရက်နဲ့ ထပ်ပြီး ဆုံးဖြတ်မိပြန်ပြီ။

ဒီဆုံးဖြတ်ချက်ကြောင့် ရလာမယ့် ကောင်းကျိုး၊ ဆိုးကျိုးဟူသမျှကို ကျေကျေနပ်နပ် လက်ခံပါ့မယ်။

ပဒုမ္မာကြာဟာ အချစ်ကိုကိုးကွယ်တဲ့မိန်းမ ဖြစ်ချင်လည်း ဖြစ်ရစေတော့ကွယ်။

အချစ်ကြောင့် ခံစားရသမျှတွေကို ဝဋ်ကြွေးအဖြစ် ကျေကျေနပ်နပ် လက်ခံပါ့မယ်။

ပဒုမ္မာကြာသည် ထိုဆုံးဖြတ်ချက်များနှင့်အတူ ဟန်းစံ၏မျက်နှာကို မော့ကြည့်ပြီးလျှင် ...

“ကြာက ဟန်းစံကို ဘယ်တုန်းကများ အသိအမှတ်မပြုခဲ့မိလို့ပါလိမ့်”

ဟူသော ပဒုမ္မာကြာ၏ တုံ့ပြန်လိုက်သံသည် ဟန်းစံနှင့် ပဒုမ္မာကြာတို့၏ ဘဝတစ်ခုလုံးအတွက် ဂီတသံတစ်ခုဖြစ်လို့ သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်းစံက တင်စားခဲ့သည်မှာ ပဒုမ္မာကြာ၏ တုံ့ပြန်သံတစ်ခုသည် သူ့အတွက်တော့ ကြွယ်ကြွေညှရဲ့ဂီတသံကလေး ဖြစ်ခဲ့သည်တဲ့လေ။

ရှင်မိုး
(ဆေးတက္ကသိုလ်)
12:30 P.M
24th November.
Friday, 1995.



[illegible]

www.burmeseclassic.com